စွယ်တော်မြတ်၏

ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကိုပြဆိုအပ်သော

ဝင် ၉-ဝင် အဝင်အပါ

# ဒါဌာဓာတုဝင်ဝတ္ထု

၄၆၇

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)
ပဓာနနာယက၊ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်၊ ရန်ကုန်
ဒု-ပါမောက္ခချုပ်ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ
အများသူငါ ဗဟုသုတဖြစ်စိမ့်သောငှါ
ပြန်လည်ကူးယူ စမ္မဒါနပြု လှူဒါန်းပါသည်

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

တရားအလှူသည် အမြတ်ဆုံးဖြစ်၏

______________________

______________________

______________________

______________________သို့

ဓမ္မဒါနပြုပါသည်။

2009 Graphic Design : Shwemyay-Nanda

စွယ်တော်မြတ်၏ ဖြစ်စဉ် ဖြစ်ရပ်

အကြောင်းအဋ္ဌုပ္ပတ်ကိုပြဆိုသော

# ဒါဌာဓာတုဝင်ဝတ္ထု

ပါဠိဆရာကြီး ဦးခင်စိုး
[သာသနဓဇ သိရိပဝရ ဓမ္မာစရိယ]
အမှူးရှိသော ပါဠိဆရာအဖွဲ့ ပြင်ဆင်သည်

# နိဒါန်း

**ဝံသကျမ်းများ**

“ဝနောတိ ပတ္တရတီတိ ဝံသော-သန္တာနော” ဟူသော ဏွာဒိမောဂ္ဂလာန် ဝိဂြိုဟ်, “ဝံသော တန္တိ ပဝေဏီ”ဟူသော မဟာဝံသဋီကာနှင့်အညီ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော ကျမ်းများသည် ‘‘**ဝံသကျမ်း**’’မည်၏၊ ထိုဝံသကျမ်းသည် (၁) ဗုဒ္ဓဝင်, (၂) အနာဂတဝင်,(၃) ဒီပဝင်, (၄) မဟာဝင်, (၅) ဗောဓိဝင်, (၆)ဒါဌာဓာတုဝင်,(၇)နဠာဋဓာတုဝင်,(၈)ထူပဝင်, (၉)ရွှေပြည်ဝင်နှင့်တကွ ဆကေသဓာတုဝင်, သာသနာဝင်, ဂန္ထဝင်, ရာဇဝင်စသောအားဖြင့် များစွာရှိလေသည်။

**၁။ ဗုဒ္ဓဝင်ကျမ်း**

ပွင့်တော်မူပြီးကုန်သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ **ဗုဒ္ဓဝင်ပါဠိတော်**, အရှင်မဟာဗုဒ္ဓဒတ္တထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓဝင်အဋ္ဌကထာ, အရှင်သောဘိတထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓဝင်ဋီကာ-များနှင့်တကွ ရှေးဆရာတို့စီရင်တော်မူအပ်သော ဗုဒ္ဓဝင်ပါဠိတော်နိဿယ, ဗုဒ္ဓဝင်အဋ္ဌကထာ နိဿယ, **ဗုဒ္ဓဝင်ဝတ္ထု**၊ ဟူ၍ ရှိလေသည်။

**၂။ အနာဂတဝင်ကျမ်း**

ပွင့်တော်မူလတ္တံ့သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ **အနာဂတဝင် ပါဠိတော်**, သီဟိုဠ်ကျွန်း အရှင်မဟာဥပတိဿထေရ် စီရင်အပ်သော အနာဂတဝင် အဋ္ဌကထာ, အမည်မသိဆရာ စီရင်အပ်သော ဒသဗုဒ္ဓ အနာဂတဝင်ပါဌ်-များနှင့်တကွ ရှေးဆရာတို့ စီရင်တော် မူအပ်သော အနာဂတဝင်ပါဠိတော်နိဿယ, အနာဂတဝင်အဋ္ဌကထာနိဿယ, **အနာဂတဝင်ဝတ္ထု**၊ ဟူ၍ ရှိလေသည်။

**၃။ ဒီပဝင်ကျမ်း**

ကျွန်းကြီး ၄–ကျွန်းနှင့်တကွ သီဟိုဠ်စသော ကျွန်းငယ်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ **သီဟဠ ဘာသာ ဒီပဝင်**, မာဂဓ ဘာသာဒီပဝင်ပါဠိ, မန္တလေးမြို့ ဒက္ခိဏာရာမ ပဉ္စမ ဘုရားကြီးဆရာတော်စီရင်အပ်သော ဒီပဝင်ဋီကာ-များနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော ဒီပဝင် နိဿယ, **ဒီပဝင်ဝတ္ထု** ဟူ၍ ရှိလေသည်။

**၄။ မဟာဝင်ကျမ်း**

မြတ်စွာဘုရားသခင်နှင့်တကွ သာသနာပြု သံဃာတော်များ, သာသနာပြု ဘုရင်မင်းများ၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ **သီဟဠဘာသာ မဟာဝင်**, သာသနာ ရှစ်ရာကျော်တွင် သီဟိုဠ်ကျွန်းအရှင်မဟာနာမထေရ် စီရင်အပ်သည့် မာဂဓဘာသာ မဟာဝင်ပါဠိ, နောက်ဆရာတို့ စီရင်အပ်သော မဟာဝင်နောက်ဆက်တွဲခေါ် စူဠဝင်ပါဠိများနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော မဟာဝင်နိဿယ,ကျီးသဲလေးထပ်ကျောင်းဆရာတော် စီရင်အပ်သော **မဟာဝင်ဝတ္ထု** ဟူ၍ ရှိလေသည်။

**၅။ ဗောဓိဝင်ကျမ်း**

မဟာဗောဓိနှင့် အာနန္ဒာဗောဓိ ဒက္ခိဏာသာခါ ဗောဓိတို့၏ ဖြစ်စဉ်ဖြစ်ရပ်အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ **သီဟဠဘာသာဗောဓိဝင်**, သီဟိုဠ်ကျွန်းအရှင်မဟာဉပတိဿထေရ်စီရင်အပ်သည့် မဟာဗောဓိဝင်ပါဠိ, ပုဂံပြည် ပေါင်လောင်အရှင်မဟာကဿပစီရင်အပ်သောမဟာဗောဓိဝင်ဋီကာနှင့်တကွ ဒုတိယငခုံဆရာတော်စီရင်အပ်သောမဟာဗောဓိဝင်နိဿယ, အမည်မသိဆရာ စီရင်အပ်သော မဟာဗောဓိဝင် ဋီကာနိဿယ, **ဗောဓိဝင်ဝတ္ထု** ဟူ၍ ရှိလေသည်။

**၆။ ဒါဌာဓာတုဝင်ကျမ်း**

စွယ်တော်မြတ်၏ ဖြစ်စဉ် ဖြစ်ရပ် အကြောင်း အဋ္ဌုပ္ပတ်ကိုပြဆိုသော မူလ **သီဟဠဘာသာ ဒါဌာဓာတုဝင်**, သီဟိုဠ်ကျွန်း အရှင်သဒ္ဓမ္မကိတ္တိထေရ် စီရင်အပ်သော မာဂဓဘာသာ ဒါဌာဓာတုဝင်ပါဠိ, အမည်မသိ

ဆရာစီရင်အပ်သော ဒါဌာဓာတုဝင် ဋီကာ, ဒါဌာဓာတုဝင်နိဿယ, ဒါဌာဓာတုဝင်ဝတ္ထု ဟူ၍ ရှိလေသည်။

**၇။ နလာဋဓာတုဝင်ကျမ်း**

နဖူးသင်းကျစ်တော်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌုပ္ပတ်ကိုပြဆိုသော အမည်မသိ ဆရာများစီရင်သည့် မူလ နလာဋဓာတုဝင်ပါဠိ,နလာဋဓာတုဝင် ဋီကာ,နလာဋဓာတုဝင်နိဿယ, နလာဋဓာတုဝင် ဝတ္ထုဟူ၍ ရှိလေသည်။

**၈။ ထူပဝင်ကျမ်း**

ဟေမမာလီမည်သော သီဟိုဠ်ကျွန်း မဟာစေတီတော်မြတ်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌုပ္ပတ်ကို ပြဆိုသော သီဟိုဠ်ကျွန်းအရှင်ဝါစိဿရထေရ်စီရင်အပ်သည့် မူလထူပဝင်ပါဠိ, အမည်မသိ ဆရာများ စီရင်အပ်သည့် စူဠထူပဝင်ပါဠိ, ထူပဝင်နိဿယ, ထူပဝင်ဝတ္ထုဟူ၍ ရှိလေသည်။

**၉။ ရွှေပြည်ဝင်ကျမ်းစသည်**

မြတ်စွာဘုရားသခင်နှင့် အဂ္ဂသာဝက အရှင်မြတ် ၂-ပါးတို့၏ ပရိနိဗ္ဗာန်ပြုတော်မူပုံ အကြောင်းအရာကို ပြဆိုသော အမည်မသိဆရာ စီရင်သည့် ရွှေပြည်ဝင်ဝတ္ထု, ခြောက်ဆူသော ဆံတော်မြတ်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌုပ္ပတ်ကို ပြဆိုသော အမည်မသိ ဆရာ စီရင်အပ်သည့် ဆကေသဓာတုဝင်ပါဠိ,သာသနာပြု ဆရာအစဉ်အဆက်ကို ပြဆိုသော မောင်းထောင် ဆရာတော် စီရင်သည့် သာသနဝံသပဒီပိကာပါဠိနှင့် သာသနာလင်္ကာရ စာတမ်း, မည်သည့်ကျမ်းဂန်ကို မည်သည့်ဆရာပြုသည်ဟု ကျမ်းဂန်များနှင့် ကျမ်းပြုဆရာများကို ပြဆိုသော အမည်မသိ ဆရာ စီရင်သည့်မူလ ဂန္ဓဝင်ပါဠိ, ကျီးသဲလေးထပ်ကျောင်းဆရာတော် စီရင်သည့် နဝဂန္ဓဝင်ပါဠိ, မင်းစဉ်မင်းဆက်ကို ပြဆိုသော ရာဇဝင်ကျမ်းဟူ၍ ရှိလေသည်။

**ဟံသာဝတီ၏ အာသီသ**

ကျွန်ုပ်တို့ ဟံသာဝတီပိဋကတ် ပုံနှိပ်တိုက်၏ အာသီသ တောင့်တရင်း နှလုံးသွင်းမှာ— ပါဠိတော်များ,အဋ္ဌကထာများ,ဋီကာများ,ယောဇနာများ, ဂဏ္ဌိရများ နှင့်တကွ ရှေးဆရာတော်ကြီးများ ရေးသားတော်မူခဲ့

သော ပိဋကတ်တော်လာ စာပေများ, ဝင် ၉-ဝင်နှင့်တကွသော ဝံသကျမ်းများ....မတိမ်ကော မပပျောက်စေရန်၎င်း, မသူတော်တရားကွယ်ပ၍ သူတော်တရားထွန်းကားလာစေရန်၎င်း,ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွါး၍ အဓွန့်ရှည်စွာ တည်စေရန်၎င်း ရည်သန်ပြီးလျှင် အဆက်မပြတ် ပိဋကတ်တော် ကျမ်းစာများကို ရိုက်နှိပ်အပ်သည်ဖြစ်၍ ယခုအခါ ဝင် ၉-ဝင် အကျုံးဝင်သည့် ဤဒါဌာဓာတုဝံသကို ရှင်းလင်းသေသပ်သော အထား အသို, အပိုအလိုမရှိသော ပုဒ်ပါဌ်,အဖြတ်အရပ် ကျ-နှ-သေချာ၍ အက္ခရာပုဒ်ဗျည်း မလိပ်လည်းစေရအောင် ပါဠိဆရာကြီး ဦးခင်ရိုး[သာသနဓဇ သိရိပဝရ ဓမ္မာစရိယ] အမှူးရှိသော ပါဠိဆရာအဖွဲ့အား ကောင်းစွာသုတ်သင် ပြင်ဆင်စေကာ စက်တင် ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ပဏာမ | .... | ၁ |
| ၁။ | ဘုရားလောင်း ပဋိသန္ဓေယူခဏ်း | .... | ၂ |
| ၂။ | ဘုရားလောင်း ဖွါးမြင်ခဏ်း | .... | ၅ |
| ၃။ | သိဒ္ဓတ္ထမင်းသား လေးအတတ်ကိုပြခဏ်း | .... | ၁၀ |
| ၄။ | အလောင်းမင်းသား နိမိတ်လေးပါးထင်ခဏ်း | .... | ၂၃ |
| ၅။ | ဘုရားလောင်း တောထွက်ခဏ်း | .... | ၃၂ |
| ၆။ | ဘုရားလောင်း ရဟန်းပြုခဏ်း | .... | ၃၆ |
| ၇။ | ဘုရားလောင်းဗောဓိမဏ္ဍိုင်သို့ကြွတော်မူခဏ်း | .... | ၄၄ |
| ၈။ | ဘုရားလောင်း မာရ်ငါးပါးကို အောင်တော်မူခဏ်း | .... | ၅၄ |
| ၉။ | ဘုရားလောင်း သဗ္ဗညုတဉာဏ်ကိုရတော်မူခဏ်း | .... | ၆၅ |
| ၁၀။ | ပဋ္ဌမဗုဒ္ဓဝစနကို မိန့်မြွက်တော်မူခဏ်း | .... | ၆၉ |
| ၁၁။ | မြတ်စွာဘုရား မိဋ္ဌာန်တော်မူခြင်းနှင့် ဈာန် ဝင်စားတော်မူခြင်း | .... | ၇၂ |
| ၁၂။ | ဗြဟ္မာမင်းစသည်တို့ သံဝေဂ ဂါထာကို ရွတ်ဆိုခဏ်း | .... | ၇၅ |
| ၁၃။ | အလောင်းတော်ကို မီးပူဇော်ရာသို့ ဆောင်ယူခဏ်း | .... | ၈၁ |
| ၁၄။ | ရှင်မဟာကဿပ ကုသိနာရုံသို့ကြွခဏ်း | .... | ၈၉ |
| ၁၅။ | ဓာတ်တော်တို့၏ အဆင်းသဏ္ဍာန်ပမာဏကို ပြခဏ်း | .... | ၁၀၂ |
| ၁၆။ | ခုနစ်ပြည်ထောင်မင်းများ စစ်ချီလာခဏ်း | .... | ၁၀၆ |
| ၁၇။ | ဒေါဏပုဏ္ဏား ဓာတ်တော်ဝေခဏ်း | .... | ၁၀၉ |
| ၁၈။ | လက်ျာစွယ်တော်ကို သိကြားမင်းယူ၍ စေတီ တည်ခဏ်း | .... | ၁၁၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | လက်ျာအောက်စွယ်တော်ကို နဂါးမင်း ခိုးယူခြင်း .... | ၁၁၈ |
| ၂၀။ | လက်ဝဲစွယ်တော်ကို ရဟန္တာပင့်ယူခြင်း .... | ၁၁၉ |
| ၂၁။ | လက်ဝဲအောက်စွယ်တော်ကို ကာလိင်္ဂမင်းအား ကိုးကွယ်စေခြင်း .... | ၁၂၁ |
| ၂၂။ | ဒန္တမင်းသား, ဟေမမာလာမင်းသမီးတို့ စွယ်တော်ယူဆောင် ပြေးခြင်း .... | ၁၂၃ |
| ၂၃။ | ကိတ္တိသိရိမေဃမင်း နန်းစံကိုးနှစ်တွင် သီဟိုဠ်ကျွန်းသို့ စွယ်တော်ရောက်ခြင်း .... | ၁၂၆ |
| ၂၄။ | တက္ကတွန်းတို့ ပါဋလိပုတ်ပြည်ရောက်ခြင်း .... | ၁၂၉ |
| ၂၅။ | ပဏ္ဍုရာဇာမင်း စစ်ချီတက်ခြင်း .... | ၁၃၁ |
| ၂၆။ | မင်းနှစ်ပါးတို့ စွယ်တော်ကြုတ်ကို ဖွင့်တော်မူရာ တန်ခိုးပြခြင်း .... | ၁၃၃ |
| ၂၇။ | စွယ်တော်မြတ်၏ ပဌမတန်ခိုးကို ဖူးမြင်ရ၍ ဓာတ်တော်ရွှေကြုတ်ကိုပင့်ခြင်း .... | ၁၃၅ |
| ၂၈။ | စွယ်တော်မြတ်ကို မီးတွင်းသို့ပစ်ချရာ ဒုတိယအကြိမ်တန်ခိုးပြခြင်း .... | ၁၃၆ |
| ၂၉။ | သုံးကြိမ်မြောက် တန်ခိုးပြသော်လည်း ပါဋလိ ဘုရင် မှားသောဝါဒကို မစွန့်နိုင်ခြင်း .... | ၁၃၈ |
| ၃၀။ | စွယ်တော်ကို သုဘဒ္ဒါယူငင်ခြင်းနှင့် ငါးကြိမ်မြောက်တန်ခိုးပြခြင်း .... | ၁၄၁ |
| ၃၁။ | စွယ်တော်မြတ် ခြောက်ကြိမ်,ခုနစ်ကြိမ်မြောက် တန်ခိုးပြတော်မူခြင်း .... | ၁၄၃ |
| ၃၂။ | ပဏ္ဍုရာဇာ မိစ္ဆာအယူကို ပယ်စွန့်ခြင်း .... | ၁၄၆ |
| ၃၃။ | ဂုဟာသီဝမင်းသည် စွယ်တော်ကိုအပ်နှံ၍ ကာလိင်္ဂပြည်သို့ ပြန်ခြင်း .... | ၁၄၉ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄။ | ပဉ္စာလရာဇာမင်း ရဟန်းပြုခြင်း .... | ၁၅၀ |
| ၃၅။ | ဒန္တကုမာရမင်းသားနှင့် ဟေမမာလာ မင်းသမီး စွယ်တော်ကိုယူငင်ထွက်ပြေးခြင်း .... | ၁၅၅ |
| ၃၆။ | စွယ်တော်မြတ်ကို သဲပုံစေတီအတွင်းမှ ခိုးယူပင့်သွားခြင်း .... | ၁၆၀ |
| ၃၇။ | နဂါးမင်းယူသော စွယ်တော်ကို ရဟန္တာမြတ် ပြန်ယူခြင်း .... | ၁၆၂ |
| ၃၈။ | ဒန္တကုမာရ, ဟေမမာလာ မင်းနှစ်ဖြာတို့ စွယ်တော်ကို ပင့်ယူ၍သီဟိုဠ်သွားခြင်း .... | ၁၆၃ |
| ၃၉။ | အနုရာဓမြို့သို့ရောက်၍ သယ်ရိမထေရ်အား လျှောက်ထားခြင်း .... | ၁၆၅ |
| ၄၀။ | စွယ်တော်ခတ်ရောက်ကြောင်းကြား၍ ကိတ္တိသိရိမေဃမင်း ထွက်ကြို ပူဇော်ခြင်း .... | ၁၇၀ |
| ၄၁။ | ကိတ္တိသိရိမေဃမင်း ကုဏ္ဍလဖြစ်၍ ကောင်းကင်သို့ ပျံ၍တန်ခိုးပြခြင်း .... | ၁၇၂ |
| ၄၂။ | ကိတ္တိသိရိမေဃမင်းသည် စွယ်တော်မြတ်ကို သုံးကြိမ်မြောက် စူးစမ်းတော်မူခြင်း .... | ၁၇၅ |
| ၄၃။ | စွယ်တော်မြတ်သည် ရှင်မဟိန္ဒထေရ်၏ ဓမ္မ သဘာဝ၌ ရပ်တန့်စံနေခြင်း .... | ၁၇၀ |



# ဒါဌာဓာတုဝင်ဝတ္ထု

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

### ပဌမ

၁။ သဗ္ဗသေဋ္ဌံ ဝိရာဂါနံ၊ အနန္တဂုဏသမ္ပန္နံ။
ဇိနပါဒမ္ဗုဇံ ဝန္ဒေ၊ ဒါဌာဝံသဿ ဥဒါနံ။ ။

၂။ နီတနယံ နာနာဂန္ထေသု၊ ဂဟေတွာ သင်္ခေပေနေဝ။
ဒါဌာဓာတုဝံသဂန္ထံ၊ သင်္ဂြဟိတံ ကရိဿံ။ ။

**အနက်။** ။အဟံ၊ ငါသည်။ ဝိရာဂံ၊ ရာဂကင်းတော်မူပြီးထသော။ သဗ္ဗသေဋ္ဌံ၊ သဗ္ဗဝါအပေါင်းတို့၏ မြတ်ရာလည်း ဖြစ်တော်မူထသော။ အနန္တဂုဏသမ္ပန္နံ၊အဆုံးမရှိသော ဂုဏ်ကျေးဇူးနှင့်လည်းပြည့်စုံတော်မူထသော။ဇိနပါဒမ္ဗုဇံ၊ဘုရားသခင်၏ ခြေတော်တည်းဟူသော ပဒုမာကြာပန်းကို။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးဦး၍။ အဿ ဇိနဿ၊ထိုမြတ်စွာဘုရား၏။ ဒါဌာဝံသဥဒါနံ၊ စွယ်တော်ဓာတ်မြတ်တည်းဟူသော ဥဒါန်းစကားကို။ နာနာဂန္ထေသု၊ အထူးထူးသော ကျမ်းတို့၌။ နီတံ၊ ဆောင်သင့်သော။ အတ္ထံ၊ အနက်ကို။ ဂဟေတွာ၊

ထုတ်ယူ၍၊ သခင်ပေနေဝ၊ အကျဉ်းအားဖြင့်သာလျှင်၊ သဇ္ဈနယ်ဘိတံ၊ သူတော်ကောင်းတို့၏ အကျိုးစီးပွါးများအံ့သောငှါ၊ ဒါဌာဓာတုဝံသ ဂန္ထံ၊ ဒါဌာဓာတုဝင်ကျမ်းကို၊ ကရိဿံ၊ ပြုစီရင်ပေအံ့၊

[ဤဂါထာဖြင့် ဂန္ထာရမ္ဘသုံးပါးတို့တွင် အာသီသပုဗ္ဗကဂန္ထာရမ္ဘကို ပြုပြီး၍ ဒါဌာဝံသဿ ဥဒါန်-ဟူသော စကားအစဉ်ဖြင့် မြတ်စွာဘုရား အလောင်းတော် မိးရှူးသန့်စင် ဘွားမြင်တော်မူသည့်ကစ၍ ဘုရားအဖြစ် သို့ ရောက်ပြီးသော် ဝေနေယျသတ္တဝါတို့ အကျိုးငှါ ဆောင်တော်မူလျက် လေးဆယ့်ငါးဝါပတ်လုံး ကျွတ်ထိုက်သော သတ္တဝါတို့အား အမြိုက်နိဗ္ဗာန်ချမ်းသာကို ပေးသနားတော်မူပြီးမှ ကုသိနာရုံ အင်ကြင်းရေဂုံဝယ် ရွှေဘုံနိဗ္ဗာန် စံယူတော်မူသော အခေါ်တိုင်အောင်ငှင်း၊ မြတ်စွာ ဘုရားသခင်၏ ညှပ်ရိုးတော်, သင်းကျစ်တော်, စွယ်တော်တို့၏ အကြောင်းကို ဆိုရာဖြစ်သော အခန်းကိုငှင်း သူတော်ကောင်းတို့ အကျိုးစီးပွါး များအံ့သောငှါ အထူးထူးသောကျမ်းတို့မှ ထုတ်ဆောင်၍ သင့်ရာသင့်ရာ အကျဉ်းအားဖြင့် စီရင်ရေးသားပါအံ့-ဟုဆိုလိုသည်။]

---

## ၁။ ဘုရားလောင်းပဋိသန္ဓေယူခဏ်း

ငါတို့ ဂေါတမ မြတ်စွာဘုရားအလောင်းတော်သည် နန္ဒအသင်္ချေ, သုနန္ဒအသင်္ချေစသော ခုနစ်သင်္ချေတွင်း၌ ပွင့်တော်မူကြသော ဘုရား သခင်တို့ကို ကိုယ်တိုင်ဖူးမြင်တွေ့ကြုံရသဖြင့် ဓမ္မဒေသနာကို ကြားနာ ရလျှင် ဘုရားဖြစ်ချင်သော စိတ်နှလုံးတော်ရှိလှ၍ ပဉ္စပရိစ္စာဂ, ဒသပါ ရမီတို့ကို တစတစဖြည့်ကျင့်တော်မူ၏၊ ထိုနောက် သဗ္ဗဘဒ္ဒအသင်္ချေ, သဗ္ဗဖုလ္လအသင်္ချေစသော၉-သင်္ချေတွင်း၌ ပွင့်တော်မူကြသော ပေါရာ ဏသကျ,ဂေါတမစသောသုံးသိန်းရှစ်သောင်း ခုနစ်ထောင်ကုန်သော ဘုရားရှင်တို့အား ဖူးမြင်တွေ့ကြုံရပြန်သဖြင့် ဓမ္မဒေသနာတော်ကို ကြားနာရလျှင်''ငါလည်း ထိုနည်းတူ ဘုရားဖြစ်စေသော''ဟုနှုတ်ရော စိတ်ပါ ပတ္ထနာဆုတောင်း၍ ပါရမီသုံးဆယ်,ငါးသွယ်သော ပရိစ္စာဂ တို့ကို အားထုတ်တော်မူရာ သုမေဓာရှင်ရသေ့အဖြစ်သို့ ရောက်တော် မူ၏။

ထိုမှစ၍ သေလအသင်္ချေစသော လေးသင်္ချေနှင့်က မ္ဘာတသိန်းထက် ၌ ပွင့်တော်မူကြသော နှစ်ကျိပ်ခုနစ်ဆူကုန်သော ဘုရားရှင်တို့တွင်

နိယတဗျာဒိတ်ကို ခံတော်မူရလေ၏၊ ထိုနောက် အလောင်းတော်သည် ဗောဓိသမ္ဘာရအဆောက်အဉီရင့်မာ၍ ဤကမ္ဘာ၀ယ်–

(၁) မဟာသမ္မတမင်း, (၂) သုဒဿနစ၀ရမန္ဓာတ်မင်း,(၃)မဃဒေ၀မင်း, (၄)နေမိ, (၅) တေမိ, (၆) သီလ၀ရာဇ, (၇) စန္ဒကုမာရ, (၈) မဟာဂေါဝိန္ဒ, (၉) အကိတ္တိပြာဟ္မဏ, (၁၀) သင်္ခပြာဟ္မဏ, (၁၁) ဓနဉ္စယ, (၁၂) သသရာဇ, (၁၃) ဟတ္ထိနာဂ, (၁၄) ဘူရိဒတ္တ, (၁၅) စမ္ပေယျ, (၁၆) စူဠဗောဓိ,(၁၇)မဟိံသ, (၁၈) ရုရုမိဂ, (၁၉) မာတင်္ဂ, (၂၀) ဓမ္မာဓမ္မ, (၂၁) ဇယဒိသ, (၂၂) သင်္ခပါလ, (၂၃) သောမနဿ, (၂၄) အယောဃရ, (၂၅) သောဏဒန္တ, (၂၆) ကပိရာဇ, (၂၇) သုဝဏ္ဏသာမစသော သုံးဆယ့်ငါးဇာတ်ဖြစ်တော်မူ၍ ပါရမီတော် ရင့်မာသဖြင့် ဝေဿန္တရာမင်းအဖြစ်သို့ရောက်တော်မူ၏။

ထိုဝေဿန္တရာမင်းအဖြစ်မှစုတေလေသော် တုသိတာနတ်ပြည်ဝယ် သေတကေတုနတ်မင်းဖြစ်၍ နတ်တို့အရေအတွက်အားဖြင့် နှစ်ပေါင်းလေးထောင်, လူတို့အရေ အတွက်အားဖြင့် ငါးဆယ့် ခုနစ်ကုဋေခြောက်သန်းတိုင်တိုင် နတ်တို့၏ စည်းစိမ်ကို စံစား၍ နေတော်မူ၏၊ ထိုအခါ လူ့ပြည်၌ အနှစ်တထောင်ကပင် လူတွင်ထင်ရှား ဘုရားဖြစ်လတ္တံ့ဟု ဗုဒ္ဓကောလာဟလဖြစ်လေသော် စကြဝဠာတသောင်း၌ ရှိနေကြသော နတ်ပြဟ္မာအပေါင်းတို့သည် ငံ့ညောင်း ရှမြော်ကြရာ အလောင်းတော် နတ်သားကိုမြင်သဖြင့် ထက်ဝန်းကျင် ရံလျက် အလောင်းတော်နတ်သားကို "လူ့ပြည်သို့သွား၍ ဘုရားဖြစ်တော်မူပါ" ဟု တောင်းပန်ကြကုန်၏။

ထိုအခါ အလောင်းတော်နတ်သားသည် ဘုရားဖြစ်အံ့သောအခါကာလ,ဖြစ်ရာကျွန်း,ဖြစ်ရအံ့သောအမျိုးအနွယ်, မယ်တော်၏အသက်အပိုင်းအခြားစသော ကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်ရှုတော်မူ၍ ပြည့်စုံစွာမြင်လေလျှင် နတ်ပြဟ္မာအပေါင်းတို့အား "ကောင်းပြီ"ဟု ဝန်ခံတော်မူ၏၊ ယင်းသို့ဝန်ခံပြီးသော် အလောင်းတော်နတ်သားသည် နတ်အပေါင်းခြံရံလျက် နန္ဒဝန်ဉယျာဉ်သို့ဝင်၍စုတေခဲ့ပြီးလျှင် အဝန်းကိုးရာရှိသော မဇ္ဈိမဒေသအချက် သက္ကတိုင်း ကပိလဝတ်ပြည် သာကီ

ဝင်မင်းမျိုးဖြစ်သော သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာဒေဝီ မဟေသီ သိရိမဟာမာယာဒေဝီ မိဖုရားကြီး ဝမ်းကြာတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေတော်မူလေ၏။

ကြည့်ခြင်းကြီး ၅–ပါး

[ကြည့်ခြင်းကြီး ၅-ပါးဟူသည်ကား-ဘုရားဖြစ်အံ့သောအခါ, ဘုရားဖြစ်ရာကျွန်း,ဘုရားဖြစ်ရာအရပ်,ဘုရားဖြစ်ရာအမျိုး, မယ်တော်၏ အသက်အပိုင်းအခြားကိုဆိုလိုသည်။

ထို ၅-ပါးတို့တွင်–

၁။ ကာလကို ကြည့်ခြင်းကား–အနှစ်တသိန်းမှအထက်,အနှစ်တရာမှအောက်၌ ဘုရားတို့မဖြစ်၊ ထို ၂–ပါးသောအသက်အပိုင်းအခြား အတွင်း၌သာဖြစ်ကုန်၏၊ဤယခုအခါကား လူတို့၏အသက်တရာတမ်းဖြစ်၍ ဖြစ်ထိုက်သောကာလတည်းဟု သိမြင်တော်မူ၏။

၂။ ကျွန်းကိုကြည့်ရာ၌ ကျွန်းကြီးလေးကျွန်းတို့တွင် ဇမ္ဗူဒီပါမှ တပါးသောကျွန်းတို့၌ဘုရားမဖြစ်၊ ကျွန်းငယ်အရံနှစ်ထောင်ရှိသော ဇမ္ဗူဒီပါ၌သာ ဘုရားတို့ဖြစ်ပေသည်ဟု မြင်တော်မူ၏။

၃။ အရပ်ကိုကြည့်ရာ၌-ဇမ္ဗူဒီပါကျွန်းတွင် အရှေ့ကိုလားသော် ဇင်္ဂလနိဂုံး, အရှေ့တောင်ထောင့်ကိုလားသော် သလ္လဝတီမည်သော ချောင်းတွင်းမြစ်, တောင်ကိုလားသော် သေတကဏ္ဏိကနိဂုံး, အနောက်ကိုလားသော် ထူနမည်သော ပုဏ္ဏားရွာ, မြောက်ကိုလားသော် ဥသိရဒ္ဓဇတောင်၊ ဤနိမိတ်ခြား ငါးရပ်နှင့်တကွ တောင် မြောက် အလျား ယူဇနာ-၃၀၀, အရှေ့ အနောက် အနံယူဇနာ ၂၅၀,အဝန်းယူဇနာ ၉၀၀–ရှိသောမဇ္ဈိမဒေသအရပ်ကို မြင်တော်မူ၏။

၄။ အမျိုးကိုကြည့်ရာ၌-သူဆင်းရဲမျိုး,ကုန်သည်မျိုးတို့၌ ဘုရားမဖြစ်၊ အမြတ်ဟူ၍သမုတ်အပ်သော ပုဏ္ဏားမျိုး,မင်းမျိုးတို့၌သာ ဘုရားတို့ဖြစ်မြဲဖြစ်သည့်အတိုင်း ကျွန်းလုံးကျော်စောသော သာကီဝင်မင်းမျိုး သိရိသုဒ္ဓေါဒနမင်းကြီးကိုမြင်တော်မူ၏။

၅။ မယ်တော်ကိုကြည့်ရာ၌– လျှပ်ပေါ်လော်လည်ခြင်းမရှိ ၅-ပါးသော သီလမြဲ၏၊ ကပ္ပတသိန်း ဖြည့်အပ်သော ပါရမီရှိ၏၊ အသက်ကြွင်းကား ၁၀–လနှင့် ၇–ရက်မျှသာ ရှိရ၏၊ ဤသို့သော ဂုဏ်နှင့် ပြည့်စုံသော သိရိ မဟာမာယာဒေဝီကို မြင်တော်မူ၏၊ ဤသည်လျှင် ကြည့်ခြင်းကြီး ၅-ပါးတည်း။]

ဘုရားလောင်းပဋိသန္ဓေယူခန်းပြီး၏။

## ၂။ ဘုရားလောင်း ဘွားမြင်ခဏ်း

ယင်းသို့ သေတကေတု နတ်သားသည် သိရိမဟာမာယာဒေဝီ မိဘုရားကြီးဝမ်း၌ သက္ကရာဇ် ၆၇-ခု ဝါဆိုလပြည့် ကြာသပတေးနေ့ ဥတ္တရာသဠ် နက္ခတ်နှင့် လနတ်ယှဉ်စံသော သန်းခေါင်ယံ အချိန်တွင် ပဋိသန္ဓေ တည်နေသည်နှင့် တပြိုင်နက်—

၁။ တသောင်းသော လောကဓာတ်အလုံး ရိုက်ချုန်း မြိမ့်ဟီး လျက် မြေကြီးဆတ်ဆတ်ခါမျှ တုန်လှုပ်ကုန်၏။

၂။ ပူချမ်းမျှတ လောကအလုံးဆိတ်ညံလျက် အသံမရှိဖြစ်ကုန်၏။

၃။ လေပြင်းမုန်တိုင်းမလာ လေသာ လေညှင်း မြစ်ခပင်းတို့၌ ရေစီးခြင်း တန့်ရပ်ကုန်၏။

၄။ လောကအလုံး၌ ပေါက်ရောက်သော ပန်း,သစ်ပင် အပေါင်း တို့သည် နှာမောင်းဆင့်ကာ ပွင့်သီးကြကုန်၏။

၅။ အာကာသဌရတနာ ကြယ်နက္ခတ်တာရာတို့လည်း လွန်စွာ အရောင်ထွက်ကုန်၏။

၆။ ငရဲငယ်,ငရဲကြီးတို့၌ ငရဲမီးအပူငြိမ်းကုန်၏။

၇။ နေ့ကာလ၌ ညဉ့်မှာကဲ့သို့ ကြယ်,နက္ခတ်,တာရာတို့ကို လူတို့မြင် ရကုန်၏။

၈။ နေမင်း၏ အရောင်သည် မီးခိုး,သူရိန်,တိမ်,မြူ,မိုယ်းနှင်း ကင်း လျက် လွန်စွာ ထွန်းလင်းတောက်ပကုန်၏။

၉။ လူ့ပြည်နတ်ပြည်၌ရှိသော စည် စောင်းညှင်း စသော တီးမှုတ် မျိုးတို့သည် မတီးမမှုတ်ရဘဲ အလိုလိုမြည်ကုန်၏။

၁၀။ အထက်ကောင်းကင်မှ ပန်းမိုယ်း, နံ့သာမိုယ်း ဖြိုးဖြိုးပြည့်မျှ ရွာကုန်၏။

၁၁။ တွင်းဂူလိုဏ်ခေါင်း မြေအောင်းသတ္တဝါတို့ထွက်ကုန်၏။

၁၂။ လူတို့ကျွန်းခန့်မှာချာ၍ ဆာလောင်မွတ်သိပ်ခြင်း ကင်းကုန်၏။

၁၃။ အလွန် ဝော်မွတ်ခြင်းဆင်းရဲကို ခံရသောပြိတ္တာ အပေါင်းတို့ ဝပြောကုန်၏။

၁၄။ နတ်ပြည်ခြောက်ထပ်, ဆယ့်ခြောက်ရပ်သော ဗြဟ္မာဘုံကို အကုန် မြင်ရကုန်၏။

၁၅။ ငရဲကြီး,ငရဲငယ်တို့၌ ခံရသော ငရဲသူသတ္တဝါတို့ကို လူတို့မြင်ရကုန်၏။

၁၆။ တိမ်တိုက်တောင်ဖျား တံခါးနံရံ ကွယ်ကာခြင်းမရှိ ဟင်းလင်းအပြင် ဖြစ်ကုန်၏။

၁၇။ သတ္တဝါအပေါင်းတို့သည် အမိဝမ်း၌ ပဋိသန္ဓေယူခြင်း,ဘွားမြင်ခြင်း, သေလွန်ခြင်းမရှိဖြစ်ကုန်၏။

ယင်းသို့ အစရှိသော သုံးဆယ့်နှစ်ပါးသော ပုဗ္ဗနိမိတ်ကြီးတို့သည် လောက၌ ထင်ရှားစွာဖြစ်၍ မယ်တော် မိဖုရားကြီး၌ ကြီးစွာသော အိပ်မက်ကြီးတို့ကို မြင်မက်တော်မူလေ၏။

ထိုအိပ်မက်ကြီးတို့ကို ခြောက်ကျိပ် လေးယောက်သော ပုဏ္ဏားတို့တွင် အတတ်ဆုံးဖြစ်သော ရှစ်ယောက်သောပုဏ္ဏားတို့ကို ဘတ်ဆိုစေရာ“အရှင်မိဖုရားကြီးဝမ်း၌ ဘုန်းကံကြီးသောသူပဋိသန္ဓေတည်ပါသည်၊ ထိုပုဂ္ဂိုလ်သည် မိန်းမ မဟုတ်၊ ယောကျ်ားမြတ်တည်း၊ စကြဝတေးမင်းသော်လည်းဖြစ်လတ္တံ့၊ ဘုရားသော်လည်း ဖြစ်လတ္တံ့”ဟု ဘတ်ဆိုလျှောက်ထားကြကုန်၏၊ ထိုစကားကို ကြားရသော မင်းကြီးသည် အလွန်နှစ်သက်၍ ပုဏ္ဏားတို့ကို ဆုလာဘ်ကြီးစွာပေး၍ လွှတ်ကုန်၏၊ မိဖုရားကြီးအားလည်း ကိုယ်ဝန်အစောင့်အရှောက်ကိုပေး၏၊ ရပ်ခြင်း, ထိုင်ခြင်းစသော ဣရိယာပုထ်လေးပါး မျှတစေ၏၊ ချဉ်, ခါး, စပ်, ချိုလွန်းသော ဘောဇဉ်တို့ကိုမသုံးစေဘဲ မွန်မြတ်နူးညံ့ သိမ်မွေ့သော ဩဇာတို့ကိုသာ သုံးစေ၏၊ မအေးလွန်း,မပူလွန်းသောအစာကိုသုံးစေ၏၊ မချမ်းလွန်း,မပူလွန်းသောရေကို ချိုးစေ၏။

ထိုအခါ ဤစကြဝဠာမှ စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် ရွှေနန်းတော်ကြက်သရေတိုက်၌ သန်လျက်ကိုယ်စီစွဲကိုင်လျက် စောင့်လာကုန်၏၊ နတ်ဗြဟ္မာအပေါင်းတို့လည်း ထက်ဝန်းကျင်အရပ်မှ အသီးအသီးစောင့်ရှောက်လာကြကုန်၏၊ မယ်တော် မိဖုရားကြီးလည်း ကပ်ငြိတတ်သော ရာဂရမ္မက်ကင်းလျက် မင်း၏ စည်းစိမ်ကိုခံ၍ သန့်ရှင်းစွာ စံနေတော်မူ၏၊အလောင်းတော် မင်းသားသည် မယ်တော်

ဝမ်း၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသည်ကို မယ်တော်မိဖုရားနှင့်တကွ လူအပေါင်းတို့ မြင်ရကုန်၏၊ ယင်းသို့ ပဋိသန္ဓေ တည်နေတော်မူ၍ ဆယ်လစေ့လေသော် မယ်တော် မိဖုရားကြီးသည် ဆွေတော် မျိုးတော်တို့စံနေရာ ဒေဝဒဟပြည်သို့ သွားလိုသော ဆန္ဒရှိ၍ တန်ဆာဆင်အပ်သော မင်းလမ်းခရီးဖြင့် စစ်သည်ဗိုလ်ပါခြံရံလိုက်ပါလျက် ရွှေထမ်းစင်စီးပြီးလျှင် ထွက်တော်မူလေ၏။

ပြည်နှစ်ပြည်၏အကြား လုမ္ဗိနီမည်သော အင်ကြင်း ဥယျာဉ်သို့ ရောက်တော်မူသော် ရွှေထမ်းစင်မှသက်ဆင်း၍ ပင်လုံးကျွတ်ပွင့်သော အင်ကြင်း ပင်ပျို့အောက်သို့ ဝင်ရောက်တော်မူလျှင် အလိုအလျောက် ကိုင်းညွှတ်လျက် လာသောအင်ကြင်းခက်ကို ရပ်လျက် လှမ်းတော်မူ၏၊ ထိုအခါ ဤစကြဝဠာကမ္ဘာမြေကြီးသည် ကောင်းချီး ပေးသကဲ့သို့ ပြင်းစွာတုန်လှုပ်ခြင်း စသော သုံးဆယ့်နှစ်ပါးသော ပုဗ္ဗနိမိတ်ကြီးတို့သည် ထင်စွာဖြစ်လာသည်နှင့်တပြိုင်နက် မယ်တော်မိဖုရားကြီး၌ ကမ္ဘဇလေလှုပ်၍ လက္ခဏာကြီးငယ်နှင့် ပြည့်စုံစွာသော အလောင်းမင်းသားကို သက္ကရာဇ် ၆၈-ခု ကဆုန်လပြည့် သောကြာနေ့ နံက်တချက်တီးအချိန် သိဟ်လဂ်,ဗြိဿာစန်း, ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ဘွားမြင်တော်မူလေ၏။

### ဥဒါန်းကျူးတော်မူခြင်း

ထိုခဏ၌ ဗြဟ္မာကြီးလေးယောက်တို့သည် ရွှေကွန်ယက်ဖြင့်ဘုရားလောင်းကိုခံ၍ မယ်တော်ရှေ့၌ထားကုန်၏၊ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် အလွန်မင်္ဂလာရှိသော သစ်နက်ရေဖြင့် ခံကုန်၏၊ လူတို့သည်ဘွဲ့ဖြူပုဆိုးဖြင့်ခံကုန်၏၊ ထိုအခါ အလောင်းမင်းသားသည် လူတို့လက်မှမြေသို့သက်ဆင်း၍ အရှေ့လောကဓာတ်ကိုရှုကြည့်တော်မူလတ်သော် များစွာသောစကြဝဠာတိုက်တို့သည် တပြင်တည်းဖြစ်ကုန်၏၊ လူနတ်တို့လည်း ပန်းနံ့သာတို့ဖြင့်ပူဇော်၍—

“အလောင်းမင်းမြတ်…ခေတ်သုံးရပ်၌ အရှင့်ထက် လွန်မြတ်သောသူ အဘယ်မှာရှိတော့အံ့နည်း”—

ဟုဆိုကုန်၏၊ ဤသို့တောင်,မြောက်,အောက်,ထက်,အရပ်မျက်နှာတို့ကို ရှုကြည့်တော်မူသည်ရှိသော် မိမိနှင့်တူသော သူကိုမမြင်၍

မြောက်သို့ ခုနစ်ဘဝါးလှမ်းသွားရာတွင် ဖြဟ္မာကြီးတို့သည် ထီးဖြူဆောင်းကုန်၏၊ သုယာမနတ်မင်းသည် သားမြီးယပ်ကို စွဲကိုင်လျက်ရပ်၏၊ သိကြား, သန္တုသိတစသော နတ်အပေါင်းတို့သည် သန်လျက်, ခြေနင်း, သင်းကျစ်အစရှိသောမင်းမြောက်တန်ဆာငါးပါးတို့ကို စွဲကိုင်လျက်ရပ်ကုန်၏၊ အလောင်းမင်းသားသည် ခုနစ်ဘဝါးလှမ်းသွား၍ရပ်ပြီးလျှင်--

အဂ္ဂေါဟ မသ္မိ လောကဿ။
သေဋ္ဌောဟ မသ္မိ လောကဿ။
အသဒိသောဟ မသ္မိ လောကဿ။
အယမန္တိမာ ဇာတိ မေ၊
နတ္ထိ ဒါနိ ပုနဗ္ဘဝေါ တိ။ ။

ဟူသောစကားဖြင့် ဤလောကတွင်ငါသာလျှင်မြတ်၏ဟု မကြောက်မရွံ့ ရဲရဲရင့်ရင့် မြွက်ဆိုတော်မူလျက် ဥဒါန်းကျူးတော်မူ၏။

**အနက်။** ။အဟံ၊ ငါသည်။ လောကဿ၊ လူအပေါင်းထက်။ အဂ္ဂေါ၊ မြတ်သည်။ အသ္မိ၊ဖြစ်၏။ အဟံ၊ ငါသည်။ လောကဿ၊ လူအပေါင်းထက်။ သေဋ္ဌော၊ ချီးမွမ်းအပ်သည်။ အသ္မိ၊- ၏။ အဟံ၊ သည်။ လောကဿ၊ လူအပေါင်းထက်။ အသဒိသော၊ အတုမရှိကြီးမြတ်သည်။ အသ္မိ၊-၏။ အယံဇာတိ၊ ဤပဋိသန္ဓေသည်။ အန္တိမာ၊ အဆုံးစွန်ဖြစ်သော။ ဇာတိ၊ ပဋိသန္ဓေနေခြင်းတည်း။ ဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဖန်ဘဝသစ်ဖြစ်ခြင်းသည်။ မေ၊ ငါ့အား။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ အာသဘိံ ဝါစံ၊ ကြောက်ရွံ့ခြင်း မရှိသောစကားကို။ နိစ္ဆာရေသိ၊ မြွက်ဆိုတော်မူ၏။ [အာသဘိံ ဝါစံ, နိစ္ဆာရေသိတို့ကား ထည့်ပါ၌။]

ထိုအခါ တစုံတယောက်မျှ ခွန်းကို မပြန်ဝံ့ဘဲ သာဓု, သာဓုဟူ၍သာ နတ်လူတို့ကောင်းချီးပေးကြကုန်၏။

[ဘုရားအလောင်းတော်သည် မဟောသဓာအဖြစ်၌ ၎င်း, ဝေဿန္တရာအဖြစ်၌ ၎င်း, ဤအဆုံးစွန်သော ကိုယ်ဝတော်၏အဖြစ်၌၎င်း၊ ဤသုံးဘဝတို့၌ဖွါးသော ခဏ၌ပင် စကားဆိုတော်မူ၏။]

## ဘွားဘက်တော် ၇-ဘော်

ထိုသို့ ဘုရားလောင်းဘွားတော်မူသည်နှင့် တချိန်တည်းပင်လျှင်—

၁။ သုပ္ပဗုဒ္ဓမင်း, အမိတ္တာမိဖုရားကြီးတွင် ကစ္စနဒေဝီမည်သော ရာဟုလာမယ်တော်ယသောဓရာမင်းသမီး,

၂။ သုဒ္ဓေါဒနမင်းကြီးညီတော်အမိတ္တောဒနတွင်လည်း အာနန္ဒာ,

၃။ ဆန္န,

၄။ ကာဠုဒါယီ,

၅။ ကဏ္ဍကမြင်းတို့ကိုဘွားမြင်ကုန်၏။

၆။ မဟာဗောဓိညောင်တော်လည်း ပေါက်လာ၏။

၇။ နန်းတော်အတွင်း၌လည်း ဂါဝုတ်ပမာဏ ရှိသော သင်္ခမည်သော ရွှေအိုးကြီး, ယူဇနာဝက်ပမာဏ ရှိသောဧဠ၊ သို့မဟုတ်- ဇာဋမည်သော ရွှေအိုးကြီး, သုံးဂါဝုတ်ပမာဏ ရှိသော ဥပ္ပလမည်သောရွှေအိုးကြီး, တယူဇနာပမာဏရှိသော ပုဏ္ဍရိကမည်သော ရွှေအိုးကြီးလေးလုံးတို့လည်း မြေမှအသီး အသီးပေါ်လာကြကုန်၏၊ ၎င်းပုဏ္ဍရိကရွှေအိုးသည် မြေကြီးနှင့် အမျှ အစောက်အားဖြင့်ရှိ၏။

ဤခုနစ်ပါးတို့သည် အလောင်းတော်မင်းသား၏ ဘွားဘက်တော် များဖြစ်ကုန်၏။

ဘုရားလောင်းကို မီးရှူးသန့်စင် ဘွားမြင်တော်မူသော် ပြည်ကြီး နှစ်ပြည်၌ နေကုန်သော ဆွေတော်မျိုးတော်တို့သည် မယ်တော်မိဖုရား နှင့်တကွ ဘုရားလောင်းကို ဆောင်ယူ၍ ကပိလဝတ်ပြည်သို့ပြန်ပို့ကြ ကုန်၏၊ ထိုနေ့၌ပင်လျှင် သုဒ္ဓေါဒနမင်းကြီး၏ ဆရာကာဠဒေဝီလ ရသေ့သည် တာဝတိံသာနတ်ပြည်သို့ နေ့သန့်အံ့သောငှါ သွားလေ သော် နတ်တို့ရွှင်မြူးကြသည်ကိုမြင်၍ သင်တို့အဘယ့်ကြောင့် ရွှင်မြူးကြ သနည်းမေးရာ နတ်တို့က—

"ရှင်ရသေ့....ယနေ့ဘွားမြင်သော သုဒ္ဓေါဒန မင်းကြီး သားတော်သည် ဗောဓိမဏ္ဍိုင်၌ သစ္စာလေးခိုင်ကို ဆုံးတိုင် သိမြင်သောဘုရားစင်စစ်ဖြစ်လတ္တံ့၊ ဘုရားတို့၏ တင့်တယ်ခြင်း

အသရေတော်ကိုငါတို့ဖူးမြင်ရလတ္တံ့၊တရားတော်ကိုနာရလတ္တံ့
ဟုဝမ်းမြောက်ဝမ်းသာခြင်းရှိလှ၍ အကျွန်ုပ်တို့ရှင်မြှုးကြသည်”-
ဟု ဆိုကုန်၏၊ ထိုစကားကိုရသေ့ကြားလျှင် တာဝတိံသာနတ်ပြည်မှ အဆောတလျင် သက်ခဲ့၍ မင်းကြီးနန်းတော်သို့ ဝင်ပြီးလျှင် ခင်းအပ်သောနေရာထက် ထိုင်နေ၍ “ဒကာတော်မင်းကြီး….သင်၌ ယနေ့ ဘုရားအလောင်းသားကောင်းရတနာကို ဘွားမြင်သည်ဟု တာဝတိံသာနတ်တို့ပြောကြား၍ ငါကြားခဲ့ရသည်၊ သင့်သား ဘုရားလောင်းကို ငါဖူးမြင်လိုသည်”ဟု ဆိုသည့်အတိုင်း မင်းကြီးလည်း သားတော်မင်းသားကို တန်ဆာဆင်ယင်၍ ဆောင်ယူခဲ့စေပြီးမှ မိမိရင်ခွင်ထက်၌ ထား၍ ရသေ့ကို ရှိခိုးစေခြင်းငှါ ဘုရားလောင်း၏ လက်နှစ်ဘက်တို့ကို ယှက်စေ၏၊ ထိုအခါ အလောင်းမင်းသား၏ခြေတော်အစုံသည်ဖြန့်၍ ရသေ့၏ဦးထိပ်ထက်၌ တည်လေ၏၊ ထိုအခြင်းအရာကို ရသေ့မြင်သည်ရှိသော် ရုတ်တရက်ထ၍ ညွတ်ကျိုးရှိခိုးဦးတိုက်၏၊ သုဒ္ဓေါဒနမင်းကြီးလည်း တုံ့ဝပ်ရှိကျိုး ရှိခိုးဦးတိုက်လေ၏။

[အဆုံးစွန်သော ကိုယ်၏အဖြစ်၌ ဘုရားလောင်းတို့ ရှိခိုးထိုက်သောသူမရှိ၊ အကယ်၍ရသေ့၏ခြေရင်း၌ ဘုရားလောင်း၏ဦးခေါင်းကို ထားအံ့၊ ရသေ့၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲလေရာ၏။]

### ကာဠဒေဝီလရသေ့အကြောင်း

ကာဠဒေဝီလရသေ့သည် လွန်လေပြီးသောကမ္ဘာလေးဆယ်, လာလတ္တံ့သော ကမ္ဘာလေးဆယ်တို့ကို မြင်နိုင်သောပုဗ္ဗေနိဝါသ,အနာဂတံသအဘိညာဉ်ကိုရသူဖြစ်၍ ဘုရားလောင်း၏ လက္ခဏာကြီးငယ်ကို မြင်လျှင် “ဤသူကားမချွတ်စင်စစ်ဘုရားဖြစ်လတ္တံ့၊ ထိုသူကိုငါတွေ့ကြုံရပေသည်”ဟုဝမ်းမြောက်ဝမ်းသာပြုံးတော်မူ၏၊သို့ရာတွင်ဤယောကျ်ားမြတ်ဘုရားဖြစ်သောအခါ ငါဖူးတွေ့ရပါမည်လောဟု ကြည့်ရှုဆင်ခြင်ပြန်ရာ ဘုရားမဖြစ်မီပင်စုတေ၍ ဘုရားအရာအထောင် သစ္စာလေးပါးတရားကို ဟောကြားပါသော်လည်း နာယူခြင်းငှါ မစွမ်းနိုင်ရာသော အရူပဘုံ၌ ဖြစ်လတ္တံ့သည်ကိုမြင်သဖြင့် “ငါသည် ဤယောကျ်ားမြတ်ဘုရားဖြစ်သည်ကိုမှ မတွေ့လိုက်ရဘဲ ရှုံးခြင်းကြီး ရှုံးချေပြီ”ဟု နှလုံးမသာရှိ၍ ငိုပြန်၏။

ထိုအမှုအရာကိုမင်းကြီးမြင်လျှင် "ရှင်ရသေ့… အကျွန်ုပ်သား၌ အန္တရာယ်ရှိ၍ရယ်ခြင်း,ငိုခြင်းကို ပြုလေသလော"ဟုမေး၏၊ရသေ့က—

"မင်းကြီး….သင့်သား၌အန္တရာယ်အနည်းငယ်မျှ မရှိချေ၊ စင်စစ် ဘုရားဖြစ်လတ္တံ့သော ယောကျ်ားမြတ် ပေတကားဟု ဝမ်းသာ၍ငါရယ်သည်၊ ထိုဘုရားဖြစ်လတ္တံ့သော ယောကျ်ားမြတ်ကိုတွေ့ကြုံရပါလျက် ထိုဘုရားကိုငါမဖူးလိုက်ရဘဲ ရှုံးခြင်းကြီးရှုံး၍အရူပဘုံ၌ဖြစ်ရလတ္တံ့သည်ကိုဝမ်းနည်း၍ငါငိုသည်"-

ဟုဆို၏၊ မင်းကြီးက "ရှင်ရသေ့….ဤမင်းသားသည် မည်သည့်အရွယ်တွင် ဘုရားဖြစ်မည်နည်း"ဟု မေးလျှောက်ရာ "၃၅-နှစ်တွင်ဖြစ်လိမ့်မည်"ဟု ပြောဟောပြီးလျှင် နန်းတော်မှ သက်ခဲ့၍ မိမိနေအိမ်သို့ သွားလေ၏၊ ရောက်လျှင် တူတော်နာဠကက သတို့သားကိုခေါ်၍ "တူချစ်….သုဒ္ဓေါဒနမင်းကြီး သားတော်သည် ၃၅-နှစ်တိုင်လျှင် မုချ ဘုရားဖြစ်လတ္တံ့၊ သင်သည် ထိုဘုရားထံ တရားတော်ကိုနာ၍ နိဗ္ဗာန်ချမ်းသာမြတ်ကိုရအောင်ရည်ဆောင်၍ ယနေ့ပင် ရဟန်းပြုလေလော့"ဟုဆို၏၊ နာဠကသတို့သားလည်း ငါ့ဦးရီးသည် ငါ့ကိုအကျိုးမဲ့မဆိုပေရာဟု အောက်မေ့ဆင်ခြင်၍ ရှစ်ဆယ့်လေးကုဋေသော ဥစ္စာတို့ကိုစွန့်ပြီးလျှင် ထိုနေ့၌ပင် ရဟန်းတို့ပရိက္ခရာကို ဝယ်ယူ၍ ဘုရားလောင်းရှိရာကို လက်အုပ်ချီမိုးရှိခိုးရည်မှန်း၍ ရဟန်းပြုလေ၏။

[ထိုနာဠကသည် ဘုရားဖြစ်တော်မူသောအခါ မောနေယျအကျင့်ကိုကျင့်သောသူတည်း၊ ဘုရားတဆူတဆူ၌ မောနေယျအကျင့်ကိုကျင့်သူ တယောက် ရှိမြဲဖြစ်သည်အတိုင်း ဥက္ကဋ္ဌဖြစ်သော မောနေယျအကျင့်ကို ကျင့်သောကြောင့် ကျင့်သည်မှခုနစ်လမျှသာ အသက်ရှင်၍ တခုသော ရွှေတောင်ကိုမှီပြီးလျှင် ပရိနိဗ္ဗာန်ပြုလေ၏၊ မဇ္ဈိမကျင့်သော် ခုနစ်နှစ်၊ မုဒုကျင့်သော် တဆယ့်နှစ်နှစ်အသက်ရှင်၏။]

### အလောင်းတော်မင်းသားကို အမည်မှည့်ခြင်း

ဘုရားလောင်းကို ဘွားတော်မူ၍ ငါးရက်မြောက်သောအခါ နန်းတော်အလုံးတန်ဆာဆင်ယင်စေ၍ အလောင်းတော်ကို နံ့သာရေမိုးချိုးပြီးလျှင်အမည်မှည့်အံ့သောငှါ တရာ့ရှစ်ယောက်သောပုဏ္ဏားတို့ကို

နန်းတော်သို့ ပင့်ခေါ် ပူဇော်ချီးမြှောက်ခြင်းကို ပြုကုန်၏၊ ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် တရာ့ရှစ်ယောက်သောပုဏ္ဏားတို့တွင် ဗေဒင်အရာ၌ တဘက်ကမ်းခတ်တတ်မြောက် ရှစ်ယောက်သော ပုဏ္ဏားတို့ကို ရွေးကောက်၍ မင်းသား၏လက္ခဏာကို ဘတ်စေ၏။

(၁) ယာမ, (၂) ဓဇ, (၃) လက္ခဏ, (၄) ဇောတိမန္တ, (၅) ရည, (၆) သုဘောဂ, (၇) သုယာမဟူသော ပုဏ္ဏား ခုနစ်ယောက်တို့က—

"အရှင်မင်းကြီး····ဤမင်းသားသည် လေးကျွန်းသေဋ္ဌနင်း စကြာမင်းသော်လည်း ဖြစ်လတ္တံ့၊လူတွင်ထင်ရှား ဘုရားသော်လည်း ဖြစ်လတ္တံ့"—

ဟူ၍ လက်နှစ်ချောင်းကို ချီမြှောက်လျက် တင်လျှောက်ကုန်၏၊ ထိုပုဏ္ဏားတို့တွင် သက်ရွယ် နုနယ် ပျိုမျစ်သော ကောဏ္ဍညအနွယ် သုဒတ္တမည်သော ပုဏ္ဏားက—

"အရှင်မင်းမြတ်···· အရှင့်သားတော်သည် သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး,ရှစ်ဆယ်သော လက္ခဏာတော်ငယ်,အံ့ဘွယ်တဆယ့်နှစ်, တရာ့ရှစ်ကွက် ရေတွက်အပ်သောစက်တော်အစုံပါပေသည်၊သုံးဆယ့်တရွာဝယ် ပြိုင်ခြင်းငှါ မရအသဒိသစ် ဝင့်မြစ်ကြွေပြတ်သော ဘုရားကေန်ဖြစ်ပါလိမ့်မည်"—

ဟု လက်ညှိုးတချောင်းကို ချီမြှောက်၍ တင်လျှောက်လေ၏။

[ဤကောဏ္ဍညကား ပညာအားဖြင့် ပုဏ္ဏား ခုနစ်ယောက်တို့အပေါ်တွင် လွှမ်းမိုးတတ်မြောက်သည့်ပြင်ဖြည့်အပ်ပြီးသောပါရမီသမ္ဘာရနှင့်ပြည့်စုံသော ပစ္ဆိမဘဝဋ္ဌတည်သော ပုဂ္ဂိုလ်ဖြစ်၍ စင်စစ် သိမြင်နိုင်လေ၏။]

မင်းကြီးလည်း"ဆရာကောဏ္ဍည····ငါ့သားသည် ဘုရားဖြစ်လတ္တံ့ ဟု ဆိုသော်အဘယ်နိမိတ်ကိုမြင်၍ ဖြစ်လတ္တံ့နည်း" ဟု မေးတော်မူ၏၊ "အရှင်မင်းကြီး····အရှင့်သားတော်သည် သူအို, သူနာ, သူသေ, ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကိုမြင်၍ သတိသံဝေဂ ရသဖြင့် တောထွက်ပါလိမ့်မည်" ဟု လျှောက်တင်၏၊ မင်းကြီးလည်း

ငါ့သားရဟန်းဖြစ်ခြင်းကို မနှစ်သက်၊ လေးကျွန်းသေဌ်နင်း စကြာမင်း ဖြစ်သည်ကိုသာ မြင်လိုရကား- သားတော်၏ သတိသံဝေဂရခြင်းမှ ကင်းရှင်းလေအောင် ပြည်တွင်းပြည်ပ တဂါဝုတ်မျှလောက်သော အရပ်၌ အစောင့်အရှောက်ကိုထားသဖြင့် သူအို, သူနာ, သူသေ, ရဟန်းတို့ကိုမြင်ရမည်ကို ထားဘိဦး၊သတင်းစကားမျှမကြားရအောင် အားထုတ်စောင့်ရှောက်စေ၏၊ ထိုနောက် ဘုရားလောင်း၏ အမည်ကို ရွေးချယ်ကြကုန်သော်—

သဗ္ဗလောကဿ အတ္ထံ သိဒ္ဓိကရတ္တာ သိဒ္ဓတ္ထောတိ နာမံ အကံသု။

ဟူသောပါဠိအရ အလုံးစုံသော လူတို့၏အလိုကို ပြီးပြီမ်းစေတတ်ရကား "သိဒ္ဓတ္ထကုမာရ" ဟူသောအမည်ကို မှည့်ကုန်၏၊ ထိုမင်္ဂလာနေ့၌ပင် မဟာဆွေတော်မျိုးတော် အပေါင်းတို့မှလည်း မင်းသားငယ်တယောက်စီကို နှံ့ထားကြရ၏၊ အလောင်းမင်းသားသည် အသောင်းအသိန်းမကသော အထိန်းအယ မောင်းမကိုယ်လုပ် အခြံအရံတို့ကို အပ်နှင်းတော်မူ၍ အတိုင်းမသိသော စည်းစိမ်ဖြင့်ချမ်းသာစွာ ကြီးပွါးရ၏။

လက္ခဏာဘတ် ပုဏ္ဏားတို့သည် မိမိတို့အိမ်သို့ အသီး အသီးပြန်သွားကြပြီးလျှင် သားတို့ကိုခေါ်၍ "ချစ်သားတို့....ငါတို့အသက်ကြီးကုန်ပြီ၊ သုဒ္ဓေါဒနမင်းကြီးသား ဘုရားဖြစ်သည်တိုင် ငါတို့နေရမည် မဟုတ်ချေ၊ သင်တို့သည် ရဟန်းပြု၍ ထိုဘုရားထံမှ နိဗ္ဗာန်မဂ်ဖိုလ်ကို ယူကြလေကုန်"ဟု ဆို၏၊ ပုဏ္ဏားကြီးတို့လည်း အသက်အတိုင်းနေ၍ ကံအားလျော်စွာလား၏၊ ကောဏ္ဍညမည်သော သုဒတ္တပုဏ္ဏားငယ်ကား အသက်ရှည်၍ ထိုလက္ခဏာဘတ်ပုဏ္ဏား သားလေးယောက်တို့နှင့် ရဟန်းပြုကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့ကား လက်ဦး ကျွတ်တမ်းဝင်သော ပဉ္စဝဂ္ဂီအရှင်တို့ပေတည်း။

သိရိမဟာမာယာ မိဖုရားကြီးသည်လည်း အလောင်းမင်းသားကို ဘွားမြင်ပြီးနောက် ခုနစ်ရက်မြောက်ဝယ် ဓမ္မတာဝန်အားဖြင့် အိပ်

ပျော်သောယောက်ျားကဲ့သို့ စုတေလေသော် ဘုရားသခင်မယ်ပေါ်တို့ ဖြစ်ရာ တုသိတာနတ်ပြည်ဝယ် သန္တုသိတနတ်သားဖြစ်လေ၏။

[ဤ၌မယ်တော်မိဖုရားသည်သားဘွားသောကြောင့် ကွယ်လွန်သည်ဟု ၍မမှတ်အပ်၊ အသက် အပိုင်းအခြား စေ့သောကြောင့် ကွယ်လွန်သည်ဟု မှတ်အပ်၏။]

## သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာ ပြုတော်မူခြင်း

တနေ့သ၌ သုဒ္ဓေါဒနမင်းကြီးသည် မှူးမတ်ဗိုလ်ပါခြံရံလျက် လယ်ထွန်မင်္ဂလာပြု၏၊ လယ်ထွန်ရာအရပ်၌ ဇမ္ဗူသပြေပင်သည် ထီးဝန်းကဲ့သို့ ထူထဲသောအရိပ်ရှိ၏၊ ထိုဇမ္ဗူသပြေပင်အောက်၌ အသိန်းမက သော မိန်းမတို့သည် အရွယ်တလခန့်မျှရှိသေးသော မင်းသားကို သိပ်ထားကြပြီးလျှင် မင်းကြီး၏ လယ်ထွန်သဘင်ကို ရှုမျှော်လိုသဖြင့် အလောင်းမင်းသားကို ကာရံ၍ထားသော တင်းတိမ်တွင်းမှ ထွက်သွားကြကုန်၏၊ ထိုအခါအလောင်းမင်းသားသည် သိပ်ထားသော နေရာမှထ၍ ထက်ဝယ်ဖွဲ့ခွေထိုင်နေပြီးလျှင် ထွက်သက် ဝင်သက်ကို သိမ်းဆည်း၍ ပဌမဈာန်ကို ဝင်စားတော်မူ၏။

နို့ထိန်းတို့သည် ခဲဘွယ်ဘောဇဉ်စသော အထူးထူးသောကိစ္စတို့ကို လုပ်ဆောင်ရသဖြင့် မေ့လျော့၍နေမွန်းတိမ်းခြင်းသို့ ရောက်၏၊ ထိုအခါ အခြားသောသစ်ပင်ရိပ်တို့သည် ပြောင်းရွေ့ပါသော်လည်း အလောင်းမင်းသားစံနေသော ဇမ္ဗူသပြေပင်ရိပ်သည် မပြောင်းမရွေ့ဘဲ ထီးဝန်းအုပ်သကဲ့သို့တည်၏၊ နို့ထိန်းတို့သည် သတိရ၍ တင်းတိမ်တွင်းသို့ဝင်၍ ရှုကြည့်ကြသော် စက်ရာထက်၌ ထက်ဝယ်ဖွဲ့ခွေ၍ သမာပတ်ဝင်နေသော အလောင်းမင်းသားကိုငှင်း, ဇမ္ဗူသပြေပင်ရိပ် ထီးဝန်းကဲ့သို့ အုပ်မိုး၍နေသည်ကိုငှင်း မြင်ကြ၍ သုဒ္ဓေါဒနမင်းကြီးအား အဆောတလျင် သွားရောက် တင်လျှောက် ကြကုန်၏၊ မင်းကြီးလည်း အဆောတလျင်လာ၍ အံ့ဘွယ်သရဲကိုမြင်လျှင် "ချစ်သား....သင်ချစ်သားအား ဤယခု ရှိခိုးခြင်းသည် နှစ်ကြိမ်မြောက်သောရှိခိုးခြင်းတည်း"ဟု ဆို၍ လက်အုပ်ချီမိုး ရှိခိုးပူဇော်တော်မူ၏။

## ရေကန်ကြီးလေးကန်ကို နတ်တို့ဘန်ဆင်းပေးခြင်း

ဘုရားလောင်းသည် အစဉ်အတိုင်းကြီးပွါး၍ ခုနစ်နှစ်အရွယ်ရှိလေသော် ခမည်းတော်မင်းကြီးသည် မှူးမတ်တို့နှင့်တိုင်ပင်၍ ခုနစ်နှစ်ရွယ်ရှိသောသူငယ်တို့နှင့် သင့်လျော်ရာ ဤမည်သောဌာန၌ ရေကန်ကိုစီမံကြလေကုန်ဟုစေခန့်တော်မူ၏၊ မှူးမတ်တို့လည်း မြို့ပြုပြင်သော လက်သမားတို့ကိုခေါ်၍ စေခန့်၏၊ လက်သမားတို့လည်း ရေကန်ရာကို တိုင်းတာမှတ်သားကြပြီးမှ အကာလအချိန်မဲ့ဖြစ်သောကြောင့် မိမိတို့အိမ်သို့ပြန်သွားကြကုန်၏၊ ထိုအခါသိကြားနေရာ ပဏ္ဍုကမ္ဗလာသည် တင်းမာသဖြင့် အကြောင်းကိုသိသောကြောင့် ဝိသုကြံနတ်သားကို ခေါ်ပြီးလျှင် "အချင်းဝိသုကြံနတ်သား.... အလောင်းမင်းသား ပျော်ပါးရန်ရေကန်ကိုသင်သွား၍ ဖန်ဆင်းချေ"ဟု စေတော်မူ၏၊ နတ်သားလည်း လျင်စွာလာ၍ မြို့လေးမျက်နှာ၌ တဂါဝုတ်မျှလောက်ကျယ်သောရေကန်ကြီးလေးကန်ကို ဖန်ဆင်း၍ပေးတော်မူ၏။

ထိုရေကန်ကား–

၁။ ရတနာခုနစ်ပါးတို့ဖြင့် ရစ်ဆင့်လျက် ပြိုးပြိုးပြက်မျှရှိကုန်၏။
၂။ ကန်၏အစ၌ဖြူစင်တောက်ပသော ငွေသဲလဲတို့ဖြင့် ကြဲဖြန်းကာထားကုန်၏။
၃။ အုဋ်ကျောက်နံရံသုံးတန်ဝန်းပတ်လျက် ရွှေပွတ်တိုင်, ငွေပွတ်တိုင်တို့ဖြင့် ခြံရံကာထားကုန်၏။
၄။ စောင်းတန်းလှေကား ခင်းထားအပ်သောရေဆိပ်ခုနစ်သွယ်တို့ဖြင့် တည်ကုန်၏။
၅။ ကြာမျိုးငါးပါးတို့ဖြင့် တင့်တယ်ကုန်၏။
၆။ ငှက်အပေါင်းတို့သည် ပျံကာမြူးကာ ကျူးရင့်သောအသံသည် နတ်တူရိယာကဲ့သို့ သာယာစွာရှိ၏။

ရတနာအတိပြီးသောလျှော်၊ ထိုလျှော်၌ ထီးဖြူရာဇပလ္လင်ဥကင်ကနက်နှစ်သက်စဘွယ်မင်းခမ်း မင်းနားကျင်းပကာ ကောင်းစွာစီမံ၍ပေးပြီးမှ မိမိနေရာနတ်ရွာသို့ ပြန်လေ၏၊ နံနက်မိုးသောက် ရောက်လတ်သော် မြင်ကြရကုန်သော လူအပေါင်းတို့သည် အံ့ဩချီးပ၍ မင်းကြီးအား

တင်လျှောက်ကုန်၏၊ မင်းကြီးလည်း ငါ့သားတော်၏ဘုန်းအာနုဘော်ကြောင့် ညဥ့်သုံးယံအတွင်း နတ်မင်းတို့ ဖန်ဆင်းပေးလာသည်ဟု ဝမ်းမြောက်ဝမ်းသာသွားလာရှုကြည့်ကုန်၏၊ မင်းသားလည်း များစွာသောအခြွေအရံတို့ဖြင့် ထိုရေကန်ဝယ် စမ္ပယ်ပျော်ပါး ကစားတော်မူ၏။

### ရွှေနန်းပြာသာဒ်ဆောင်

အလောင်းမင်းသားသည် အစဉ်သဖြင့် ချမ်းသာစွာ ကြီးပွါး၍ ၁၆-နှစ်အရွယ်သို့ရောက်လတ်သော် ရှေးဘေးတော်,ဘိုးတော်အဆက်ဆက်တို့မစံစားဘူးသော ရွှေနန်းပြာသာဒ်သုံးဆောင်ကိုတည်ထောင်ဆောက်လုပ်၍ပေးတော်မူ၏၊ ကာလသုံးခုဥတုသုံးပါးနှင့် လျော်သောထိုရွှေနန်းပြာသာဒ် သုံးဆောင်တို့၏ အမည်ကား—

၁။ ဘုံငါးဆင့်ရှိသောပြာသာဒ်ကို ရမ္မပြာသာဒ်ဟူ၍၎င်း,

၂။ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကို သုရမ္မပြာသာဒ် ဟူ၍၎င်း,

၃။ ဘုံကိုးဆင့်ရှိသော ပြာသာဒ်ကို သုဘပြာသာဒ်ဟူ၍၎င်း—

အသီးအသီးသမုတ်ပညတ်ကုန်၏၊ ထိုပြာသာဒ်တို့သည် အစောက်အားဖြင့် အပိုင်းအခြားမရှိဖြစ်ကုန်၏၊ ရုပ်လုံးရုပ်ပြား ရွှေသားမွမ်းမံအလျှံအရောင် တောက်ပ၍ အလွန်တင့်တယ်ကုန်၏၊ ထိုနောက်ခမည်းတော်မင်းတရားသည် ဤသို့ကြံစည်တော်မူ၏၊ “ယခုငါ့သားတော်သည် လူလားချိန်မြောက် အရွယ်သို့ရောက်ချေပြီ၊မှူးမတ် ခြွေရံနိုင်ငံစိုးချုပ် မင်းလုပ်စေမှ သင့်လျော်မည်၊ မင်းမိဖုရား သား,သမီးထီးနန်းစည်းစိမ်ကိုတပ်ငြိမှ သတိသံဝေဂမသက်၊ တောထွက်၍ ရဟန်းမပြုဘဲနေချေမည်၊ ထိုသို့နေမှ ငါလည်းစကြာမင်းဘခင်ဖြစ်၍ စကြာမင်းအသရေကိုမြင်ရချေမည်”ဟု ကြံရည်တော်မူ၏၊ ထိုသို့ကြံရည်တော်မူပြီးမှ ရာဇသံရွှေပေရေး၍ သွီးရတနာ ပို့ဆက်လာရမည့်အကြောင်းကိုဆွေတော်မျိုးတော်တို့ထံစေလွှတ်လေ၏။

ထိုရာဇသံစာကိုကြားနာရသော ဆွေတော်မျိုးတော် အပေါင်းတို့တွင် ဒေဝဒဟပြည် သုပ္ပဗုဒ္ဓစသော အချို့သောမင်းတို့က ဤသို့ဆိုကြကုန်၏၊ “ဤသိဒ္ဓတ်မင်းသားသည် ပုဏ္ဏားတို့က ဘုရားဖြစ်လတ္တံ့ဟု

မြှောက်စားသောစကားကိုမှီ၍ မည်သည့်အတတ်ပညာကိုမျှ မသင်မကြား ထောင်လွှားမာန်တက်ခါသာနေ၏၊ မင်းသားတို့တတ်အပ်ရာ အဋ္ဌာရသဆယ့်ရှစ်ဝသောအတတ်တို့တွင် မည်သည့် အတတ်ပညာကိုမျှ ကိုးစားယုံကြည်လောက်အောင် မတတ်ချေ၊ မြို့တွင်း၌ ရောက်သောပေါက်ပင်ပမာ အဆင်းအဝါသာလှပ၍ စွမ်းပကားပညာကင်းလှချေသည်၊ အကယ်၍ပြည်ထောင်ချင်းချင်း ရန်သူမင်းတို့ မာန်တင်းထောင်လွှား စော်ကား ကျူးလွန်လာလျှင် လဲဝါငွမ်းစုပမာ အဝေးသို့သာ လွင့်စင်ရာချေသည်၊ ငါတို့ရင်သွေးရင်သားကို ပေးမြားလက်ထပ်ခြင်းငှါ မသင့်ချေ”ဟု ဆိုလိုက်ကြကုန်၏။

ထိုသို့ဆိုလိုက်သောစကားကို မှူးမတ်တို့ကပြန်ကြား လျှောက်ထား၍ သုဒ္ဓေါဒနမင်းကြီး ကြားလေသော် များစွာစိတ်နှလုံး မသက်သာသော်လည်း သားတော်အစွမ်းကိုမသိရသေးသဖြင့် အလောင်းတော်မင်းသားကိုခေါ်ပြီးလျှင် ဤသို့ဆို၏။

“ချစ်သား....သင်၏ အဆွေအမျိုးတို့သည် ဤသိဒ္ဓတ်မင်းသားကားတစုံတခုသောအတတ်ကိုမျှ မသင်မကြားဘဲ ကစားမြူးထူး၍သာနေချေသည်၊ အကယ်၍ ရန်သူရောက်လာလျှင် လဲဝါငွမ်းသို့လွင့်ဘို့ရာဖြစ်ချေသည်ဟု ဆိုလိုက်ကြကုန်၏၊ သင်ချစ်သားသည် အဘယ်သို့ ကြံစည် အောက်မေ့ပါသနည်း၊ အဋ္ဌာရသသိပ္ပအတတ်တို့ကို သင်စေလိုသေးသည်”—

ဟု တိုက်တွန်းတော်မူ၏၊ ထိုအခါ အလောင်းတော် မင်းသားကလည်း“ခမည်းတော်မင်းကြီး.. အကျွန်ုပ်အား အတတ်သင်ခွင့် ကိစ္စမရှိပြီ၊ ပဋိသန္ဓေကပင် စုံလင်စွာ တတ်မြောက်ပြီး ပါလာပါသည်၊ အကယ်၍ ခမည်းတော်မင်းတရား ရှုစားတော်မူလိုပါမူ ပြည်၌စည်လည်စေကုန်လော့၊ ယနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ဆွေတော်မျိုးတော်တို့၏အလယ်၌ အတတ်ကိုပြပါမည်”ဟု တင်လျှောက်၏၊ ယင်းသို့ သားတော် တင်လျှောက်သောစကားကို ခမည်းတော်မင်းကြီးကြားလေသော် အားရဝမ်းသာတော်မူ၍ ဘုရားလောင်းဆိုတိုင်း မင်း

ရင်ပြင်ဝယ် ကြီးကျယ်ခမ်းနားသော တလင်းမင်းကွန်းကို ပြုစီရင်ပြီးလျှင် ဗိုလ်တထောင် တင်ထိုက်သော လေးအတတ်ကို ပြစေတော်မူ၏။

ဘုရားလောင်းဘွားမြင်ခဏ်းပြီး၏။

---

## ၃။ သိဒ္ဓတ္ထမင်းသား လေးအတတ်ကိုပြခဏ်း၊

ထိုအခါ အလောင်းတော်မင်းသားသည် ကပိလဝတ်ပြည်တော်တွင် ထင်ပေါ်ကျော်စောသော—

၁။ လျှပ်တပြက်တွင် အချက်အသောင်း အသိန်းမှန်အောင် ပစ်စွမ်းနိုင်သော အက္ခဏဝေဓိလေးသမား,

၂။ သားမြီးမွေးမှင်တို့ကို ထက်ဝက်ထွင်းအောင် ပစ်စွမ်းနိုင်သော ဝါလဝေဓိလေးသမား,

၃။ ရှေ့ပစ်လိုက်သောမြှားကို နောက်မြှားဖြင့်မှန်အောင် ပစ်ခြင်းတည်းဟူသော သရဝေဓိလေးသမား,

၄။ စီစဉ်ကာစိုက်ထားအပ်သော ဝတ္ထုတို့ကို တကြိမ်တည်းပစ်အပ်သောမြှားဖြင့် အားလုံးကုန်မှန်စေပြီးမှ လက်တွင်းသို့ မြှားကျလာသောစက္ကဝေဓိလေးသမား။

ဤလေးသမားကြီးတို့ကို ခေါ်တော်မူစေ၍ မင်းရင်ပြင်၌ စည်းဝေးစေပြီးသော် မိမိမှာမူကား ပတ္တမြားပြောက်ဖြင့်ပြီးသော ချပ်မိန်ညှိမျဉ်းတိုမျဉ်းရှည်တို့ကို ဝတ်ဆင်တော်မူ၍ နဝရတ်ကိုးပါး စီတပ်အပ်သော သင်းကျစ်မကိုဋ်တော်ကို ဦးခေါင်း၌စွပ်လျက် ရတနာ ခုနစ်ပါးဖြင့် ချုပ်အပ်သော ခါးကြိုးကိုပန်း၍ လခြမ်းသဏ္ဍာန်ရှိသော သားချိုလေးဝယ် သန္တာအသွင်ရှိသော ညှို့ဖြင့်ဖွဲ့လျက် မြအဆင်းကဲ့သို့သော တောင့်ကိုလွယ်ပြီးလျှင် မဟာပထဝီမြေအပြင်ကို ခွဲ၍ထွက်လာသော နဂါးလုလင်ကဲ့သို့ရင်း, စစ်သဘင်ကျင်းရာသို့ထွက်လာသော သိကြားမင်းကဲ့သို့ရင်း မင်းကွန်းတလင်း ပရိသတ်လေးပါးတို့၏ အလယ်၌ တင့်တယ်စွာရပ်တော်မူပြီးလျှင် ယခင်လေးသမားကြီးတို့ကို ခေါ်တော်မူ၍ လေးမျက်နှာအရပ်က နေစေပြီးသော် မြှားကျည်နှင့်တကွ သုံးသောင်းစီမျှလောက်သော မြှားတို့ကိုအပ်၍ ဤသို့ဆို၏။

"ဆရာတို့....အကျွန်ုပ်အား ဆရာတို့အစွမ်းရှိသမျှ တညီ တညွတ်တည်း ပစ်လွှတ်ကြကုန်"ဟုဆို၏၊လေးသမားကြီးတို့က "အရှင့်သား....သည်းခံတော်မူပါ၊အရှင့်သားသည် အကျွန်ုပ် တို့လေးယောက်ကို မဆိုထားဘိ တယောက်တည်း ပစ်လွှတ် သောမြှားကိုမျှ တားမြစ်ကာဆီးခြင်းငှါ မစွမ်းနိုင်ရာ" ဟု တင်လျှောက်ကြကုန်၏၊အလောင်းမင်းသားကလည်း"အချင်း တို့....ငါ့ကိုသင်တို့ တစုံတရာ စိုးရိမ်ခြင်းမရှိကြလင့်၊ သင်တို့ စွမ်းအားရှိသလောက် ပစ်လွှတ်ကြကုန်"–

ဟု မိန့်တော်မူ၍ တလင်းမင်းကွန်း ပရိသတ်၏အလယ်တွင် ကေ သရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲတင်းစွာ ရပ်တော်မူ၍ လေးသမားတို့ လည်း မိမိတို့စွမ်းအားရှိသမျှ လျှပ်တပြက်တွင် အချက် ရာထောင် မက ပစ်လွှတ်သဖြင့် လာလာသမျှသောမြှားတို့ကိုအလောင်းမင်းသား သည် ဝဇိရစိန်စဉ်းသွားတပ်သော မြှားတစင်းဖြင့်သာ ဆီးကာပုတ် ခတ်လျက် ထိုထိုအရပ်သို့ ကျစေတော်မူ၏၊ထိုအခါ ထက်ဝန်းကျင်မြေ ပြင်ပြည့်မျှ ရှုကြည့်ကြသော မင်းညီမင်းသား,ပုဏ္ဏား, သူဌေးစသော လူပရိသတ်အပေါင်းတို့သည် မြှားအလာကို ဆီးကာပယ်ရှားနိုင်သော "သရပရိက္ခိတ္တ"အတတ်ကိုပြရုံနှင့်ပင် ရင်သပ်လက်တီး အံ့ချီးပြောပ ကြသောအသံကား မိုယ်းယံအပြင် ထက်ကောင်းကင်၌ တော်ပဲ့တင် ဟီးလျက် မြေကြီးတုန်ဘနန်းရှိလေ၏၊ ထိုနောက်မှ–

၁။ တကြိမ်တည်းပစ်အပ်သောမြှားသည် တခုမကျန် မှန်စေပြီးမှ မိမိလက်တွင်းသို့ မြှားကျလာသော စက္ကဝေမိအတတ်ကိုရင်း,

၂။ လျှပ်တပြက်တွင် အချက်ပေါင်းအသောင်း အသိန်း ပစ်ခြင်း တည်းဟူသော အက္ခဏဝေမိ အတတ်ကိုရင်း,

၃။ ပြွတ် သခွါး ခါးရမ်းသီးစသော ဝတ္ထုတို့ကို ချက်ရာမစပ် မှန်အောင်ပစ်ခြင်း, သားမြီးမွေးမျှင်တို့ကိုလျက် ထက်ဝက် ခွဲအောင်ပစ်ခြင်း တည်းဟူသော ဝါလဝေမိအတတ်ကိုရင်း,

၄။ ရှေ့ပစ်လိုက်သောမြှားကို နောက်မြှားဖြင့် မှန်အောင်ပစ်ခြင်း တည်းဟူသော သရဝေမိအတတ်ကိုရင်း,

၅။ မျက်စိဖြင့်မမြင်သော်လည်း ရိပ်ဖမ်းသံဖမ်းအားဖြင့် အသံကို နားထောင်၍ မှန်အောင်ပစ်ခြင်းတည်းဟူသော သဒ္ဒဝေဓိ အတတ်ကိုငှင်း—

အသီးအသီးပြတော်မူ၏၊ ထို့နောက်—

၁။ သရလဋ္ဌိ၊ မြှတိမ်မီးခိုး မိုယ်းနှင်းသွယ်တန်းသကဲ့သို့ မြှားတန်း မပြတ်အောင်ပစ်ခြင်း,

၂။ သရရဇ္ဇု၊ ကြိုးအစဉ်ကဲ့သို့ပစ်ခြင်း,

၃။ သရပါသာဒ၊ မြှားပြာသာဒ်ဆင့်တက်အောင်ပစ်ခြင်း,

၄။ သရသောပါဏ၊ မြှားစောင်းတန်း အဆင့်ဆင့် မြင့်ထက် မြင့်အောင်ပစ်ခြင်း,

၅။ သရပဋိဗာဟန၊ မြှားကိုမြှားချင်းရိုက်ခတ် ကာကွယ်ဆီးတား စေအောင်ပစ်ခြင်း,

၆။ သရမဏ္ဍပ၊ တန်ဆောင်းပြာသာဒ် မဏ္ဍပ်ကနားမြှားဖိတာန် အုပ်သကဲ့သို့ပစ်ခြင်း,

၇။ သရပါကာရ၊ မြှားဝန်းတံတိုင်းဝိုက်သိုင်း ရစ်ပတ်အောင် ပစ်ခတ်ခြင်း,

၈။ သရပေါက္ခရဏီ၊ လေးထောင့်ကန်သင်း ဆည်သကဲ့သို့ တည် အောင်ပစ်ခြင်း,

၉။ သရပဒုမ၊ ပဒုမာကြာပွင့်ချပ်ကဲ့သို့ မြှားထပ် အဆိုင်အဆိုင် တက်အောင်ပစ်ခတ်ခြင်း,

၁၀။ သရဝဿ၊ မြှားမိုယ်းဖြာဝေ ရွာစွေစေသကဲ့သို့ ပစ်ခြင်း,

၁၁။ စက္ကဝိဓံသ၊ မြှားရဟတ်လည်အောင်ပစ်ခတ်ခြင်း,

၁၂။ သရဝဋ္ဋန၊ မြှားစက်ဝန်းသွားအောင် ပစ်ခတ်ခြင်း တည်းဟူ သော မြှားရေးငယ်ဆယ့်နှစ်ရပ်တို့ကိုငှင်း-

၁။ လက်တဆယ့်နှစ်သစ်ထူသော ရေသဖန်းပျဉ်, လက်ရှစ်သစ် ထူသော ပိတောက်ပျဉ်,လက်လေးသစ်ထူသော ကြေးနီပြား, လက်နှစ်သစ်ထူသော သံပြားတို့ကိုလည်း ထုတ်ချင်း ထွင်း ဘောက်အောင် အသီးအသီးပစ်ခြင်း,

## သိဒ္ဓတ္ထမင်းသားလေးအတတ်ကိုပြသည် ~အမှတ် ၂၃~

၂။ ထို့ပြင်ကောက်ရိုးအပြည့်တင်သောလှည်း၊ သဲအပြည့်တင်သောလှည်းနှင့် ပိုလ်တရာဝန် တင်သောလှည်းကို နောက်မှရှေ့၊ ရှေ့မှ နောက်ထုတ်ချင်း ထွင်းဖောက်အောင်ပစ်ခြင်း တည်းဟူသော အားအစွမ်းတို့ကိုဂုဏ်–

ပြတော်မူလေ၏၊ ထိုသို့ပြတော်မူပြီးသော် အလောင်းမင်းသည် လေးတော်ကို လက်ဝဲလက်ဖြင့် ချီကြွ၍ လက်ျာလက်ဖြင့် လေးညှို့ကို ဖြန့်လိုက်ရာ မိုယ်းကြီးပွဲတင် လျှော်တော်ဟိန်းသကဲ့သို့ လန့်ကျိန်းကြောက်မက်ဘွယ်သော အသံကြီးဖြစ်၍ ကပိလဝတ်ပြည်အလုံး ထိတ်လန့်တုန်လှုပ်ကြကုန်၏၊ ထိုနောက်မှတဖန်ဝဇိရစိန်စဉ်းသွားတပ်သော မြားရတနာကို လက်ျာလက်ဖြင့် ဆွဲငင်၍ လက်ဝဲ လက်သန်းတော်အသည်းဖြင့် စဉ်းကို ခတ်အပ်သည် ရှိသော် စောင်းညှင်းပတ်သာ တူရိယာ ဒုံမင်းအသံကဲ့သို့ သာယာနာပျော်ဘွယ်ရှိ၏၊ မြားတော်ကို ရေထဲသို့ လွှတ်တော်မူလျှင် လေးဥသဘ, အထက်အာကာသ ကောင်းကင်သို့ အစောက်အားဖြင့်ပစ်လွှတ်လျှင် ရှစ်ဥသဘ, ဘီလာအားဖြင့် ကား တယူဇနာအရပ်သို့ တိုင်အောင်အသီးအသီးသွားရောက်၏။

[ဤကားပကတိပစ်သောအားအစွမ်းတော်တည်း။]

အလိုတော်ရှိ၍ အထူးအားထုတ်တော်မူသော် စတုမဟာရာဇ်သို့ စေတော်မူသော်လည်း ရောက်နိုင်စွမ်းရာ၏၊ ထိုမှတပါး မင်းသားတကာတို့တတ်အပ်ရာသော ဆင်စီး, မြင်းစီး, စက်ကြီးယန္တရား, ဓားခုတ်လှံထိုး, စစ်ထိုးစစ်ဆင်အစရှိသော အတတ်ငယ် အမျိုးမျိုးတို့ကိုလည်း ပြတော်မူ၏၊ ထိုသို့မင်းအဆက်ဆက်တို့ အိပ်မက်တွင်မျှမထင်စဘူး ထူးမြတ်လွန်ကဲ အံ့အဲပြောပချီးမွမ်း၍ မကုန်နိုင်ရာသော အဌာရသ သိပ္ပအမျိုးမျိုးတို့ကို ဆွေတော်ရှစ်သောင်းမျိုးတော်ပေါင်းတို့၏အလယ်၌ ဆန်းကြယ်စွာပြတော်မူ၍ တိုင်းနေပြည်သူ လူအပေါင်းတို့ရှုမြင်ရလျှင် ကြည်လင် ရွှင်လန်းဝမ်းမြောက်ကုန်၍ ပုဆိုးဦးရစ်ဦးပေါင်းမြှောက်ခြင်း, ပန်းပေါက်ပေါက် ဖြန်းပက်ခြင်း, ရွှေသလဲ ငွေသလဲဖြန့်ကြဲခြင်း, ရင်သပ်လက်တီး ချီးမွမ်းအံ့ဩခြင်း အစရှိသည်တို့ဖြင့် ပူဇော်ကြကုန်၏၊ အရပ်ထက်ဝန်းကျင်၌လည်း ပန်းမိုယ်း,

နှံ့သာမိုယ်းတို့ကို နတ်တို့ရွာစွေစေကုန်၏၊ လူနတ် အပေါင်းတို့၏ ကောင်းကြီးမင်္ဂလာ ဩဘာပေးကြသောအသံသည် မိုယ်းယံအပြင်ဝယ် တော်ပဲ့တင်ရိုက်ဟီးလျက် မြေကြီးပြိုမတတ်ရှိလေ၏။

### ဆွေတော်မျိုးတော်အဆက်

[ဆွေတော် မျိုးတော်အဆက်ကား–ကပိလဝတ်ပြည် ဇယသေနမင်း သားတော်သီဟဟနုမင်းနှင့် ဒေဝဒဟပြည် အဥ္စနမင်းနှမတော် ဘဒ္ဒကစ္စာနာနှင့်စုံဘက်ရာ သုဒ္ဓေါဒန,သုက္ကောဒန, ဓေါတောဒန, သက္ကောဒန, အမိတောဒန, နှမတော်အမိတာ, ပါလိတာ တို့ကိုဘွားမြင်တော်မူ၏။

ဇယသေနမင်းသမီးတော် ယသောဓရာနှင့် အဥ္စနမင်း စုံဘက်ရာ သိရိမဟာမာယာ,မဟာပဇာပတိဂေါတမီ, မောင်ဒဏ္ဍပါဏိ,ညီသုပ္ပဗုဒ္ဓ တို့ကို ဘွားမြင်တော်မူ၏။

သီဟဟနုမင်းသားတော် သုဒ္ဓေါဒနမင်းနှင့် အဥ္စနမင်းသမီးတော် သိရိမဟာမာယာ၊ညီမတော်မဟာပဇာပတိ ဂေါတမီနှစ်ပါးနှင့်စုံဘက်ရာ-ညီမတော် မဟာပဇာပတိ ဂေါတမီတွင် ဇနပဒကလျာဏီမင်းသမီးနှင့် နန္ဒမင်းသားကိုဘွားမြင်ပြီးမှ အစ်မတော်သိရိမဟာမာယာတွင် ဘုရားလောင်း သိဒ္ဓတ်မင်းသားကို ဘွားမြင်တော်မူ၏။

သီဟဟနုမင်း သမီးတော် အမိတာနှင့် အဥ္စနမင်း သားတော် သုပ္ပဗုဒ္ဓ စုံဘက်ရာ-သမီးတော် ဘဒ္ဒကစ္စာနာနှင့် မောင်တော် ဒေဝဒတ်ကိုဘွားမြင် တော်မူ၏။

သုဒ္ဓေါဒနမင်းကြီးသားတော် သိဒ္ဓတ်မင်းသားနှင့် သုပ္ပဗုဒ္ဓမင်း သမီး တော် ဘဒ္ဒကစ္စာနာနှင့်စုံဘက်ရာ-သက္ကရာဇ်၉၇-ခု ဝါဆိုလတွင်ရာဟုလာ မင်းသားကိုဘွားမြင်တော်မူ၏။ ။ဤကား မဟာဆွေတော် မျိုးတော်တို့ ၏အစဉ်တည်း။]

### ဥယျာဉ်တော်သို့ထွက်စံတော်မူခြင်း

ထိုသို့အတတ်ကိုပြသောအခါ၌ မဟာဆွေတော် မျိုးတော်တို့သည် ယုံမှားကင်းကြ၍ ဦးခေါင်းနှိမ်ချ ချီးပပြောကြားလျက် သားသမီး ရတနာတို့နှင့်တကွ များစွာသော ပဏ္ဏာကာရတို့ကို ဆက်သလာကြ ကုန်၏။

ထိုအခါ ဒေဝဒဟပြည်ကို အစိုးရသော သုပ္ပဗုဒ္ဓမင်းကြီးကလည်း ဘဒ္ဒကစ္စာနာအမည်ရှိသောသမီးတော်ရတနာကိုအထိန်းအရမောင်းမ

ကိုယ်ရံတို့နှင့်တကွ ကပိလဝတ်ပြည်သို့ ပို့သလိုက်၏၊ ဤသို့အသီးအသီး ရောက်လာကြသော မိဖုရား ရတနာတို့ကို ရွေးကောက်တော်မူ၍ ဘဒ္ဒကစ္စာနာမင်းသမီးကို ယသောဓရာ ဗိမ္ဗာဒေဝီဟူသော အမည်နှင့် အဘိသိက်ခံ၍ လေးသောင်းသောမောင်းမတို့၏ အကြီးအမှူးအဖြစ်ဖြင့် ထား၍ စံစားတော်မူ၏၊ ဤသို့လျှင်အလောင်းမင်းသားသည် ဆောင်း, နွေ,မိုယ်း ဟူသော ဥတုအားဖြင့် အလှည့်လှည့်စံပျော်သော ပြာသာဒ် သုံးဆောင် နန်းရွှေတောင်ဝယ် ယောကျ်ားကင်းလျက် လေးသောင်း သောကချေသည်မိန်းမတို့ တီးမှုတ်အပ်သည့် စောင်းညှင်း ပတ်သာ တူရိယာအငြိမ့်စသည်တို့ဖြင့် ဖျော်ဖြေခယစေခြင်းကို ခံတော်မူလျက် မိန်းမအခြံအရံဖြင့်သာ တဆယ့်သုံးနှစ်တိုင်တိုင် ပျော်ပါးတော်မူ၏။

ထိုသို့ ရွှေနန်းမသုံးဆောင်ဝယ် သိကြားမင်းစည်းစိမ်ကဲ့သို့ စံစား တော်မူရာ သက်တော်နှစ်ဆယ့်ရှစ် သက္ကရာဇ် ၉၆-ခုနှစ်သို့ ရောက် သောအခါ အလောင်းမင်းသားသည် မင်္ဂလာဥယျာဉ်တော်သို့ ထွက် စံ စမ့်ယ်တော်မူလိုသော စိတ်တော်ရှိရကား "အချင်းရထားထိန်း.... ရထားကိုကလော့"ဟု ဆို၏။ ရထားထိန်းလည်း "အရှင့်သား.... ကောင်းပါပြီ"ဟုဆို၍ မြတ်သောသူတို့အား ထိုက်သော ရထားကို ကိုးပါးသော နဝရတ်တို့ဖြင့် ခြယ်တပ်စီမံ တန်ဆာဆင်ယင်၍ ကုမုဒ္ဒရာ ကြာအဆင်းနှင့်တူသော အဆင်းရှိသော မင်္ဂလာသိန္ဓောမြင်း လေးစီး တို့ကိုက၍ "အရှင့်သား....ရထားက၍ပြီးပါပြီ"ဟု ကြားလျှောက်၏၊ ဘုရားလောင်းလည်း နတ်ဗိမာန်နှင့်တူသော ရထားထက်သို့ တက်၍ မှူးမတ်ဗိုလ်ပါ အပေါင်းနှင့်တကွ စစ်အင်္ဂါလေးပါး ဝန်းရံလျက် ဥယျာဉ်သို့ရှေ့ရှုထွက်ကြွတော်မူရာ ဥယျာဉ်တော်အနီးသို့ ရောက်တော် မူလေ၏။

သိဒ္ဓတ္ထမင်းသား လေးအတတ်ကိုပြခဏ်းပြီး၏။

---

## ၄—အလောင်းမင်းသားနိမိတ်လေးပါးထင်ခဏ်း

### သူအိုနိမိတ်

၁။ ထိုအခါ တုသိတာ နတ်အပေါင်းတို့သည် "အလောင်းတော် မင်းသားအား ရဟန်းပြုရာသောအချိန်တန်ပြီ၊ သံဝေဂ ရစေခြင်း

ငှါ ပုဗ္ဗနိမိတ်ကိုပြအံ့”ဟု တယောက်သောနတ်သားကို ဆံဖြူ သွားကျိုး နံရိုးပြိုင်းပြိုင်းကိုင်းသော သူအိုအသွင်ဖြင့် တောင်ဝှေး လက်စွဲလျက် ရထား၏ရှေ့က တုန်တုန်လှုပ်လှုပ်သွားသည်ကိုပြ၍ပြလေ၏။

ထိုသို့ပြသော အချင်းအရာကို အလောင်းမင်းသားနှင့် ရထားမှူး တို့သာမြင်ရကုန်၏၊တပါးသောဗိုလ်ပါပရိသတ်တို့မမြင်ရကုန်၊ ဘုရား လောင်းလည်း ထိုသူအိုကိုမြင်ရလျှင် မကြည်လင်သော စိတ်တော်ရှိရ ကား ရထားမှူးကိုခေါ်တော်မူ၍-

“အချင်းရထားမှူး····ဤလမ်းဦး၌ ထူးကဲယိုယွင်း အဆင်း သဏ္ဌာန် ဆံမျက်နှာ အရေအသားမှစ၍ သူတပါးတို့နှင့်မတူ ပင်ပန်းစွာလာလတ်သည်ကား အဘယ်သူနည်း”—

ဟု မေးတော်မူ၏၊ရထားမှူးကလည်း—

“အရှင့်သား····ဤသူကား သူအိုတည်း၊ ဇာတိတည်းဟူ သော ပဋိသန္ဓေနေခြင်း မကင်းသူတို့ ဓမ္မတာ ဆံဖြူသွားကျိုး အရိုးအကြော ငေါငေါထ၍ ကုန်းကွသောကိုယ် လိုတိုင်းမပါ ဇရာဒုက္ခကြီးမင်းလှသောသူအိုဖြစ်ပါသည်”—

ဟု လျှောက်တင်လေ၏၊အလောင်းတော်မင်းသားက—

“အချင်းရထားမှူး····ဇာတိတည်းဟူသော ပဋိသန္ဓေ နေ ခြင်းသည် အလွန်စက်ဆုပ်ဘွယ်ရှိစွတကား၊ ငါလည်း ထိုသူ ကဲ့သို့ပင် အိုရမည်လော” ဟု မေးတော်မူပြန်သော် “အရှင့် သား····လောကဓါတ် သုံးခွင်ဘုံအပြင်ဝယ် မြင်မြင်သမျှ သောဝေနေယျကြွာ သတ္တဝါ အပေါင်းတို့သည် အကြောင်း သုံးပါးကြောင့် ဖြစ်၍ ခေတ်ကာလ သုံးရပ်နှင့် ယှဉ် သော သစ်ပင်သစ်သီး၏ပမာ မာတာပိတ အမှီရ၍ ကာလ လရေကြည် တည်နေပေါက်ဘွားသော လူအပေါင်းတို့သည် အကြောင်းသုံးပါးနှင့် ကြုံကြိုက်၍ အနိုက်အတန့် သုံးရပ်ဖြင့် ပျက်စီးမြဲဓမ္မတာဖြစ်ချေသည်၊ ဇာတိရှိက ဇရာရ၍ ဒုက္ခဗျာဓိ ပရိဒေဝ မရဏာသဘောသို့ရောက်တတ်သောဓမ္မတာ ဤအရာကို

သူငါမလွတ် တွေ့တတ်ပါသည်၊ အရှင့်သားလည်း မရှောင်
ရှားသာ ဤခန္ဓာသည် အိုပါမည်ဆက်ဆက်ပါဘုရား''—

ဟု လျှောက်တင်လေ၏၊ ထိုစကားကို ဘုရားလောင်း ကြားလျှင် ''ပဋိသန္ဓေ နေခြင်းရှိသောသူတို့အား အိုခြင်းသည် ထင်ရှားဖြစ်ရအံ့သတည်း''ဟု ဆင်ခြင်လျက် ဘဝင်တုန်လှုပ် ထိတ်လန့်ကြောက်ရွံ့သော ရွှေနှလုံးတော်မြတ်ရှိရကား ဥယျာဉ်တော်သို့မဝင်ဘဲ သူအိုကိုမြင်ရာ အရပ်ကပင် ရထားဦးကိုလှည့်စေတော်မူ၍ ရွှေပြည်တော်သို့ ပြန်ဝင်တော်မူလေ၏။

ထိုသို့ အလောင်းမင်းသား အဆောတလျင် ပြန်လာကြောင်းကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကြားတော်မူလေသော်''အချင်းတို့…. ငါ့သားတော် အဘယ့်ကြောင့် အဆောတလျင် ပြန်လာသနည်း'' ဟု မေးတော်မူ၏၊ မင်းချင်းတို့က ''အရှင်မင်းကြီး….သူအိုကိုမြင်သောကြောင့်ပြန်လာပါသည်၊ အရှင့်သားတော်မကြာမီ ရဟန်းပြုချေမည်'' ဟု ဆိုကြကုန်၏၊ မင်းကြီးက ''ဟယ်အချင်းတို့….ငါ့သားကို သင်တို့ အဘယ့်ကြောင့်ပျက်စီးအောင်ပြုကြသနည်း၊ ယခုပင် ကချေသည်မိန်းမတို့ကိုငါ့သားထံစေလွှတ်ကြကုန်၊ စည်းစိမ်ချမ်းသာ ငါးဖြာကာမဂုဏ်ကို အာရုံတပ်ငြိခြင်းရှိမှ ရဟန်းအဖြစ်သို့ ညွတ်သော စိတ်ကင်းချေမည်၊ သင်တို့သည် ယခင်စောင့်ရှောက်သောအရပ်ထက် တဂါဝုတ်မျှ ချဲ့ထွင်ပြီးလျှင် အစောင့်အရှောက်များစွာတိုးတက်၍ ထားကြရမည်'' ဟု ဆို၏၊ မှူးမတ်တို့လည်း မင်းကြီးဆိုတိုင်း တဂါဝုတ်ချဲ့ထွင်၍ လုံခြုံအောင် အစောင့်အရှောက်များစွာ ထားကြကုန်၏။

### သူနာနိမိတ်

၂။ ထိုနောက် လေးလမြောက်သောအခါ အလောင်းတော်မင်းသားသည် ဥယျာဉ်တော်သို့ ရွှေးနည်းအတူထွက်လာပြန်သော် ယခင်က ပြသောနတ်များတို့ပင် ပြင်းစွာနာသော သူနာအဟန်ကို ဖန်ဆင်း၍ ပြကြပြန်၏။

အလောင်းတော်မင်းသားလည်း—

''အချင်းရထားမှူး….ဤယောကျ်ား၏ မျက်စိတို့သည် သူ
တပါးတို့ချက်စိကဲ့သို့မဟုတ်၊ ဝါရွှေပြာနှမ်း မည်းသမ်းသော

မျက်စိရှိ၏၊ အသံသည်လည်း ညှင်းဖြည်းသေးသိမ်ညည်းညူ တုန်ခိုက်သောအသံရှိ၏၊ ဤသူသည်အဘယ်သူဖြစ်သနည်း”–
ဟု မေးတော်မူ၏၊ ရထားမှူးက–
“အရှင့်သား....ဤသူသည် အများတို့နှင့်မတူ ပြင်းစွာနာသောသူနာတည်း၊ ထိုအနာမှထမြောက်နိုင်မည်, မထမြောက်နိုင်မည်ကို မသိနိုင်ပါ”ဟုဆို၏။
“အချင်းရထားမှူး....ငါသည်လည်း ထိုသူကဲ့သို့ပင် နာရဦးမည်လော” ဟု မေးတော်မူသော် “အရှင့်သား....အရှင့်သားသည်ဂင်း, ကျွန်ုပ်သည်ဂင်း, အများသောသူတို့သည်ဂင်း ဤသူနာကဲ့သို့ပင် မချွတ်နာရချေမည်” ဟုဆို၏။
ထိုအခါ အလောင်းတော်မင်းသားသည် “ဇာတိရှိသောသူကားနာခြင်းသဘော ထင်ရှား၏၊ ဇာတိသဘောသည် စက်ဆုပ်ဘွယ်ရှိစွတကား” ဟု အောက်မေ့၍ ညှိုးမှိုင်သောမျက်နှာဖြင့် “အချင်းရထားမှူး....နန်းတော်သို့ ပြန်တော့အံ့” ဟု ဆို၍ ရထားမှူးလည်းရထားဦးကိုလှည့်၍ နန်းတော်သို့ ပြန်ခဲ့လေ၏၊ ရောက်သောအခါခမည်းတော် မင်းတရားသည် ထိုအကြောင်းကိုကြား၍ အတိုင်းထက်အလွန်စိုးရိမ်ကြောင့်ကြပြီးလျှင် ကချေသည်စသော ကာမဂုဏ်ငါးပါးတို့ကို အလောင်းတော်အနီး၌ ထားလေ၏။

### သူသေနိမိတ်

၃။ ထိုနောက် လေးလလွန်မြောက်သောအခါ ထိုနည်းတူ ထွက်လာပြန်သော် ယခင်နတ်တို့ပင် သူသေသဏ္ဌာန်ကိုပြပြန်၏။
အလောင်းမင်းသားက–
“အချင်းရထားမှူး....လူအပေါင်းတို့စည်းဝေးပြီးလျှင်အဆင်းအမျိုးမျိုးရှိသော ပုဆိုးတို့ကို ဗိတာန်ကြက်၍ အဘယ်ကြောင့် ငိုကြွေးမြည်တမ်း၍နေကြသနည်း”–
ဟု မေး၏၊ ရထားမှူးက–
“အရှင့်သား....ဤသူကားသူသေတည်း၊ ထိုသူ၏အမိအဘအဆွေအမျိုးတို့သည် ငိုကြွေးမြည်တမ်း၍ သူကောင်ပစ်ရာသုသာန်သို့ ဝိုင်းဝန်းပို့ဆောင်ကြပါသည်”ဟု ဆို၏။

"အချင်းရထားမှူး….ငါလည်း ထိုသူကဲ့သို့ပင် သေတတ်သော သဘောရှိသလော" ဟု မေးတော်မူပြန်သော် "အရှင့်သား….အရှင့်သားသည်၎င်း, အကျွန်ုပ်သည်၎င်း,အရှင့်ခမည်းတော် မယ်တော် မြောက်သားတော်ဆွေတော်မျိုးတော်စသော ခပ်သိမ်းသောသူတို့သည်၎င်း ထိုသေခြင်းသဘောမှ မလွန်နိုင်ချေ၊ မုချသေကြရပါမည်"–

ဟုဆို၏၊ ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် "ဇာတိရှိသောသူကား အိုခြင်းသည်ထင်ရှား၏၊ နာခြင်းသည်ထင်ရှား၏၊ သေခြင်းသည်ထင်ရှား၏၊ ထို့ကြောင့်ဇာတိသဘောသည် အလွန်စက်ဆုပ်ဘွယ်ရှိစွတကား"ဟု သံဝေဂကြီးစွာဖြစ်၍ "ရထားမှူး…. ငါသည် ဥယျာဉ်သို့မထွက်လိုပြီ၊ ယခုပင်နန်းတော်သို့ ပြန်တော့အံ့"ဟု ဆို၍ နန်းတော်သို့ပြန်လေ၏၊ ရောက်သောအခါ ခမည်းတော် မင်းတရားကြားသိ၍ အတိုင်းထက်အလွန်စိုးရိမ်ပြီးလျှင် ကခြင်း,သီခြင်းစသော ကာမဂုဏ်ငါးပါးတို့ကို ဘုရားလောင်းအနီး၌ ထားလေ၏။

## ရဟန်းနိမိတ်

၄။ ထိုနောက်လေးလလွန်မြောက် ဝါဆိုလပြည့်နေ့ရောက်သောအခါ ထိုနည်းအတူထွက်ပြန်လေသော် ယခင်နတ်တို့ပင်ရဟန်းအသွင်ကိုပြပြန်၏။

အလောင်းတော်မြင်လေသော်–

"ရထားမှူး….ဤသူ၏ဦးခေါင်းသည်သူတပါးတို့ဦးခေါင်းနှင့်မတူ ပြည်းသောဦးခေါင်းရှိ၏၊ အဝတ်မူကား ဖန်ရည်စွန်းသောအဝတ်ရှိ၏၊ အဘယ်သို့သော သူနည်း"ဟုမေးတော်မူ၏၊ "အရှင့်သား….ဤသူကား ရဟန်းတည်း၊ ဆံမုတ်ဆိတ်တို့ကို ပယ်၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ပြီးလျှင် တရားကိုကောင်းစွာကျင့်၏၊ခပ်သိမ်းသောသတ္တဝါတို့ကိုရိုက်ခတ်ညှဉ်းဆဲခြင်းမရှိ သနားတတ်၏၊ ကုသိုလ်ကောင်းမှုတို့ကို ပြု၍ အချိန်ကာလကို ကုန်လွန်စေ၏၊ ထို့ကြောင့် ဤသူကို ရဟန်းဟု လူတို့သမုတ်ခေါ်ဝေါ်ပါသည်"ဟု ဆို၏။

ထိုစကားကိုကြားလျှင် အလောင်းမင်းသားသည် ရွှင်လန်းသော မျက်နှာတော်ရှိလျက်—

"အချင်းရထားမှူး…. ရဟန်းအဖြစ်သည်ငှင်း, တရားကိုကျင့်ခြင်းသည်ငှင်း တွတ်မြတ်လှပေ၏"ဟု မိန့်တော်မူ၍ "ငါလည်း ထိုရဟန်းကဲ့သို့ပင်ပြု၍ တရားကိုအားထုတ်အံ့"ဟု စိတ်တော်ကိုပိုင်းခြားပြီးလျှင် "ရထားမှူး….ဥယျာဉ်ရောက် ရထားကိုနှင်လော့"ဟု မိန့်တော်မူ၍ ဥယျာဉ်ရောက်နှင်လေ၏။

[ရထားထိန်းသည် ရဟန်းကိုမျှမမြင်ဘူးဘဲလျက် ရဟန်းတို့၏ ဂုဏ်ကျေးဇူးတို့ကို တင်လျှောက်နိုင်ခြင်းသည် နတ်တို့၏ အာနုဘော်ဖြင့် တင်လျှောက်နိုင်ကုန်၏။

ရှေးသက်တမ်းရှည်သော ဘုရားအလောင်းတော်တို့မှာ အနှစ်တရာ တရာရှိမှ နိမိတ်တပါးတပါးကိုသာမြင်သည်၊ သက်တော်ရာတမ်းတွင် ပွင့်သော ငါတို့ဂေါတမ ဘုရားအလောင်းတော်မှာ သက်တမ်းတိုသော ကာလ၌ ဖြစ်တော်မူ၍ လေးလမှာတကြိမ်တကြိမ် မြင်တော်မူရသည်။]

ယင်းသို့ ဥယျာဉ်တွင်းသို့ ကြွဆင်း ဝင်ရောက်တော်မူ၍ မင်္ဂလာကျောက်ဖျာအပြင်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူပြီးမှ တန်ဆာဆင်ယင်တော်မူလိုသောစိတ်နှလုံးတော်ရှိရကား—သိကြားမင်းနေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် တင်းမာခက်တရော် ပူသောအခြင်းအရာကိုပြ၏၊ သိကြားမင်းကား "အဘယ်သူသည် ဤနေရာမှ ငါ့ကို ရွှေ့စေလိုသနည်း"ဟု ဆင်ခြင်ရှုကြည့်လတ်သော် အလောင်းတော်မင်းသားသည် တန်ဆာဆင်တော်မူလိုသော စိတ်တော်ရှိကြောင်းကို သိရ၍ မိမိ၏တမန်တော်ဖြစ်သော ဝိသကြုံနတ်သားကို ခေါ်ပြီးလျှင် "အချင်းဝိသကြုံနတ်သား…. သုဒ္ဓေါဒနမင်းကြီးသားယောကျ်ားမြတ်သည် ယနေ့သန်းခေါင်ယံ၌တောထွက်လတ္တံ့၊ယခုတန်ဆာဆင်ယင်လိုသော စိတ်ရှိသည်ဖြစ်၍ ထိုယောကျ်ားမြတ်ကို သင်သွား၍ တန်ဆာဆင်ယင်ချေ"ဟု စေလိုက်၏၊ထိုအခါ ဝိသကြုံနတ်သားသည် မထင်ရှားသောအသွင်ဖြင့် လာလတ်၍ ဦးရစ်, ပုဆိုးစသော ရတနာတန်ဆာအထူးတို့ဖြင့် ကောင်းစွာ ဆင်ယင်၍ ပေးတော်မူလေ၏။

ထိုအခါ ယသောဓရာမိဖုရားတွင် သားတော်ဘွားသဖြင့် သုဒ္ဓေါဒန မင်းကြီးသည် "ငါ၏သားတော် ဝမ်းမြောက်ဝမ်းသာ ရှိစိမ့်သောငှါ သွား၍ တင်လျှောက်ချေ"ဟု မင်းချင်းတယောက်ကို စေလွှတ်လိုက်၏၊ မင်းချင်းလည်း ဥယျာဉ်တော်သို့ အမြန်သွား၍ ထိုစကားကို တင် လျှောက်လေသော် ဘုရားလောင်းသည် ကျဉ်းကျပ်သော စိတ်နှလုံး တော်ရှိလှရကား "လကိုရာဟုဖမ်းသကဲ့သို့ မယားတည်းဟူသော အနှောင်အဖွဲ့ သံခြေချင်း တဆင့်တွင် ယခု သားတည်းဟူသော အနှောင်အဖွဲ့ သံခြေချင်း တဆင့် ထပ်ပြန်သဖြင့် နှစ်ဆင့်ရှိချေပြီ တကား"ဟု မိန့်ဆိုတော်မူလိုက်၏။

### ကိသဂေါတမီဥဒါန်းကျူးခြင်း

ထိုဆိုတော်မူလိုက်သော စကားကို ခမည်းတော်သုဒ္ဓေါဒန မင်းကြီး အား မင်းချင်းကပြန်လျှောက်လေသော် မြေးတော်ရတနာကို "ရာဟု လာ"ဟု မှည့်တော်မူလေ၏၊ ဘုရားလောင်းသည် ညချမ်းသောအခါ ခပ်သိမ်းသောရတနာတို့ဖြင့် တန်ဆာဆင်အပ်သော ရထားထက်သို့ တက်၍ မှူးမတ်ဗိုလ်ပါခြံရံလျက် အလွန်တင့်တယ်သော အသရေဖြင့် မြို့တော်သို့ဝင်လေ၏၊ ထိုအခါ ဘထွေးတော် သက္ကောဒနမင်း၏ သမီး ကိသဂေါတမီသည် လေသာပြတင်းကိုဖွင့်လှစ်၍ ရှုကြည့်သဖြင့် မြို့ကို လကျာရစ်လည်၍လာသော ဘုရားလောင်း၏ အဆင်းအသရေတော် ကိုမြင်သဖြင့် နှစ်လိုဝမ်းသာခြင်းရှိသောကြောင့်—

နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတော နူန သော ပိတာ။
နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာယံ ဤဒိသော ပတိ။ ။

ဟူသော ဂါထာဖြင့် ဥဒါန်းကျူး၏။

**အနက်**။ ။ဘောသခိယော၊ အိုခင်ပွန်းမတို့။ ယဿာမာတုယာ၊ အကြင်အမိအား။ ဤဒိသော၊ ဤသို့သဘောရှိသော။ အယံအသဒိသ ပုတ္တော၊ ဤအတုမရှိသောသားသည်။ အတ္ထိ၊ ရှိ၏။ သာမာတာ၊ ထိုအမိ သည်။ နိဗ္ဗုတာနူန၊ ငြိမ်းလေစွတကား။ ယဿပိတုနော၊-အား။ အယံအသဒိသပုတ္တော၊-သည်။ အတ္ထိ၊ ၏။ သောပိတာ၊ သည်။ နိဗ္ဗု တောနူန၊ ကား။ ယဿာနာရိယာ၊ အကြင်မယားအား။ ဤဒိသော၊

ဤသို့သဘောရှိသော။ ပတိ၊လင်သည်။ အတ္တိ၊ ရှိ၏။ သာနာရိ၊ ထိုလင်ကောင်းမယားသည်။ နိဗ္ဗုတာနူန၊ ငြိမ်းလေစွတကား။ ဣတိ၊ ဤသို့။ ဥဒါနေသိ၊ ဥဒါန်းကိုဆို၏။

**အဓိပ္ပါယ်ကား။** ။''အိုခင်ပွန်းမတို့…အကြင် အမိအဘ တို့အား ဤသိဒ္ဓတ်မင်းသားကဲ့သို့သော သဘောရှိသော သားသည်ရှိ၏၊ ထိုအမိအဘတို့၏နှလုံးသည် အလွန်ငြိမ်းစွတကား၊ အကြင်မိန်းမအား ဤသိဒ္ဓတ်မင်းသားကဲ့သို့သော သဘောရှိသောလင်သည်ရှိ၏၊ ထိုမယားမိန်းမ၏နှလုံးသည် အလွန်ငြိမ်းစွတကား''ဟုဆိုလိုသည်။

ဤသို့ ကိသဂေါတမီ၏ ဥဒါန်းကျူးရင့်သော စကားကိုအလောင်းမင်းသားကြားလေလျှင် ဤသို့ကြံဆင်ခြင်တော်မူ၏။

> ''ယြော်–ကိသဂေါတမီ မင်းသမီးသည် ပုထုဇဉ်သာ ဖြစ်သော ငါ၏အတ္တဘောကိုမြင်သဖြင့် မိခင်ဘခင် ယယ်ကြင် ယယ်မယားတို့ပင် ငြိမ်းချမ်းစွတကားဟု ချီးမွမ်းပြောဆိုသော စကားသည် အသို့ဖြစ်နိုင် ငြိမ်းနိုင်ပါအံ့နည်း၊ ရာဂ, ဒေါသ, မောဟတည်းဟူသော မီးငြိမ်းမှသာလျှင် ဘေးအပေါင်းငြိမ်းသဖြင့် ငါ့အားငြိမ်း၏၊ အမိအဘ မယားစသော သူတို့လည်းငြိမ်း၏၊ ထို့ကြောင့် ငါသည် ဤကိသဂေါတမီ ချီးမွမ်းလိုက်သော သုတိမင်္ဂလာနှင့်မယှဉ်း ငြိမ်းချမ်းခြင်းသဘောကို ရှာရအောင် ယနေ့ပင်လျှင် ဤလူ့ခွင်မှထွက်၍ တောနက်မြိုင်ဒွမ်းဝယ် ရဟန်းပြုပြီးလျှင် နိဗ္ဗူကိုရှာမှီးတော့အံ့''–

ဟု အကြံတော်ဖြစ်၍ လည်၌ရစ်ပတ်ဆင်ယင်တော် မူအပ်သော အဘိုးအတိုင်း မသိထိုက်သောပုလဲသွယ်ကို ကိသဂေါတမီအား ဆရာစားပြု၍ ပေးကမ်းတော်မူစေ၏၊ ထိုအခါကိသဂေါတမီသည်''ဤသိဒ္ဓတ်မင်းသားကား ငါ့အားမြင်သဖြင့် ငါ့ကိုချစ်ခင်မြတ်နိုး၍ လက်ဆောင်ပဏ္ဏာပေးလာသည်၊ ယသောဓရာမှာမူကား သားဘွားသည့်အတွက်အိုပြီ၊ နှစ်သက်မြတ်နိုးတော်မူဘို့ရာမရှိပြီ၊ ငါ့ကိုသာလျှင် သိမ်းမြန်း၍ ရွှေနန်းစံတော်မူလိုယောင်တကား'' ဟု ဝမ်းမြောက်ဝမ်းသာ မျက်နှာ

ရွှင်ရွှင်နှင့် စားမဝင်အိပ်မပျော် အခြီအရံတော်မိန်းမတို့အား အဖန်ဖန်ပြောကြားလျက် နေလေ၏။

[ဤကိသဂေါတမီကား ဘုရားလောင်း၏ဘထွေးတော် သင်္ကောဒနမင်းသမီးတော်ဖြစ်၍ ဘုရားလောင်း၏ နှမတော်ပင်တည်း။]

ထိုအခါ ဘုရားလောင်းသည် ရွှေနန်းပြာသာဒ်ထက်သို့ တက်၍ ထီးဖြူကနက် ဖြန့်ကြက်စိုက်ထူခင်းထားအပ်သော မင်း၏နေရာတော်ထက်၌ ထက်ဝယ်တော်ဖြင့် တက်စံစမ့်ယ်တော်မူမိလျှင် ထက်ဝန်းကျင် ဖျော်ဖြေခစားကြသောကချေသည် မင်းသမီး အပေါင်းတို့သည်လည်း အထူးထူးသောစောင်းညှင်းပတ်သာ တူရိယာအမျိုးမျိုးတို့ကို တီးမှုတ်လျက် မငြီးငွေ့စေကြောင်း ကောင်းစွာနှစ်သိမ့်ရွှင်ပျော်အောင် ဖြေဖျော်ကြကုန်၏၊ ဘုရားလောင်းသည်လည်း ကခြင်း,သီခြင်းစသော ကိလေသာ၌ အာသာတပ်မက် နှစ်သက်မွေ့လျော်ခြင်းမရှိ၍ ရွှေစိတ်တော်မကြည်လင်သဖြင့် ထိုခဏ၌ပင် စက်ပျော်ခြင်းသို့ ရောက်လေ၏၊ ထိုအခါ ခြောက်ထောင်မျှလောက်သောကချေသည် မောင်းမအပေါင်းတို့သည်''ငါတို့ကားမင်းသားပျော်ရွှင်စေခြင်းအလို့ငှါ ကခြင်း,သီခြင်း, တီးမှုတ်ခြင်းတို့ကိုပြုရသည်၊ ယခုမင်းသားအိပ်ပျော်ချေပြီ၊ ငါတို့အပင်ပန်းခံ၍ အဘယ်အကျိုးရှိတော့အံ့နည်း''ဟု ဆို၍ မိမိတို့ကိုရိယာ စည်စောင်းညှင်းစသည်တို့ကိုပိုက်၍ အိပ်ကြလေ၏။

၎င်းတို့အိပ်ကြသော်လည်း ရွှေနန်းပြာသာဒ်၌ ထွန်းမြဲဖြစ်သော နံ့သာဆီမီးသည်ထွန်းညှိလျက်ပင်ရှိ၏၊ညဥ့်ဦးယံလွန်လျှင်ဘုရားလောင်းသည် နိုးတော်မူလတ်ရကား နဝရတ်ကိုးပါးဖြင့် စီတပ်ခြယ်လယ်သော သလွန်တော်ထက်၌ နေတော်မူပြီးလျှင် အသီးအသီး အိပ်စက်၍ နေကြကုန်သောကချေသည်မိန်းမ မောင်းမတို့ကိုမြင်လေသော် အချို့က ရှုရှိုက်လျက်,အချို့ကဟောက်လျက်, အချို့ကယောင်ယမ်းလျက်,အချို့က စက်စက်ယိုသော အရိအရည်တို့ဖြင့် လိမ်းကျံလျက် ,အချို့က အံသွားကြိတ်လျက်, အချို့က ခံတွင်းကို ဟင်းလင်းဖွင့်ကုန်လျက် ထိုခံတွင်းမှ မကောင်းသော အနံ့တို့သည် လှိုင်ကုန်လျက်, အချို့က ခါးဝတ်ကျွတ်ကုန်လျက် အိပ်စက်ကြသည်ကို ဘုရားလောင်းမြင်တော်မူလတ်သော် အတိုင်းထက်အလွန် ကာမဂုဏ်တို့၌ တပ်ခြင်း ကင်းသောစိတ်ရှိတော်

မူ၏၊ထိုအခါဘုရားလောင်းသည်တန်ဆာဆင်ခြင်းနှင့်စပ်သောသိကြားမင်းဗိမာန် ဝေဇယံပြာသာဒ်နှင့်တူသည့်ရွှေနန်းမအပြင်ကိုမစင်ဘင်ပုပ်စက်ဆုပ်ရွံရှာဘွယ် ဖြစ်သောသူကောင်တို့ဖြင့်ပြည့်သော သုသာန်ခွင်ကဲ့သို့ ထင်မှတ်တော်မူ၍—

"အချင်းတို့….နှိပ်စက်စွတကား,
အချင်းတို့….အလွန်နှိပ်စက်စွတကား"—

ဟု ဥဒါန်းကျူးရင့်ပြီးလျှင် အတိုင်းထက်အလွန် ရဟန်းပြုတော်မူလိုသောစိတ်ရှိလေ၏၊

**အလောင်းမင်းသား နိမိတ်လေးပါး ထင်ခဏ်းပြီး၏။**

---

## ၅။ ဘုရားလောင်းတောထွက်ခဏ်း

ထိုအခါဘုရားလောင်းသည်"ငါကား ဤသိမ်ဖျင်းလှသောအယုတ်တရားတို့၌ ကာလရှည်လျားစွာအဘယ့်ကြောင့် မွေ့လျော်ပျော်ပါး၍နေရအံ့နည်း၊ ယခုပင်တောထွက်တော်မူ၍ "ရဟန်းပြုတော့အံ့" ဟု ကြံရွယ်တော်မူပြီးသော် သလွန်တော်ထက်မှ ဆင်းသက်တော်မူပြီးလျှင် တံခါးခုံ၌ ဦးခေါင်းဆိုက်လျက် အိပ်စက်ပျော်နေသော ဆန္နအမတ်ကို နှိုးတော်မူ၍ "အချင်းဆန္န….ငါသည် တစုံတယောက်သောသူမသိစေရဘဲ မြတ်သော တောထွက်ခြင်းကို ထွက်လိုသဖြင့် ယခုပင် ကဏ္ဍကမြင်းတော်ကို ကချေ"ဟု စေ၏၊ ထိုအခါ ဆန္နအမတ်သည် "အရှင့်သား….ကောင်းပါပြီ"ဟု ဝန်ခံ၍ မြင်းတော်၌ ဆင်အပ်သော တန်ဆာတို့ကိုယူလျက် မြင်းတင်းကုပ်သို့သွား၍ မြင်းတော်ကို ကလေသော် ကဏ္ဍကမြင်းလည်း"ငါ့ကိုအခါခပ်သိမ်းနှင့်မတူ အချိန်မဲ့ကခြင်းသည် အခြားမဟုတ် အလောင်းတော်မင်းသား တောထွက်တော်မူလို၍ ကသည်"ဟု အောက်မေ့ပြီးလျှင် အားရရွှင်လန်းသောစိတ်ရှိရကား သည်းစွာဟီလေ၏၊ ထိုဟီသံသည် ကပိလဝတ်ပြည် အလုံးကိုလွှမ်း၍ သွားသော်လည်း တစုံတယောက်သောသူမျှမကြားရအောင်နတ်အများတို့ ဆီးတားကွယ်ကာ ပိတ်ပင်သောအားဖြင့် မည်သူတဦးတယောက်မျှမကြားကြကုန်။

ဘုရားလောင်းသည် ဆန္နအမတ်ကို စေတော်မူလိုက်ပြီးလျှင် သားတော်ရာဟုလာကို ရှုကြည့်ဦးအံ့ဟု အကြံတော်ရှိလှ၍ ယသောဓရာမိဖုရားစံမြန်းသော ရွှေနန်းကြက်သရေ အဆောင်တော်သို့ သွား၍ တံခါးကို ဖွင့်လှစ်ကြည့်ရှုရာ တိုက်ခန်းအတွင်း နံ့သာဆီမီးရောင်ဖြင့် ထွန်းလင်းလျက် တအမ္ဗဏမျှလောက်သောပန်းတို့ဖြင့် ပြွမ်းသည့် ရတနာသလွန်ပေါ်ဝယ် သားတော် ရာဟုလာမင်းသား၏ ထိပ်ထက်၌ လက်ထား၍ စက်ပျော်သော ယသောဓရာမိဖုရားကို မြင်တော်မူ၏၊ ထိုအခါဘုရားလောင်းသည် သားတော်ကိုယူ၍ ကြည့်ရှုလိုသော်လည်း ဤသို့ကြံဆင်ခြင်တော်မူ၏၊ “ငါသည်အကယ်၍မိဖုရားလက်ကို ဖယ်ပြီးလျှင် သားတော်ကို ယူချေအံ့၊ မိဖုရားသည်နိုးလတ္တံ့၊ မိဖုရားနိုးသော် ငါ့အားတောထွက်ခြင်းအန္တရာယ်ဖြစ်လတ္တံ့၊ ထို့ကြောင့်ငါသည်ဘုရားဖြစ်ပြီးမှသာလျှင် သားတော်ကိုရှုမြင်တော့အံ့၊ ငါ၏သားထက်ဘုရားဖြစ်ခြင်းကိုသာ ချစ်အပ်ပေ၏”ဟု ရပ်လျက်သာကြည့်ပြီးလျှင် လျင်စွာပြန်ခဲ့၍ ပြာသာဒ်မှဆင်းသက်လျက် ကဏ္ဍကမြင်းအနီးသို့ သွား၍ ဤသို့ဆို၏။

“ချစ်သားကဏ္ဍက····ယနေ့ညငါ့ကိုကူပံ့လော့၊ငါသည် သင့်ကိုအမှီပြု၍ သုံးလီသောနှောင်ချိုင့်မှ ထွက်မြောက်တော် မူပြီးလျှင် သုံးခွင်သောလောက၌ သတ္တဝါဝေနေယျတို့ကို အမတရပ်ခွင်သို့ ငါတင်တော်မူအံ့”ဟုဆို၍ ကဏ္ဍကမြင်းတော်ကို လက်တော်ဖြင့် သုံးကြိမ်သုံးသပ်တော်မူပြီးမှ အလျားတဆယ့်ရှစ်တောင်, အရပ်ရှစ်တောင် ရှိသော ခရုသင်းပွတ်သစ်ကဲ့သို့ဖြူနစ်သန့်စင်သောအဆင်းရှိသော ကဏ္ဍကမြင်းထက်သို့တက်၍ ဆန္နအမတ်ကို အမြီးကဆွဲစေလျက် သက်တော်နှစ်ဆယ့်ကိုးနှစ် သက္ကရာဇ် ၉၇-ခု ဝါဆိုလပြည့် တနင်းလာနေ့ သန်းခေါင်ယံအခါ ဥတ္တရာသဠ်နက္ခတ်နှင့် စန်းမြတ်ယှဉ်သော အခိုက်တွင် တောထွက်တော်မူလေ၏။

[ခွန်အားနှင့်ပြည့်စုံသောကဏ္ဍကမြင်းသည် အလွန်ဝမ်းမြောက်သဖြင့် အကယ်၍ဟီခြင်း, ခွါသံခေါက်ခေါက် မြည်အောင် မြေသို့ချခြင်းများကို ပြုငြားအံ့၊ကပိလဝတ်မြို့အလုံးကိုလွှမ်းမိုးရာ၏၊ ထို့ကြောင့် နတ်တို့သည် ပြည်သူလူတစုံတယောက်မကြားစိမ့်သောငှါ မြင်းဟီသံကိုချုပ်ခြင်း,မြေသို့

ချတိုင်းချတိုင်းသော လက်ခြေတို့ကို မိမိတို့၏လက်ဝါးဖြင့်ခံခြင်းများကိုပြုကြကုန်၏။]

**မာရ်နတ်တားမြစ်ခြင်း**

သုဒ္ဓေါဒနမင်းကြီးသည် ဘုရားလောင်းတောထွက်၍ သွားမည်ကိုစိုး၍ လုံခြုံစွာပြုလုပ်အပ်သော အရပ်တဆယ့်ရှစ်တောင် မြင့်သော တံတိုင်းအုဠ်မြို့ရိုးကြီးကို ကာဆီးဝန်းဝိုင်းလျက် တံခါးရွက်တခုတခုကို ယောကျ်ားဗိုလ်ခြေတထောင်မှ ဖွင့်နိုင်လှစ်နိုင်သော တံခါးရွက်ကြီးတို့ဖြင့် ဆီးတားပိတ်ဆို့လျက်ရှိနှင့်သည်ကို တံခါးစောင့် နတ်အများတို့သည် မိမိတို့စောင့်ရှောက်ကြသော တံခါးကို မိမိတို့ပင် ဖွင့်လှစ်၍ထားသဖြင့် အသင့်ပင်ထွက်တော်မူရ၏၊ဘုရားလောင်းလည်း မြို့တော်မှထွက်တော်မူမိလျှင် ဝသဝတ္တိမာရ်နတ်သည် ဘုရားလောင်းကို နန်းသို့ပြန်စေအံ့ဟုလာ၍ ရှေ့တည့်တည့် ကောင်းကင်၌ ရပ်ပြီးသော် ဤသို့သောစကားဖြင့်ဆို၏။

"သိဒ္ဓတ်မင်းသား....သင်သည် အဘယ့်ကြောင့် အလွန်ဆင်းရဲရန်ဖြစ်သောအကြံကို ကြံဘိသနည်း၊ယနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ သင့်အား လေးကျွန်းကို လှည့်လည်နိုင်သော စကြာရကနာသည် ရောက်လတ္တံ့၊ ထိုအခါ သင်သည်ကျွန်းငယ်နှစ်ထောင်တို့ဖြင့် ဝန်းရံအပ်သော ကျွန်းကြီး လေးကျွန်းတို့ကို အုပ်စိုးရသော စကြဝတေးမင်း ဖြစ်လတ္တံ့၊ ပစ္စည်းဥစ္စာရတနာ အမျိုးမျိုးတို့ကို အလိုရှိသော သင့်အား ပစ္စည်းဥစ္စာရတနာတို့ဖြင့် ငါကံကျွေးပြုရအံ့၊ သင်တောမထွက်ဘဲနန်းသို့ပြန်၍ စံမြဲစံဦးလော့"—

ဟုဆို၏၊ထိုစကားကိုဘုရားလောင်းကြားလျှင် "သင်ဘယ်သူနည်း" ဟုမေးရာ "ငါဝသဝတ္တိမာရ်နတ်တည်း"ဟုဆိုသော်—

"ဟယ် မကောင်း ယုတ်မာသော မာရ်နတ်....ငါ့အား ကျွန်းလေးရပ်ကိုလှည့်ပတ်သွားလာ အုပ်စိုးနိုင်သော စကြာရတနာဆိုက်ရောက်လာလိမ့်မည်ကိုငါသိ၏၊ငါသည် မင်းအဖြစ်ကိုအလိုမရှိပြီ၊ လောကီချမ်းသာ စည်းစိမ်ဥစ္စာ ရတနာတို့ကို တံတွေးပေါက်ကဲ့သို့သာ ငါစွန့်တော့မည်"—

ဟုဆို၍ မရပ်မတည်ဘဲ ထွက်မြဲထွက်တော်မူ၍ မြို့နှင့်အတန်ငယ်ကွာ လေသော် ဥက္ကာမှခစသော အာဒိစ္စဝင် မင်းမျိုးတို့၏ စံနေတော်မူရာ ကပိလဝတ်ပြည်ကို လည်၍ရှုကြည့်တော်မူလိုသော ဆန္ဒတော်ဖြစ်စဉ် ပင် အလောင်းမင်းမြတ်····ကြည့်ရှုဘွယ်မရှိပြီ၊လှည့်လည်၍ ပြအံ့ဆိုဘိ သကဲ့သို့ မြေကြီးသည် အိုးထိန်းစက်ကဲ့သို့လည်၍ ရှေ့တော်မှောက်ဝယ် ရွှေပြည်တော်တည်လာ၏၊ထိုအရပ်တွင် ကဏ္ဍကမြင်းပြန်သော ခြေရာ ကိုလည်းပြခဲ့၏။

[ထို့ကြောင့် နောင်သောအခါထိုတည်ရာဌာနကို ကဏ္ဍကအနိဝတ္တန စေတီတည်၏၊]

### ၄၄၁ ကဏ္ဍကနိဝတ္တနစေတီ

ထို့နောင်မှ အစဉ်အတိုင်း ထွက်တော်မူသော် နတ်အပေါင်းတို့ သည် ဘုရားလောင်း၏ရှေ့တော်မှ ခြောက်သောင်း, လက်ဝဲမှ ခြောက် သောင်း, လက်ျာမှ ခြောက်သောင်းသော မီးရှူးတို့ကို ထွန်းညှိ၍ လိုက်ကုန်၏၊ နတ်၌ဖြစ်သော ပန်းနံ့သာ အခိုးအထုံတို့ဖြင့်၎င်း, နတ် ၌ဖြစ်သော စည် စောင်းငြင်း ပတ်သာ တူရိယာတို့ကို သာယာစွာတီး မှုတ်၍ ကြီးမြတ်သော မင်္ဂလာသဘင် တို့ဖြင့်၎င်း ထက်ဝန်းကျင် ပူဇော်လျက်လိုက်ကြကုန်၏၊ ဤသို့သောအသရေဖြင့် နတ်အပေါင်း ခြံရံလျက် သွားသော ဘုရားလောင်းသည် ဤတညဥ့်မျှဖြင့် နိုင်ငံသုံး ရပ်ကိုလွန်၍ ယူဇနာ ၃၀-ရှိသောခရီး၏အထက်၌ ရှစ်ဥသဘ ကျယ် သော အနောမာမြစ်သို့ရောက်လေ၏။

ထိုအခါဘုရားလောင်းက—

"အချင်းဆန္န····ဤမြစ်ကား-အဘယ်မည်သောမြစ်နည်း" ဟုမေးတော်မူ၏၊ "အရှင့်သား····ဤမြစ်သည် အနောမာမြစ် ဖြစ်ပါသည်" ဟု တင်လျှောက်ရာ "အချင်းဆန္န···· ဤမြစ်၏ အမည်နာမအလိုကား ငါ၏ရဟန်းပြုခြင်းသည် မယုတ်မာ၊ မြင့်မြတ်ကောင်းမွန်သောမင်္ဂလာကြီးတည်း"—

ဟုနိမိတ်ဘတ်တော်မူ၍ မြင်းကိုအမှတ်ပေးလျက် အနောမာမြစ် တဘက်သို့ ကူးစေသည်ရှိသော် လေ၏လျင်မြန်ခြင်းဖြင့် ကဏ္ဍကမြင်း

လည်း ဆန္ဒအမတ်နှင့်တကွ ဘုရားလောင်းကိုဆောင်၍ အနောမာမြစ်၏ ထိုမှာဘက်ကမ်း၌တည်လေ၏၊ ထိုအခါ ဘုရားလောင်းသည် မြင်းပေါ်မှဆင်းသက်၍ ဆန္ဒကိုခေါ်ပြီးသော် "အချင်းဆန္ဒ....ငါ၌ဆင်ယင်သော ဤတန်ဆာတို့ကိုငှင်း, ကဏ္ဍကမြင်းကိုငှင်း ယူ၍နေပြည်တော်သို့ပြန်လေလော့"ဟုဆို၏။

ဆန္ဒက "အရှင့်သား....အကျွန်ုပ်လည်း အရှင့်သားနှင့် အတူ ရဟန်းပြုပါရစေ"ဟု သုံးကြိမ် တောင်းပန်၏၊ ဘုရားလောင်းလည်း သုံးကြိမ်မြစ်တော်မူသဖြင့် ဆန္ဒသည်မနေသာ၍မြင်းကိုငှင်း,တန်ဆာတို့ကိုငှင်း ယူ၍ပြန်ရလေ၏၊ ထို့နောင်မှ ဘုရားလောင်းသည်မင်္ဂလာသရဖူတော်နှင့်တကွသော ဆံကျစ်တော်ကို စွဲတော်မူသော သန်လျက်ဖြင့်ရိတ်ဖြတ်တော်မူသဖြင့် ဆံတော်တို့သည် မတိုမရှည် လက်နှစ်သစ်ခန့်မျှ လက်ျာရစ် လည်လျက် ဦးခေါင်းထက်၌ တည်၏၊ ဤသို့ဆံတော်ကို ရိတ်ဖြတ်ပြီးမှ ဘုရားလောင်းသည် ဤသို့မိဋ္ဌာန်တော်မူ၏၊ "ငါသည် ဧကန်စင်စစ်ဘုရားဖြစ်မည်မှန်ပါမူ ဤဆံတော်သည် မြေသို့မသက်ဘဲ ပန်းဆိုင်းဆွဲသကဲ့သို့ အထက်ကောင်းကင်၌ တည်စေသော"ဟု မိဋ္ဌာန်တော်မူလျက် အထက်ကောင်းကင်သို့ မြောက်လေသော် တယူဇနာမျှလောက်သောအရပ်၌ ရွှေပန်းဆိုင်းဆွဲသကဲ့သို့ တည်လေ၏၊ ထိုဆံတော်ကိုသိကြားမင်းမြင်လေလျှင် ရတနာရွှေပန်းတောင်းဖြင့်ခံ၍ တာဝတိံသာနတ်ပြည်တွင် ခုနစ်ယူဇနာမြင့်သော စူဠာမဏိစေတီ တည်၍ကိုးကွယ်ရာ ယခုတိုင် အထင်အရှားရှိ၏။

[ဘုရားလောင်း၏ ဆံတော်သည် အသက်ရှည်သမျှ ကာလပတ်လုံး ထိုအနောမာမြစ်တွင် ဖြတ်ထားသော အတိုင်း လက်နှစ်သစ်မျှသာရှိ၏၊ မုတ်ဆိတ်တော်တို့ကိုလည်း လျောက်ပတ်စွာ ဖြတ်သဖြင့် တဖန် ဆံမုတ်ဆိတ်တို့ကိုရိတ်ဖြတ်ရသည်မရှိဟု မှတ်ရမည်။]

**ဘုရားလောင်းတောထွက်ခန်းပြီး၏။**

---

## ၆။ ဘုရားလောင်းရဟန်းပြုခန်း

**ဒုဿစေတီ**

ထိုအခါ ဘုရားလောင်းသည် ဤကာသိကရာဇ်တိုင်း ဖြစ်ပုဆိုးသည် ရဟန်းတို့နှင့် မလျောက်ပတ်ဟု အကြံတော်ဖြစ်လတ်သော် ကဿပ

မြတ်စွာဘုရားသခင်၏ လက်ထက်တော်က အဆွေခင်ပွန်း ဖြစ်ခဲ့ဘူးသော ဃဋိကာရဗြဟ္မာမင်းသည် ပရိက္ခရာရှစ်ပါးနှင့်တကွသော ကြာသက်န်းအစုံကို ဆောင်ယူလာ၍ ဤကြာသက်န်းဖြင့် ရဟန်းပြုတော်မူပါဟု ကပ်ဆက်၏၊ ဘုရားလောင်းလည်း ပရိက္ခရာတို့ကိုယူ၍ သင်းပိုင်ကို ဤသို့ဝတ်အပ်၏, ဤသို့ရုံအပ်၏ဟု သင်ပြသူ တစုံတယောက်မျှမရှိသော်လည်း ရှေးအထုံပါရမီ ကြီးရင့်ခြင်း, ပညာတော်ကြီးခြင်းများကြောင့် သင်းပိုင်ကို အထက်မှ ချက်ကိုဖုံးလွှမ်းလျက် အောက်မှ ပုဆစ်ဒူး၏အောက်၌ လက်ရှစ်သစ်မျှ အနားကျစေလျက် အနားပတ်လည်လှည့်၍ ကပ်ကျေးနှင့်ရည့်သကဲ့သို့ ထက်အောက် အဝန်းညီစွာဝတ်၏၊ သင်းပိုင်၏အထက်၌ ခါးပန်းဆီး၏၊ သက်န်းတထည်ကို အောက်မှ သင်းပိုင်နားအထက်သို့ လက်လေးသစ်တက်စေ၍ ပခုံးတဘက်၌မြိုရုံ၏၊ ဒုကုဋ်တော်ကို လက်ဝဲပခုံး၌တင်၏၊ သပိတ်တော်ကို အိတ်ဖြင့်လကျ်ာပခုံး၌ လွယ်၏။

ဤသို့ ရဟန်းပြုပြီးမှဝတ်တော်မူခဲ့သည့်ပုဆိုးကိုလက်ဖြင့် ကိုင်လျက်—

"ငါသည်ဘုရားစင်စစ်ဖြစ်အံ့၊ ထိုပုဆိုးသည် ကောင်းကင်၌တည်စေသတည်း၊ ဘုရားမဖြစ်မူမြေသို့ကျစေသတည်း"—

ဟု မိဋ္ဌာန်၍ ကောင်းကင်သို့ မြှောက်လိုက်ရာ ဃဋိကာရဗြဟ္မာမင်းသည် ရတနာရွှေပန်းတောင်းဖြင့်ခံယူ၍ ဗြဟ္မာ့ပြည်သို့ဆောင်ပြီးသော် အကနိဋ္ဌဘုံ၌ ၁၂-ယူဇနာမြင့်သော ဒုဿစေတီတည်၍ ကိုးကွယ်လေ၏။

[ပရိက္ခရာရှစ်ပါးကား—တိစီဝရဉ္စ ပတ္တောစ၊ ဝါသိ သူစိစ ဗန္ဓနံ၊ ပရိသာဝနေန အဋ္ဌေတေ၊ ယုတ္တယောဂိဿ ဘိက္ခုနော။ ။ဟူသော ဂါထာနှင့်အညီ (၁-၂-၃)သက်န်းသုံးထည်, (၄)သပိတ်, (၅) ဓဲခွပ်, (၆) အပ်, (၇) ခါးပန်း, (၈) ရေစစ်ဟု မှတ်ရမည်။]

## ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ခြင်း

ဤသို့ ဘုရားလောင်းသည် ရဟန်းပြုတော်မူပြီးမှ ဆန္ဒနှင့် ကဏ္ဍကမြင်းဘို့သည် မပြန်ရပါမည့်အကြောင်းနှင့် အကြိမ်ကြိမ် တောင်းပန်သည်ကို ဖျောင်းဖျတော်မူ၍ "ခမည်းတော်မယ်တော်တို့အား သတင်းစကားကြားသိတော်မူကြရအောင် ပြန်ကြချေ၊ ငါ၏အနာမရှိကြောင်း

ကို တင်လျှောက်လေ”ဟု မှာဆို၍ပြန်လွှတ်တော်မူလိုက်၏၊ ထိုအခါ ဆန္ဒသည် ဘုရားလောင်းကိုရှိခိုး၍ ပြန်ခဲ့လေသော် အနောမာမြစ်တဘက်သို့ရောက်လျှင်ပင် ကဏ္ဍကမြင်းသည် “ငါကား အရှင့်သားကို ဖူးမြင်ရခြင်းမရှိပြီ” ဟု ရင်ကွဲသောနှလုံးနာဖြစ်၍ စုတေလေသဖြင့် တာဝတိံသာနတ်ပြည်၌ ကဏ္ဍကဟူသော ရွှေအမည်ဟောင်းနှင့်ပင် နတ်သားဖြစ်လေ၏၊ ဆန္ဒအမတ်လည်း ကဏ္ဍကမြင်းကို အနောမာမြစ်သဲသောင်တွင် သဂြိုဟ်ခဲ့ပြီးမှ ဆင်အပ်သော ကကြိုးတန်ဆာတို့ကိုထမ်းလျက် လမ်းစဉ်တလျှောက်လုံး ငိုယို၍ပြန်လာသဖြင့် နေပြည်တော်သို့ရောက်လေ၏၊ ထိုအခါ ခမည်းတော်, မယ်တော်, ယသောဓရာစသော မောင်း၂မိဿံ အပေါင်းတို့အား အကြောင်းကိုပြန်ကြား၍ နန်းသူနန်းသားအပေါင်းတို့သည် သောင်းသောင်းညံမျှ ငိုကြွေးကြကုန်၏။

ဘုရားလောင်းသည်လည်း ရဟန်းပြုရာအရပ်၏အနီး ကြီးစွာသော အနုပိယသရက်တောသို့ဝင်၍ အစာအာဟာရကို မမှီဝဲဘဲ ခုနစ်ရက်ပတ်လုံးရဟန်း၏ချမ်းသာကိုခံစား၍ နေတော်မူ၏၊ ထိုနောက်ဝါဆိုလပြည့်ကျော်ရှစ်ရက်နေ့ နံနက်မိုးသောက်ထအခါ၌ ယူဇနာသုံးဆယ်ရှိသော ခရီးကိုနေ့ခြင်းသွား၍ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်လေသော် ဘုရားလောင်း၏ အဆင်းအသရေတော်ကို မြင်ရသော မြို့နေ လူအပေါင်းတို့သည် နာဠာဂိရိဆင်ဝင်ဘိသကဲ့သို့ အုတ်အုတ် ကျက်ကျက် ကြည့်ရှုကြပြီးလျှင် ဤသို့ဆိုကုန်၏။

“အချင်းတို့.... ရောင်ခြည်ကွန်ယက်ရှိသော လမင်းသည် ရာဟုအသူရိန်ကို ကြောက်သောကြောင့် လူ့ပြည်သို့သက်ဆင်းလာလေသလောဟု သို့မဟုတ် သိကြား သန္တုသိတ စသော နတ်များပင်ဖြစ်လေသလော”ဟုဆို၏။

၁။ ထိုစကားကို တယောက်သောသူကြားလျှင် “အိုအချင်းတို့.... သင်တို့အဘယ်သို့ ဆိုကုန်သနည်း၊ ဤသူသည် လမင်းလည်းမဟုတ်၊ သိကြား သန္တုသိတစသော နတ်မျိုးလည်းမဟုတ်၊ နဂါးမင်း, ဂဠုန်မင်းလည်းမဟုတ်၊ ဗေဒင်သင်ခြင်း၌မွေ့မွေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေထိုင်ကြသော ပုဏ္ဏားတို့ကို

တိုက်တွန်း နှိုးဆော်အံ့သောငှါ ဖြဟ္မာ့ပြည်မှသက်ဆင်း၍ လာသော မဟာဗြဟ္မာကြီးတည်း”ဟု ဆို၏။

၂။ ထိုအခါ တယောက်သောသူက “အချင်းတို့….သင်တို့သည် တဦးနှင့်တဦး ဆန့်ကျင်ဘက် ဖြစ်အောင် အဘယ်သို့ဆိုရသနည်း၊ ဂဠုန် နဂါး သိကြား သန္တုသိတ မဟာဗြဟ္မာလည်း ဤသူမဟုတ်၊ စင်စစ်အားဖြင့် ခရီးမှားသူ လူ့ခပ်သိမ်းတို့အား ခရီးညွှန်အံ့သောငှါလာသော သူမြတ်တည်း”ဟုဆို၏။

ဤကဲ့သို့အချင်းချင်း ငြင်းခုံပြောဆိုရှိနေစဉ် မင်းချင်းယောကျ်ားမြင်၍ ဗိမ္ဗိသာရမင်းထံသွားရောက်၍ “အရှင်မင်းကြီး…. နတ်နဂါး သိကြားကုမ္ဘဏ်ဖြစ်သည်, ဗြဟ္မာမင်းဖြစ်သည်ကို တပ်ရာသေချာမသိရပါ၊ အကျွန်ုပ်တို့မြို့သို့ဝမ်းစာအလို့ငှါ အဆင်းအရောင် ပြောင်ပြောင်တောက်ထွန်းသူ တဦးလာပါသည်”ဟုဆို၏၊ ထိုစကားကို မင်းကြီးကြားလျှင် နန်းဥကင် ပြာသာဒ်ထက်၌ရပ်၍ လေသာနန်းတံခါးကို ဖွင့်လှစ်ကြည့်ရှုရာ ဘုရားလောင်း၏ တင့်တယ်ခြင်း အသရေတော်ကို မြင်၍ ဤသို့ဆို၏၊ “အချင်းတို့….သင်တို့သွားရောက် စုံစမ်းကြချေ၊ ထိုသူသည် လူစင်စစ်ဖြစ်က မိမိရှာမှီး၍ ရအပ်သော အာဟာရကို တစုံတခုသောနေရာ၌ စားလတ္တံ့၊ ဘီလူးကုမ္ဘဏ်ဖြစ်မူ မြို့မှထွက်လျှင် ကွယ်လတ္တံ့၊ နတ်ဖြစ်မူ ကောင်းကင်၌ သွားလတ္တံ့၊ နဂါးဖြစ်မူမြေ၌ ငုပ်၍သွားလတ္တံ့၊ အလျှင်အမြန်သွား၍ကြည့်ကြကုန်”ဟုစေ၏။

ထိုအခါ မင်းချင်းယောကျ်ားတို့သည် အဆောတလျင် သွားရောက်ကြည့်ရှုကြရာ ထိုခဏ၌ ဘုရားလောင်းသည် ငြိမ်သက်သော ဣန္ဒြေ, ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍ သူခပ်သိမ်းတို့၏ မျက်စိကိုဆွဲငင်ဘိသကဲ့သို့ ထမ်းပိုးတပြန်မျှကြည့်ရှုလျက် ရအပ်သော ဆွမ်းအာဟာရကိုယူပြီးလျှင် မြို့မှထွက်ခဲ့၍ မြို့၏အရှေ့ပဏ္ဍဝတောင်ရိပ်သို့ကပ်၍ အရှေ့လောကဓာတ်ကို မျက်နှာမူလျက် ထက်ဝယ်စံနေတော်မူ၏၊ ထိုအခါ အရောရောပြွမ်းသောဆွမ်းကို ဘုဉ်းပေးအံ့ဟု သပိတ်ကိုဖွင့်လှစ်ကြည့်ရှုရာ အနီ,အဖြူ,အကြော်,အကျွားစသည်ဖြင့် အရောရောပြွမ်းသော ဆွမ်းကိုမြင်ရ၍ အူသိမ်အူမတို့သည် အထက်သို့ပြန်လျက် ခံတွင်းမှ

ထွက်အံ့သကဲ့သို့ အလွန်စက်ဆုပ်ရွံရှာတော်မူ၏၊ မမြင်ဘူးမကြုံဘူးသော အာဟာရကိုမြင်သဖြင့် ရွံရှာစက်ဆုပ်တော်မူသော ဘုရားအလောင်းသည် ကိုယ်တော်သည်ပင် ကိုယ်တော်ကို ဤသို့ဆုံးမ၏။

"သိဒ္ဓတ္ထ….သင်သည် ကောင်းစွာရလွယ်သော အမျိုး၌ဖြစ်၍ သုံးနှစ်တိုင် ဟောင်းပြီးသော ပျံ့သင်းမွှေးကြိုင်လှစွာသော သလေးဘောဇဉ်တွင် ထူးမြတ်သော အရသာတို့ဖြင့်ဆက်၍ သုံးဆောင်ကာ နေသည်မဟုတ်လော၊ သင်သည် ပံသုကူဆောင်သော ရဟန်းတပါးကိုမြင်၍ ငါလည်း ဤသို့သဘောရှိသော ရဟန်းဖြစ်၍ ဆွမ်းခံသွားပြီးလျှင် စားရပါအံ့နည်း၊ ငါ့အားအဘယ်အခါ ဤရဟန်းကဲ့သို့ ဖြစ်ရပါအံ့နည်း၊ ရလွယ်ရာသောအာဟာရဖြင့် မှီတင်းလျက် သေမင်း၏မတွေ့ရာ ဘဝအဆုံးကိုရှာရပါအံ့နည်းဟု ဤသို့ကြံရွယ်၍ ကြီးကျယ်လှစွာသော မင်း၏ချမ်းသာကို စွန့်ခွါပယ်ထွက်ခဲ့သည် မဟုတ်လော၊ အပုပ်အတိပြီးသော ဤခန္ဓာကို ကောင်းမွန်စွာတန်ဆာဆင်ယင်ခြင်း၌ အဘယ့်ကြောင့် သင်ရောင့်ရဲခြင်း မရှိသနည်း"-

ဟု ကိုယ်တော်ကို ကိုယ်တော်ပင် ဆုံးမလျက် ဘောက်ပြန်ခြင်းမရှိဘဲ အာဟာရကို ဘုဉ်းပေးတော်မူ၏၊ ထိုအခါ မင်းချင်းယောကျ်ားကြား၍ အလျင်အမြန်ပြန်လာခဲ့ပြီးလျှင် ဗိမ္ဗိသာရမင်းကြီးအား ဤသို့တင်လျှောက်၏၊ "အရှင်မင်းကြီး….အရှင်မင်းကြီး၏ စကားအတိုင်းကျွန်ုပ်တို့လိုက်လံကြည့်ရှုကြရာ နတ်နဂါး သိကြား အသုရာမဟုတ်၊ လူစင်စစ်ဖြစ်ပါသည်"ဟု ဘုရားလောင်းသံဝေဂယူ၍ ဆိုတော်မူသော စကားအလုံးစုံနှင့်တကွ တင်လျှောက်၏။

### ဗိမ္ဗိသာရမင်းကြီးက မင်းစည်းစိမ်ကိုအပ်နှင်းခြင်း

ထိုစကားကို ဗိမ္ဗိသာရမင်းကြီးကြားလျှင် လျင်စွာလာ၍ ဘုရားလောင်း၏အပါးသို့ချဉ်းကပ်ရာ ဘုရားလောင်း၏ ဣရိယာပုထ်ကိုမြင်၍ အလွန်ကြည်ညိုသဖြင့် အမျိုးအမည်ကိုမေး၏၊ ဘုရားလောင်းလည်း ဟုတ်မှန်တိုင်းကြားသဖြင့် သက္ကတိုင်းကပိလဝတ်ပြည်သုဒ္ဓေါဒနမင်းကြီးသား ဘုရားလောင်း၏အဖြစ်ကိုသိရလေ၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးက''သိဒ္ဓတ္ထမင်းသား….သင်၏အသက်အရွယ်သည် ပဌမ အရွယ်၌တည်၍ အလွန်ပျိုနုသေး၏၊ လူတကာတို့ချစ်နှစ်သက်ဘွယ်သော ရုပ်ဆင်းသဏ္ဌာန်လည်းရှိ၏၊ ပြေပြစ်သာယာသူတကာတို့ နားကြားက ချမ်းသာအောင် စကားကောင်းကိုလည်းဆိုတတ်၏၊သို့ဖြစ်၍သင်သည်တောထွက်မှုကိုမပြုသေးဘဲကာမဂုဏ်ငါးဖြာကိုမင်း၏ချမ်းသာဖြင့်စံစားကာနေပေါ''ဟုအလုံးစုံသောမင်း၏ချမ်းသာကို ဘုရားလောင်းအားနှင်းတော်မူ၏၊ ထိုစကားကို ဘုရားလောင်းကြားလျှင် ''မြတ်သောမင်းကြီး….ငါသည် ဝတ္ထုကာမ, ကိလေသာကာမတို့ဖြင့် အလိုမရှိပြီ၊ရေပွက်ပမာ တသက်လျာမျှ ဖြစ်သော မင်း၏ချမ်းသာထက် အဆအရာ အဆအထောင် သာလွန်ကဲမြတ်လှသောနိဗ္ဗာန်ချမ်းသာကိုအလိုရှိ၍ တောထွက်လာသည်''ဟု ဆို၏။

ဗိမ္ဗိသာရမင်းကြီးလည်း အကြိမ်များစွာ တောင်းပန်သည် မှိသော် ဘုရားလောင်းသည် ဤမင်းကား စကားတုံ့ပြန်၍ မဆိုနိုင်စေခြင်းငှါ တဖန်ကြံ၍ ဤသို့ဆိုတော်မူ၏၊ ''မြတ်သောမင်းကြီး….ဤမင်းတို့၏စည်းစိမ်ချမ်းသာသည် ရေပွက်ပမာ တသက်လျာမျှသာတည်း၊ထိုရေပွက်ပမာ တသက်လျာမျှသောစည်းစိမ်ကိုမှီ၍ ကိလေသာပွါးသဖြင့်များစွာသော အကုသိုလ် ဒုစရိုက်ဖြစ်ကုန်၍ သံသရာ၌နှစ်မွန်းရခြင်း၏အကြောင်းသာဖြစ်သဖြင့် ထိုးနန်း၏စည်းစိမ်ကို မီးရှိန်အသွင် မှတ်ထင်လျက် ပယ်ထွက်ခဲ့သည်''ဟု မိန့်တော်မူ၏။

ထိုစကားကို ဗိမ္ဗိသာရမင်းကြီးကြားလျှင် ဝမ်းမြောက် ဝမ်းသာသာဓုအနုမောဒနာ ခေါ်တော်မူပြီးသော် ''အရှင်သိဒ္ဓတ္ထ….ဖြောင့်မတ်စွာသာ အားထုတ်ပါလော့၊မချွတ်သင်သည် ဘုရားဖြစ်လတ္တံ့၊ဘုရားဖြစ်ပြီးသော် အရှင်ဘုရားသည် နိုင်ငံတကာတို့၏ရှေးဦးစွာ အကျွန်ုပ်နိုင်ငံသို့ကြွလာစေချင်ပါသည်''ဟု တောင်းပန်၏၊ဘုရားလောင်းလည်း ''ကောင်းပြီ''ဟုပဋိညာဉ်ပေးတော်မူ၍မင်းကြီးလည်း မြို့သို့ဝင်လေ၏။

[ဘုရားလောင်းသည် ဤဆွမ်းအာဟာရကို မှီဝဲခြင်းကား ရဟန်းပြုတော်မူသောနေ့မှ ရှစ်ရက်မြောက်သောနေ့၌ သုံးဆောင်ခြင်းကည်း။]

## ဒုက္ကရစရိယာကျင့်တော်မူခြင်း

ဘုရားအလောင်းသည် ဗိမ္ဗိသာရမင်းကြီး မြို့သို့ဝင်ပြီးနောက် ဆွမ်းစားတော်မူရာမှထ၍ အစဉ်အတိုင်း ကြွတော်မူလေသော် ကာဠာမ အမျိုးဖြစ်သော အာဠာရ ရသေ့နေရာ တခုသောတောအုပ်သို့ ရောက်လေ၏၊ထိုအခါ အာဠာရ ရသေ့ထံ လောကီရှာန်သမာပတ်ကိုနှီးနှော ပြီးလျှင် အားထုတ်တော်မူရာ လောကီဈာန် ခုနစ်တန်ကိုသာ ရတော်မူ၏၊ဘုရားလောင်းသည် နေဝသညာနာသညာယတန သမာပတ်၏ ပရိကံကိုမသိသဖြင့် ပရိကံကို အာဠာရထံမှ နည်းမရဘဲ လာခဲ့သော် ရာမမင်းသားဖြစ်သော ဥဒက ရသေ့ထံသို့ ရောက်၍ နေဝသညာနာသညာယတန သမာပတ်၏ ပရိကံကို နှီးနှော စီးဖြန်းသဖြင့် ရှစ်တန်သောသမာပက်ကို ရတော်မူပြန်၏။

ထိုအခါဘုရားလောင်းသည် ဤသို့ကြံတော်မူ၏၊ ''ဤရှစ်ပါးသော လောကီ သမာပတ်တို့ကား သစ္စာ လေးပါးကို သိမြင် နိုင်သော အကြောင်းမဟုတ်သေး၊သစ္စာလေးပါးကို သိမြင်နိုင်သောအကြောင်း ကိုရှာအပ်ချေသေးသည်'' ဟု ကြံတော်မူ၍ ထိုသမာပတ် ရှစ်ပါးကို တန်ဆာမဆင်ဘဲ ထိုရသေ့ထံမှ ခွါသွားရာ ဘွားဘက်တော် ဇော မိပင်ရောက်ရာဥရုဝေဠတောသို့ရောက်လေ၏၊''ဤအရပ်ကားနှလုံးမွေ့ လျော်ပျော်ဘွယ်ရာဖြစ်၍ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှါ သင့်လျော်လျောက် ပတ်သောအရပ်တည်း''ဟုနှလုံးပြုတော်မူစဉ် ကိုယ်တော်ကို ရည်မှန်း၍ ရဟန်းပြုသော ပဉ္စဝဂ္ဂီငါးဦးတို့နှင့်တွေ့၍ ထိုတော၌ နေတော်မူပြီး လျှင် နတ်နှင့်တကွသော လူအပေါင်းအား ကိုယ်တော်၏ အားလုံ့လ နှင့် ပြည့်စုံခြင်းကိုပြအံ့သောငှါ ဒုက္ကရစရိယာအကျင့်ကိုကျင့်တော်မူ၏။

[ထိုပဉ္စဝဂ္ဂီငါးဦးတို့ကား ဘုရားလောင်းအား လက္ခဏာ ဘတ်သော ပုဏ္ဏားရှစ်ယောက်တို့တွင် ကောဏ္ဍညအနွယ် အငယ်ဆုံးဖြစ်သောသုဒတ္တ ပုဏ္ဏားသည် ဘုရားလောင်း တောထွက်ပြီဟုကြားလျှင် ပုဏ္ဏားကြီးခုနစ် ယောက်တို့၏ သားများထံသွား၍ ''အချင်းတို့···သိဒ္ဓတ်မင်းသား တော ထွက်၍ရဟန်းပြုပြီ၊ ထိုမင်းသားသည် မုချဘုရားဖြစ်လတ္တံ့၊ ယခုတိုင် သင်တို့ ၏အဘရှိပါမူ ယခုပင်တောထွက်၍ ရဟန်းပြုရာ၏၊ မိမိတို့အသက် ယခု တိုင်မတည်နိုင်သည်ကိုမြင်၍ သင်တို့သာ ရဟန်းပြုရစ်လေဟု မှာခဲ့သည်

မဟုတ်ပေလော၊ သို့ဖြစ်၍ သင်တို့ရဟန်းပြုလိုမူ လာကြကုန်လော့၊ ငါလည်း ရဟန်းပြုပါအံ့'' ဟုဆိုလျှင် ခုနစ်ဦးတို့တွင် သုံးယောက်သော ပုဏ္ဏားတို့သည် သဘောမတူ၍ ဝပ္ပ,ဘဒ္ဒိယ,မဟာနာမ်,အဿဇိ၊ ဤလေးယောက်သော ပုဏ္ဏားတို့သာလျှင် သဘောတူ၍ ရဟန်းပြုကုန်၏၊ ထိုငါးယောက်တို့တွင် ကောဏ္ဍညပုဏ္ဏားသည် အကြီးအမှူးဖြစ်၏။]

ထိုပဉ္စဝဂ္ဂီတို့သည် ရဟန်းပြု၍ ရွာနိဂုံး မင်းနေပြည်တို့၌အာဟာရအလို့ငှါလှည့်လည်သွားသည်ရှိသော် ဥရုဝေဠတောသို့ရောက်၍ ဘုရားလောင်းနှင့်တွေ့ကြလေ၏၊ ထိုအခါ ဘုရားလောင်းသည် ထိုပဉ္စဝဂ္ဂီတို့ကိုအလုပ်အကျွေးဖြစ်စေပြီးသော် ရွေးဦးစွာသေနနိဂုံးသို့ဆွမ်းအလို့ငှါသွား၍ မေတ္တာကိုပွါးစေလျက် အခါကိုလွန်စေ၏၊ ထိုနောက် ဆွမ်းတလုပ်, သစ်သီးတခြမ်း, နှမ်းစေ့, ဆန်စေ့ခန့်မျှစား၍ အခါကိုလွန်စေပြန်၏၊ ထိုမျှကိုပင်တဖန် ''ဤရုန့်ရင်းသော အာဟာရကို ငါ့အား မှီဲသဖြင့် အဘယ်အကျိုးရှိအံ့နည်း'' ဟု ဆင်ခြင်တော်မူ၍ အာဟာရ အလျှင်းမမှီဲဘဲဖြတ်ခြင်းစသော အကျင့်တို့ကို ကျင့်တော်မူ၏၊ ထိုအခါ ဘုရားလောင်း၏—

၁။ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့သည် ကွယ်ခဲ့ကုန်၏။
၂။ ရွှေအဆင်းနှင့်တူသော အဆင်းတော်သည်လည်း နက်သော အဆင်းဖြစ်၏။
၃။ ကိုယ်တော်၏ အသွေးအသားသည် ခြောက်ကပ်၏။
၄။ ကျောက်ကုန်းရိုးတို့သည် အဆစ်ဆစ်ပွန်းသကဲ့သို့ဖြစ်၏။
၅။ နံရိုးတို့သည် အမိုးသက်ငယ် ပျက်ပြီးသောအိမ်မိုးအိမ်အခြင်ကဲ့သို့ စနောင့်စနင်းဖြစ်ကုန်၏။
၆။ ဦးခေါင်းတော်သည် ဦးခေါင်းရိုး၌ကပ်၏။
၇။ တင်ပါးရေသည် အတွန့်အလိပ်ဖြစ်၏။
၈။ ဝမ်းရေသည် ကျောက်ကုန်းရိုး၌ကပ်၏။
၉။ ကိုယ်ကိုလက်ဖြင့်သုံးသပ်လျှင် အကြောတို့သည် လက်၌ငြိ၏။

ဘုရားလောင်းသည် တနေ့သ၌ ကိုယ်လက်ကို သုတ်သင်အံ့သောငှါ ထိုင်တော်မူရာ သွေးသားခြောက်ကပ်သဖြင့် ကျင်ကြီးကြောင်းသည်

အရေ တွန့်ရှုံ့သည်ဖြစ်၍ မစင်စွန့်ရာ ပြင်းစွာသော ဝေဒနာသည် ဖြစ်၏၊ဘုရားလောင်းသည် ဤသို့ကြီးစွာသော ဆင်းရဲကို ခံစားရသော်လည်း တရံတဆစ်မျှစိတ်တော်၌ ဆုတ်နစ်တွန့်တိုခြင်း မရှိချေ၊ တနေ့သ၌ ဘုရားလောင်းသည် အာဟာရပြတ်သဖြင့် အာနာပါနစျာန်ကို ဝင်စားသည်တွင် မဝင်စားနိုင်ဘဲ စင်္ကြံဦး၌လဲတော်မူ၏။

ထိုအခါ စိတ်ကျွမ်းမဝင်သောနတ်တို့သည် သေပြီဟူသော အမှတ်ဖြင့် သုဒ္ဓေါဒနမင်းကြီးထံသို့သွား၍ "အရှင်မင်းကြီး....သင်၏သားသည် ဘုရားဖြစ်ချင်လွန်းသဖြင့် ဒုက္ကရစရိယာ အကျင့်လွန်၍ စင်္ကြံဦး၌ ကမ္ဘာ့ဌာန်းစီးဖြန်းရင်း လဲ၍သေချေပြီ" ဟု အကြိမ်ကြိမ် ကြားကြကုန်၏၊ ထိုစကားကိုမင်းကြီးကြားလျှင် ဤသို့မေး၏၊ "ငါ့သားသည် ဘုရားဖြစ်၍ပင်သေသလော၊ သို့မဟုတ် ဘုရားမဖြစ်မီပင် သေသလော" ဟု မေးရာ "ဘုရားမဖြစ်မီသေ၏" ဟု ဆိုသော် "နတ်သား....သင်သည် ဖဲလေ၊ ငါ့သားသည် ဘုရားမဖြစ်ဘဲ မသေနိုင်"ဟု ခြိမ်းချောက်သဖြင့် ထိုအရပ်တွင် နတ်ကွယ်လေ၏။

ဘုရားလောင်းရဟန်းပြုခန်း ပြီး၏။

---

## ၇။ ဘုရားလောင်းဗောဓိမဏ္ဍိုင်သို့ကြွတော်မူခန်း

ယင်းကဲ့သို့ အလွန်ခဲယဉ်းသော ဒုက္ကရစရိယာ အကျင့်တော်ကို ခြောက်နှစ်တိုင်တိုင်ကျင့်တော်မူပြီးမှဘုရားလောင်းသည် ဤသို့ကြံတော်မူ၏၊ ဤလောက၌ အကြင်သူတို့သည် ပြုနိုင်ခဲသောအမှုကို ပြုအံ့၊ ထိုသူတို့သည် ငါနှင့်တူရုံမျှသာရှိသည်၊ ငါ့ထက်လွန်၍ ပြုနိုင်ခဲသော အမှုကိုပြုခြင်းငှါ စွမ်းနိုင်သောသူမရှိချေ၊ သို့ပါလျက် ငါသည် ဘုရားအဖြစ်သို့ မရောက်နိုင်ရှိသောကြောင့် ဤဒုက္ကရစရိယာ အကျင့်သည် စင်စစ်ဘုရားအဖြစ်သို့ရောက်ကြောင်းမဟုတ်၊ သတ္တဝါတို့၏ ဓမ္မတာမှာလည်း—

၁။ သဒ္ဓါလွန်လျှင် ကွန့်သည်။
၂။ ပညာလွန်လျှင် ဆွံ့သည်။
၃။ ဝီရိယလွန်လျှင် ပျံ့သည်။

၄။ သမာဓိလွန်လျှင် တွန့်သည်။
၅။ သတိသာလွန်သည်မရှိ၊ လိုအပ်သည်သာဖြစ်သည်။

ထို့ကြောင့်"ငါသည် အာဟာရကိုမျှစေလျက် ကိုယ်လက်ဖြည့်တင်း၍ သဒ္ဓါနှင့်ပညာ, ဝီရိယနှင့်သမာဓိကို မျှစေတော့အံ့"ဟု ကြံလျက် သေနနိဂုံးစသော ထိုထိုသို့သော မြို့ရွာသို့ဆွမ်းခံသွား၍ ရအပ်သော ဆွမ်းဖြင့် အာဟာရကိုမှီဝဲသုံးဆောင်တော်မူရာ သုံးလေးရက်မျှဖြင့်ပင် ကိုယ်တော်၏အားတော်သည် ပကတိဖြစ်လေ၏၊ သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာများမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့သည် ထင်ရှားဖြစ်ကုန်၏၊ ကိုယ်တော်သည် ရွှေအဆင်းကဲ့သို့ ကြည်လင်သန့်ရှင်းသောဥဗ္ဗနရှိ၏၊ ထိုအခါ ပဉ္စဝဂ္ဂီငါးဦးတို့သည် အချင်းချင်း ဤသို့တိုင်ပင်ကြ၏။

> "ဤသိဒ္ဓတ္ထမင်းသားသည် အလွန်ငြီးငြူစွာ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်၍လည်း ဘုရားမဖြစ်နိုင်ချေ၊ ဤယခုအခါ၌ ထိုထိုသို့သော မြို့ရွာနိဂုံးသို့လှည့်လည်သွားလာ၍ ရှန့်ရင်းသောအာဟာရကို မှီဝဲသဖြင့် သဗ္ဗညုတဉာဏ်တော်ကို အဘယ်မှာရနိုင်တော့အံ့နည်း၊ ဤသိဒ္ဓတ်မင်းသား ရဟန်းဂေါတမသည် လာဘ်များခြင်းကို အလိုရှိ၍ ဒုက္ကရစရိယာအကျင့်မှထွက်ပြီ၊ ထိုသူ့ကိုလုပ်ကျွေး၍ ငါတို့ ဘယ်အကျိုးရှိတော့အံ့နည်း"—

ဟုတိုင်ပင်လျက် ဘုရားလောင်းကိုစွန့်ခွါ၍ တဆယ့်ရှစ်ယူဇနာဝေးကွာသော ဗာရာဏသီပြည်၏အနီး ဣသိပတန အမည်ရှိသော မိဂဒါဝုန်တောသို့သွားကြလေ၏။

ထိုနောက် ဘုရားလောင်းသည် ဆွမ်းအာဟာရကို မျှတတော်မူစေလျက်တပါးတည်းကျင့်တော်မူရာလူတို့သက္ကရာဇ်၁၀၃-ခု ကဆုန်လဆန်း ၁၄-ရက် အင်္ဂါနေ့ည ၁၅-ရက်လပြည့် ဗုဒ္ဓဟူးနေ့သို့ အဝင် မိုးသောက်ယံ၌ ဘုရားဖြစ်ခြင်း၏ ပုဗ္ဗနိမိတ်ဖြစ်သော ငါးပါးသောအိပ်မက်ကြီးတို့ကိုမြင်မက်တော်မူ၏။

ငါးပါးသောအိပ်မက်ကြီးတို့ကား—

၁။ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေအပြင်ကို အိပ်ရာပြု၍ အစောက်ယူဇနာငါးရာ, အပြန့် ယူဇနာသုံးရာ ကျယ်သော ဟိမဝန္တာတောင်ကို ခေါင်းအုံးပြုလျက် အရှေ့ အနောက် စကြဝဠာအပြင်ထက်တွင်လက်တော်ကို ထားတော်မူပြီးသော် ခြေတော်အစုံကို တောင်သမုဒ္ဒရာ၌ ထားလျက် စက်တော်မူရသည်ဟု မြင်မက်ခြင်းတပါး,

၂။ ဝင်ရိုးခန့်ပမာဏ သဏ္ဌာနီ အဆင်းရှိသော မြက်မျိုးသည် ဘုရားလောင်း၏ ချက်တော်မှပေါက်လတ်၍ အထက်ဘဝဂ်သို့တက်သည်ဟု မြင်မက်ခြင်းလည်းတပါး,

၃။ ခရုသင်းပွတ်သစ်ကဲ့သို့ ဖြူသောအဆင်းရှိသော ပိုးမျိုးတို့သည် ခြေတော်မှ ပုဆစ်တိုင်အောင်လွှမ်း၍ တက်သည်ဟု မြင်မက်ခြင်းလည်းတပါး,

၄။ အထူးထူးသောအဆင်းရှိသော ငှက်အပေါင်းတို့သည် အရပ်လေးမျက်နှာမှလာကုန်၍ ဘုရားလောင်း၏ ခြေရင်း၌ကျကုန်သော်အလုံးစုံအဖြူချည်းသာလျှင်ဖြစ်ကုန်သည်ဟု မြင်မက်ခြင်းလည်းတပါး,

၅။ ဘုရားလောင်းသည် မစင်အတိပြည့်သော တောင်ထက်သို့ တက်၍ စင်္ကြံသွားသော်လည်း မစင်လိမ်းကျံခြင်းမရှိဟု မြင်မက်ခြင်းလည်းတပါး။

ဘုရားလောင်းသည် ဤငါးပါးသောအိပ်မက်ကို မြင်မက်တော်မူလျှင် ဤသို့ဆင်ခြင်တော်မူ၏၊ "ငါသည်ယနေ့စင်စစ်ဘုရားဖြစ်လတ္တံ့"ဟု ကိုယ်တော်၏ အိပ်မက်ကို ကိုယ်တော်ပင်ဆုံးဖြတ်၍ ညဥ့်ယံကိုလွန်စေ၏၊ ထိုနောက်ဘုရားလောင်းသည် မိုးသောက်ထ နံနက်စောစော၌ ကိုယ်ကိုပြုပြင်ပြီးမှ ဆွမ်းခံသွားရအံ့သောအခါကို ဆိုင်းငံ့တော်မူရန် ဒုက္ကရစရိယာကျင့်ရာ သခ်မ်းမှထွက်ခဲ့၍ သေနနိဂုံး၏အနီး အဇပါလ ညောင်ပင်ရင်း၌ အရှေ့လောကဓာတ်ကို မျက်နှာမူပြီးလျှင် ထွန်းလင်းသောကိုယ်ရောင်ကိုယ်ဝါဖြင့် ထက်ဝယ်ဖွဲ့ခွေစံနေတော်မူ၏။

## သုဇာတာသူဌေးသမီးဃနာနို့ဆွမ်းကပ်လှူခြင်း

ထိုအခါ ဘုရားလောင်း ဒုက္ကရစရိယာ ကျင့်တော်မူရာ ဥရုဝေဠ တော၏အနီး သေနနိဂုံး၌ မဟာသေနမည်သော သူကြွယ်ရှိ၏၊ ထိုသူကြွယ်၏သွီးကား သုဇာတာမည်၏၊ထိုသုဇာတာသည် မိန်းမမြတ်တို့၏ အင်္ဂါလက္ခဏာနှင့်ပြည့်စုံ၏၊ အရွယ်ရောက်စအခါ၌ ထိုညောင်ပင်ရင်းသို့ကပ်၍ ဤသို့ဆုတောင်းလေ့ပြု၏၊ "အရှင်ရုက္ခဇိုဝ်းနတ်မင်း.... အကျွန်ုပ်သည် အမျိုးဇာတ်ချင်းတူသောလင်ယောကျ်ားအိမ်သို့ လိုက်ရသောအခါ ပဌမရှေးဦးစွာသားယောကျ်ားကို ဘွားမြင်ပါမူ နတ်မင်းအား နှစ်စဉ်မပြတ် တသိန်းသောဥစ္စာကိုစွန့်၍ ဗလိနတ်စာဖြင့် ပူဇော်ပသခြင်းကိုပြုပါအံ့"ဟုဆို၍ ဆုတောင်းလေ့ပြု၏၊ ထိုဆုတောင်းပတ္ထနာချက်အရ သုဇာတာသည် ပြည့်စုံလေသည်ဖြစ်၍ ကဆုန်လပြည့်နေ့၌ ထိုရုက္ခဇိုဝ်းနတ်အားပူဇော်သက္ကာရကိုပြုလိုရကား—

၁။ ရှေးဦးမဆွကပင် နွားမတထောင်ကို နွယ်ချိုတော၌ ကျောင်းစေ၍ ထိုတထောင်သောနွားမတို့၏နို့ရည်တို့ကိုညှစ်၍ ငါးရာသောနွားမတို့ကိုသောက်စေ၏။

၂။ ထိုငါးရာသောနွားမတို့၏နို့ရည်ကိုညှစ်၍ ကဖန်နှစ်ရာ့ငါးဆယ်သောနွားမတို့ကိုသောက်စေ၏။

၃။ ထိုနှစ်ရာ့ငါးဆယ်သော နွားမတို့၏နို့ရည်တို့ကိုညှစ်၍ တဖန်တရာ့နှစ်ဆယ့်ငါးကောင်သောနွားမတို့ကိုသောက်စေ၏။

၄။ ထိုတရာ့နှစ်ဆယ့်ငါးကောင်သော နွားမတို့တွင် တကောင်ကိုနုတ်ထားပြီးမှ တရာ့နှစ်ဆယ့် လေးကောင်တွင် တဝက်ခွဲ၍ နို့ရည်ကိုညှစ်ပြီးလျှင် ခြောက်ဆယ့်နှစ်ကောင်သော နွားမတို့ကို သောက်စေ၏။

၅။ ထိုခြောက်ဆယ့်နှစ်ကောင်သော နွားမတို့ကိုတဝက်ခွဲ၍ နို့ရည်ကိုညှစ်ပြီးလျှင် သုံးဆယ့်တကောင်သော နွားမတို့ကို သောက်စေ၏။

၆။ ထိုသုံးဆယ့်တကောင်သော နွားမတို့၌ အလျှင်က နုတ်ထားသော နွားမတကောင်ကိုထည့်လျှင် သုံးဆယ့်နှစ်ကောင်ဖြစ်၏၊

ထိုသုံးဆယ့်နှစ်ကောင်သောနွားမတို့ကိုထက်ဝက်ခွဲ၍ နို့ရည်ကို ညှစ်ပြီးလျှင် တဆယ့်ခြောက်ကောင်သောနွားမတို့ကို သောက်စေ၏။

၇ ။တဖန် တဆယ့်ခြောက်ကောင်သော နွားမတို့ကို ထက်ဝက်ခွဲ၍ နို့ရည်ကိုညှစ်ပြီးလျှင် ရှစ်ကောင်သော နွားမတို့ကို သောက်စေ၏။

ထိုအခါ ဤမျှလောက် တခုပြောင်းပြန်ပြန်လှန်၍ နို့ရည်တိုက်ခြင်းကိုပြုသဖြင့် ထိုနို့ရည်သည် ထပ်ထပ်ရှိ၏၊ ချိုမြိန်ကောင်းမြတ်၏၊အဆီဩဇာရှိ၏၊ ထို့ကြောင့် သုဇာတာသည် ထိုရှစ်ကောင်သော နွားမတို့၏ နို့ရည်ဖြင့်သာ ဃနာနို့ဆွမ်းချက်လေသော် ထိုသို့ချက်သောဃနာနို့ဆွမ်းကို ဘုရားလောင်းဘုဉ်းပေးရမည်ဟု စတုလောကပါလ နတ်မင်းကြီးလေးယောက်တို့သိကြသဖြင့် ခံလောက်အနီး၌ စောင့်ရှောက်လာကုန်၏၊ ဗြဟ္မာမင်းသည် တဆယ့်နှစ်ယူဇနာရှိသော ထီးဖြင့်ကာလာ၏၊ သိကြားမင်းသည်လည်း ထင်းထိုး၏၊ တသောင်းသော စကြဝဠာမှ လာကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည်လည်း သုံးဆောင်စားသောက်ကောင်းသော ဩဇာကို မိမိတို့၏ တန်ခိုးအာနုဘော်ဖြင့် ပျားအုံ၌ဖွဲ့သော ပျားလပို့ကိုညှစ်၍ ပျားရည်ကိုယူဘိသကဲ့သို့ ကောင်းစွာဆောင်ယူ၍နို့ဃနာ၌ထည့်ကြကုန်၏။

[တပါးသောကာလတို့၌ မြတ်စွာဘုရားသခင် ဆွမ်းဘုဉ်းပေးရာ ဆွမ်းလုပ်တိုင်းလုပ်တိုင်း နတ်တို့သည် ဩဇာထည့်ကုန်၏၊ ဘုရားဖြစ်တော်မူသောနေ့၌၎င်း, ပရိနိဗ္ဗာန်ပြုတော်မူသောနေ့၌၎င်း ချက်ဆဲပြုပြင်ဆဲဖြစ်သောအိုး၌သာလျှင် ထည့်ကြကုန်၏။]

ထိုကဲ့သို့ ထူးမြတ်လွန်ကဲစွာသော ဃနာနို့ဆွမ်းကိုချက်ပြီးမှ သုဇာတာသည် လွန်ခဲ့သော တရက် နှစ်ရက်ကပင် ထိုညောင်ပင်ရင်း၌ မိမိကိုယ်တိုင် ထင်ထင်ရှားရှား များစွာသောအံ့ဘွယ်သရဲတို့ကို မြင်ခဲ့ရ၍ ပုဏ္ဏ မည်သော ကျွန်မကိုခေါ်ပြီးလျှင်ဤသို့ဆို၏၊ "ငါတို့၏ ပညောင်စောင့်နတ်သည် အလွန်ကြည်ညိုဘွယ်သော အဆင်းရှိ၏၊ ငါသည် ဤမျှလောက်သော ကာလပတ်လုံး ဤသို့စင်သော အံ့ဘွယ်သရဲကို မမြင်စဘူး ထူးဆန်းသောအံ့ဘွယ်သရဲကိုမြင်ခဲ့ရသဖြင့်ထိုညောင်ပင်သို့

သင်သွား၍ နတ်မင်း၏နေရာကို သုတ်သင်ချေ''ဟု ဆို၏၊ ပုဏ္ဏကျွန်မလည်း''အရှင်မ····ကောင်းပါပြီ''ဟုဝန်ခံ၍အဆောတလျင် ပညောင်ပင်ရင်းသို့ သွားလေ၏။

ထိုအခါ ဆွမ်းခံသွားရအံ့သောအချိန်ကာလကို ငံ့လင့်တော်မူလျက် နံနက်စောစောကပင်လာ၍ ပညောင်ပင်ရင်း၌ ကိုယ်တော်ရောင်ဖြင့် အလုံးစုံသော ပညောင်ပင်ကို ထွန်းလင်းစေပြီးလျှင် အရှေ့လောကဓာတ်သို့ ရှေးရှု ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသော ဘုရားအလောင်းကိုရှင်း, ကိုယ်တော်မှ ထွက်သောအရောင်တို့ကြောင့် ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ပညောင်ပင်အလုံးကိုရှင်း မြင်သဖြင့် ဤသို့ကြံ၏၊ ''ယနေ့ငါတို့နတ်မင်းသည် ဗိမာန်မှဆင်းသက်၍ မိမိလက်ဖြင့် ပူဇော်သက္ကာကိုခံအံ့သောငှါ နေလင့်ယောင်တကား'' ဟု အလွန်ဝမ်းသာသော စိတ်ဖြင့် မြက်မှိုက်တို့ကို သုတ်သင်ရှင်းလင်းစီရင်ပြုပြင်ခဲ့ပြီးမှ အဆောတလျင် အိမ်သို့ပြန်လာ၍ သုဇာတာအားဤသို့ဆို၏၊''အရှင်မ····ယနေ့အရှင်မ၏ ရုက္ခစိုဝ်းနတ်မင်းသည် အရှင်မ၏ ပူဇော်သက္ကာအထူးကို ကိုယ်တိုင် ခံလိုယောင်တကား၊ ယခုပညောင်ပင်ရင်းတွင် ကိုယ်ထင်ပြ၍နေပါသည်၊အရှင်မသည် လျင်စွာသွား၍ နတ်မင်းအား ပူဇော်ကန်တော့ပါ''ဟု ဆို၏။

ထိုစကားကို သုဇာတာကြားလေက အလွန်ဝမ်းသာသည်ဖြစ်၍ ''အမယ်ပုဏ္ဏ····ယနေ့မှစ၍ သင်သည် ငါ၏သမီးအရာ၌ တည်လော့''ဟု ဆို၍ သမီးကိုသာ ဆင်ယင်ထိုက်သော အဝတ်တန်ဆာတို့ကို ဆင်ယင်ပြီးလျှင် အဘိုးတသိန်းထိုက်သော ရွှေခွက်တို့ကို ထုတ်စေ၍ စင်ကြယ်စွာ နို့သာရေမွှေးတို့ဖြင့်ဆေးကြောပြီးလျှင် အလုံးစုံသော နို့ဃနာတို့ကို မှောက်၍ထည့်၏၊ ထိုနို့ဃနာလည်း ရွှေခွက်တခုပြည့်ရုံမျှသာဖြစ်၍ ရွှေခွက်တလုံးဖြင့် အုပ်ပြီးလျှင် ဖြူလှသော ပုဆိုးကိုရစ်၍ မိမိကိုယ်တိုင် ဦးခေါင်းထက်တင်ရွက်၍ ပုဏ္ဏနှင့်တကွ သွားကြလေ၏၊ ထိုအခါ သုဇာတာသည် အဝေးကပင် ပညောင်ပင်ရင်း၌ အရှေ့လောကဓာတ်ကို မျက်နှာမူလျက် စံနေသော ဘုရားလောင်းကိုရှင်း, အလုံးစုံသော ပညောင်ပင်ရင်း၌ ကိုယ်တော်မှ ထွက်လတ်သော

အရောင်တော်ဖြင့် ရွှေအဆင်းနှင့်တူသော အဆင်းတော်ကိုငင်း မြင်၍ ဝမ်းမြောက်ဝမ်းသာ မြင်ရာအရပ်ကပင် ရှိသေစွာကိုင်းညွတ်၍ လာသဖြင့် ရွှေခွက်ပါပူဇော်၏။

ဤသို့ သုဇာတာသည် နို့ဃနာဆွမ်းလှူသောအခါ၌ ဃဋိကာရ ဗြဟ္မာကပ်လှူသော မြေသပိတ်ကိုမမြင်သဖြင့် ရွှေခွက်နှင့်တကွ ဃနာနို့ဆွမ်းကို ခံတော်မူ၏၊ထိုအခါဘုရားလောင်းသည် သုဇာတာကိုကြည့်တော်မူသည်ရှိသော် သုဇာတာလည်း ရုက္ခစိုဝ်းဟူသော အမှတ်ဖြင့် "အရှင်နတ်မင်း....အရှင်နတ်မင်းအား အကျွန်ုပ်သည် ရွှေခွက်နှင့် တကွပူဇော်ပါပြီ၊ အရှင်နတ်မင်းယူ၍ အလိုရှိရာအရပ်သို့ ကြွတော်မူပါ၊ အကျွန်ုပ်အလိုပြည့်သကဲ့သို့ အရှင်နတ်မင်းကြီးလည်း အလိုပြည့်ပါစေသတည်း"ဟုဆို၍ ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုး၍အိမ်သို့ ပြန်လေ၏။

[ဘုရားအလောင်းတော်တို့ မည်သည် ဘုရားဖြစ်တော်မူမည့် နေ့၌ အဘိုးကသိန်းထိုက်သော ရွှေခွက်ကိုရမြဲဓမ္မတာ ပေတည်း။]

### နေရဉ္စရာမြစ်၌ ရွှေခွက်မျှောတော်မူခြင်း

ဘုရားလောင်းသည် ယင်းသို့ ဃနာနို့ဆွမ်းကို ခံတော်မူပြီးလျှင် နေရာမှထတော်မူ၍ရွှေခွက်ကိုယူပြီးလျှင် အနီးဖြစ်သောနေရဉ္စရာမြစ်သို့ ကပ်တော်မူ၍ ဘုရားအလောင်းတော်တို့ ရေသုံးသပ်မြဲ ဖြစ်သော သုပတိဋ္ဌိတမည်သောဆိပ်ကမ်းနား၌ရွှေခွက်ကိုထား၍ ရေသို့သက်ဆင်းတော်မူပြီးမှ ကမ်းခုံအထက်တွင် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ အရှေ့အရပ်သို့ ရှေးရှုတော်မူလျက် တစေ့တည်းမျှသာရှိသော ထန်းသီးမှည့် ပမာဏအားဖြင့် ၄၉-လုပ်ပြု၍ ပရဘုတ်တော်မူ၏၊ ဘုရားလောင်းသည် ထိုဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် ရွှေခွက်ကိုကိုင်၍ ဤသို့ ဓိဋ္ဌာန်တော်မူ၏၊ "အကယ်၍ ငါသည် ဤယနေ့ မချွတ်ဘုရားကေန်ဖြစ်မည်မှန်မူ ထိုရွှေခွက်သည် မြစ်ညာသို့ ဆန်စေသတည်း၊ ဘုရားမဖြစ်ပါမူ အောက်သို့ စုန်စေသတည်း" ဟု ဓိဋ္ဌာန်တော်မူပြီးလျှင် ရွှေခွက်ကိုပစ်တော်မူလေ၏၊ ထိုအခါ ရွှေခွက်သည် ရေအယဉ်ကို ဖြတ်သန်း၍ မြစ်လယ်ကြောသို့သွား၍ မြစ်လယ်အရပ်၌ သာလျှင် ဥန်အားစွမ်းပကားနှင့် ပြည့်စုံသောမြင်းပျံကဲ့သို့ငင်း, ဟသ်ာငှက်

ကဲ့သို့ရှင်း ရေညာသို့အတောင် ၈၀-ခန့်မျှဆန်တက်၍ တခုသောဝဲ၌ ငုပ်ပြီးလျှင် ကာလနဂါး၏ဗိမာန်သို့သွား၍ ကကုသန်, ကောဏာဂုံ, ကဿပဟူသော ရှေးဘုရားသုံးဆူတို့၏ ရွှေခွက်သုံးလုံးနှင့် အချင်းချင်း တိုက်ခိုက်မိသောအသံကိုပြုလျက် တည်လေ၏။

[ဘုရားလောင်းဘုဉ်းပေးတော်မူသောဃနာနို့ဆွမ်းသည်ဘုရားအဖြစ်သို့ရောက်ပြီး၍ ဗောဓိမဏ္ဍိုင် စံနေတော်မူသော မြတ်စွာဘုရားအား လေးဆယ့်ကိုးရက်တို့ပတ်လုံး အာဟာရသည်ဖြစ်၏၊ မြတ်စွာဘုရားသည် ထိုလေးဆယ့်ကိုးရက် ကာလပတ်လုံး တပါးသော အာဟာရသည်ရှင်း, ရေချိုးခြင်း မျက်နှာသစ်ခြင်း ကိုယ်လက်သုတ်သင်ခြင်းသည်ရှင်း မရှိဘဲ အရဟတ္တဖိုလ်ချမ်းသာဖြင့်သာ ထိုရက်ကိုလွန်စေ၏။]

ထိုအခါ ကာလနဂါးမင်းသည် ရွှေခွက်ချင်းချင်းထိခိုက်၍ မြည်သောအသံကိုကြားသဖြင့်နိုး၍ "ယမန်နေ့က ဘုရားတဆူပွင့်ပြီ၊ ယနေ့လည်းဘုရားတဆူပွင့်ပြန်ပြီ"ဟု ဆို၍ ဝမ်းမြောက်ဝမ်းသာ အရာမက သောဂါထာကိုရွတ်ဆိုလျက် ချီးမွမ်းထောမနာလျက် အိပ်ရာမှထ၏၊ ထိုနဂါးမင်းသည် အထက်ကောင်းကင်သို့ မြေကြီးတယူဇနာ လေးဂါဝုတ်တက်သည်တိုင်အောင်သော ကာလရှည်ကြာရှိသည်ကို "ယမန်နေ့, ယနေ့" ဟူ၍မှတ်ထင်လျက်ရှိ၏။

### စတုရင်္ဂဝီရိယဖြင့်နေတော်မူခြင်း

ဘုရားလောင်းသည် ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော် မူပြီးလျှင် နေရဉ္စရာမြစ်၏အနီး အင်ကြင်းတော၌ နေ့သန့်တော်မူ၍ သမာပတ် ရှစ်ပါး အဘိညာဉ်ငါးပါးတို့ကို ဖြစ်စေ၏၊ညချမ်းသောအခါ ပန်းတို့၏ အညာမှကြွေကျသည်ရှိသော် နတ်တို့သည် ဖန်ဆင်း စီရင်အပ်သော ရှစ်ဥသဘအနံ့ကျယ်သော နတ်လမ်းခရီးဖြင့် မဟာဗောဓိပင်ရှိရာသို့ ကြွတော်မူ၏၊ ထိုအခါနဂါး, ဂဠုန်, ကုမ္ဘဏ်စသော နတ်အပေါင်း တို့သည် နတ်၌ဖြစ်သောနံ့သာပန်းတို့ဖြင့်ပူဇော်ကုန်၏၊ နတ်၌ဖြစ်သော စည်, စောင်းငြင်း, တူရိယာစသည်တို့ကို တီးမှုတ် ပူဇော်ကုန်၏၊ တသောင်းသောစကြဝဠာတိုက်သည် တခဲနက်သောပန်း,တခဲနက်သော ကောင်းချီးသံသည်ဖြစ်၏၊ ထိုအခါ၌ သုဒ္ဓိယအမည်ရှိသော မြက် ထမ်းယောက်ျားသည် ဘုရားလောင်းနှင့် ခရီးရင်ဆိုင် တွေ့လေသော်

ဘုရားလောင်း၏ မြက်အလိုရှိဟန်ကိုသိသဖြင့် ရှစ်ဆုပ်သောမြက်တို့ကို သဒ္ဓါကြည်ညိုစွာလှူ၏၊ ဘုရားလောင်းလည်း ထိုမြက်ရှစ်ဆုပ်ကိုခံယူပြီးလျှင် "မဟာဗောဓိမဏ္ဍလ-မဟာဗောဓိပင်အဝန်း" သို့ချဉ်းကပ်လျက် ဗောဓိပင်၏ တောင်မျက်နှာအဘို့၌ မြောက်မျက်နှာ အရပ်သို့ ရှေးရှုလျက်ရပ်တော်မူ၏။

[မဟာဗောဓိမဏ္ဍလဟူသည်ကား ဗောဓိပင်၏အနီး ထက်ဝန်းကျင် စည်မျက်နှာကဲ့သို့ နိမ့်မြင့်ရှိုင်းဖှမ်းခြင်းမရှိ၊ တဉသဘမျှ သာယာညီညွတ်သောမြေတွင် မြက်ခြံနွယ်တို့သည် လက်ျာရစ်လည်၍ အရှေ့သို့အညွန့်နှာမောင်းပြုလျက်တည်သော အရပ်ကို မဟာဗောဓိမဏ္ဍလဟု ဆိုလိုသည်။]

ထိုသို့ ရပ်တော်မူသောအခါ၌ တောင်စကြဝဠာနားသည်အောက်သို့နစ်၍ အဝီစိထဲသို့ ရောက်အံ့သကဲ့သို့ငှင်း, မြောက်စကြဝဠာ နားသည် အထက်သို့ထောင်၍ ဘဝဂ်သို့ ရောက်အံ့သကဲ့သို့ငှင်း ဖြစ်၏၊ ထိုအခါ ဘုရားလောင်းသည် "ဤအရပ်သည်ကား ဘုရားအဖြစ်သို့ ရောက်ရာအရပ် မဟုတ်သေးတကား" ဟု လက်ျာရစ် လှည့်ပြီးလျှင် မြောက်မျက်နှာအရပ်သို့အစဉ်အတိုင်း ကြွတော်မူ၍ရပ်တော်မူပြန်လျှင် မြောက်စကြဝဠာနားသည် အောက်သို့နစ်၍ အဝီစိငရဲသို့ ရောက်အံ့သကဲ့သို့ငှင်း, တောင်စကြဝဠာနားသည် အထက်သို့ထောင်၍ ဘဝဂ်သို့ရောက်အံ့သကဲ့သို့ငှင်းဖြစ်လေ၏၊ဘုရားလောင်းသည်ဤအရပ်လည်း ဘုရားဖြစ်ရာအရပ်မဟုတ်သေးတကားဟု လက်ျာရစ်လှည့်၍ အရှေ့သို့ ကြွတော်မူလျက် အနောက်သို့ရှေးရှုပြ၍ ရပ်တော်မူရာ ခပ်သိမ်းသော ဘုရားရှင်တို့၏ ပလ္လင်တည်ရာဖြစ်၍ တုန်လှုပ်ခြင်းမရှိ မြေပြင်ကြံ့ကြံ့ခံလေ၏။

ထိုအခါ ရှေးရှုနေတော်မူသောဘုရားလောင်းသည် "ဤအရပ်ကား ဘုရားဖြစ်ရာဌာနမှန်ပြီ" ဟု နှလုံးထားတော်မူပြီး၍ မြက်ရှစ်ဆုပ်ကို အဖျားကကိုင်၍ ကြဲဖြန့်တော်မူလေလျှင် ထိုခဏ၌ တတ်လှစွာသော ပန်းချီပန်းပုတို့သည် ရေးထုခြင်းငှါမတတ်ကောင်းသော လျောက်ပတ်တင့်တယ် ဆန်းကြယ်လှစွာသော တဆယ့်လေးတောင် အပြန့်ကျယ်သော အပ္ပရာဇိတ်ရွှေပလ္လင်ပေါ်လေ၏၊ထိုအခါ ဘုရားလောင်းသည်

ဗောဓိပင်စည်ကိုအမှီပြု၍ အရှေ့မျက်နှာကိုရှေးရှုလျက် ထိုပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူပြီးလျှင်–

"ငါ့ကာယ၏အကြော, အသား, အသွေး ခန်းခြောက်၍ အရိုးစုမျှသာ ကြွင်းစေ၊ မြေကြီးပြောင်းပြန် လံသော်လည်း လံစေ၊ ငါ၏ဦးခေါင်းထက်၌ မိုယ်းကြိုးစက် သိန်းသန်းကုဋေကျသော်လည်းကျစေ၊ လောကသုံးပါး၌ ဘုရားစင်စစ် မဖြစ်သမျှ ဤပလ္လင်ထက်မှ ငါမထပြီ"–

ဟု စတုရင်္ဂဝီရိယဖြင့်နေတော်မူလေ၏၊ ထိုအခါ–

၁။ သိကြားမင်းသည် တကြိမ်မှုတ်လျှင် လေးလကြာမှအသံစဲသော ဝိဇယုတ္တရခရုသင်းကိုမှုတ်လျက်ရှင်း,

၂။ ပဉ္စသိခနတ်သားသည် သုံးဂါဝုတ်မျှရှိသော ဗေဠုဝစောင်းကို တီး၍ရှင်း,

၃။ သုယာမနတ်သားသည် သားမြီးယပ်ကို ကိုင်၍ရှင်း,

၄။ သန္တုသိတနတ်သားသည် ပတ္တမြားထီးဝန်းကို ကိုင်၍ရှင်း,

၅။ ကာလနဂါးမင်းသည် အရာမက များစွာသော ဂါထာတို့ဖြင့် ဘုရားလောင်း၏ကျေးဇူးတော် ဂုဏ်တော်တို့ကို ချီးမွမ်းလျက်ရှင်း,

၆။ သဟံပတိဗြဟ္မာမင်းသည် သုံးယူဇနာရှိသော ထီးဖြူကိုဆောင်းလျက်ရှင်း,

၇။ စကြဝဠာတသောင်း၌နေသော နတ်အပေါင်းတို့သည် အထူးထူးသော ပန်းတို့ဖြင့် ပူဇော်၍ ရာထောင်မက များလှစွာသော ကောင်းချီးပေးခြင်းကိုပြုလျက်ရှင်း–

အသီးအသီးရပ်လာကြကုန်၏။

ဘုရားလောင်းဗောဓိမဏ္ဍိုင်သို့ကြွတော်မူခန်းပြီး၏။

## ၈။ ဘုရားလောင်းမာရ်ငါးပါးကို အောင်တော်မူခဏ်း

ထိုအခါ ဝသဝတ္တိမာရ်နတ်မင်းသည် "ဤသိဒ္ဓတ်မင်းသားအား ငါ၏နိုင်ငံကို လွန်ခြင်းငှါ ငါမပေးအံ့"ဟု အကြံပြု၍မာရ်မင်း၏ကြွေး ကြော်ခြင်းဖြင့် ကြွေးကြော်၍ မာရ်စစ်သည်တို့ကို စုရုံး၏၊ မာရ်စစ်သည် တို့ကား မာရ်မင်း၏ ရှေ့တဆယ့်ရှစ်ယူဇနာ,နောက်စကြဝဠာတံတိုင်း ထိအထုရှိ၏၊ မာရ်နတ်မင်း၏လက်ျာ, လက်ဝဲတို့၌ကား တဆယ့်နှစ်ယူ ဇနာစီအထုရှိ၏၊ အထက်၌ကား ကိုးယူဇနာအထုရှိ၏၊မာရ်နတ်၏ စစ် သည်ဗိုလ်ပါတို့ ဟစ်ကြော်သောအသံသည် မြေကြီးဟည်းသကဲ့သို့ ယူဇနာတသောင်းတိုင် ဖုံးလွှမ်း၏၊ မာရ်နတ်မင်းမှာမူကား ယူဇနာ တရာ့ငါးဆယ်ရှိသော ဂိရိမေခလာဆင်ကိုစီး၍ လက်ရုံးတထောင် ဖန်ဆင်းပြီးလျှင် အထူးထူးသော လက်နက်တို့ကို စွဲကိုင်၏၊ ၎င်း၏ စစ်သည်တို့လည်း ကြောက်မက်ဘွယ်ရန် အဆင်းသဏ္ဍာန် ဖန်ဆင်း လျက် အသီးအသီးလက်နက်ကိရိယာတို့ကိုစွဲကိုင်၍ ဘုရားလောင်းကို လွှမ်းမိုးရန်လာကုန်၏၊ ထိုအခါ—

၁။ သိကြား, နဂါး, ဗြဟ္မာစသည်တို့သည် တဦးတယောက်မျှ ရပ်တန့်ခြင်းငှါ မတတ်နိုင်ကြရကား မိမိတို့ရှေးရှုရာ အရပ် သို့သာ ပြေးကြလေကုန်၏။

၂။ ကာလနဂါးမင်းသည်လည်း မြေ၌ငုပ်၍ ယူဇနာ ငါးဆယ် ရှိသော မဉ္ဇရကနဂါးပြည်သို့ သွားလေပြီးလျှင် လက်နှစ်ဘက် တို့ဖြင့် မျက်နှာကိုပိတ်လျက်အိပ်၏။

၃။ သိကြားမင်း သည်လည်း ဝိဇယုတ္တရ ခရုသင်းကို လွယ်၍ စကြဝဠာတံတိုင်းနားသို့သွား၍ရပ်၏။

၄။ သဟံပတိဗြဟ္မာကြီးသည်လည်း ထီးဖြူကို အထွတ်ကကိုင်၍ ဗြဟ္မာ့ပြည်သို့သာလျှင်သွားလေ၏။

တသောင်းသောစကြဝဠာမှလာရောက်သော နတ်ဗြဟ္မာတို့သည် တဦးတယောက်မျှရပ်တန့်ခြင်းငှါ မတတ်နိုင်သဖြင့် ဘုရားလောင်းသည် ဆိတ်ငြိမ်သောဗြဟ္မာကြီး၏ဗိမာန်၌တယောက်အထည်းတည်းကပ်သော

ဖြဟ္မာကြီးကဲ့သို့ တယောက်အထည်းတည်းသာလျှင် နေတော်မူ၏၊ ထိုအခါမာရ်နတ်သည်စစ်သည်အပေါင်းခြံရံလျက်လွှမ်းမိုးသကဲ့သို့လာ၍ ဗောဓိမဏ္ဍိုင်အနီးသို့ ရောက်လတ်သော် ရဲရဲပြောင်ပြောင် တောက်သောသံတွေခဲ၌ယင်အပေါင်းတို့မနားဝံ့သကဲ့သို့ တဥသဘမျှကျယ်ဝန်းသော ဗောဓိပင်သို့ မချဉ်းကပ်ဝံ့ဘဲအဝေးကရပ်ပြီးလျှင် မိမိစစ်သည်တို့ကို ဤသို့ဆို၏၊ "အချင်းတို့.... သုဒ္ဓေါဒနမင်းကြီး၏ သားတော်ဤသိဒ္ဓတ္ထမင်းသားနှင့် ရည်တူရဲရင့်သူ တပါးသော ယောကျာ်းမြတ်သည်မရှိသဖြင့် ငါတို့သည် ချက်နှာရင်ဆိုင်၍ စစ်ပြိုင်ထိုးခြင်းငှါမဝံ့ချေ၊ နောက်မှနေ၍သာလျှင် စစ်ထိုးအံ့"ဟု ဆို၏။

ထိုအခါ ဘုရားလောင်းသည် လက်ဝဲ,လက်ျာ,ရှေ့တူရူဟု ဆိုအပ်သော သုံးမျက်နှာသော အရပ်တို့ကို ရှုကြည့်တော် မူလတ်သော် ခစားရန်လာကုန်သောနတ်,သိကြား, ဗြဟ္မာ အစရှိသော နတ်တို့၏ ပြေးလေသည်၏အဖြစ်ကြောင့် အလုံးစုံဆိတ်ညံသော အရပ်မျက်နှာတို့ကို မြင်တော်မူ၏၊ တဖန်မြောက်မျက်နှာအရပ်ကို ကြည့်တော်မူပြန်သော် လွှမ်းမိုး၍လာသော မာရ်စစ်သည်ကိုသာမြင်တော်မူ၍—

"ဤမျှလောက် အတိုင်းအရှည်ရှိသော စစ်သည်ဗိုလ်ပါအပေါင်းတို့သည် ငါတယောက်တည်းကိုသာရည်၍ ကြီးစွာသော လုံ့လကိုပြုကြကုန်၏၊ယခုဤအရပ်၌ငါ၏မယ်တော် သိရိမဟာမာယာသည်ရှင်း, မိထွေးတော် မဟာပဇာပတိဂေါတမီသည်ရှင်း, ခမည်းတော် သိရိသုဒ္ဓေါဒန မင်းကြီးသည်ရှင်း, ညီတော် နန္ဒမင်းသားသည်ရှင်း, နှမတော် ဇနပဒကလျာဏီ, မြောက်သားတော် ယသောဓရာ,သားတော် ရာဟုလာတို့သည်ရှင်း, တိုင်ပင်ကြံစည်ကောင်းသော ဆွေမျိုးသားချင်းတို့သည်ရှင်း တစုံတယောက်သောသူမျှ မရှိချေ၊ ငါ၏ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ဆည်းပူးအပ်သော ပါရမီဆယ်ပါးတို့သည်သာလျှင် ငါ့အား ရှည်စွာသော နေ့ညဥ့်ပတ်လုံး သားမြေး ကျေးကျွန်အခြွေအရံ စစ်သည်ဗိုလ်ပါတို့နှင့်တူကုန်၏၊ ထို့ကြောင့် ငါသည် ထိုပါရမီဆယ်ပါးတို့ကိုသာလျှင်

ရဲမက်ဗိုလ်ပါ, လွှား, ကာ, လှံ, ဓား, လေး, မြှား, မီးပေါက်, အမြောက်, သေနတ်ပြု၍ ပါရမီတည်းဟူသော လက်နက်ဖြင့် သာလျှင် ယခုရောက်လာသော မာရ်စစ်သည် အပေါင်းတို့ကို ဖျက်ဆီးခြင်းငှါအပ်၏"–

ဟု ကြံတော်မူပြီးလျှင် ဆယ်ပါးသော ပါရမီတို့ကို ဆင်ခြင်တော်မူလျက် အရှေ့လောကဓာတ်သို့ မျက်နှာမူအပ်သော မျက်နှာတော်သည် တပါးသောအရပ်သို့ တဆံဖျားမျှတိမ်းပါးခြင်းကို မဖြစ်စေဘဲ ရဲရင့်မြတ်တွတ်သောနှလုံးဖြင့်နေတော်မူ၏။

## မာရ်နတ်ထိုးစစ်ဆင်ခြင်း

ထိုအခါ မာရ်နတ်သည် စကားဖြင့်ခြိမ်းချောက်၍ သိဒ္ဓတ်မင်းသားကို ဤမဟာဗောဓိမှပြေးစေအံ့ဟုကြံလျက် မိမိစစ်သည်အပေါင်းတို့ကို ကြည့်၍ "အချင်းတို့····ထကြကုန်လော့၊ အဘယ့်ကြောင့် ယခုတိုင် မလှုပ်မရှက်နေကြသနည်း၊ သိဒ္ဓတ်မင်းသားကိုဖမ်း၍ နှောင်ဖွဲ့ခြင်း, လက်ခြေဦးခေါင်းကိုဖြတ်ခြင်း, နားကိုလှီးခြင်း, ပါးကိုဖေါက်ခြင်း များကိုပြုကြကုန်လော့"ဟုဟစ်၏၊"ဟယ်အချင်းတို့····ငါသည်ကာမာဝစရနတ်ပြည်ခြောက်ထပ်ကိုစိုးပိုင်၍ တခါတရံ ဗြဟ္မာပါရိသဇ္ဇာဘုံ၌ ဗြဟ္မာတို့၏ကိုယ်ကဲ့သို့ပင် ဝင်ငုပ်ခြင်းငှါ စွမ်းနိုင်သော တန်ခိုးရှိသောကြောင့် နတ်လူအပေါင်းတို့ထက် ငါသည်အားကြီးမြတ်သည်တကား၊ ဤသိဒ္ဓတ်မင်းသားသည် လူမိန်းမ၏ဝမ်း၌ သုက်သွေးဟု ဆိုအပ်သော ကလလရေကြည်ဝယ် ပုပ်သောအသားငယ်ဖြစ်သောပိုးလောက်ကဲ့သို့ ဖြစ်လျက် ဤရဟန်းသည် အရှက်အကြောက် မရှိ၊ မိမိ၏အတိုင်းအရှည်ကိုမျှ မသိယောင်တကား၊မကြောက်မလန့်ငါ၏ရှေ့ရှု၌ မထဘဲ နေဝံ့စွတကား"ဟုဆို၍ ဟစ်ကြော်၏။

၁။ ထိုနောက် မာရ်နတ်သည် ဤသိဒ္ဓတ်မင်းသားအား လေဖြင့် လွင့်စိမ့်မည်သို့ ဆိုပြီးလျှင် အရှေ့မျက်နှာမှ အနောက်သို့ရင်း, တောင်မှမြောက်သို့ရင်း, အနောက်မှအရှေ့သို့ရင်း, မြောက်မှ တောင်သို့ရင်း ပြင်းထန်စွာလာသောဝေရမ္ဘလေပွေကြီးတို့ကို ထစေ၏၊ ထိုလေတို့သည် ယူဇနာဝက်, တယူဇနာ, နှစ်ယူဇနာ

အမြင့်ပမာဏရှိကုန်သော တောင်ထွတ်တို့ကို ကွဲပြတ်စေလျက် တောခြုံသစ်ပင်တို့ကို အမြစ်မိုးမျှော်ပြု၍ ထက်ဝန်းကျင်သောရွာနိဂုံးတို့ကို မှုန့်မှုန့်ညက်ညက် ပြုခြင်းငှါ စွမ်းနိုင်သော်လည်း ဘုရားလောင်း၏ ပါရမီတော်တည်း ဟူသောအာနုဘော်ကြောင့် ကင်းသောအာနုဘော် ရှိကုန်သည်ဖြစ်၍ ဘုရားလောင်း၏ အထံတော်သို့ရောက်လျှင် သင်္ကန်းတော်စွန်းကိုမျှလည်း လှုပ်စေခြင်းငှါမတတ်နိုင်ကုန်၊ ထိုအခါ မာရ်နတ်သည် "ယခုအခါ သိဒ္ဓတ်မင်းသားကား ဝေရမ္ဘလေထဲတွင်ပါလွင့်လေပြီလော"ဟု ကြည့်သော် မင်းတုပ်ကျောက်စာတိုင်ကဲ့သို့ နိုင်ခံ့စွာစံနေတော်မူသော ဘုရားလောင်းကိုမြင်လျှင် "ဘုန်းတန်ခိုးကြီးပေစွ" ဟု အောက်မေ့၍ နှလုံးမသာခြင်းသို့ရောက်၏။

၂။ ထိုနောက် "၍သိဒ္ဓတ်မင်းသားကား မိုဃ်းရေတွင်နစ်၍သေစေအံ့"ဟုကြံလျက် အလွှာတရာအလွှာတထောင်ရှိသော တိမ်တိုက်တို့ကို တက်စေ၍ သည်းထန်စွာသော မိုဃ်းကြီးကိုရွာစေ၏၊ထိုရွာသော မိုဃ်းရေအယဉ်ဖြင့် မြေကြီးတို့သည်ကွဲကုန်၏၊ တောတောင်သစ်ပင်တို့၏ အထက်အဘို့ဖြင့် မိုဃ်းရေတို့သည် လွှမ်းမိုး၍ စီးကုန်၏၊ ထိုမျှလောက်သော မိုဃ်းကြီးသည် ရွာစီးသော်လည်း ဘုရားလောင်း၏ သင်္ကန်းတော်၌ဆီးနှင်းပေါက်မျှ စွတ်စိုစိမ့်သောငှါ မတတ်နိုင်ကုန်။

၃။ ထိုနောက် မာရ်နတ်သည်ကြီးစွာသော ကျောက်ခဲမိုဃ်းကိုရွာစေရာ ကြီးစွာသောတောင်ထွတ်တို့သည် အခိုးအလျှံထွက်ကုန်လျက် ကောင်းကင်ဖြင့်လာ၍ ဘုရားလောင်း၏ ရှေ့တော်သို့ရောက်လျှင် မွှေးထုံသင်းပျံ့လှစွာသော နတ်ပန်းဆိုင်း နတ်ပန်းကုံးတို့ချည်းသာ ဖြစ်လေကုန်၏။

၄။ ထိုနောက် လက်နက်မိုဃ်းကို ရွာစေပြန်ရာ တဘက်အသွားရှိသော သန်လျက်, နှစ်ဘက်အသွားရှိသော သန်လျက်, လှံ, သင်ခုန်း အစရှိသည်တို့သည် အခိုးအလျှံ ထွက်ကုန်လျက်

အထက် ကောင်းကင်မှလာ၍ ဘုရားလောင်း ရွှေတော်သို့ ရောက်လျှင် မြတ်လေး, စကား, ခရားစသော နတ်ပန်းတို့ ချည်းသာ ဖြစ်လေကုန်၏။

၅။ ထို့နောင်မှ မီးကျီးမိုယ်းကိုရွာစေပြန်ရာ ပေါက်ပွင့်အဆင်း ရှိသော မီးကျီးစုတို့သည် ကောင်းကင်ဖြင့်လာကုန်၍ ဘုရား လောင်းရွှေတော်သို့ ရောက်လျှင် နတ်ပန်းဖြစ်၍ ဖရိုဖရဲကြဲ ကုန်၏။

၆။ ထိုနောက်မှတဖန်ထပ်မံ၍ ပြာပူမိုယ်းတို့ကိုရွာစေပြန်ရာ အလျှံ ရဲရဲညီသော မီးခဲအဆင်းရှိသော ပြာပူသည် ကောင်းကင်မှ လာ၍ ဘုရားလောင်း၏ ခြေရင်းတော်သို့ ရောက်လေလျှင် အလွန်မွှေးထုံလှစွာသော သရက္ခန်, စန္ဒကူး, နံ့သာမှုန့်တို့ ချည်းသာဖြစ်၍ ကျလာလေကုန်၏။

၇။ ထို့နောင် သဲမိုယ်းကိုရွာစေပြန်ရာ အလွန်သေးဖွဲ့ သိမ်မွေ့လှ စွာသော သဲတို့သည် အခိုး ခြောင်းခြောင်း ထကုန်လျက် အထက်ကောင်းကင်မှလာ၍ ဘုရားလောင်း၏ ခြေရင်းတော် သို့ ရောက်လျှင် နတ်ပြည်၌ဖြစ်သော အမွှေးအထုံ ဝတ်မှုံအစု သာ ဖြစ်ကုန်၏။

၈။ ထိုနောက် ညွန်ပျောင်းမိုယ်းကိုရွာစေပြန်ရာ အလွန်စေး ကပ်သော ညွန်ပျောင်းအစုအခဲတို့သည် အခိုးခြောင်းခြောင်း ထကုန်လျက် အထက်ကောင်းကင်မှလာလတ်၍ ဘုရားလောင်း ၏ ခြေရင်းတော်သို့ရောက်လျှင် အလွန်မွှေးကြိုင် ပျံ့လှောင်း သော နတ်နံ့သာပျောင်းတို့ချည်းသာ ဖြစ်ကုန်၏။

၉။ ထို့နောင် မာရ်နတ်သည် "ဤသိဒ္ဓတ်မင်းသားကား အမိုက် တိုက်ဖြင့်လန့်ကြောက်၍ပြေးစေအံ့" ဟုကြံလျက် အမိုက်တိုက် ကိုဖြစ်စေရာ ဘုရားလောင်းသည် ရောင်ခြည်တော်ကိုလွှတ်လျက် တခဲနက်သောအလင်းကိုဖြစ်စေ၏။

၁၀။ မာရ်နတ်လည်း ဘုရားလောင်းနှ့်် တစုံတခုသော အန္တရာယ် မရောက်သည်ကို ကြောက်ထိတ်လန့်၍ ပြေးအံ့သောငှါ ကြီး

စွာသော ဥက္ကာကိုပျံစေရာ ဥက္ကာတို့မှ အခိုးအလျှံ ထွက်၍ ကောင်းကင်အလုံး ရိုက်ချုန်းမြည်ဟည်းလျက် မိုယ်းကြိုးစက် အရာအထောင်မက ကျကုန်၏။

၁၁။ ထိုအခါ မာရ်နတ်သည် ဤမျှလောက် စစ်ထိုးလျက် ဘုရားလောင်းအား စိုးစဉ်းမျှ ကြောက် ထိတ်လန့်ခြင်းကို ပြုအံ့သော ငှါ မစွမ်းနိုင်သဖြင့် မိမိ၏ များစွာသော စစ်သည်ဗိုလ်ပါတို့ကို ဤသို့ဆို၏၊"အချင်းတို့....အဘယ့်ကြောင့် ဤကဲ့သို့ကြာမြင့်စွာ ရပ်၍နေဘိသနည်း၊သိဒ္ဓတ္ထမင်းသားကိုဖမ်းကုန်လော့၊ နှောင်ဖွဲ့ကုန်လော့၊ဦးခေါင်း လက်ခြေတို့ကို ဖြတ်ကုန်လော့၊ ရင်ကိုခွဲကုန်လော့၊ မလွတ်ကြစေလင့်"ဟု ဟစ်အော် ကြွေးကြော်၍ ဆို၏၊မိမိမှာမူကား ယူဇနာ တရာ့ငါးဆယ်ရှိသော ဂိရိမေခလာအမည်ရှိသောဆင်၏ ဦးကင်းထက်စီးလျက် စွဲကိုင်သော စက်နက်လက်ဖြင့် ဘုရားလောင်းကိုပစ်၏။

မာရ်မင်းစွဲကိုင်သော စက်လက်နက်၏ တန်ခိုးအာနုဘော်မှာ မာရ်မင်း အမျက်ထွက်၍ မြေကိုပစ်လွှတ်သည် ရှိသော် မြက်သစ်ပင်တို့သည် တဆယ့်နှစ်နှစ်ပတ်လုံး မပေါက်ရောက်နိုင် သုန်ဖျင်းကုန်၏၊ ကောင်းကင်သို့ ပစ်လွှတ်သည် ရှိသော် မိုယ်းတို့သည် တဆယ့်နှစ်နှစ်ပတ်လုံး မရွာနိုင် ဖြစ်ကုန်၏၊ တာဝတိံသာ နတ်တို့နေရာ မြင့်မိုရ်တောင်ကို ပစ်လွှတ်သည် ရှိသော် အဝန်းလုံးပတ် ယူဇနာ နှစ်သိန်း ငါးသောင်း နှစ်ထောင် ရှိသောမြင့်မိုရ်တောင်သည် နှစ်ဖြာကွဲ၍ ကျရာ၏၊ဤကဲ့သို့ တန်ခိုးအာနုဘော်နှင့် ပြည့်စုံသော စက်လက်နက်သည် မာရ်မင်းကိုနှိမ်နင်းနိုင်ခြင်းငှါ ဘုရားလောင်း၏ ခြေရင်းတော်၌ ခြေသုတ်ကြိုးဝန်းကဲ့သို့ဖြစ်၍ကျလေ၏။

၁၂။ မာရ်မင်း၏ စစ်သည်တို့သည်လည်း အထူးထူးသော ကြောက်မက်ဘွယ်တို့ကိုပြုခြင်း, ကျောက်လုံး တောင်ထွတ်တို့ဖြင့် ပစ်လွှတ်ခြင်းများကို စွမ်းအားရှိသမျှပြုလုပ်ကြသော်လည်း ဘုရားလောင်း၏ခြေရင်း၌ ပန်းကုံးပန်းဆိုင်းဖြစ်၍ ကျလေ၏၊ထိုအခါ မာရ်နတ်သည် ဘုရားလောင်း၌ အန္တရာယ် မရှိသည်ကို မြင်၍

အမှုက်ပြင်းစွာထွက်ပြီးလျှင် "ဂိရိမေခလာဆင်ဖြင့် တိုက်ခွေ၍ ပလ္လင်မှချအံ့"ဟု အနီးသို့ ချဉ်းကပ်လာရာ ဆင်သည် ဦးခေါင်းမြေစိုက် ပုဆစ်တုပ်ဝပ်၍ မာရ်မင်းသည် ဆင်ထက်မှ မြေသို့လျှောကျလေ၏။

## လက်နက်စစ်မှ ဝါဒစစ်သို့ပြောင်းလိုက်ခြင်း

မာရ်နတ်လည်း မိမိ၏စစ်သည်တို့ကို ရှက်နိုး၍ "ဤသိဒ္ဓတ်မင်းသားကား ဘုန်းတန်ခိုးကြီးပေစွ၊ စစ်ထိုး၍မအောင်နိုင်ချေ၊ ဤအရပ်မှပြေးရသော်ကောင်း၏"ဟု အကြံဖြစ်ပြီးမှ ဤသို့ကြံပြန်၏၊ "ဤသိဒ္ဓတ်မင်းသားကား ဤအရပ်၌ သက်သေ တစုံတယောက်မျှမရှိ၊ ငါ့အားသက်သေများစွာရှိ၏၊ သက်သေကိုတည်၍ ဤအရပ်မှသွားစေရသော် ငါ၏အောင်နိုင်ခြင်းသို့ရောက်ရာ၏"ဟု ရှက်ဆေးချေအံ့သောငှါ ဤသို့ဆို၏။

> "သိဒ္ဓတ်မင်းသား....ဤပလ္လင်မှထသွားလော့၊ ဤညောင်ဗုဒ္ဓဟေပင်အောက် ရောက်သောပလ္လင်သည်ကား သင်၏အဘို့ဖြစ်လာရောက်လာရသည်မဟုတ်၊ငါ့ဘို့သာဖြစ်လာပေါက်လာရသည်၊ သင်ဆင်းလော့"—

ဟု ဆို၏၊ ထိုစကားကိုဘုရားလောင်းကြားလေသော် အဏ္ဏမြွခန့်မျှနှလုံးမသာယာခြင်းကိုမပြုဘဲ မေတ္တာတည်းဟူသောစိတ်ဖြင့် မာရ်နတ်ကိုကြည့်လျက် ကေသရာဇာခြင်္သေ့မင်းကဲ့သို့ မကြောက်မရွံ့ ဤသို့ဆိုတော်မူ၏၊

> "ကာမာဝစရနတ်ပြည်ကိုအစိုးရသော ဟယ်မာရ်ယုတ်....သင်သည် အညံ့ဆုံးဖြစ်သောပါရမီဆယ်ပါးကိုဎင်း, အလတ်ဖြစ်သော ဆယ်ပါးသော ဒသဥပပါရမီကိုဎင်း, အမြတ်ဖြစ်သော ဒသပရမတ္ထပါရမီကိုဎင်း,ဒါနပရိစ္စာဂစသော စွန့်ခြင်းကြီးငါးပါးကိုဎင်း, လူသုံးပါးတို့အကျိုးငှါ ကျင့်သော လောကတ္ထစရိယ,ဆွေမျိုးတို့၏အကျိုးငှါ ကျင့်သော ဉာတတ္ထစရိယ, ဘုရားဖြစ်ခြင်း၏ အကျိုးငှါကျင့်သော ဗုဒ္ဓတ္ထစရိယ၊ ဤစရိယသုံးပါးတို့ကိုဎင်း သင်သည် တစုံတခုဖြည့်ခြင်း, ကျင့်ခြင်းမရှိပါဘဲလျက် ဤပလ္လင်သည် သင့်အဘို့ ရောက်နိုင်ပါမည်လော၊

ပါရမီဆယ်ပါး, အပြားသုံးဆယ်,ငါးသွယ် စွန့်ခြင်း, သုံးစင်း သောစရိယတို့ကို အကမ္ဘာဘာ သံသရာအဆက်ဆက် ဖြည့်ကျင့်၍လာသော ငါ့အတွိသာလျှင် ပေါက်လာ ရောက်လာသည်"—

ဟုဆို၏၊ ထိုစကားကိုမာရ်နတ်ကြားလျှင်—

"သိဒ္ဓတ်မင်းသား…အဘယ့်ကြောင့် ငါ့ပလ္လင်၌ ကြာမြင့်စွာထိုင်၍နေဘိသနည်း၊ ယခုပင်သင်ထ၍သွားလော့၊ ငါသည် အလှူပေးခြင်း, သီလဆောက်တည်ခြင်း, စရိယသုံးပါး ကျင့်ခြင်းများကို ပြုလုပ်သည့်အတွက် ဤပလ္လင်သာ မဟုတ်သေး၊ နတ်ပြည်ခြောက်ထပ်နှင့်တကွ လောက အလုံးကိုပင် စိုးပိုင်သည်"—

ဟူ၍ဆို၏၊ ထိုစကားကို ဘုရားလောင်းကြားလျှင်—

"ဟယ်ယုတ်မာလှစွာသော မာရ်နတ်…. သင်သည် ငါ့ကို တားမြစ်ခြင်းငှါ စွမ်းနိုင်မည်မဟုတ်၊ သူတပါးတို့ မအောင်နိုင်သော ဤအပ္ပရာဇိတပလ္လင်၌ ကိလေသာကို ကုန်စေလျက် သတ္တဝါတို့ကိုသံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်အောင် ကယ်တင်အံ့၊ သင်သည်မည်သည့်နည်းနှင့်မှ ငါ့အား တားမြစ်ခြင်းငှါ မစွမ်းနိုင်"—

ဟု ဆို၏၊ ထိုစကားကိုမာရ်နတ်ကြားလျှင် ပြင်းစွာအမျက်ထွက်၍ နတ်စက်လက်နက်တို့ဖြင့် ပစ်လွှတ်ပြန်ရာ ပါရမီဆယ်ပါး တရားတို့ကို ဆင်ခြင်တော်မူသော ဘုရားလောင်း၏ အထက်၌ ရွှေဗိတာန်ကြက်သကဲ့သို့ရင်း, မာရ်နတ်၏ ဗိုလ်ပါတို့ပစ်လွှတ်ကြပြန်သော ကျောက်တောင်ထွတ်တို့သည် ပန်းကုံးပန်းဆိုင်းကဲ့သို့ရင်း အသီးသီးဖြစ်၍တည်ကြလေ၏။

## မာရ်နတ်စစ်ရှုံး၍ထွက်ပြေးခြင်း

ထိုအခါ တသောင်းသော စကြဝဠာတိုက်၌ နေကုန်သော နတ်အပေါင်းတို့သည် ကိုယ်လက်များကို ဆန့်ကုန်ပြီးလျှင် ဦးခေါင်းကို ချီကုန်လျက် "အချင်းတို့…အလောင်းတော်မြတ် သိဒ္ဓတ်မင်းသား၏ ရှုစချင်ဘွယ် တင့်တယ်လျောက်ပတ် လှစွာသော အဆင်း ရှိသော

ကိုယ်တော်သည် ညှိုးလျော်ပျက်စီးခဲ့လေပြီ၊ ဘုရားလောင်း သိဒ္ဓတ်မင်းသားသည်ကား အဘယ်သို့သော အကျင့်မြတ်ကို တတ်နိုင်ပါအံ့နည်း"ဟု ကြည့်ကြကုန်၏၊ ထိုသို့နတ်အပေါင်းတို့ ရှုကြည့်စဉ်အခါ ဘုရားအလောင်းကိုယ်တော်မြတ်သည် မာရ်နတ်သားကို ဤသို့ဆို၏။

"ဟယ်မာရ်နတ်ယုတ်.... ပါရမီ ဖြည့်ပြီးသော ဘုရားလောင်းတို့အား ဘုရားဖြစ်မည့်နေ့ရက်၌ ရောက်မြဲဖြစ်သော အပ္ပရာဇိတပလ္လင်တော်သည် ငါ့အားသာ ထိုက်သက်ရောက်တော့သည်ဟုဆိုသည်၊ ဤပလ္လင်ကိုလို၍ သင်အလှူပေးသည်ကို အဘယ်သူ သက်သေရှိသနည်း"—

ဟုမေးတော်မူသော် မာရ်နတ်မင်း ပြန်ဆိုသည်ကား—

"သိဒ္ဓတ္တ ကုမာရမင်းသား.... ဤငါ၌ပါသော စစ်သည်သူရဲဗိုလ်ပါပရိသတ်အပေါင်းတို့သည်ပင် ငါ၏အသိသက်သေများဖြစ်ကြလေတော့သည်"ဟုမိမိ၌ပါလာသောစစ်သည်သူရဲဗိုလ်ပါ အပေါင်းတို့ကို လက်ညှိုး ညွှန်ပြလျှင် မာရ်မင်း၏ စစ်သည်သူရဲဗိုလ်ပါအပေါင်းတို့က "ငါအသိသက်သေတည်း၊ ငါအသိသက်သေတည်း"ဟု တပြိုင်နက်အသီးအသီးဟစ်အော်ကြွေးကြော်ကြသော အသံတို့သည် မြေကြီးကြည်းဟည်းသော အသံနှင့်တူ၏။

ဤအသီးအသီး သက်သေအဖြစ်ဖြင့် ဟစ်အော် ကြွေးကြော်ကြပြီးလျှင် မာရ်နတ်မင်းသည် ဘုရားလောင်းအား ဤသို့မေးပြန်၏။

"သိဒ္ဓတ်မင်းသား....သင်ကား ဤပလ္လင်ကိုအလိုရှိ၍ အလှူပေးသောအဖြစ်ကို အဘယ်သူတို့ သိသနည်း၊ အဘယ်သူသည်လျှင် သင်၏အသိသက်သေဖြစ်သနည်း၊ "ငါကဲ့သို့ အသိသက်သေအများကို ထင်ရှားအောင်သင်ပြနိုင်ပါအံ့လော"—

ဟု မေးပြန်၏၊ ဤသို့မာရ်နတ်မေးလေလျှင် ဘုရားလောင်းသည်—

"အချင်းမာရ်နတ်....သင်သည် သဝိညာဏက ဖြစ်သော သက်သေအများတို့ကိုပြ၏၊ ငါကားဤဗောဓိပလ္လင်၌သင်ကဲ့သို့ သဝိညာဏကဖြစ်သော သက်သေများကို တယောက်တည်းမျှ

ပြုနိုင်ရန်မရှိပြီ၊ ထိုသို့မပြုနိုင်သော်လည်း ငါသည် ဘဝများစွာ အဖြစ်၌ အလှူပေးခဲ့သည်ကို မဆိုထားဘိဦး ဝေဿန္တရာမင်းဖြစ်သောအခါ၌ ခုနစ်ကြိမ်ခုနစ်လီပင် ဤဗောဓိပလ္လင်ကို လိုချင်သောသမ္ဗာဆန္ဒဖြင့် တောင့်တ၍ လှူသော အလှူပေးခြင်းကို သဝိညာဏကအသက်ရှိသောသတ္တဝါမျှ မဟုတ်သေး၊ အသက်ဝိညာဉ်ရှိသော သတ္တဝါတို့ကဲ့သို့ အသက်ဝိညာဉ်ကင်းသော ဤမဟာပထဝီ မြေကြီးသည်ပင်လျှင် ငါ၏ခိုင်ခံ့သော သက်သေအဖြစ်၌တည်နိုင်သေးသည်''—

ဟု မိန့်တော်မူပြီးလျှင် သင်္ကန်းတော်တွင်းမှ ဆဒ္ဒန်ဆင်မင်းနှာမောင်းတော်နှင့်တူသော လက်ျာလက်မောင်းတော်ကို ထုတ်တော်မူလျက် ညွှန်အပ်သောလက်ညှိုးတော်ဖြင့် ရှေးရှုဆန့်တော်မူ၍—

> ''မဟာပထဝီမြေကြီး....ငါသည် ဝေဿန္တရာမင်း ဖြစ်စဉ် အပ္ပရာဇိတပလ္လင်ကို လိုချင်တောင့်တ၍ ခုနစ်ကြိမ် ခုနစ်လီ လှူသော အလှူကြီးကို ပေးလှူသောအခါ၌ သင်မဟာပထဝီ မြေကြီးသည် အသိသက်သေဟုတ်၏လော၊ မဟုတ်လော''—

ဟု မြေကြီးကိုရှေးရှုလျက် လက်တော်ကိုဆန့်၍ ညွှန်အပ်သော လက်ညှိုးတော်ဖြင့် မိန့်တော်မူလေသော် မဟာပထဝီ မြေကြီးသည် အသက်ဝိညာဉ်ရှိသောသတ္တဝါတို့ကဲ့သို့''ဝေဿန္တရာမင်းဖြစ်စဉ်၌အပ္ပရာဇိတရွှေပလ္လင်ကို လိုချင်တောင့်တ၍ အလှူကြီးပေးသောအခါ၌ ငါ အသိသက်သေပင်တည်း''ဟု အရာမျှလောက်သော မြည်သံဖြင့်ငင်း, အထောင်မျှလောက်သောမြည်သံဖြင့်ငင်း, အသောင်းမျှလောက်သော မြည်သံဖြင့်ငင်းမာရ်စစ်သည်တို့ကိုလွှမ်းမိုးဘိသကဲ့သို့ ပဲ့တင်ထပ်လေ၏၊ ထိုသို့မဟာပထဝီမြေကြီး သက်သေခံလေလျှင် မာရ်နတ်မင်း၏ယူဇနာ တရာ့ငါးဆယ်ရှိသော ဂိရိမေခလာဆင်သည် ပုဆစ်တုပ်လျက်ဝပ်လေ၏။

ထိုအခါ မာရ်နတ်မင်းသည်လည်း တစုံတခုသော အကြောင်းကိုမျှ မကြံစည်နိုင် လက်မှိုင်ချငေး၍ ဝသဝတ္တီဘုံသို့ ပြေးလေ၏၊ ထိုသို့မာရ်နတ်မင်းထွက်ပြေးလေလျှင် မာရ်နတ်၏ရဲမက်စစ်သည်ဗိုလ်ပါအပေါင်း

တို့ အထူးထူးသောအရပ်မျက်နှာတို့သို့အသီးသီးပြေးကြလေကုန်သော် နှစ်ယောက်သောသူတို့သည် တကြောင်းတည်းသောခရီးသို့ အတူပြေးကြလေသည် ဟူ၍ပင်မရှိ၊ တယောက်တခြားစီသာလျှင် ဦးခေါင်း၌ ဝတ်ဆင်သောတန်ဆာတို့ကိုငင်း, ကိုယ်၌ဝတ်ဆင်သော တန်ဆာတို့ကို ငင်း စွန့်ပစ်ခဲ့ကြ၍ တပါးရန်သူနောက်က လိုက်ဘိသကဲ့သို့ ရှေ့ရှုမိရာ အရပ်မျက်နှာတို့သို့သာလျှင် ပြေးကြလေကုန်၏။

### နတ်, နဂါး, ဗြဟ္မာတို့အောင်ပွဲခံခြင်း

ထိုသို့မာရ်စစ်သည်ဗိုလ်ပါတို့ပြေးသွားကြသည်ကိုနတ်အပေါင်းတို့မြင်ကြလေလျှင်“မာရ်နတ်မင်းသည်စစ်ရှုံးခြင်းကြီးရှုံးလေပြီ၊အလောင်းတော်မြတ်သိဒ္ဓတ်မင်းသားသည် စစ်အောင်တော်မူလေပြီ၊ ငါတို့သည် ယခုပင်လျှင်အောင်ပွဲပူဇော်ခြင်းကိုပြုကြကုန်အံ့”ဟုနတ်တို့သည်နတ်တို့အား, နဂါးတို့သည် နဂါးတို့အား, ဂဠုန်တို့သည် ဂဠုန်တို့အား, ဗြဟ္မာတို့သည် ဗြဟ္မာတို့အား အချင်းချင်းနှိုးဆော် တိုင်ပင်ကြပြီးလျှင် မွှေးထုံလှစွာသောပန်းနံ့သာအပေါင်းတို့ကို ဆောင်ကုန်လျက် ဘုရားလောင်းအထံတော်သို့ လာရောက်ပူဇော်ကြကုန်၏။

ထိုသို့ နဂါး, ဂဠုန်စသော သူတို့ဘုရားလောင်း၏ အထံတော်သို့ လာရောက် ပူဇော်ကြကုန်သော် တသောင်းသော စကြဝဠာတိုက်၌ နေကုန်သော နတ်အပေါင်းတို့သည်လည်း မိမိတို့နှင့် ထိုက်သည်အား လျော်စွာပန်းနံ့သာအထုံအခိုးအမျိုးမျိုးတို့ကို ပူဇော်ကြပြီးလျှင် “ဤသို့သော အောင်မြင်ခြင်းသည်ကား သာမညသောပါရမီရှင်တို့ အောင်မြင်ခြင်းမဟုတ်၊ ဘုန်းကြက်သရေ အထွေထွေတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား အလောင်းတော်၏ အောင်မြင်ခြင်းဖြင့်သာ အောင်မြင်တော်မူနိုင်ပေသတည်း၊ ဤသို့ ရှုံးခြင်းကြီးသည်ကား ယုတ်မာသော ရှုံးခြင်းကြီးတည်း”ဟုမာရ်နတ်သားအား ရှုတ်ချကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် ဘုရားလောင်း၏ အောင်မြင်တော်မူခြင်းကိုသာ ချီးမွမ်းကြလေကုန်၏။

ဤစကြဝဠာတိုက်မှ ကြွင်းသော တပါးသော စကြဝဠာတိုက် အပေါင်း၌နေကုန်သော နတ်တို့သည်လည်း ပန်းနံ့သာ အစရှိသည်

တို့ကိုစွဲလျက် လာကြကုန်ပြီးသော် ဘုရားလောင်းအား ပူဇော်ကြကုန်လျက် အသီးအသီး ချီးမွမ်းအံ့ဩထောမနာ၍ နေကြကုန်၏၊

ဘုရားလောင်းမာရ်ငါးပါးကိုအောင်တော်မူခဏ်းပြီး၏။

---

## ၉။ ဘုရားလောင်းသဗ္ဗညုတဉာဏ်ကိုရတော်မူခဏ်း

ဤသို့ဘုရားအလောင်း နေမဝင်မီလျှင် မာရ်စစ်သည်တို့ကိုဖျက်ဆီးအောင်မြင်တော်မူ၍ သက်နံတော်၏အထက်ကျသော ဗောဓိခက်ညွန့်တို့ဖြင့်၎င်း,နီလှစွာသော သန္တာရွက်ချပ်တို့ဖြင့်၎င်း ပူဇော်အပ်သည်ဖြစ်၍ ညဉ့်ဦးယံတွင်ရှေးရှေး၌ဖြစ်ခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ခြင်းတည်းဟူသောပုဗ္ဗေနိဝါသဉာဏ်ကိုအဘန်တလဲလဲအောက်မေ့တော်မူ၍ သန်းခေါင်ယံ၌ နတ်မျက်စိနှင့် အမြင်တူသော ဒိဗ္ဗစက္ခုဉာဏ်ကို သုတ်သင်တော်မူ၍ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်တရားကိုဆင်ခြင်ခြင်းတည်းဟူသော ဉာဏ်ကိုသက်စေတော်မူ၍ ထိုသို့သက်စေတော်မူသောအခါ၌ ဘုရားလောင်း ယောကျ်ားမြတ်၏ တဆယ့်နှစ်ပုဒ်ရှိသော ပဋိစ္စသမုပ္ပါဒ်ကို အဖြစ်အပျက်အားဖြင့်၎င်း,အနုလောမ-ပဋိလောမအားဖြင့်၎င်း သုံးသပ်ဆင်ခြင်တော်မူစဉ် တသောင်းသောလောကဓာတ်သည် ရေအဆုံးရှိသည်ကိုပြု၍ တဆယ့်နှစ်ကြိမ်တိုင်တိုင်လှုပ်လေ၏။

[ဤ၌ ဉာဏ်တို့၏အထူးအပြားကို အဋ္ဌကထာဆရာ ဥပမာပြသည်ကား–ပကတိသာဝကဉာဏ်ကို ဆီမီးရောင်ပမာ, မဟာသာဝကဉာဏ်ကို မီးရှူးပမာ, အဂ္ဂသာဝကဉာဏ်ကို သောက်ရှူးပမာ,ပစ္စေကဗုဒ္ဓဉာဏ်ကို လရောင်ပမာ, သဗ္ဗညုတဉာဏ်တော်ကို တန်ဆောင်မုန်းလ သရဒအခါ နေဝန်းပမာဖြင့် ဥပမာပြဆို၏။]

### အံ့ဘွယ်အဖြာဖြာ

ဘုရားလောင်း ယောကျ်ားမြတ်သည်ကား တသောင်းသော လောကဓာတ်ကို အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါမျှ ပဲ့တင်ထပ်စေ၍ နေအရုဏ် တက်သောအခါ၌ သဗ္ဗညုတဉာဏ်ကို ရတော်မူသောအခါ–

၁။ အလုံးစုံသော လောကဓာတ်သည် တန်ဆာဆင်ခြင်းနှင့် စပ်သည်ဖြစ်၏။

၂။ အရှေ့စကြဝဠာနား၌ စိုက်ထူအပ်သော တံခွန်တို့၏အရွက်ဖျားတို့သည် အနောက်စကြဝဠာနားကို ခတ်မိလေကုန်၏။

၃။ ထို့အတူ အနောက် စကြဝဠာနား၌စိုက်ထူအပ်သော တံခွန်တို့၏ အရွက်ဖျားတို့သည်လည်း အရှေ့စကြဝဠာနားကို ခတ်မိလေကုန်၏။

၄။ တောင်စကြဝဠာနား၌ စိုက်ထူးအပ်သော တံခွန်တို့၏အရွက်ဖျားတို့သည် မြောက်စကြဝဠာနားကိုခတ်မိလေကုန်၏။

၅။ မြောက်စကြဝဠာနား၌ စိုက်ထူအပ်သော တံခွန်တို့၏အရွက်အဖျားတို့သည်လည်း တောင်စကြဝဠာနားကို ခတ်မိလေကုန်၏။

၆။ ဤမြေပြင်စကြဝဠာပြည့်မျှ စိုက်ထူကြသော တံခွန်အလုံးစုံတို့သည်လည်း ဗြဟ္မာ့ပြည်တိုင်တိုင်ယိမ်း၍ တည်လေကုန်၏။

၇။ ဗြဟ္မာ့ပြည်၌ကဆွဲထားအပ်သော တံခွန်ရွက်ဖျားတို့သည်လည်း မြေပြင်ထိရောက် သက်ဆင်းသဖြင့် တည်လေကုန်၏။

၈။ တသောင်းသော စကြဝဠာတိုက်တို့၌ အပွင့်ကို ဆောင်ကုန်သော သစ်ပင်တို့သည် ပင်လုံးကျွတ်ပွင့်ကုန်၏။

၉။ အသီးကိုဆောင်ကုန်သော သစ်ပင်တို့သည်လည်း ပင်လုံးညွတ်မျှသီးကုန်၏။

၁၀။ ပင်စည် ပဒုမာ, အခက်ပဒုမာ, ပဒုမာအနွယ်, ကောင်းကင်၌ တွဲလျားဆွဲသော ပဒုမာတို့သည်လည်း အသီးသီး ပွင့်ကုန်၏။

၁၁။ တခဲနက်သော ကျောက်ဖျာအပြင်ကိုခွဲ၍အဆင့်ဆင့်များသော ရွက်ချပ်ရှိသော ဒဏ္ဍကမည်သော ပဒုမာတို့သည်လည်းပေါက်ကုန်၏။

၁၂။ တသောင်းသော လောကဓာတ်သည် လိမ်၍ ညွတ်အပ်သော ပန်းကုံးကဲ့သို့ငှင်း, ကောင်းစွာခင်းအပ်သော ပန်းအခင်းကဲ့သို့ ငှင်း မုလေး,ကြက်ရိုး, ဂမုံး, စံပယ်အစရှိသော ပန်းအလုံးစုံတို့ဖြင့် ပြွမ်းကုန်၏။

၁၃။ စကြဝဠာ တိုက်တို့၏ အကြားအကြား၌ ယူဇနာရှစ်ထောင် အကျယ်ရှိသော လောကန္တရိက် ငရဲတို့သည် နေခုနစ်စင်း၏ ထွန်းလင်းသောအရောင်ပင် လာသော်လည်း မထွန်းလင်းနိုင်ကြကုန်၊ ထိုအခါ၌ အသီးအသီး ဖြည့်ဆည်းပူးတော်မူခဲ့သော ဒဗ္ဗသမ္ဘာရပါရမီတော် အစွမ်းလက်နက်ကြောင့် တခဲနက်အလင်းကို ရကြလေကုန်၏။

၁၄။ ယူဇနာရှစ်သောင်းလေးထောင်အနက်ရှိသော မဟာသမုဒ္ဒရာသည် ချိုမြသောရေရှိ၍ အေးမြ ကြည်လင်ခြင်းသို့ ရောက်လေ၏။

၁၅။ မဟာနဒီ,ကုန္နဒီဟုဆိုအပ်သော မြစ်ကြီးမြစ်ငယ် အပေါင်းတို့သည်လည်း ရေအယဉ်မစီးမူ၍ တန့်ရပ်ကုန်၏။

၁၆။ သူကန်းတို့သည်လည်း ရူပါရုံကို မြင်ရကြကုန်၏။

၁၇။ ပင်္ဂိသန္ဓေအားဖြင့် နားပင်းသော သူတို့သည်လည်း အသံကို ကြားရကုန်၏။

၁၈။ ပင်္ဂိသန္ဓေအားဖြင့် ဆွံ့အသောသူတို့သည်လည်း ခြေဖြင့်သွားနိုင်ကုန်၏။

၁၉။ ထိတ် သံခြေချင်း အစရှိသော အနှောင်အဖွဲ့၌ ခံနေရကြကုန်သော သူတို့သည်လည်း ထိုအနှောင်အဖွဲ့မှပြတ်၍ လွတ်ကုန်၏။

### ပဌမဗုဒ္ဓဝစနကို ကျူးရင့်တော်မူခြင်း

ဤသို့မရေမတွက် နိုင်အောင် လွန်ကဲမြင့်မြတ်သော ဘုန်းကြက်သရေတို့နှင့် ပြည့်စုံတော်မူသော ယောကျ်ားမြတ်အား ပူဇော်ကုန်သော အံ့ဘွယ်သရဲမဖြစ်ဘူးမြဲသောအဖြစ်တို့သည်ထင်ရှားစွာဖြစ်ကုန်လတ်သော် ရှေးရှေးသော နောင်တော်တို့သဗ္ဗညုတရွှေဉာဏ်တော်ကို ရသည်နှင့်တပြိုင်နက် ပဌမ ဗုဒ္ဓဝစနကိုကျူးရင့်တော်မူမြဲအတိုင်းဥဒါန်းကျူးရင့်တော်မူလိုသည်ဖြစ်၍—

၁။ အနေကဇာတိ သံသာရံ၊သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။ ။

၂။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။ ။
ဟုဥဒါန်းကျူးရင့်တော်မူ၏။

### ဤနှစ်ဂါထာ၏ အနက်အဓိပ္ပာယ်ကား

၁။ ဂဟကာရ၊အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို ပြုပြင်စီရင်တတ်သောတဏှာယောကျ်ား လက်သမား။ တံ၊သင့်ကို။ ဂဝေသန္တော၊ ရှာမှီးသော။ အဟံ၊ ငါသည်။ ယေနဉာဏေန၊ အကြင် သဗ္ဗညုတဉာဏ်တော်ဖြင့်။ တံ၊သင့်ကို။ ဒဋ္ဌုံ၊မြင်ခြင်းငှါ။ သက္ကာ၊တတ်ကောင်း၏။တံဉာဏံ၊ထိုသဗ္ဗညုတဉာဏ်တော်ကို။အနိဗ္ဗိသံ-အဝိန္ဒန္တော၊မရသေးသည်ဖြစ်၍။ အနေကဇာတိသံသာရံ၊တပါးမက များလှစွာသောဘဝရှိသောခန္ဓာ, အာယတန, ဓာတ်တို့၏ အစဉ်မပြတ်ဖြစ်ခြင်းဟု ဆိုအပ်သောသံသရာ၌ ရှည်ကြာသမျှကာလပတ်လုံး။ သန္ဓာဝိဿံ-သံသရိံ၊ ကျင်လည်ရလေပြီ။ ပုနပ္ပုနံ၊အဘန်တလဲလဲ။ ဇာတိ၊ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ဆင်းရဲ၏။

၂။ ဂဟကာရက၊ အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို ပြုပြင်စီရင်တတ်သော တဏှာယောကျ်ား လက်သမား။ ဣဒါနိ၊ ယခု။ တံ၊သင့်ကို။ ဒိဋ္ဌော၊ မြင်အပ်သည်။ အသိ၊ဖြစ်ပြီ။ပုန၊တဘန်။ ဂေဟံ၊အတ္တဘော တည်းဟူသော ခန္ဓာအိမ်ကို။နကာဟသိ၊ သင်မပြုရလတ္တံ့။ တေ၊သင်၏။ သဗ္ဗာ၊အလုံးစုံကုန်သော။ ဖာသုကာ၊အတ္တဘော တည်းဟူသော ခန္ဓာအိမ်၏ ကိလေသာတည်းဟူသော အခြင်တို့ကို။ ဘဂ္ဂါ၊ ချိုးဖျက်အပ်ပြီ။ ဂဟကူဋံ၊ အတ္တဘော တည်းဟူသော ခန္ဓာအိမ်၏ အဝိဇ္ဇာတည်းဟူသော အစွန်းအထွတ်ကို။ ဝိသင်္ခတံ၊ ပယ်ချအပ်ပြီ။ မေ၊ငါ၏။စိတ္တံ၊စိတ်သည်။ ဝိသင်္ခါရဂတံ၊ပြုပြင်ခြင်းကင်းသော နိဗ္ဗာန်သို့ရောက်ပြီ။ အဟံ၊ငါသည်။ တဏှာနံ၊တဏှာတို့၏။ ခယံ၊ကုန်ရာ ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို။ အဇ္ဈဂါ-အဓိဂတော၊ရောက်သည်။အသိ၊ဖြစ်ပြီ။

ဘုရားလောင်း သဗ္ဗညုတဉာဏ်ကိုရတော်မူခန်းပြီး၏။

## ၁၀။ ပစ္ဆိမဗုဒ္ဓဝစနကိုမိန့်မြွက်တော်မူခဏ်း

ဘုရားအဖြစ်သို့ ရောက်တော်မူသည်ကစ၍ လေးဆယ့်ငါးဝါ ရှည်ကြာသမျှ ကာလပတ်လုံး ကျွတ်ထိုက်, မကျွတ်ထိုက်သော အသီးသီးသော သတ္တဝါတို့၏ ဇာနေ့ဖြေနုရင့်ကို ထောက်ချင့်တော်မူပြီးလျှင် ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံ တည်းဟူသော ဘုရားစကားတော် ဓမ္မတာဗုဒ္ဓကိစ္စကို အသီးသီးသော တိုင်းကြီးပြည်ကြီးတို့၌ ကွယ်ဆီးပိတ်ကာ အဝိဇ္ဇာပစ္စယ နာမ်,ရုပ် ပဋိစ္စသမုပ္ပါဒ် တည်းဟူသော ရဟတ်ဝဲ၌ ဆင်းရဲနှစ်မွန်းကြကုန်သော သတ္တဝါဝေနေ များဖိုလ်ခြေတို့အား တရားတန်ဆောင် ဉာဏ်မီးရောင်တို့ဖြင့် မိုက်မှောင်ဝိဇ္ဇာ ကင်းလွတ်ကွာဝေး ငြိမ်းဆေးပေးတော်မူပြီးသည်၏အဆုံး၌ လုံးပမ်း အားထုတ်တော် မူအပ်ပြီးသော ဗုဒ္ဓကိစ္စရှိပြီးသည် ဖြစ်ရကား ညီတော်အာနန္ဒာကိုခေါ်တော်မူ၍ ဤသို့မိန့်တော်မူသတည်း။

> ''ချစ်သားအာနန္ဒာ..သင်တို့သည်ငါဘုရားလွန်ပြီ,ငါဘုရားမရှိပြီဟု စိတ်အကြံဖြစ်ရာ၏၊ စင်စစ်သော်ကား ချစ်သားအာနန္ဒာ....ဤသို့ဘုရားလွန်ပြီ, ဘုရားမရှိပြီဟုမမှတ်အပ်၊ ချစ်သားအာနန္ဒာ....ငါဘုရားသည် သင်တို့အား အကြင်သုတ်, အဘိဓမ္မာကိုဟောတော်မူအပ်ပြီ၊ အကြင်ဝိနည်းတရားကို ငါပညတ်တော်မူအပ်ပြီ၊ထိုငါဘုရားဟောကြား,ပညတ်တော်မူအပ်သောသုတ်,အဘိဓမ္မာ,ဝိနည်းတော်သည် ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသဖြင့် သင်တို့ကိုဆုံးမသြဝါဒပေးသော ဆရာဖြစ်လတ္တံ့၊ ထို့ကြောင့် ဘုရားလွန်လေပြီ,ဘုရားမရှိပြီဟု မမှတ်လင့်''။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းအပေါင်းတို့ကို ဆုံးမတော်မူပြီး၍ နောင်သောအခါ ဖြစ်သောအလေ့အကျက်ကို ပြုတော်မူလို၍—

၁။ ချစ်သားအာနန္ဒာ....ယခုငါဘုရား ထင်ရှားရှိတော် မူသောအခါ၌ ရဟန်းတို့သည် အချင်းချင်း တယောက်ကိုတယောက် ''ငါ့တပည့်-ငါ့ရှင်''ဟု ခေါ်ဝေါ်ပြောဆို ကုန်သကဲ့သို့ ထို့အတူ ငါဘုရားပရိနိဗ္ဗာန် စံလွန်တော်မူသဖြင့် သင်တို့သည် ဤကဲ့သို့ခေါ်ဝေါ်ပြောဆိုခြင်းကိုမပြုအပ်။

(က) ချစ်သားအာနန္ဒာ....သိက္ခာဝါကြီးသော သီတင်းကြီး ရဟန်းသည် သိက္ခာဝါငယ်သောရဟန်းကို တိဿ-ဒတ္တ စသော အမည်ဖြင့်သော်၎င်း, ကဿပ-ကစ္စာယန စသော အနွယ်ဖြင့် သော်၎င်း, "ငါ့တပည့်-ငါ့ရှင်"ဟု ခေါ်ဝေါ် ခြင်းဟု ဆိုအပ်သော အာဝုသောဟူသော ဝါဒဖြင့်သော် ၎င်း ပြောဆို ခေါ်ဝေါ်အပ်၏။

(ခ) သိက္ခာဝါငယ်သော ရဟန်းသည် သိက္ခာဝါကြီးသော သီတင်းကြီးရဟန်းကို ဘန္တေဟူ၍၎င်း,အာယသ္မာဟူ၍၎င်း ခေါ်ဝေါ် ပြောဆိုအပ်၏။

၂။ "ချစ်သား အာနန္ဒာ....ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူ သဖြင့် သံဃာသည် ဆန္န အမည်ရှိသောရဟန်းအား ဗြဟ္မဒဏ် ကို ပေးကြလော့"ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာလည်း "ဘုန်းတော် ကြီးသော အရှင်ဘုရား....ဗြဟ္မဒဏ် ဟူသည် အဘယ်နည်း"ဟုလျှောက်သည်၌သော် "ချစ်သားအာနန္ဒာ... ဆန္နရဟန်းသည် အကြင်စကားကို ဆိုခြင်းငှါ အလိုရှိ၏၊ ထို စကားကိုဆိုစေရာ၏၊ထိုဆန္နရဟန်းအားရဟန်းတို့သည်စကား တုံ့ပြန်ဆိုခြင်းကို မပေးအပ်၊ မဆုံးမအပ်၊ အဘန်တလဲလဲ လည်း မဆုံးမဘဲ ဗြဟ္မဒဏ်ကို ပေးအပ်၏"။

၃။ ဤသို့မိန့်တော်မူသောအခါ မြတ်စွာဘုရားသခင်သည် ရဟန်း အပေါင်းတို့ကိုခေါ်တော်မူ၍ "ချစ်သားရဟန်းတို့..ငါဘုရား၌ ၎င်း, တရား၌၎င်း, သံဃာ၌၎င်း, မဂ်၌၎င်း, မဂ်ရကြောင်း အကျင့်၌၎င်း တစုံတယောက်သော ရဟန်းအား ယုံမှား တွေးတောခြင်းသည် အကယ်၍ဖြစ်အံ့၊ ချစ်သားတို့....သင်တို့ သည် မေးလျှောက်လိုက်ကုန်၊ ချစ်သားတို့.... သင်တို့အား နောင်အခါ၌နှလုံးမသာ မဖြစ်စေကုန်လင့်၊ငါတို့အား မြတ်စွာ ဘုရားကိုမျက်မှောက်ထင်ထင် မြင်ရပါလျက် မြတ်စွာဘုရားကို မမေးလိုက်ရဟု နောင်တပူပန်ခြင်း မဖြစ်စေကုန်လင့်"ဟု မိန့် တော်မူသော် ရဟန်းတို့သည် ဆိတ်ဆိတ်သာနေကုန်၏။

ထို့အတူ သုံးကြိမ်မြောက်အောင် မိန့်တော်မူ၏၊ထိုရဟန်းတို့သည်လည်း ဆိတ်ဆိတ်သာနေကုန်၏၊ ထိုအခါ၌မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်တော်မူ၏၊ "ချစ်သားရဟန်းတို့···· ငါဘုရားအား ရိုသေသဖြင့် မမေးမလျှောက်ကုန်သည်ဖြစ်ငြားအံ့၊ အဆွေခင်ပွန်းဖြစ်သောရဟန်းတို့အားငင်း, အပေါင်းအဘော်ဖြစ်သော ရဟန်းတို့အားငင်းပြောကြားလော့"ဟု မိန့်တော်မူ၏၊ ထိုသို့အကြိမ်ကြိမ် မိန့်တော်မူသော်လည်း ရဟန်းတို့သည် ဆိတ်ဆိတ်သာလျှင် နေမြဲနေကြကုန်၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့နားတော်လျှောက်ပြန်၏၊"ဘုန်းတော်ကြီးသော အရှင်ဘုရား····အံ့ဘွယ်ရှိစွမဖြစ်ဘူးမြဲဖြစ်သည်တကား၊ ဘုန်းတော်ကြီးသောအရှင်ဘုရား····ဤရဟန်းသံဃာ၌ တစုံတယောက်သော ရဟန်းအားမျှလည်း ဘုရား,တရား,သံဃာအစရှိသည်တို့၌ ယုံမှားတွေးတောခြင်းမရှိ၊ထို့ကြောင့် ကြည်ညိုခြင်းရှိ၏"ဟု လျှောက်ပေသော် "ချစ်သားအာနန္ဒာ····သင်သည်ကြည်ညိုသည်ဖြစ်၍သာ ဤသို့ယုံမှားခြင်းကင်းရာ၌ ယုံမှားခြင်း မရှိသည်၏အဖြစ်ကိုငါဘုရားသည် ပစ္စက္ခသိတော်မူ၏၊ဤရဟန်းအပေါင်း၌တယောက်သောရဟန်း၏လည်း ယုံမှားတွေးတောခြင်းမရှိ၊ အဘယ့်ကြောင့် မရှိသနည်းဟူမူကား—ချစ်သားအာနန္ဒာ····ဤငါးရာသောရဟန်းတို့တွင် အကြင်ရဟန်းသည် ဂုဏ်အားဖြင့် ငယ်၏၊ ထိုရဟန်းသည် သောတာပန်တည်း၊အပါယ်သို့လားစေတတ်သော အကုသိုလ်မရှိ၊ အရိယမဂ်တည်းဟူသော မြဲခြင်းသဘောတရားဖြင့် မြဲသောသဘောရှိ၏၊ အထက် မဂ်သုံးခုသို့ရောက်ခြင်းသဘောရှိ၏၊ ထို့ကြောင့်တယောက်သော ရဟန်း၏လည်း ယုံမှားတွေးတောခြင်းမရှိ"ဟု မိန့်တော်မူ၏။

[ဤစကားသည်ကား အရှင်အာနန္ဒာကိုရည်၍ မိန့်တော် မူသော စကားတော်တည်း။]

ထို့နောင်မှ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍—

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဟူသောအဆုံးစွန်သော တရားတော်ကိုဟောတော်မူ၏။

**အနက်**။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဟန္ဒဒါနိ၊ ယခုအခါ၌။ဝေါ၊ သင်တို့ကို။ အဟံ၊ ငါဘုရားသည်။ အာမန္တယာမိ၊ မှာကြားတော်မူခဲ့အံ့။ သင်္ခါရာ၊ သင်္ခါရ တရားတို့သည်။ ဝယဓမ္မာ၊ ပျက်ဟတ်သောသဘောရှိကုန်၏။ ဝေါ၊ သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့သဖြင့်။ သမ္ပာဒေထ၊ ပြည့်စုံကြစေကုန်လော့။

[ဤတရားစကားတော်သည် နောက်ဆုံး ဖြစ်သော စကားတော်တည်း။]

ပစ္ဆိမဗုဒ္ဓဝစနကိုမိန့်မြွက်တော်မူခန်းပြီး၏။

---

## ၁၁။ မြတ်စွာဘုရားမိဋ္ဌာန်တော်မူခြင်းနှင့် ဈာန်ဝင်စားတော်မူခန်း

ဤသို့ ရဟန်းတို့အား မိန့်ကြားတော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏၊ ထိုနောက်တဘန်လျှင် ဆင်ခြင်တော်မူပြန်သည်မှာ- "နောင်သောအခါ ပရိယတ္တိ,ပဋိပတ္တိ, ပဋိဝေဓဟူသော ငါဘုရားသာသနာတော်သုံးပါးသည် အဘယ်မည်သော အရပ်၌ ထွန်းလင်းတောက်ပလတ္တံ့နည်း" ဟု သာသနာတော် ထွန်းပေါ်တည်တံ့အံ့သော အရပ်ဒေသကို ဆင်ခြင်တော်မူလတ်သော် လာလရဋ္ဌတိုင်း သီဟပုရပြည်၌ သီဟဗာဟုမင်းကြီး၏သားတော် ဝိဇယကုမာရမင်းသားသည် ကျွန်းခုနစ်ရာတို့နှင့်တကွ ယနေ့ညဥ့်ပင်လျှင် လင်္ကာဒီပကျွန်းသို့ ရောက်သဖြင့် ၎င်းကျွန်း၌ ထီးနန်းစိုက်ထူထီးဖြူအုပ်ချုပ်၍ မင်းလုပ်ပြီးလျှင် အိမ်ခြေလူနေတို့ကိုတည်ထောင်ပြုစု၍ မြို့ရွာစည်ကားသဖြင့်ငါဘုရားသာသနာတော် ထွန်းပေါ်လတ္တံ့သောအရပ်၌ ငါဘုရားပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် အနှစ် နှစ်ရာ့သုံးဆယ့်ခြောက်နှစ် ရှိသောအခါ ပါဋလိပုတ်ပြည်နှင့်တကွဇမ္ဗူဒိပ်တကျွန်းလုံးကို သကလာဘိသေကဟု ဆိုအပ်သော အလုံးစုံ ဘိသိက်ခံတော်မူ၍ ဧကရာဇ်မင်းအဖြစ်ဖြင့် စိုးစံတော်မူသော သိရိဓမ္မာသောကမင်းကြီး၏သားတော် အရှင်မဟိန္ဒမထေရ်မြတ်သည် သာသနာတော်ကို ပြုစုသောအခါ၌ မဟာဗောဓိဒက္ခိဏသာခါနှင့် လက်ျာညှပ်ရိုးတော်, တစရွတ်မျှသော ဓာတ်တော်

တို့ကိုဆောင်ယူ၍ သီဟိုဠ်ကျွန်း၌ ဌာပနာလတ္တံ့ဟု မြင်တော်မူသဖြင့် ငါးပါးသောမိဋ္ဌာန်ခြင်းတို့ကိုမိဋ္ဌာန်တော်မူ၏။

မိဋ္ဌာန်ခြင်းငါးပါးကား–

၁။ လက်ာဒိပမည်သော သီဟိုဠ်ကျွန်း၌ မဟာဗောဓိပင် အစဉ် တည်စေခြင်းငှါ သိရိမေဃာသောက မင်းကြီးသည် ဆောင်ယူ လာလတ္တံ့၊ ထိုအခါ မဟာဗောဓိပင်၏ ဒက္ခိဏသာခါ လက်ျာ တောင်ကိုင်းသည် လှတို့လုံ့လမပြုဘဲလျက် ရွှေဖျဥ်းခွက်ပေါ်၌ တည်စေသတည်း ဟု မိဋ္ဌာန်တော်မူခြင်း,

၂။ မဟာဗောဓိခက်သည် ရွှေဖျဥ်း ခွက်ပေါ်၌ တည်ရောက်သော အခါ ရွှေဖျဥ်းနှင့်တကွသော မဟာဗောဓိခက်သည် အထက် ကောင်းကင်တိမ်တိုက်အပြင်သို့ သက်ဝင်တည်စေသတည်း ဟု မိဋ္ဌာန်တော်မူခြင်း,

၃။ တိမ်တိုက်အပြင်မှ အောက်သို့သက်၍ တည်သောအခါ မဟာ ဗောဓိရွက်မှ ရောင်ခြည်တော် ခြောက်စိုင်တို့ တပြိုင်နက်လွှတ် စေသတည်းဟု မိဋ္ဌာန်တော်မူခြင်း,

၄။ ထူပါရုံစေတီ၌ လက်ျာညှပ်ရိုးတော်ကိုဌာပနာသောနေ့ရေမီး အစုံစုံသော တန်ခိုး ပြာဋိဟာတို့ကိုပြစေသတည်းဟု မိဋ္ဌာန် တော်မူခြင်း,

၅။ တစရွတ်မျှသောဓာတ်တော်တို့ကို မဟာစေတီ၌ ဌာပနာသော နေ့ သက်တော်ထင်ရှားရှိသောငါဘုရားသဏ္ဌာန်တော်အသွင် ကောင်းကင်သို့ ပျံတက်၍ ယမိုက်ပြာဋိဟာအစုကို ပြစေသ တည်း ဟု မိဋ္ဌာန်တော်မူခြင်း။

### ဈာန်ဝင်စား၍ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း

မြတ်စွာဘုရားသခင်သည် ငါးပါးသော မိဋ္ဌာန်ခြင်းတို့ဖြင့် မိဋ္ဌာန် တော်မူပြီးလျှင် ပဌမဈာန်ကိုဝင်စားတော်မူ၏၊ ပဌမဈာန်မှထတော်မူ၍ ဒုတိယဈာန်ကိုဝင်စားတော်မူ၏၊ ဒုတိယဈာန်မှထတော်မူ၍ တတိယ ဈာန်ကို ဝင်စားတော်မူ၏၊ တတိယဈာန်မှ ထတော်မူ၍ စတုတ္ထဈာန်

ကို ဝင်စားတော်မူ၏၊ စတုတ္ထဈာန်မှထတော်မူ၍ အာကာသာနဉ္စာယတနဈာန်ကိုဝင်စားတော်မူ၏၊ အာကာသာနဉ္စာယတနဈာန်မှထတော်မူ၍ ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားတော်မူ၏၊ ဝိညာဏဉ္စာယတနဈာန်မှထတော်မူ၍ အာကိဉ္စညာယတနဈာန်ကို ဝင်စားတော်မူ၏၊ အာကိဉ္စညာယတနဈာန်မှ ထတော်မူ၍ နေဝသညာနာသညာယတနဈာန်ကိုဝင်စားတော်မူ၏၊ နေဝသညာနာသညာယတနဈာန်မှထတော်မူ၍သညာ,ဝေဒနာတို့၏ချုပ်ရာဖြစ်သော နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။

ထိုအခါ၌ အရှင်အာနန္ဒာသည် အနုရုဒ္ဓါကိုဤသို့ မေးတော်မူ၏၊ "အရှင်အနုရုဒ္ဓါ....မြတ်စွာဘုရားသည် အလွန် ငြိမ်သက်တော်မူခဲ့ပြီတကား၊ ပရိနိဗ္ဗာန်ပြုတော်မူချေပြီလော"ဟု မေး၏၊ အရှင်အနုရုဒ္ဓါသည်လည်း"ငါ့ရှင်အာနန္ဒာ....မြတ်စွာဘုရားသည်ပရိနိဗ္ဗာန်ပြုတော်မမူသေး၊သညာ,ဝေဒနာတို့၏ချုပ်ရာဖြစ်သော နိရောဓသမာပတ်ကိုသာဝင်စားတော်မူသေးသည်"ဟု ဆိုပေ၏၊ ထိုအခါ၌ မြတ်စွာဘုရားသည်သညာ,ဝေဒနာတို့၏ချုပ်ရာဖြစ်သော နိရောဓသမာပတ်မှ ထတော်မူ၍ နေဝသညာနာသညာယတနဈာန်ကို ဝင်စားတော်မူ၏၊ နေဝသညာနာသညာယတနဈာန်မှ ထတော်မူ၍ အာကိဉ္စညာယတနဈာန်ကို ဝင်စားတော်မူ၏၊ အာကိဉ္စညာယတနဈာန်မှ ထတော်မူ၍ ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားတော်မူ၏၊ ဤသို့ ပဋိလောမအားဖြင့် ပဌမဈာန်တိုင်အောင် ဝင်စားတော်မူ၏။

ထိုပဌမဈာန်မှ ထတော်မူ၍ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တိုင်အောင်ဝင်စားတော်မူ၏၊ စတုတ္ထဈာန်မှ ထတော်မူ၍စတုတ္ထဈာန်၌ရှိသော ဈာန်အင်္ဂါတို့ကို ဆင်ခြင်သုံးသပ်တော် မူသော ပစ္စဝေက္ခဏာတို့သည် အကြိမ်များစွာဖြစ်ကုန်၏၊ ထိုသို့ဖြစ်သဖြင့် ဝီထိအစဉ်တွက်ရေ တကုဋေနှစ်သန်း လေးသိန်းသော သမာပတ်တို့ကိုဝင်စားပြီးမှ စတုတ္ထဈာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၏အဆုံး၌ အလုံးစုံသောသင်္ခါရတရားတို့၏ ကုန်ငြိမ်းရာနိရောဓသစ္စာကိုအကြောင်းပြု၍ မဟာဝိပါက် ပဌမအသင်္ခါရိက သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် ဘဝင်စိတ်ဟု ဆိုအပ်သော အဗျာကတဖြစ်သော ဒုက္ခ

သစ္စာဖြင့် စုတေ့ခြင်းဟုဆိုအပ်သော ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံလွန်တော်မူလေ၏။

[ဤသို့တရားအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် အရပ်တပါးသွားလိုသောသူသည် ဆွေမျိုးအပေါင်းတို့ကို လည်၌ဖက်ရမ်းနမ်းရှုပ်သွားဘိသကဲ့သို့ ကုဋေနှစ်သန်း လေးသိန်း အရေအတွက်ရှိသော အလုံးစုံသော သမာပတ်တို့ကို အထပ်ထပ်ဝင်စား၍ နိဗ္ဗာန်သို့ကြွသွားသည်ဟု ဆိုလိုသည်။]

မြတ်စွာဘုရားသခင်သည် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သမာပတ်ချမ်းသာကို ခံစားပြီး၍ ဘုရားဘိုးတော် အဥ္စနမင်း, ဒေဝိလရှင်ရသေ့တို့ တိုင်ပင်တွက်ချက်စီရင်ပြီးလျှင် နဝစန္ဒကိန်းဖြင့် သက္ကရာဇ်ဖြိုပြီးနောက် ထိုချေကြွင်းနှစ်ခုဖြင့်ထားအပ်သောလူတို့ဝေါဟာ ကောဇာသက္ကရာဇ်နှစ်၏အရေအတွက်ကား ၁၄၈-ခုနှစ် ကဆုန်လရာသီ ပုဏ္ဏမီအင်္ဂါနေ့ ညဥ့်မိုးသောက်ထမပျက် အရုဏ်တက်အနီး လင်းအားကြီး ညဥ့်ယံဝယ် ပရိနိဗ္ဗာန်စံလွန်တော်မူ၏၊ ထိုသို့ဘုရားသခင်သည် ညဥ့်ဦးယံ၌ မလ္လာမင်းတို့အား တရားဟော၍ သန်းခေါင်ယံ၌ သုဘဒ်ပရိဗိုဇ်ကို ဆုံးမ၍ မိုးသောက်ယံ၌ ရဟန်းတို့ကို ဆုံးမတော်မူ၍ လင်းအားကြီးသောအခါ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။

မြတ်စွာဘုရား မိဗ္ဗာန်တော်မူခြင်းနှင့် ဈာန်ဝင်စားတော်မူခဏ်း
ပြီး၏။

---

## ၁၂။ ဗြဟ္မာမင်း စသည်တို့ သံဝေဂဂါထာကို ရွတ်ဆိုခဏ်း

မြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန် စံလွန်တော်မူသော အခါ၌ တသောင်းသော စကြဝဠာတိုက်အလုံးလည်း ထစ်ချုန်းရိုက်ဟည်းပဲ့တင်တီး၍ မြေကြီးသွက်သွက်ခါ လွန်စွာလှုပ်ရှားသဖြင့် မကြားမသိမမြင်ဘူးအောင် ထိတ်လန့်ခြင်း, ကြက်သီးမွေးညှင်းကို ဖြစ်စေခြင်းစသော အံ့ဘွယ်သရဲ ထူးကဲသော တိတ်နိမိတ်တို့သည် ဖြစ်ကုန်၏၊ အထက်ကောင်းကင်၌ အလုံးစုံသော တိမ်မှောင်တို့သည် ကင်းစင်လျက်လည်း ပြင်းထန်စွာ ထစ်ချုံးလျက် လျှပ်စစ်နွယ်အရောင်တို့သည် ထွက်ကုန်၏။

**သဟံပတိဗြဟ္မာမင်း၏ သံဝေဂဂါထာ**

ဘုရားသခင်ပရိနိဗ္ဗာန် စံယူတော်မူသည်ရှိသော် သဟံပတိဗြဟ္မာမင်းသည် ဤသို့သော ဂါထာကိုရွတ်ဆို၏။

သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ။
ယတ္ထ တောဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။ ။

**အနက်။** ။ဘောန္တော၊ အရှင်ကောင်းတို့။ ယတ္ထ- ယသ္မိံလောကေ၊ အကြင်သတ္တလောက၌။ ပရိယာပန္နော၊ အကျုံးဝင်သော။ဧတာဒိသော၊ ထိုသို့သဗ္ဗညုတဉာဏ်နှင့်ပြည့်စုံသော သဘောရှိသော။သတ္ထာ၊ နတ်နှင့်တကွသောလူတို့၏ ဆရာဖြစ်တော်မူထသော။အပ္ပဋိပုဂ္ဂလော၊ တုဘက်ကင်းသော ပုဂ္ဂိုလ် ဖြစ်တော်မူထသော။ ဗလပ္ပတ္တော၊ ဒသ ဗလ ဉာဏ်တည်းဟူသော အားနှင့် ပြည့်စုံတော် မူထသော။ သမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားတို့ကို သိတော်မူပြီးထသော။ တထာဂတောပိ၊ မြတ်စွာဘုရားသည်လည်း။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုသေး၏ရှင့်။ အညော၊ တပါးသောသူသည်ကား။ မရဏာတော၊ သေခြင်းမှ။ ကုတော မုစ္စတိ၊ အဘယ်မှာလွတ်ပါအံ့နည်း။ တတ္ထ-တသ္မိံလောကေ၊ ထိုသတ္တလောက၌။ ပရိယာပန္နာ၊ အကျုံးဝင်ကုန်သော။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဘူတာ၊ သတ္တဝါတို့သည်။ သမုဿယံ၊ ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော အတ္တဘောကို။ နိက္ခိပိဿန္တိ၊ ပစ်ချရကုန်လတ္တံ့။

**သိကြားမင်း၏ သံဝေဂ ဂါထာ**

မြတ်စွာဘုရား ပရိနိဗ္ဗာန်ယူတော်မူသောခဏ၌ သိကြားမင်းသည် ဤသို့သောဂါထာကိုရွတ်၏။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

**အနက်။** ။ဘောန္တော၊ အို အရှင်တို့။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာဝတ၊ အမြဲမရှိကုန်စွတကား။ ဥပ္ပါဒဝယဓမ္မိနော၊

ဖြစ်ခြင်းပျက်ခြင်း သဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ဖြစ်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်တတ်ကုန်၏။ တေသံ၊ ထိုသင်္ခါရတရားတို့၏။ ဝူပသမော၊ ငြိမ်းရာဖြစ်သောနိဗ္ဗာန်သည်သာလျှင်။ သုခေါ၊ချမ်းသာ၏။

### အရှင်အနုရုဒ္ဓါ၏ သံဝေဂဂါထာ

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူတော်မူသည်နှင့် တကွနက်လျှင် ရှင်အနုရုဒ္ဓါသည် ဤသို့သော နှစ်ဂါထာကိုရွတ်၏။

နာဟု အဿာသပဿာသာ၊ ဌိတိစိတ္တဿ တာဒိနော။
အနေဇော သန္တိမာရဗ္ဘ၊ ယံ ကာလ မကရိ မုနိ။
အသလ္လီနေန စိတ္တေန၊ ဝေဒနံ အဇ္ဈဝါသယိ။
ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊ ဝိမောက္ခော စေတသော အဟု။ ။

**အနက်။** ။ဘောန္တော၊ အိုအရှင်တို့။ အနေဇော၊ တဏှာကင်းစင်တော်မူပြီးသော။ ယံယောမုနိ၊ အကြင်မြတ်စွာဘုရားသည်။ သန္တိံ၊ နိဗ္ဗာန်သို့ဝင်ခြင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကာလံ၊စုတေ့ခြင်းကို။ အကရိ၊ ပြုတော်မူ၏။ ဌိတိစိတ္တဿ၊ လောကဓံတရား ရှစ်ပါးတို့သည် မလှုပ်ချောက်ချား နိုင်သည်ဖြစ်၍ တည်ကြည်သော စိတ်ရှိထသော။ တာဒိနော၊ သည်းခံခြင်း တာဒိလက္ခဏာနှင့် ပြည့်စုံတော်မူထသော။ တဿမုနိနော၊ထိုမြတ်စွာဘုရား၏။ အဿာသပဿာသာ၊ ထွက်သက်ဝင်သက်တို့သည်။ နအဟု၊ မဖြစ်ကုန်ပြီ။ အသလ္လီနေန၊ တွန့်တိုခြင်းမရှိသော။ စိတ္တေန၊စိတ်ဖြင့်။ ယောမုနိ၊ အကြင်မြတ်စွာဘုရားသည်။ ဝေဒနံ၊ ကာယိကဝေဒနာကို။ အဇ္ဈဝါသယိ၊ သည်းခံတော်မူ၏။ ပဇ္ဇောတဿ၊ ဆီမီး၏။ နိဗ္ဗာပနာဣဝ၊ ငြိမ်းသကဲ့သို့။ တဿမုနိနော၊ ထိုမြတ်စွာဘုရား၏။ စေတသော၊ စိတ်၏။ ဝိမောက္ခော၊ သင်္ခါရတရားမှလွတ်ခြင်းသည်။ အဟု၊ ဖြစ်ပြီ။

[အဋ္ဌကထာ ကျမ်း၌ကား–''သန္တိမာရဗ္ဘာတိအနုပါဒိသေသံနိဗ္ဗာနံ အာရဗ္ဘ ပဋိစ္စ သန္ဓာယ ယံကာလံ အကရိ ဠုဒံ ဝုတ္တံဟောတိ''ဟု လာရှိသတည်း။ ။အနက်ကား–သန္တိမာရဗ္ဘာတိ၊သန္တိမာရဗ္ဘဟူသည်ကား၊ အနုပါဒိသေသံ၊ ကမ္မဇရုပ်အကြွင်းမရှိသော၊ နိဗ္ဗာနံ၊နိဗ္ဗာန်သို့။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပဋိစ္စ၊စွဲ၍။ သန္ဓာယ၊ ရည်၍၊ ယံကာလံ၊အကြင်စုတေ့ခြင်းကာလကို။ အကရိ၊ ပြုတော်မူ၏။ ဠုဒံ–သော အဓိပ္ပါယော၊ ဤသို့သော အဓိပ္ပါယ်ကို။ ဝုတ္တံ–ဝုတ္တော၊ ဆိုလိုသည်။ဟောတိ၊ဖြစ်၏။]

### အရှင်အာနန္ဒာ၏သံဝေဂဂါထာ

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုပြီးသော် အရှင်အာနန္ဒာသည် ဤသို့သော ဂါထာကိုရွတ်၏။

တဒါသိ ယံ ဘိံသနကံ၊ တဒါသိ လောမဟံသနံ။
သဗ္ဗာကာရဝရူပေတေ၊ သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။

**အနက်။** ။သဗ္ဗာကာရဝရူပေတေ၊ အလုံးစုံသော အခြင်းအရာနှင့်ပြည့်စုံသော။ သမ္ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်ပြုတော်မူသည် ရှိသော်။ တဒါ၊ ထိုပရိနိဗ္ဗာန်ပြုသောအခါ၌။ ယံဘိံသနကံ၊အကြင်ကြောက်မက်ဘွယ်ကို ဖြစ်စေတတ်သော မြေကြီး၏ တုန်လှုပ်ခြင်းသည်။ အသိ၊ ဖြစ်၏။ တဒါ၊ ထိုပရိနိဗ္ဗာန်ပြုသောအခါ၌။ ယံလောမဟံသနံ၊ အကြင်ကြက်သီးမွေးညှင်းထခြင်းကိုဖြစ်စေတတ်သော မြေကြီးလှုပ်ခြင်းသည်။ အသိ၊ဖြစ်၏။

### ရဟန်းတို့ငိုကြွေး၍ရှင်အနုရုဒ္ဓါသတိပေးခြင်း

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော် ပုထုဇဉ်, သောတာပန်,သကဒါဂါမိ ရဟန်းတို့သည် ရှိကုန်၏၊ထိုရဟန်းတို့သည် လက်တို့ကို မြှောက်ချီကြ၍ လာကုန်ပြီးလျှင် လက်နှစ်ဘက်တို့ကို ဦးခေါင်းပေါ်၌တင်၍ ငိုကြွေးမြည်တမ်းကြကုန်၏၊ လူးလည်းကြကုန်၏၊ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူ၏၊လောက၌ လူတို့၏ မျက်စိဖြစ်သော မြတ်စွာဘုရားသခင်သည် အလွန်လျင်မြန်စွာ ကွယ်တော်မူ၏"၊ ဤသို့မြည်တမ်းကုန်လျက် ငိုကြွေးကုန်၏။

ရဟန္တာအရှင်နှင့် အနာဂါမ်ပုဂ္ဂိုလ် အပေါင်းတို့မူကား ကာမရာဂ,ဗျာပါဒစသော အညစ်အကြေး ကင်းဝေး စင်ကြယ်ကြသဖြင့် အောက်အောက်၌ဖြစ်သော သောတာပန်,သကဒါဂါမိ ပုဂ္ဂိုလ်တို့နှင့်မတူ အယူကွဲပြား သတိသမ္ပဇည တရားတို့နှင့် ပြည့်စုံကြသည်ဖြစ်ရကား "စင်စစ်အားဖြင့် အလုံးစုံသော သင်္ခါရတရားတို့သည် အတည်

အမြဲမရှိကုန်၊ ဤသင်္ခါရတရား၌ အကျုံးဝင်သော မြတ်စွာဘုရား၏ ကိုယ်တော်ကိုမပျက်စီးစိမ့်သောငှါ အဘယ်မှာ ရနိုင်ပါအံ့နည်း''ဟု နှလုံးသွင်း၍ သည်းခံကုန်၏။

ထိုအခါ အရှင်အနုရုဒ္ဓါသည် ရဟန်းတို့ကိုခေါ်တော်မူ၍—

၁။ ''ငါ့ရှင်တို့····မသင့်မလျော်ကပ်တ်၊ မစိုးရိမ်ကြကုန်လင့်၊ မငိုကြွေးကြ ကုန်လင့်၊ ဤသို့ သင်္ခါရတရားတို့၏ အမြဲမရှိသော အကြောင်းကို မြတ်စွာဘုရားသခင်သည် ရှေးဦးစွာကပင် မိန့်ကြားဟောထားတော်မူအပ်ခဲ့ပြီ၊ အလုံးစုံသောလျှင် ဖြစ်ကုန်သော ချစ်အပ်နှစ်သက်အပ်ကုန်သော အဆွေအမျိုး အစရှိကုန်သောသူတို့နှင့် နာနာဘာဝ, ဝိနာဘာဝ, အညထာဘာဝ အားဖြင့် သေ၍အထူးထူးဖြစ်တတ်သောသဘော, မသေမူ၍ ကွေကွင်းတတ်သောသဘော, တပါးသော အပြားအားဖြင့်လည်း ဖြစ်တတ်ပျက်စီးတတ်သော သဘောရှိ၏၊ ထို့ကြောင့် ဤသင်္ခါရတရားတို့၏ မပျက်မစီးအမြဲတည်သော အဖြစ်ကို အဘယ်မှာရှာ၍ရနိုင်အံ့နည်း၊ တေဘူမက သင်္ခါရတရားမှန်သမျှ အပေါင်းအို့သည် တစုံတခုသော အကြောင်းဖြင့် မပျက်မစီး အမြဲတည်နေနိုင်ရန် အကြောင်းသည် ကေန်မရှိပြီ။

၂။ ငါ့ရှင်တို့····ဤသင်္ခါရတရား၌ အကျုံးဝင်သော ဘုရားသခင်ကိုယ်တော်ကိုမပျက်စီးစေဘဲအမြဲတည်စိမ့်သောငှါအဘယ်မှာ ရနိုင်ပါအံ့နည်း၊ ငါတို့မြတ်စွာဘုရား ကိုယ်တော်သည် ထင်ရှားဖြစ်ခြင်းရှိ၏၊ အကြောင်းတရားတို့သည် ပြုပြင်အပ်၏၊ ပျက်စီးခြင်းသဘောတရားလည်းရှိ၏၊ ထိုမြတ်စွာဘုရား ကိုယ်တော်သည် မပျက်မစီးစေဘဲ အမြဲတည်ပါမူကား ကောင်းလေစွတကား ဟုမပျက်စီးကြောင်းကို သင်တို့တောင့်တကုန်၏၊ ထိုမပျက်စီးခြင်း၏အကြောင်းသည်မရှိ''ဟု ဟောအပ်၏။

၃။ ''ငါ့ရှင်တို့····နတ်တို့သည် အရှင်ကောင်းတို့သည် မိမိသည်လည်း သည်းခံအံ့သောငှါမတတ်နိုင်ကုန်၊ ကြွင်းသောလူတို့ကို အဘယ်သို့ သက်သာရာ ရစေအံ့နည်း''ဟု ဆိုကုန်သတတ်ဟု မိန့်တော်မူလေ၏။

## အရှင်အာနန္ဒာလျှောက် ၍အရှင်အနုရုဒ္ဓါဖြေဆိုခြင်း

"အရှင်အနုရုဒ္ဓါ....ဥပပါတ် ပဋိသန္ဓေနေကုန်သော နတ်တို့သည် အဘယ်သို့သော အခြင်းအရာအားဖြင့် နှလုံးသွင်းကြပါကုန်သနည်း" ဟု အရှင်အာနန္ဒာသည် အရှင်အနုရုဒ္ဓါကို မေးလျှောက်၏။

"ငါ့ရှင်အာနန္ဒာ....ကောင်းကင်၌ မြေဟုအမှတ်ရှိသော နတ်တို့သည် ကောင်းကင်၌ပင် ဆံပင်တို့ကိုဖရိုဖရဲကြဲကုန်လျက် လက်နှစ်ဘက်တို့ကိုလည်း မြှောက်ကြကုန်၍ မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့ပြီ၊ လာခြင်းကောင်းသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့ပြီ၊ ငါးပါးသော မျက်စိအမြင်ရှိတော်မူသော မြတ်စွာဘုရားသည် လောကမှကွယ်လွန်တော်မူခဲ့ပြီ"ဟုမြည်တမ်းငိုကြွေးကြကုန်၏၊ခြေပြတ်သကဲ့သို့ လူးလည်းကုန်၏။

မြေ၌သာမြေအမှတ်ရှိသော နတ်တို့သည်လည်း ဆံပင်တို့ကိုဖရိုဖရဲကြဲကုန်၍လက်တို့ကိုအထက်၌မြှောက်ပြီးလျှင်"လောကသုံးပါး၌ အတုမရှိသော မြတ်စွာဘုရားသခင်သည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ လာခြင်းကောင်းသော ဘုရားသခင်သည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့ပြီ၊ ငါးပါးသော မျက်စိအမြင်ရှိတော်မူသော မြတ်စွာဘုရားသခင်သည်ယခုကွယ်လွန်တော်မူခဲ့ပြီ"ဟု ငိုကြွေးမြည်တမ်းလျက် ခြေပြတ်သကဲ့သို့ လူးလည်းခြင်း, ပက်လက်မှောက်ခုံ တပြောင်းပြန်ပြန် လူးလည်းခြင်း,ထိုမှဤမှ လူးလည်းခြင်းရှိကြကုန်၏၊ ရာဂကင်းကုန်ပြီးသော နတ်တို့သည်ကား အဆင်အခြင်ပညာနှင့်ပြည့်စုံသည်ဖြစ်ရကား ဤသင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ ထိုသင်္ခါရတရားတို့၌ အကျုံးဝင်သော မြတ်စွာဘုရား ကိုယ်တော်ကို မပျက်စီးစေဘဲ အမြဲတည်စိမ့်သောငှါ အဘယ်မှာ ရနိုင်ပါအံ့နည်းဟု နှလုံးထား၍သည်းခံနိုင်ကြကုန်၏" ဟု အရှင် အနုရုဒ္ဓါမိန့်တော်မူပေ၏။

ဗြဟ္မာမင်း စသည်တို့ သံဝေဂဂါထာရွတ်ဆိုခန်း ပြီး၏။

## ၁၃။ အလောင်းတော်ကိုမီးပူဇော်ရာသို့ ဆောင်ယူခဏ်း

ထိုအခါ၌ အရှင် အနုရုဒ္ဓါသည်၎င်း, အရှင် အာနန္ဒာသည်၎င်း နတ်တို့အသီးအသီးငိုကြွေးမြည်တမ်း လူးလည်းကြသည်ကိုသိမြင်တော်မူသဖြင့်ရဟန်းတို့အား၍သို့ဆုံးမတော်မူကြ၏၊"ငါ့ရှင်တို့….လောကသုံးပါး၌ အတုမရှိသော မြတ်စွာဘုရားကိုယ်တော်စင်လျက်လည်း ၍သေမင်းသည် မငဲ့မကွက်ဘဲခေါ်ဆောင်လေပြီ၊ ဘုရားမှကြွင်းသော ငါတို့သူငါ များစွာသောသူအပေါင်းတို့အားမူကား အဘယ်မှာလျှင် ငဲ့ကွက်ခြင်း ရှက်ခြင်းရှိပေလတ္တံ့နည်း"၊၍သို့အစရှိသော သေခြင်းနှင့် စပ်သောတရားစကားကို မိန့်ကြားပြောဆိုပြီးလျှင် ထိုည၌အကြွင်းကို လွန်စေ၍ အရှင်အနုရုဒ္ဓါသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍–

"ငါ့ရှင် အာနန္ဒာ…. သင်သွားချေလော့၊ ကုသိနာရုံပြည်တွင်းသို့ဝင်ပြီးလျှင် မှာထားသည့်အတိုင်း မလ္လာမင်းတို့အားပြောကြားပါချေ၊ ဝါသိဋ္ဌအနွယ်ဖြစ်သော မလ္လာမင်းတို့….မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံလွန်တော် မူချေပြီ၊ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံလွန်တော်မူရာ အရပ်သို့ လာရခြင်း၏ အခါကာလကို သင်တို့အောက်မေ့ကြကုန်၊ အမူကိစ္စ ဆောင်ရွက်ရခြင်း၏ အခါကာလကို သင်တို့ပြုကြကုန်ဟု ကြားချေလော့"–

ဟု ၍သို့စေလိုက်၏၊ အရှင်အာနန္ဒာသည် "ကောင်းပါပြီ အရှင်ဘုရား"ဟု အရှင်အနုရုဒ္ဓါ၏စကားကိုဝန်ခံ၍ နံနက်အခါ သင်းပိုင်ကိုပြင်ဝတ်လျက် သပိတ်သင်္ကန်းကိုယူပြီးလျှင် အဘော်နောက်လိုက်မပါ ကိုယ်တော်တပါးတည်းသာ ကုသိနာရုံပြည်တွင်းသို့ဝင်လေ၏၊ ထိုသို့ဝင်တော်မူသောအခါ၌ မလ္လာမင်းတို့သည် ပြုဘွယ်ကိစ္စ အရပ်ရပ်တို့ကြောင့်ပင် မင်းကွန်းသဘင်၌ စည်းဝေးတိုင်ပင်ကြကုန်၏၊ အရှင်အာနန္ဒာသည်း မလ္လာမင်းတို့စည်းဝေးတိုင်ပင်ရာ မင်းကွန်းသဘင်သို့ ချဉ်းကပ်၍ အရှင်အနုရုဒ္ဓါ မှာတော်မူတိုင်း မလ္လာမင်းတို့အား ၍သို့ မိန့်ကြားတော်မူ၏၊"အို-ဝါသိဋ္ဌအမျိုးဖြစ်သောမလ္လာမင်းအများတို့…

သင်တို့၏ဆရာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူချေပြီ၊ သင်မင်းများတို့သည် မြတ်စွာဘုရားအလောင်းတော်ရှိရာသို့ သွားလာရခြင်း၏ အခါကာလကိုသိကြပါကုန်လော့''ဟူ၍ မိန့်ကြားတော်မူ၏။

အရှင်အာနန္ဒာ၏စကားကို ကြားလတ်သော် မလ္လာမင်းတို့သည်၎င်း, မလ္လာမင်း၏ သားမယားတို့သည်၎င်း မြတ်စွာဘုရားအထံတော်သို့ရှေးရှုပြေးလာသဖြင့် အသီးသီးငိုယိုဟစ်ကြွေးကုန်လျက် စိတ်၏ဆင်းရဲခြင်းဖြင့် ပြင်းစွာနှိပ်စက်ကုန်သည် ဖြစ်ရကား အချို့သောသူတို့သည် ဆံပင်တို့ကို ဖရိုဖရဲ ကြဲဖြန့်ကုန်လျက် လက်တို့ကိုမြှောက်၍ငိုကြွေးမြည်တမ်းလျက် ပြတ်သောခြေရှိသကဲ့သို့ ခြေပစ်လက်ပစ် ငိုကြွေးမြည်တမ်းကြကုန်၏၊''မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ၊ လာခြင်းကောင်းသော မြတ်စွာဘုရားသည် လျင်စွာပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ၊ ငါးပါးသောမျက်စိအမြင် ရှိတော်မူသော မြတ်စွာဘုရားသည် လောကမှကွယ်လွန်တော်မူခဲ့ပြီတကား''ဟုငိုကြွေးလူးလည်းကြကုန်၏၊ ထိုမလ္လာမင်းတို့သည် မင်းချင်းယောကျ်ားတယောက်ကိုခေါ်၍ ဤသို့စေကုန်၏။

''အချင်းယောကျ်ား....သွားတည့်ချေလော့၊ ကုသိနာရုံပြည်တွင်း၌နေကုန်သော အလုံးစုံသော မင်းမိန်းမတို့သည် အလုံးစုံသောနံ့သာပန်းမာလ်တို့ကို၎င်း,စည်စောင်းခြင်းတို့ကို၎င်းယူ၍ဘုရားသခင်ပရိနိဗ္ဗာန်ပြုရာသို့ စည်းဝေးကြကုန်လော့''ဟု စေလိုက်၏၊ ထိုသို့စေလိုက်သောခဏ၌ပင်လျှင် ''ကုသိနာရုံပြည်တွင်း၌ နေကုန်သော ဝါသိဋ္ဌအမျိုးဖြစ်သောမလ္လာမင်းတို့သည် သားမယားတို့နှင့်တကွ ပန်းနံ့သာတို့ကို၎င်း, အလုံးစုံသော မောင်းကြေးနင်းအစရှိသော အတီးအမှုတ်မျိုးတို့ကို၎င်း,ငါးရာသောသက်န်းလျာပုဆိုးအစုံတို့ကို၎င်း,ဆွမ်းခဲဘွယ်ဘောဇဉ်ချိုချဉ်သစ်သီးတို့ကို၎င်း ယူ၍ ကုသိနာရုံပြည်တောင်တံခါး၏ အရှေ့ဥပဝတ္တနအင်ကြင်းတော၌ မြတ်စွာဘုရားသခင် အလောင်းတော်ရှိရာအရပ်သို့ ညီညွတ်လာရောက် ချဉ်းကပ်စည်းဝေးကြစေကုန်လော့''ဟု စည်လည်စေ၏။

ထိုစကားကို ကြားသောခဏ၌ မလ္လာမင်းတို့သည် အလုံးစုံသော ပန်းနံ့သာတို့ကို၎င်း, အလုံးစုံသော မောင်းကြေးနင်းအစရှိကုန်သော

အတီးအမှုတ်မျိုးတို့ကိုငင်း ယူခဲ့ကုန်၍ ကုသိနာရုံပြည်၏ တောင်အကွေ့သို့သွားကုန်၍ ဘုရားအလောင်းတော်ရှိရာသို့ ရောက်ကုန်ကြ၍ အလောင်းတော်မြတ်ကို ကခြင်း, သီခြင်း, တီးမှုတ်ခြင်း တူရိယာငါးပါးတို့ဖြင့် အချို့ကပူဇော်ကုန်လျက် အချို့သောသူတို့က အလောင်းတော်ထားရန်နှင့်တကွ ပရိသတ်လေးပါးတို့တည်းခိုရန် တန်ဆောင်းပြာသာဒ်, မဏ္ဍပ်ကနား အမိုးဗိတာန် မျက်နှာကြက် တံခွန်ကုက္ကားမုလေးပွားတို့ကို စီမံလုပ်ဆောင်ကုန်လျက် အချို့သော သူတို့ကရဟန်းသံဃာတော်တို့အား ဆွမ်းခဲဘွယ် ဘောဇဉ် ချိုချဉ်သစ်သီးအမျိုးမျိုးတို့ကို လှူဒါန်းကျွေးမွေးကုန်လျက် ထိုနေ့ကို လွန်စေကုန်၏။

### မလ္လာမင်းများအလိုနှင့် နတ်တို့အလို

ထိုအခါ၌ မလ္လာမင်းတို့သည် ဤသို့အကြံဖြစ်သတည်း၊ ယနေ့ပင်ဘုရားသခင်၏ အလောင်းတော်ကို မီးပူဇော်ကုန်အံ့ဟု အကြံဖြစ်ကြ၏၊ ထိုအခါ၌ မလ္လာမင်းတို့သည် ဘုရားသခင် အလောင်းတော်ကို ကခြင်း, သီခြင်း, တီးမှုတ်ခြင်း ပန်းနံ့သာတို့ဖြင့် အရိုအသေပြုကုန်လျက် ပူဇော်ကုန်လျက် ပုဆိုးဗိတာန်တို့ကို ပြုကုန်လျက် ပုဆိုးမဏ္ဍပ်တို့ကို ပြုကုန်လျက် နှစ်ရက်မြောက်သောနေ့ကိုလွန်စေကုန်၏၊ထို့အတူပင် သုံးရက်မြောက်သောနေ့ကိုငင်း, လေးရက်မြောက်သောနေ့ကိုငင်း, ငါးရက်မြောက်သောနေ့ကိုငင်း, ခြောက်ရက်မြောက်သောနေ့ကိုငင်း လွန်စေကုန်၏၊ ခုနစ်ရက်မြောက်သောနေ့သို့ ရောက်သောကာလ မလ္လာမင်းတို့သည် ဤသို့သောအကြံသည် ဖြစ်သတည်း။

> "မြတ်စွာဘုရား၏ အလောင်းတော်ကို ပန်းနံ့သာဖြင့်ငင်း, ကခြင်း, သီခြင်း, တီးမှုတ်ခြင်း တူရိယာငါးပါးတို့ဖြင့် အရိုအသေပူဇော်ကန်တော့ခြင်းကို ပြုကုန်ပြီးလျှင် မြို့၏တောင်မျက်နှာအဘို့မှ ထမ်းဆောင်လှည့်လည်ပြီးလျှင် မြို့သို့မဝင်မူ၍ မြို့၏ပြင်အပဖြင့် ဆောင်ယူလျက် မြတ်စွာဘုရား အလောင်းတော်ကို မီးပူဇော်ကုန်အံ့"–

ဟု အကြံဖြစ်၏၊ထိုအခါ၌ ခွန်အားဗလနှင့်ပြည့်စုံသော မလ္လာမင်းသားရှစ်ယောက်တို့အား ကိုယ်ကိုသန့်ရှင်းစေရန် ဦးခေါင်းဆေး

လျော်စေပြီးလျှင် အစာမချသေးသော ပုဆိုးတို့ကို ဝတ်ဆင်စေလျက် အလောင်းတော်ကို ထမ်းဆောင်စေကုန်အံ့ဟု ကြံစည်မိသည်အတိုင်း ဘုရားအလောင်းတော်ကို ထမ်းဆောင်စေလျှင် ဆံခြည်တခြမ်းမျှ ထကြွလှုပ်ရှားစေခြင်းငှါ မတတ်နိုင်ကြကုန်၊ ဤသို့ထမ်းဆောင်၍ ချီကြွခြင်းငှါ မတတ်နိုင်ရှိပြန်သောအခါ၌ မလ္လာမင်းတို့သည် အရှင်အနုရုဒ္ဓါကို ဤသို့လျှောက်ကြကုန်၏။

"အရှင် အနုရုဒ္ဓါ.... မလ္လာမင်းတို့၏ အကြီးဖြစ်သော ရှစ်ယောက်သော မလ္လာမင်းတို့သည် ဘုရားသခင်အလောင်းတော်ကို ချီကြွပါကုန်သော်လည်း မချီကြွနိုင်ပါကုန်၊အကြောင်းအသို့တုံနည်း"–

ဟု မေးလျှောက်ကြကုန်၏၊ အနုရုဒ္ဓါ မထေရ်ကလည်း "မလ္လာမင်းတို့....အလောင်းတော်ကိုချီကြွခြင်းငှါမတတ်နိုင်ခြင်းသည် အခြားသောအကြောင်းမဟုတ်ချေ၊ နတ်တို့၏အလိုနှင့် လူတို့၏အလိုသဘောဆန္ဒမတူမျှကြသဖြင့် ဘုရားအလောင်းတော်ကို နတ်တို့၏အလိုတခြားဖြစ်သောကြောင့် ချီကြွခြင်းငှါ မတတ်နိုင်ခြင်းဖြစ်သည်"ဟု အမိန့်ရှိတော်မူလေ၏၊ "အရှင်ဘုရား..လူတို့၏အလိုဆန္ဒကိုသိရပါပြီ၊နတ်တို့၏အလိုဆန္ဒသဘောသည် အဘယ်သို့ ရှိပါသနည်း"ဟု လျှောက်မေးပြန်သော်–

"ဝါသိဋ္ဌအမျိုး၌ဖြစ်သော မလ္လာမင်းတို့.... သင်တို့၏စိတ်အကြံအစည်မှာ မြတ်စွာဘုရား၏ အလောင်းတော်ကို အရှိအသေအလေးအမြတ်ပွဲလမ်းသဘင်တို့ဖြင့် ပူဇော်ခြင်း,နံ့သာပန်းပူဇော်ခြင်းတို့ဖြင့် မြို့ပြင်ကကို မြို့ပြင်သို့ ပူဇော်ကုန်အံ့၊မြို့၏တောင်မျက်နှာ အရပ်သို့ဆောင်ပြီးလျှင် မီးပူဇော်ကုန်အံ့ဟု ကြံကုန်သည်၊ နတ်တို့၏အလိုကား–ငါတို့သည် မြတ်စွာဘုရား၏အလောင်းတော်ကို နတ်၌ဖြစ်သော ပန်းနံ့သာတို့ဖြင့်၎င်း, နတ်၌ဖြစ်သော ကခြင်း,သီခြင်း,တီးမှုတ်ခြင်းစသော တူရိယာအမျိုးမျိုးတို့ဖြင့်၎င်း အရိုအသေအလေးအမြတ် ပူဇော်ကုန်လျက် မြို့၏မြောက်မျက်နှာ အဘို့ဖြင့် မြောက်မျက်နှာအဘို့ကို ယူဆောင်၍ မြို့၏မြောက်တံခါးဖြင့် မြို့တွင်းသို့ဝင်ပြန်၍ မြို့၏

အလယ်အရပ်ဖြင့် မြို့လယ်သို့ဆောင်ပြန်၍ မြို့၏အရှေ့တံခါးဖြင့် ထုတ်ယူပြီးလျှင် မြို့၏အရှေ့အရပ်၌ မလ္လာမင်းတို့၏ မကုဋဗန္ဓ အမည်ရှိသော မင်္ဂလာပြုရာအရပ် အဆန်းအကြယ် ပြုအပ်သော ကောင်းမွန်သော မြေကြန်လက္ခဏာရှိသောအရပ်သည် ရှိ၏၊ထိုအရပ်၌ အလောင်းတော်ကိုမီးပူဇော်ကုန်အံ့ဟု နတ်တို့၏အလိုဆန္ဒရှိကြကုန်၏”—

ဟု အရှင်အနုရုဒ္ဓါမိန့်တော်မူပြန်၏။

## နတ်တို့အလိုအတိုင်းသဂြိုဟ်ခြင်း

မလ္လာမင်းတို့ကလည်း “အရှင်ဘုရား…အကျွန်ုပ်တို့အလိုကားရှိပါစေဦး၊ နတ်တို့အလိုသို့သာ လိုက်ပါကုန်အံ့၊ နတ်တို့၏ အလိုအတိုင်း ပင် ဖြစ်ပါစေတော့”ဟု လျှောက်ကြားဝန်ခံကြကုန်၏၊ ဤသို့အနုရုဒ္ဓါ အရှင်မြတ်အားသာ လျှောက်ထားသောအသံကို နတ်အများတို့ ကြားသိလေသော် ကောင်းမွန်သန့်ရှင်းပြီးဖြစ်၍ သူခပ်သိမ်းတို့ သွားလာကူးသန်းသောအရပ်တို့ကိုမဆိုထားဘိဦး၊ မလ္လာမင်းတို့အိမ်စည်းခြံစပ် မစင်ဘင်ပုပ် ထုတ်ရာပြွန်ဝ, တံမြက်ချေး စွန့်ပစ်ရာ အရပ်စသော မကောင်းသောအရပ်တို့၌ပင်လျှင် ပုဆစ်ဒူးနစ်မြုပ်အောင် မန္ဒာရဝ နတ်ပန်း,ထင်ရှားပန်းတို့ဖြင့်နတ်တို့သည် ခင်းကြကုန်၏။

နတ်ပန်းအမျိုးမျိုးတို့ဖြင့် သာဓုကီဠနသဘင် ဆင်ယင် ကျင်းပရာ အရပ်တို့၌ ခင်းကုန်ပြီးသော် နတ်တို့သည်၎င်း,မလ္လာမင်းတို့သည်၎င်း မြတ်စွာဘုရား၏ အလောင်းတော်ကို နတ်၌ဖြစ်ကုန်သော တူရိယာ အမျိုးမျိုးတို့ဖြင့်၎င်း, လူ၌ဖြစ်သော ကခြင်း- သီခြင်း- တီးမှုတ်ခြင်း တူရိယာအစုံတို့ဖြင့်၎င်း,ပန်းနံ့သာ-နံ့သာပျောင်း အစရှိသော အမျိုးမျိုးသော အမွှေးအကြိုင် အထုံအခိုးတို့ဖြင့်၎င်း မိမိတို့၏ သဘောဆန္ဒ အလျောက် အသီးအသီးပူဇော်ကြကုန်၏၊ နတ်တို့၏ သဘင်ပွဲလမ်းတို့ကားအထက်၌ဖြစ်ကုန်၏၊ လူတို့၏သဘင်ပွဲလမ်းတို့ကား အောက်၌ ဖြစ်ကုန်၏၊ ထိုနတ်တို့၏အကြား၌ လူတို့နေကုန်၏၊ လူတို့၏အကြား၌ လည်း နတ်တို့နေကုန်၏။

ဘုရားသခင်၏အလောင်းတော်မြတ်ကို ဤသို့ချီးမြှောက် ပူဇော်ကြကုန်လျက် မြို့၏အနောက်ဖြင့် မြောက်မျက်နှာအဘို့သို့ ယူဆောင်၍ မြောက်တံခါးဖြင့်ပင်လျှင် မြို့တွင်းသို့ ဝင်ပြန်၍ မြို့၏အလယ်ခရီးဖြင့် ယူဆောင်ကုန်၏၊ ဤသို့ဆောင်ယူကုန်သည်ရှိသော် ဗန္ဓုလစစ်သူကြီး၏ခင်ပွန်းဖြစ်သော မလ္လိကာအမည်ရှိသော မိန်းမသည် မြတ်စွာဘုရားပရိနိဗ္ဗာန် ပြုတော်မူသော အလောင်းတော်ကို ဆောင်ယူ၍ လာသည်ဟု ကြားသိ၍ မိမိ၏ခင်ပွန်းဖြစ်သော ဗန္ဓုလစစ်သူကြီး ကွယ်လွန်သည်မှစ၍ မသုံးဆောင်မဆင်မြန်းဘဲ ရှိသေစွာထားအပ်သော ဝိသာခါ ဒါယိကာမ၏ မဟာလတာ တန်ဆာနှင့်တူသော မလ္လိကာ၏ မဟာလတာတန်ဆာသည်ရှိ၏၊ ဤတန်ဆာဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်အလောင်းတော်ကို ပူဇော်ပါအံ့ဟု နံ့သာရေတို့ဖြင့် ကောင်းမွန်စွာဆေးဖွပ်လျှော်ပြီးလျှင် ထိုမဟာလတာတန်ဆာကို မင်္ဂလာရှိသောကလပ်၌တင်ထား၍ လမ်းခရီးအနီးက ရပ်၍ စောင့်လျက် နေလင့်၏။

မြတ်စွာဘုရားသခင်၏အလောင်းတော်ကို ဆောင်ခဲ့ကုန်ကြသဖြင့် မိမိအိမ်အနီးသို့ ရောက်လာသောအခါ မလ္လိကာ ဒါယိကာမသည် "အမောင်တို့ အရှင်တို့.... မြတ်စွာဘုရား၏ အလောင်းတော်ကို ဤမနေရာ၌ ခေတ္တချထား ဆိုင်းငံ့တော်မူကြပါဦးလော့"ဟုဆို၍ ထိုတန်ဆာကို မြတ်စွာဘုရားကိုယ်တော်၌လွှမ်းလေ၏၊ ဘုရားသခင် အလောင်းတော်ကိုဦးခေါင်းတော်မှစ၍စွပ်အပ်သောထိုမဟာလတာ တန်ဆာသည် ခြေဖဝါးတော်တိုင်အောင်ရောက်လေ၏၊ ရွှေအဆင်းနှင့်တူသော အဆင်းတော်ရှိသော မြတ်စွာဘုရားသခင်၏ အလောင်းတော်ကို ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော မြတ်သော မဟာလတာ တန်ဆာဖြင့် ဆင်ယင်အပ်သည်ရှိသော် အတိုင်းထက်အလွန် ရှုချင်ဘွယ် ကြည်ညိုဘွယ်တင့်တယ်ခြင်းသို့ ရောက်လေ၏၊ မလ္လိကာမြင်သည်ရှိသော် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ဆုတောင်းပတ္ထနာပြု၍"အရှင်ဘုရား... အကျွန်ုပ်သည် ဝဋ်တရား၌ ကျင်လည်သမျှ ကာလပတ်လုံး အသီးအခြား တန်ဆာဆင်သော ကိစ္စသည်မဖြစ်ပါစေသတည်း၊ အမြဲ

သာလျှင် တန်ဆာဆင်သည်နှင့် တူသောကိုယ်ရှိသည် ဖြစ်ပါလို၏''ဟု ဆုတောင်း၏။

ထိုအခါ၌ အလောင်းတော်ကို ရတနာဖြင့်ပြီးသော မြတ်သော တန်ဆာဖြင့်ချို၍ မြို့၏အရှေ့တံခါးဖြင့်ထုတ်၍ ထိုအရှေ့အရပ်၌ မလ္လာမင်းတို့၏ တန်ဆာဆင်ရာမင်္ဂလာပြုရာ ဖြစ်သော အဆန်းအကြယ်ဖြင့် ကောင်းမြတ်သော မင်္ဂလာမြေကြန်လက္ခဏာရှိသော မဟာသိရိ ဘူမိသဏ္ဌာ မြေမွေ့ရာအပြင်၌ စီရင်ခန့်ထားအပ်ပြီးသော မကုဋဗန္ဓန အမည်ရှိသောအရပ်၌တန်ဆောင်းပြာသာဒ်အတွင်းဝယ် ကြည်ညိုခြင်းဖြင့် တင့်တယ်ဘွယ်ရာ ကောင်းမြတ်လှစွာသော ဘုရားသခင်အလောင်းတော်ကို သင့်လျော်သဖြင့်ချထားကြကုန်၏။

## စကြာဝတေးမင်းကဲ့သို့ သင်္ဂြိုဟ်ခြင်း

ထိုအခါ မလ္လာမင်းအပေါင်းတို့သည် အရှင်အာနန္ဒာရှိရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် အပြစ်ခြောက်ပါး ကင်းသောအရပ်၌နေလျက် ဤသို့ နားတော်လျှောက်ကြကုန်၏။

''အရှင်ဘုရား အာနန္ဒာ....ဘုရားသခင် အလောင်းတော်ကို အဘယ်ကဲ့သို့ ကြည်းဆောင်၍ သင်္ဂြိုဟ်ရပါမည်နည်း'' ဟု လျှောက်ကုန်၏၊ရှင်အာနန္ဒာလည်း ''ဝါသိဋ္ဌအမျိုးတို့....စကြာဝတေးမင်း၏ အလောင်းတော်၌ကြည်းဆောင် သင်္ဂြိုဟ်သကဲ့သို့ ထို့အတူပင် မြတ်စွာဘုရား အလောင်းတော်၌လည်း သင်တို့ ကြည်းဆောင်သင်္ဂြိုဟ်ကုန်လော့''–

ဟု မိန့်တော်မူ၏၊ ဤသို့မိန့်တော်မူလတ်သော်''အရှင်အာနန္ဒာ.... အဘယ်သို့သော အကြောင်းဖြင့် စကြာဝတေးမင်း၏ အလောင်းကို ဆောင်ရွက်သင်္ဂြိုဟ်သနည်း''ဟု လျှောက်ကုန်၏။

''ဝါသိဋ္ဌ အမျိုးတို့....စကြာဝတေးမင်း၏ အလောင်းကို ကစီမချသေးသော ပုဆိုးဖြင့် ရစ်ကုန်၏၊ ပုဆိုးဖြင့် ရစ်ပြီးသော် ညက်စွာဖတ်အပ်, နှပ်အပ်သော ဝါဂွမ်းဖြင့်ရစ်ကုန်၏၊ ရစ်ပြီးသော် ကစီမချသေးသော ပုဆိုးဖြင့် ရစ်ကုန်၏၊ ဤသို့သောနည်းဖြင့် ငါးရာသောပုဆိုးအစုံတို့ဖြင့် စကြာဝတေးမင်း၏ အလောင်းကိုထုပ်ပိုး၍ ရွှေဖြင့်ပြီးသော ဆီထည့်သောကျင်း၌

ထည့်၍ ရွှေကျင်းတခုဖြင့် မှောက်၍အလုံးစုံသော ပန်းနံ့သာ ထင်းပုံတို့ကိုပြု၍ စကြဝတေးမင်း၏ အလောင်းကို သဂြိုဟ်ကုန်သည်၊ ခရီးလေးကြောင်းတို့၏အဆုံ၌ စကြဝတေးမင်း၏ စေတီကို တည်ကုန်သည်"၊ ဤသို့ဆိုခဲ့တိုင်း စကြဝတေးမင်း၏ အလောင်းကို သဂြိုဟ်ရွက်ဆောင်ကုန်သည်။

[ဤသို့ စကြဝတေးမင်း၏အရိုးကို စေတီထိုက်သဖြင့် စေတီတည်၍ ကိုးကွယ်ပူဇော်သော ပုဂ္ဂိုလ်တို့၌ ရအပ်သော အကျိုးကား–လူနတ်တို့၏ စည်းစိမ်ချမ်းသာကိုသာ ပေးစွမ်းနိုင်လေသည်။]

"ဝါသိဋ္ဌအမျိုးဖြစ်သော မလ္လာမင်းတို့....စကြဝတေးမင်း၏ အလောင်းကို သဂြိုဟ်ဆောင်ရွက်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားသခင်၏ အလောင်းတော်မြတ်ကိုလည်း ကောင်းစွာရွက်ဆောင်ကြကုန်လော့၊ ခရီးလေးကြောင်းတို့၏အဆုံ၌ စေတီတည်ကုန်လော့၊ ထိုစေတီတော်၌ ပန်းနံ့သာတို့ဖြင့် လှူဒါန်းပူဇော်ကုန်သော သူတို့သည်၎င်း, ရှိခိုးခြင်းအစရှိသောအမှုကို ပြုကုန်သော သူတို့သည်၎င်း ရှည်ကြာစွာသော နေ့ညဥ့်တို့ပတ်လုံး စီးပွားချမ်းသာများခြင်း ဖြစ်လတ္တံ့"–

ဟု မိန့်တော်မူ၏၊ ဤသို့လျှင် အရှင်အာနန္ဒာမိန့်တော်မူလတ်သော် မလ္လာမင်းတို့သည် မင်းချင်းတို့ကိုစေလွှတ်ကြကုန်၏၊ "ထိုသို့တပြီးကား အချင်းတို့.... မလ္လာမင်းတို့အား ညက်စွာဖတ်၍ နှပ်အပ်ပြီးသော ဝါဂွမ်းတို့ကို ရုံးစုကြစေကုန်လော့" ဟု စေလွှတ်လိုက်ကုန်၏၊ ထိုသို့စေလွှတ်လိုက်သောအခါ၌ မလ္လာမင်းတို့သည်လည်း ညက်စွာဖတ်အပ်သောဝါဂွမ်းတို့ကိုဆောင်ယူ၍ မြတ်စွာဘုရား၏ရုပ်ကလာပ်အလောင်းတော်ကို အစာမချသေးသော ပုဆိုးအစုံတို့ဖြင့် အထပ်ထပ်ရစ်ပတ်ပြီးလျှင် ညက်စွာဖတ်အပ် နှပ်အပ်သော ဝါဂွမ်းတို့ဖြင့် ရစ်ကုန်၏၊ ဝါဂွမ်းရစ်ပြီးသော် ပုဆိုးဖြင့်ရစ်ပြန်၏၊ ဤသို့သောနည်းဖြင့်ငါးရာသော ပုဆိုးအစုံတို့ဖြင့် ကိုယ်တော်ကိုရစ်၍ ရွှေကျင်း၌ထည့်၍ ရွှေကျင်းတခုဖြင့် မှောက်၍ အလုံးစုံသော နံ့သာထင်းပုံကိုပြု၍ ဘုရားသခင်၏ အလောင်းတော်ကိုထင်းပုံထက်သို့တင်ကြကုန်၏။

အလောင်းတော် ကိုမီးပူဇော်ရာသို့ ဆောင်ယူခန်းပြီး၏။

## ၁၄။ ရှင်မဟာကဿပ ကုသိနာရုံသို့ကြွခဏ်း

ထိုအခါ အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ တပည့်ရဟန်း ငါးရာတို့နှင့်တကွ ကြွတော်မူလာ၏၊ ထိုအရှင်မဟာကဿပ၏ အခြံအရံဖြစ်ကုန်သော ရဟန်းတို့သည်လည်း ချမ်းသာသဖြင့်ကြီးပွါးကုန်သည်သာဖြစ်၍ မွန်းတည့်သောအခါ ကျောက်ပုနှင့်တူသော မြေအပြင်၌ ခြေဖြင့်သာ သွားကုန်သည်ရှိသော် ပင်ပန်းကုန်၏၊အရှင်မဟာကဿပသည်လည်း "ပင်ပန်းကုန်သော တပည့်ရဟန်းတို့ကို သွားအံ့သောခရီးသည်လည်း မဝေးလွန်း၊ အတန်ငယ်အပင်အပန်းဖြေ၍ ပူပန်ခြင်းကိုငြိမ်းစေ၍ ညချမ်းမှကုသိနာရုံပြည်သို့သွား၍ မြတ်စွာဘုရားကိုဖူးမြင်အံ့"ဟု ခရီးမှသက်၍ တခုသောသစ်ပင်ရင်း၌ ဒုကုဋ်ကိုခင်းပြီးလျှင် ရေဖုးမှရေဖြင့် လက်ခြေတို့ကိုဆေး၍ ချမ်းအေးသည်ကို ပြု၍နေ၏၊ အရှင်မဟာကဿပ၏ အခြံအရံဖြစ်ကုန်သော တပည့်ရဟန်းတို့သည်လည်း သစ်ပင်ရင်း၌ ထိုင်နေ၍ အသင့်နှလုံးသွင်းခြင်း၌ အမှုကိုပြုကုန်လျက် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတရားကို ပြောကြားကုန်လျက် နေကြကုန်၏။

ထိုသို့နေကြသောအခါ၌ တယောက်သောတက္ကတွန်းသည် ကုသိနာရုံပြည်မှ ခွက်ကြီးပမာဏရှိသော မန္ဒာရဝမည်သော ထင်ရှားပန်းကို အရိုးတပ်၍ ထီးကဲ့သို့ဆောင်းလျက် ပါဝါပြည်သို့သွား၏၊ အရှင်မဟာကဿပသည်လည်း ထိုတက္ကတွန်းကိုမြင်၍ ဤသို့ ကြံတော်မူ၏။

"ဤတက္ကတွန်း၏လက်၌ မန္ဒာရဝမည်သော ပန်းသည် အခါခပ်သိမ်း လူတို့၏ အရပ်၌မထင်၊အကြင်အခါ၌ တန်ခိုးရှိသောသူသည် တန်ခိုးဖြင့်ဘန်ဆင်း၏၊ ထိုအခါ၌လည်းဖြစ်၏၊ ဘုရားအလောင်း ပဋိသန္ဓေနေသောအခါတို့၌လည်း ဤပန်းသည်ဖြစ်၏၊ စင်စစ်မူကား တစုံတယောက်သော သူသည် တန်ခိုးဘန်ဆင်းခြင်းကိုမပြု၊ငါ၏ဆရာဖြစ်သောသဗ္ဗညုမြတ်စွာဘုရားသည် မယ်တော်ဝမ်းသို့သက်သော အခါသည်လည်း ယခုမဟုတ်၊ ဘွားတော်မူသည်လည်း မဟုတ်၊ ဓမ္မစကြာတရားကို ဟောတော်မူသော အခါလည်းမဟုတ်၊ ယမိုက်ပြာဋိဟာကိုပြ

တော်မူသည်လည်းမဟုတ်၊ တာဝတိံသာနတ်ပြည်က ဆင်းသက်တော်မူသည့်နေ့လည်းမဟုတ်၊ အာယုသင်္ခါရ လွှတ်တော်မူသည်လည်းမဟုတ်၊ ငါ၏ဆရာ မြတ်စွာဘုရားသည် ကြီးရင့်တော်မူပြီ၊ မချွတ်ကေန် နိဗ္ဗာန်ကိုယူတော်မူသည် ဖြစ်လတ္တံ့" ဟု အကြံဖြစ်၏၊ ထိုသို့ကြံပြီးသောနောက်မှ ထိုတက္ကတွန်းကို မေးမြန်းအံ့၊ မေးမြန်းသော်ကား နေရာကထိုင်၍သာ မေးချေသော် ဘုရား၌ မရိုမသေပြုရာကျချေ၏၊နေရာမှထ၍ ဆဒ္ဒန္တမည်သောနဂါးမင်း၏ ပတ္တမြားစီသော ချပ်တန်ဆာကဲ့သို့ မြတ်စွာဘုရားပေးသနားတော်မူအပ်သော တိမ်အဆင်းနှင့်တူသောပံသုကူသင်္ကန်းကိုရုံ၍ ဆယ်ချောင်း ပေါင်းအပ်သော လက်တို့ဖြင့် ထွန်းပသောလက်အုပ်ကို ဦးခေါင်း၌ ထား၍ ဘုရား၌ပြုအပ်သော ရိုသေခြင်းဖြင့် တက္ကတွန်းသို့ ရှေးရှုပြု၍ "ငါ့ရှင်အာဇီဝက....ငါတို့ဆရာ မြတ်စွာဘုရားကို သိပါ၏လော"ဟု မေး၏။

[ဤအရာ၌ အရှင်မဟာကဿပသည် ပရိနိဗ္ဗာန်ပြုတော်မူသည်ကို သိလျက်နှင့်မေးသလော၊ မသိသောကြောင့် မေးသလော ဟူမူကား-ရဟန္တာတို့၏သိခြင်းသည် နှလုံးသွင်းခြင်း, သတိပြုခြင်းနှင့်စပ်၏၊ မကြည့်သောကြောင့်သာ အရှင်မဟာကဿပ မသိသည်ဖြစ်၍ မေးသည်ဟု အချို့သောဆရာတို့ဆိုကုန်၏၊ အရှင်မဟာကဿပသည် သမာပတ်၌ မပြတ်လေ့လာ၍ ညဥ့်နေသောအရပ်, နေ့နေသောအရပ်,ဥမင်မဏ္ဍပ်စသည်တို့၌ သမာပတ်၏အစွမ်းဖြင့်သာလျှင် ပြတော်မူ၏၊ဒါယကာတို့၏ အနီးဖြစ်ရာရွာသို့လည်းဝင်မျှ ဆွမ်းခံ ခါး၌ သမာပတ်ကိုဝင်စား၍ သမာပတ်မှ ထသည်ရှိသော် ဆွမ်းကိုခံ၏၊ အရှင်မဟာကဿပသည် အဆုံးစွန်သော ဤကိုယ်၏အဖြစ်ဖြင့် လူများကိုချီးမြှောက်ခြင်းကိုပြုအံ့ဟုအကြင်သူတို့သည်ငါ့အား ဆွမ်းလှူအံ့၊ ပန်းနံ့သာအစရှိသည်တို့ဖြင့် အရိုအသေပြုအံ့၊ ထိုသူတို့အား များသော အကျိုးရှိစေဟု ပြုတော်မူ၏။

ထို့ကြောင့် သမာပတ်များသောအားဖြင့်မသိ၊ မသိသောကြောင့်သာလျှင် မေးသည်ဟူ၍ရင်း အချို့သောဆရာတို့ ဆိုကုန်၏။

ထိုစကားကို မယူအပ်၊ ပရိနိဗ္ဗာန်ပြုတော်မူရာ မသိသောအကြောင်းသည်မရှိ၊ ဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် အလွန်ထင်ရှား၏၊တသောင်း

သောလောကဓာတ်သည် တုန်လှုပ်ခြင်းအစရှိသော နိမိတ်တို့ဖြင့်ထင်ရှား၏၊ အရှင်မဟာကဿပ၏ ပရိသတ်၌ အချို့သောရဟန်းတို့သည် မြင်ဘူးကုန်၏၊ အချို့သောရဟန်းတို့သည် မမြင်ဘူးကုန်၊ မြင်ဘူးသော ရဟန်းတို့သည်လည်း ဖူးမြင်ခြင်းကို အလိုရှိကုန်၏၊မမြင်ဘူးသော ရဟန်းတို့သည်လည်း ဖူးမြင်ခြင်းကို အလိုရှိကုန်၏၊ ထိုရဟန်းတို့တွင် မမြင်ဘူးသောရဟန်းတို့သည် အလွန်မြင်ခြင်းငှါ အလိုရှိသောကြောင့် မြတ်စွာဘုရားအဘယ်မှာနည်းဟု သွား၍မေးသည်ရှိသော် ပရိနိဗ္ဗာန်ပြုချေပြီဟု ကြား၍ ဆောက်တည်ရာ မရရှိကြကုန်လတ္တံ့၊ သပိတ်သင်္ကန်းကိုစွန့်ခဲ့၍ တထည်သော သင်္ကန်းကို မကောင်းသော ဝတ်ခြင်းဖြင့်ဝတ်၍ ရင်တီးလက်ခတ်ငိုလတ်ကုန်အံ့၊ ထိုအရပ်၌ အရှင်မဟာကဿပနှင့်အတူလာသော ပံသုကူကို ဆောင်သောအရှင်တို့သည် မိမိတို့ကိုယ်ကိုပင် မိန်းမတို့ကဲ့သို့ ငိုကြွေးကုန်အံ့၊ ထိုအရှင်တို့သည်ငါတို့ကိုအဘယ်မှာသက်သာရာရစေနိုင်အံ့နည်းဟု လူတို့ကဲ့ရဲ့ကုန်လတ္တံ့၊ ငါတို့၏အပြစ်ကိုပြုကုန်လတ္တံ့၊ ဤတောကြီးသည်းကာဆိတ်ညံ၏၊ ဤအရပ်၌ ဟုတ်ဟုတ်ငြားငြား ငိုကြွေးသည်ရှိသော် အပြစ်ဆိုဘွယ်မရှိ၊ ရှေးဦးစွာကြားစမည်သည်ကား စိုးရိမ်ခြင်းဖြစ်တတ်သည်ဟုရဟန်းတို့အားသတိကိုဖြစ်စိမ့်သောငှါ သိလျက်ပင်လျှင် မေးတော်မူသတည်း။]

### ပရိနိဗ္ဗာန်ပြုကြောင်းကြား၍ ရဟန်းတို့ငိုကြွေးကြခြင်း

ထိုသို့အရှင် မဟာကဿပ မေးတော်မူသောအခါ၌ တက္ကတွန်းသည် ဤသို့ဆို၏၊ "ငါ့ရှင်....ဩော်သိ၏၊ ရဟန်းဂေါတမသည် ပရိနိဗ္ဗာန်ပြု၍ ယနေ့ခုနစ်ရက်ရှိပြီ၊ ထိုအရှင်ဂေါတမပရိနိဗ္ဗာန်ပြုရာအရပ်မှ ဤမန္ဒာရဝမည်သော ထင်ရှားပန်းကို ငါယူခဲ့သည်"ဟု ပြောဆို၏၊ ထိုသို့ပြောဆိုသောခဏ၌ ရဟန်းငါးရာတို့တွင်—

၁။ ပုထုဇဉ်, သောတာပန်, သကဒါဂါမိ ရဟန်းတို့သည်လက်နှစ်ဘက်ကို ဦးခေါင်း၌တင်၍ ငိုကြွေးမြည်တမ်းကုန်၏၊ မြေ၌ လူးလည်းကြကုန်၏၊ "ဘုန်းတော်ခြောက်ပါးမြတ်တရားနှင့် ပြည့်စုံတော်မူသောဘုရား.... ကောင်းသော စကားကို ဆိုတော်မူတတ်သောဘုရားသည် အလွန်လျင်စွာ ပရိနိဗ္ဗာန် ပြုတော်မူ၏၊ လောက၌ ငါးပါးသော စက္ခုနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်စွာ ကွယ်တော်မူ၏"ဟု မြည်တမ်း၍ ငိုကြွေးကုန်၏။

၂။ အနာဂါမ်,ရဟန္တာတို့ကား သတိသမ္ပဇဉ်နှင့် ပြည့်စုံကုန်သည်ဖြစ်၍ "သင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ဤသို့သင်္ခါရတရား၌အကျုံးဝင်တော်မူသော မြတ်စွာဘုရား၏ကိုယ်တော်ကိုမပျက်စီးစေခြင်းငှါ သင်တို့အဘယ်မှာ တတ်နိုင်ကုန်လတ္တံ့နည်း"ဟု နှလုံးသွင်း၍ သည်းခံကုန်၏။

ထိုသို့ ငိုကြွေးသောအခါ၌ သုဘဒ်အမည်ရှိသောတောထွက်ရဟန်းသည် ငိုကြွေးသောရဟန်းတို့ကို "ငါ့ရှင်တို့····အကြောင်းမသင့်၊မစိုးရိမ်ကြကုန်လင့်၊ငါတို့လည်းထိုရဟန်းကြီးလက်မှ လွတ်ကုန်ပြီ၊ထိုရဟန်းကြီးသည် ငါတို့ကို "ဤကားမအပ်၊ ဤအမှုကိုမပြုလင့်၊ ဤအမှုကိုပြုကုန်"ဟုနှိပ်စက်ညှဉ်းဆဲလှလေပြီ၊ယခုမှာကား ပြုလိုသမျှ ပြုရကုန်အံ့၊ မပြုလိုသည့်အမှုကိုလည်း မပြုဘဲနေကုန်အံ့"ဟုဆို၏။

### သုဘဒ်ရဟန်းကြီး ရန်ငြိုးဖွဲ့ခြင်းအကြောင်း

ထိုတောထွက် သုဘဒ်ရဟန်းသည် မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့ခြင်းကြောင့် ဤစကားကို ဆိုသတည်း။

ရန်ငြိုးဖွဲ့ခြင်းအကြောင်းကား—

ဘုရားသခင်ထင်ရှားရှိတော်မူစဉ်က အာတုမအမည်ရှိသောရွာတွင်ဆတ္တာသည်အဖြစ်မှ ရဟန်းပြုသတတ်၊ ထိုအခါ မြတ်စွာဘုရားသည် ကုသိနာရုံပြည်မှထွက်၍ ရဟန်းတထောင့်နှစ်ရာငါးကျိပ်တို့နှင့်တကွ အာတုမအရပ်သို့ကြွတော်မူသည်ရှိသော် မြတ်စွာဘုရားကြွလာတော်မူသည်ဟုကြား၍ "ကြွလာတော်မူသောအခိုက် ယာဂုလှူအံ့"ဟု သားနှစ်ယောက်သာမဏေတို့ကိုခေါ်၍ ဤသို့ဆို၏၊ "ငါ့သားတို့····မြတ်စွာဘုရားသည် ယခုအာတုမအရပ်သို့ တထောင့်နှစ်ရာငါးကျိပ်သောရဟန်းတို့နှင့်တကွ ကြွလာတော်မူသည်၊ သင်ချစ်သားတို့သည်ဦးခေါင်းရိတ်သောသင်စုန်းကိုယူ၍ ဆီကျည်အိတ်ငယ်ဖြင့်သွားချေကုန်၊ အိမ်တိုင်းအိမ်တိုင်းလှည့်ပတ်သွားလာချေကုန်၊ ဆား,ဆီ,ခဲဘွယ်တို့ကို ဆောင်ယူချေကုန်၊ ဘုရားကြွလာတော်မူခိုက် ယာဂုအလှူပေးအံ့"ဟု ဆို၏။

ထိုသားတို့သည်လည်း အဘဆိုတိုင်းပြုကုန်၏၊ လူတို့သည်သာယာခြင်းသောအသံရှိကုန်သော ချစ်ဘွယ်သောစကားကိုဆိုတတ်ကုန်သော ထိုသူတို့ကိုမြင်၍ ဆံရိတ်ခြင်းအစရှိသောအမှုကို ပြုလိုသသူ,မပြုလိုသသူတို့ပင်ပြုကုန်၏၊ "အမောင်တို့....ဤအမှုကိုပြုသောအခါ၌ အဘယ်သို့ယူကုန်လတ္တံ့နည်း"ဟု လူတို့မေးကုန်၏၊ ထိုသာမဏေတို့သည် ဤသို့ဆိုကုန်၏၊ "ငါတို့အားတပါးသောအမှုဖြင့်အလိုမရှိ၊ငါတို့၏အဘသည် ဘုရားကြွလာတော်မူလာခိုက် ယာဂုအလှူပေးလိုသည်"ဟု ဆို၏၊ ထိုစကားကိုကြားကုန်၍ လူတို့သည်မရေတွက်မူ၍ ထိုဆေတ္တာသည် သာမဏေတို့ကိုယူသမျှပေးကုန်၏၊ပေးလိုက်သမျှကိုလည်းမယူနိုင်ကုန်၍ လူတို့ကိုစေလိုက်ကုန်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် အာတုမရွာသို့ကြွတော်မူ၍ပွဲတလင်းတင်းကုပ်ကြီးသို့ ဝင်တော်မူသည်ရှိသော် သုဘဒ်သည် ညချမ်းသောအခါ၌ ရွာတံခါးသို့သွား၍ လူတို့ကိုခေါ်၏၊ "ဒါယကာတို့....ငါသည် သင်တို့၏အထံမှတစုံတခုသောဝတ္ထုကို မတောင့်တ၊ငါ၏သူငယ်တို့သည် ဆောင်ယူခဲ့သော ဆီ,ဆံအစရှိသည်တို့ဖြင့်သာလျှင် လုံလောက်ကုန်၏၊ လက်အမှုကို လုပ်ဆောင်မည့်သူတို့ကို ပေးကုန်လော့"ဟု ဆိုကုန်၏၊ "အရှင်ဘုရား အသို့ပြုရ ကုန်အံ့နည်း" ဟု ဆိုကုန်သည် ရှိသော် "ဤသက်န်းကို ယူကုန်လော့" ဟု သင်္ကန်းကိုယူစေ၍ အလုံးစုံသော အဆောက်အဦတို့ကိုယူ၍ ကျောင်း၌ခုံလောက်တို့ကိုယူ၍ မည်းညစ်သောသက်နှ်းတထည်ကိုဝတ်၍ ထိုတထည်နှင့်တူသော သက်နှ်းတထည်ကိုလျှင် ရုံ၍ "ဤအမှုကိုပြုကုန်လော့၊ ဤအမှုကို မပြုကြကုန်လင့်"ဟု တည်ဥပတ်လုံးစီရင်ကုန်လျက် တသိန်းသောဥစ္စာတို့ကိုစွန့်၍ ပျစ်ပျစ်သောယာဂုကိုငှင်း,ပျားပေါက်ပေါက်ဆုပ်ကိုငှင်း စီရင်စေ၏။

ထိုယာဂု၌ထောပတ်, တင်လဲ, ငါး, အမဲ, အပွင့်, အသီးအရသာအစရှိသောအလုံးစုံသော ခဲဘွယ်မည်သော အလုံးစုံသော ဝတ္ထုတို့ကိုထည့်၏၊ ကစားလိုသောသူတို့အား ဦးခေါင်းလိမ်းခြင်းငှါခဲ့သည်ဖြစ်၏၊ ကောင်းသောအနံ့ရှိ၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် နံနက်စောစောကပင်လျှင် ကိုယ်လက်သုတ်သင်ခြင်းကိုပြု၍ သံဃာအပေါင်းခြံရံလျက်ဆွမ်းခံသွားအံ့သောငှါ အာတုမရွာသို့ရှေးရှုကြွတော်မူ၏၊ ယာဂု ချက်

ကုန်သော လူတို့သည် တောထွက်ကြီးသုဘဒ်ကို ဤသို့ဆိုကုန်၏၊ "အရှင်ဘုရား….အဘယ်သူ့ကို ယာဂုစီရင်သနည်း၊ မြတ်စွာဘုရားသခင်သည် သံဃာတော်များနှင့်တကွ ဆွမ်းခံကြွတော်မူပြီ"ဟု ဆို၏၊ ထိုသုဘဒ် တောထွက်ရဟန်းသည် ဝတ်ရုံတိုင်း ညစ်မည်းသော သင်္ကန်းဘို့ဖြင့် သာလျှင် လက်တဘက်ဖြင့် ယောက်မဟင်းချိုကိုင်၍ လက်ျာပုဆစ်ကို မြေ၌တုပ်၍ရှိခိုးလျက်"ဘုန်းတော်ကြီးသောဘုရား….အရှင်ဘုရားသည် ယာဂုခံတော်မူပါ"ဟု လျှောက်၏။

ဘုရားသခင်သည် ယာဂုအဆောက်အဦအလုံးစုံကို မေးတော်မူ၏၊ တောထွက်ရဟန်းကြီးအား ကဲ့ရဲ့တော်မူ၏၊ ထိုလျှော်ဘွယ်ဝတ္ထု၌ မအပ်သည်ကိုညီညွတ်ခြင်း၌သိက္ခာပုဒ်ကိုရင်း, သင်္ဃမုန်းဘဏ္ဍာကိုဆောင်ခြင်း၌ သိက္ခာပုဒ်ကိုရင်း၊ ဤနှစ်ပါးသော သိက္ခာပုဒ်ကို ပညတ်တော်မူ၍–

"ချစ်သားရဟန်းတို့….ကုဋေမက များစွာသော ကာလပတ်လုံး ဘောဇဉ်ကိုရှာမှီးစဉ်ပင်လျှင်လွန်ကုန်၏၊ သင်တို့အား ဤမအပ်သောဝတ္ထုကို, မတရားသဖြင့်ဖြစ်သော ဤဘောဇဉ်ကို စားသောက်သောသူတို့အား အထောင်မကများစွာသော ဘဝပတ်လုံး အပါယ်ဘုံ၌သာလျှင်ဖြစ်ရလတ္တံ့၊ မခံကုန်လင့်"–

ဟု မိန့်တော်မူ၍ ဆွမ်းခံရွာသို့ရှေးရှုကြွတော်မူ၏၊ တယောက်သော ရဟန်းမျှလည်း တစုံတခုသောဝတ္ထုကိုမခံ၊ ထိုအခါ သုဘဒ်ရဟန်းကြီးသည်နှလုံးမသာယာသည်ဖြစ်၍ "ဤအရှင်ဂေါတမသည် အလုံးစုံကို သိ၏ဟု ကျော်စောသည်၊ မခံလိုလျှင် တစုံတယောက်ကို စေကြားစေအပ်သည်ဖြစ်၏၊ ဤကျက်ပြီးသော အစာမည်သည်ကား အခါလေးမြင့်ထားသော် နှစ်ရက်မျှသာတည်ရာ၏၊ ဤအဆောက်အဦ အလုံးစုံကို ငါသည်တသက်လုံးရှာမှီးရသည်၊ အလုံးစုံကို ဖျက်ဆီးဘိသည်၊ အရှင်ဂေါတမသည် ငါ၏အကျိုးမဲ့ကို ပြုဘိသည်"ဟု ဘုရားသခင်၌ ရန်ငြိုးဖွဲ့၍ ဘုရားထင်ရှားရှိတော်မူစဉ်ဆိုခြင်းငှါမဝံ့၊ "အရှင် ဂေါတမသည် မြတ်သောအမျိုးမှ ရဟန်းပြုသောယောကျ်ားမြတ်ပေ၊ တစုံတခုမသင့်သောစကားကိုဆိုမိချေအံ့၊ ငါ့ကိုခြိမ်းချောက်ရာ၏"ဟုစိတ်အကြံဖြစ်၏၊ ထိုသုဘဒ်သည် ဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီကြား၍ သက်သာရာရဘိ

သကဲ့သို့ နှစ်လိုဝမ်းသာ "ငါ့ရှင်တို့....ယခုမှ ငါတို့သည် ရဟန်း ဂေါတမ နှိပ်စက်ခြင်းမှ လွတ်ကင်းကြကုန်ပြီ၊ မစိုးရိမ်ကြကုန်လင့်"ဟု ဆိုသတည်း။

**အရှင်မဟာကဿပ ဓမ္မသံဝေဂဖြစ်တော်မူခြင်း**

သုဘဒ္ဒရဟန်းကြီးဆိုသောစကားကို ရှင်မဟာကဿပ ကြားလျှင် နှလုံး၌ ပုတ်ခတ်ဘိသကဲ့သို့,ထိပ်ထက်မိုယ်းကြိုးကျဘိသကဲ့သို့ အောက် မေ့၏၊ ထိုအရှင်မဟာကဿပ၏ ဓမ္မသံဝေဂသည်လည်းဖြစ်၏၊ "ယခု လည်း မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြု၍ ခုနစ်ရက်မျှသာ ရှိသေးသည်၊ ထိုမြတ်စွာဘုရား၏ ရွှေအဆင်းနှင့်တူသော ကိုယ်တော်ရှိစဉ်ပင်လျှင် မကောင်းသောသူတို့၏ စကားကို ကြားသိရသည်၊ ဤမကောင်း စွာသောသူသည်ပွားချေသော်,ထိုသူနှင့်သဘောတူကုန်သော အပေါင်း အဘော်တို့ကို ရပြန်၍ သာသနာတော်ကို ရွှေ့စိမ့်သော၄ါ တတ်နိုင် ကောင်းချေ၏" ဟုကြံ၏၊ ထို့နောင်မှ အရှင်မဟာကဿပသည် ဤသို့ ကြံ၏။

"ငါသည် ဤအရပ်၌ပင်လျှင် ဤရဟန်းကြီးကို ပုဆိုးနွမ်းကို ဝတ်စေ၍ ပြာဖြင့်ကြဲစေ၍ နှင်ထုတ်စေသည်ဖြစ်အံ့၊ ရှင်ဂေါ တမကိုယ်တော်ရှိစဉ်ကပင် တပည့်သားတော်တို့သည် အငြင်း အခုံဖြစ်ကြကုန်၏"ဟုငါတို့၏ အပြစ်ကိုလူတို့ပြောကုန်လတ္တံ့ ဟု သည်းခံတော်မူ၏၊ မြတ်စွာဘုရားသည် ဟောတော်မူအပ် သော တရားတော်သည် မကုံးမသီသောပန်းအစုကို လေဖြင့် ခတ်ဘိသည်ရှိသော်ဖရိုဖရဲကြဲပြန့်ကုန်သကဲ့သို့ထို့အတူပင် ဤသို့ သဘောရှိသော ယုတ်မာသောရဟန်းတို့၏အစွမ်းဖြင့် ဝိနည်း, သုတ္တန်, အဘိဓမ္မာဟူသော တရားတော်တို့သည် တခုမြောက်, နှစ်ခုမြောက် တရွေ့တရွေ့ ပျောက်ပျက်ချေလတ္တံ့၊ ပန်းတို့ကို ပန်းသီတံတို့ဖြင့်ကုံးသီအပ်သော်ကားလေခတ်သဖြင့် မပျက်စီး နိုင်သကဲ့သို့ ထိုနှင့်တူစွာ သုတ်, အဘိဓမ္မာ, ဝိနည်းဟူသော တရားတော်ကို သင်္ဂါယနာ တင်ရသော်ကား မလှုပ်မရှား တည်လိမ့်သတည်း၊ ထိုသို့ တရားတော်ကိုစောင့်ထိန်းစေခြင်း ၄ါ ငါ့အား ဘုရားသခင်သည် သုံးဂါဝုတ်တိုင်တိုင် ခရီးဦးကြို

ဆိုရ၍ ဆုံးမဩဝါဒကို အစစ္စာက ပေးဘူးပေသည်၊ ကိုယ်တော်ဝတ်သော သင်္ကန်းကိုလဲလှယ်၍ ဝတ်ဘူးပေသည်၊ ဤသို့အစရှိသော ကျေးဇူးအထူးရှိပေသော ဘုရားသခင် သာသနာတော်ကို ချီးမြှင့်သဖြင့် မကြာမတင် သင်္ဂါယနာ တင်ရသော် ကောင်း၏”—

ဟု တစုံတယောက်သောသူကိုမျှ မပြောမဆိုဘဲ စိတ်ထဲ၌သာကြံစည်တော်မူ၍ ရဟန်းသံဃာတို့ကိုနှစ်သိမ့်ဖြားယောင်း၍“ငါ့ရှင်တို့…. မြတ်စွာဘုရားသည် ရှေးမဆွကပင် ဤသို့သောစကားကို ဟောကြားတော်မူပြီးမဟုတ်တုံလော၊ အလုံးစုံ ချစ်နှစ်သက်အပ်သော သူတို့နှင့် နာနာဘာဝ, ဝိနာဘာဝ, အညထာဘာဝဖြင့် ဖြစ်ခြင်းရှိ၏၊ ဤဝဋ်တရား၌ အကျုံးဝင်သော မြတ်စွာဘုရား၏ကိုယ်တော်ကို မပျက်စီးစေခြင်းငှါ အဘယ်မှာ သင်တို့ရနိုင်ပါမည်နည်း၊ ဘုရားသခင်၏ကိုယ်တော်သည်ဖြစ်ခြင်း ပျက်ခြင်းသဘောရှိ၏၊ ကိုယ်တော်ကို မပျက်ပါစေလင့်၊ မပျက်ပါမူကား ကောင်းလေစွဟု တောင့်တ၍ ရရာသောအကြောင်းမရှိ”ဟု အရှင်မဟာကဿပ မိန့်တော်မူ၏။

## နတ်တို့မိဌာန်၍ မီးမလောင်နိုင်ခြင်း

ထိုသို့ မြတ်စွာဘုရားသခင်၏အလောင်းမြတ်ကို နံ့သာထင်းပုံထက်သို့တင်ပြီးသော် ကုသိနာရုံပြည်၏ အရှေ့အရပ်၌ မလ္လာမင်းတို့၏ မကုဋဗန္ဓန အမည်ရှိသော မင်္ဂလာပြုရာ အဆန်းတကြယ် ရှုစချင်ဘွယ်တို့ဖြင့် တင့်တယ်လှပစွာ ပြုလုပ်စီမံအပ်သော နိဗ္ဗာန် စံကျောင်းတန်ဆောင်းမဏ္ဍပ် စရပ်ကြီး၏အနီး၌ အလောင်းတော်ကိုချ၍ ပုဆိုးတထပ်ဂွမ်းတထပ် ချပ်ခါချပ်ခါ ပုဆိုးအစုံ ငါးရာတို့ဖြင့် ထပ်မံ၍ရစ်ပတ်စည်းပြီးလျှင် အတောင် တရာ့နှစ်ဆယ် အစောက်မြင့်သော နံ့သာထင်းပုံထက်သို့တင်လျက် ကဆုန်လပြည့်ကျော် ဖ-ရက်နေ့ညအခါ မလ္လာမင်းအကြီး လေးယောက်တို့သည် မိမိတို့ကိုယ်ကို သန့်ရှင်းစင်ကြယ်စေခြင်းငှါ ဦးခေါင်း ဆေးလျှော်ကုန်ပြီးလျှင် အစာမကျေသောပုဆိုးတို့ကို ဝတ်လျက် ငါတို့သည် မြတ်စွာဘုရားသခင်အလောင်းတော်တင်သော ထင်းပုံကို မီးတိုက်ကုန်အံ့ဟု လေးမျက်နှာပြင်ဆိုင်၍

မီးတိုက်ကြကုန်သော်လည်း မီးတို့သည် မစွဲငြိနိုင်ကုန်သည်နှင့် အရှင်အနုရုဒ္ဓါမထေရ်မြတ်အား မေးလျှောက်ကြပြန်၏။

"အရှင်ဘုရား အနုရုဒ္ဓါ....အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ အလောင်းတင်သောထင်းပုံကို မီးတိုက်ကုန်အံ့ဟု မိမိတို့ကိုယ်ကို သန့်ရှင်းစင်ကြယ်စေရန် အစာမကျေသော ပုဆိုးတို့ကိုဝတ်ဆင်ကုန်ပြီးမှ မလ္လာမင်းအကြီး လေးယောက်တို့သည် မီးတိုက်ပါကုန်၏၊ အကြင်အကြောင်းဖြင့် မြတ်စွာဘုရား၏ အလောင်းတော်တင်သော ထင်းပုံကို မီးလောင်စေခြင်းငှါ မတတ်နိုင်ပါကုန်၊ ထိုအကြောင်းသည် အဘယ်အကြောင်းပါနည်း၊ပတ္တမြားမျက်ရှင်ကိုလက်ဝါးအပြင်၌တင်ထားဘိသကဲ့သို့ ထင်ရှားသိမြင်ရလေအောင် အမိန့်တော်ရှိပါဘုရား"—

ဟုမေးလျှောက်ကြကုန်၏၊ ဤသို့လျှောက်ထားလေလျှင် အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကလည်း "အို-ဝါသိဋ္ဌအမျိုးမှဖြစ်သော မလ္လာမင်းတို့....နတ်တို့၏အလိုသည် အခြားတပါး အပြားအားဖြင့် ရှိသေးသည်ဖြစ်၍ အလောင်းတော်ထင်းပုံကို မီးမလောင်နိုင်သတည်း"ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား....အကျွန်ုပ်တို့အလိုအလျောက် မပြုလိုပါ၊ နတ်တို့၏အလိုအတိုင်းသာလျှင် အလောင်းတော် သဂြိုဟ်ခြင်းဈာပနကိစ္စ၌ ကျင့်ဆောင်ပါကုန်အံ့" ဟု လျှောက်ထားပြီးနောက် နံ့သာထင်းပုံထက်တွင် ခုနစ်ရက်ပင် ကြာပြန်လေသတည်း။

နတ်တို့၏ အလိုဆန္ဒသည် အဘယ်သို့အလိုဆန္ဒရှိကြပါသနည်း ဟူမူကား—

မြတ်စွာဘုရားတပည့်သားတော် အသီတိ မဟာသာဝက ရှစ်ကျိပ်တို့တွင် စိတ်ကိုကြည်ညိုစေ၍ ထိုရှစ်ကျိပ်သော မဟာသာဝကဖြစ်ကုန်သောသူတို့၏ အလုပ်အကျွေးဖြစ်ကုန်သောရှစ်သောင်းသော အမျိုးတို့သည် နတ်ပြည်၌ ဖြစ်ကြကုန်၏၊ထိုနတ်ရှစ်သောင်းတို့တွင် အရှင်မဟာကဿပ၏အလုပ်အကျွေးဖြစ်သော နတ်ရှစ်ယောက်တို့သည် ယခုလာကြသော ရဟန်းသံဃာတော်တို့၏ အစည်းအဝေး၌ မိမိတို့ ကြည်ညိုကိုးကွယ်အပ်သော အရှင်မဟာကဿပမထေရ်ကို မမြင်ကုန်သော

ကြောင့် "ငါတို့ဆရာဖြစ်တော်မူသော အရှင်မဟာကဿပသည် အဘယ်အရပ်မှာ သီတင်းသုံးတော် မူလေသနည်း" ဟု နတ်မျက်စိဖြင့် ရှုကြည့်ကြလေသော်—

ဤဘုရားပရိနိဗ္ဗာန်စံလွန်တော်မူရာ ပရိသတ် အစည်းအဝေး၌ မပါမဝင် အစဉ်သဖြင့် ဒေသစာရီလှည့်လည်၍ အဓွန့်ရှည်သောခရီးသို့ ကြွတော်မူသည်ကိုမြင်သဖြင့် ငါတို့၏ဆရာဖြစ်သော အရှင်မဟာကဿပသည် မြတ်စွာဘုရား၏ခြေတော်စုံကို ရှိခိုးအံ့သောငှါ အဓွန့်ရှည်သောခရီးဝေးမှ တပည့်သံဃာနှင့်တကွ ကြွလာတော်မူသေး၏၊ အကြင်မျှလောက်သောကာလပတ်လုံး ငါတို့ဆရာ အရှင်မဟာကဿပ ကိုယ်တော်မြတ်သည်ဘုရားသခင်၏ခြေတော်စုံကိုကြည်ညိုသည့်အတိုင်း ရှိခိုးပူဇော်ကန်တော့ခြင်းကို မပြုရသေး၊ ထိုမျှသော ကာလပတ်လုံး နံ့သာမျိုးစုံ ဤထင်းပုံသည်မီးမတောက်မလောင်စေသတည်း" ဟု နတ်ရှစ်ယောက်တို့သည် မိဋ္ဌာန်ကြလေကုန်၏။

နတ်တို့ မိဋ္ဌာန်ထားသည်ကို မလ္လာမင်းတို့မသိကြသဖြင့် မလ္လာမင်းလေးယောက်တို့သည် မီးလောင်စေခြင်းငှါ အထူးထူး အပြားပြား အားထုတ်ငြားသော်လည်းမီးမလောင်ခဲ့သော် လေးယောက်မှဆထက်တိုး၍ မလ္လာမင်းရှစ်ယောက်, တကျိပ်ခြောက်ယောက်, သုံးကျိပ်နှစ်ယောက်တို့သည် ထင်းပုံ၌မီးစွဲတောက်လောင် စိမ့်သောငှါ အစုံသောမိုကျင်တို့ဖြင့် ထိုးကုန်သော်ငြင်း, ပြောင်းတန်တို့ဖြင့် မှုတ်ကုန်လျက် ထန်းရွက်ယပ်တို့ဖြင့် ယပ်ကုန်လျက် ထိုထိုသို့သောမီးစွဲတောက်လောင်အံ့သောငှါ အကြောင်းကို ပြုကုန်သော်ငြင်း နံ့သာထင်းပုံကို မီးစွဲငြိတောက်လောင်စေခြင်းငှါမတတ်နိုင်ကြကုန်သောကြောင့်မြတ်စွာဘုရားအလောင်းတော်သည် ဤနံ့သာထင်းပုံထက်၌ပင် ခုနစ်ရက်ကြာ ပြန်လေသတည်း။

ဤသို့ "အရှင်မဟာကဿပ မထေရ် မရောက်သေးသောကြောင့် နတ်တို့မိဋ္ဌာန်ချက်အတိုင်း မီးမတောက်လောင်နိုင်သတည်း" ဟု မိန့်တော်မူသော အရှင်အနုရုဒ္ဓါ၏စကားကို မလ္လာမင်းအများတို့ကြားကြကုန်လတ်သော်—

"အချင်းတို့....မဟာကဿပ မထေရ်မြတ်သည် မြတ်စွာဘုရား၏ခြေတော်စုံတို့ကို ရှိခိုးပူဇော်အံ့သော၄ါ တပည့်သံဃာနှင့်တကွ လာကြကုန်သေး၏၊ ထိုအရှင်မဟာကဿပ မထေရ်မြတ်သည် တပည့်ရဟန်းအပေါင်းနှင့်တကွ ဘုရားပရိနိဗ္ဗာန်စံလွန်တော်မူသဖြင့် အလောင်းတော်ရွှေတလား တင်ထားရာနံ့သာထင်းပုံသို့ မရောက်သမျှကာလပတ်လုံး ဤနံ့သာထင်းပုံသည် မီးမတောက်လောင်ဘဲရှိအံ့သတည်း"။

"အမောင်တို့.... တန်ခိုးကြီးသော အရှင်မဟာကဿပရဟန်းသည် မည်းနက်သော အဆင်းရှိလေသလော, ဖြူသော အဆင်းရှိလေသလော, နိမ့်လေသလော, မြင့်လေသလော, ဆူသလော,ကြုံသလော၊ အဘယ်ကဲ့သို့ရုပ်ဆင်းရောင်ဝါ ရှိရှာလေသနည်း၊ ဤသို့ တန်ခိုးကြီးသော ရဟန်းကြီး အရှင်မဟာကဿပသည် မြတ်စွာဘုရား၏အပါးတော်၌ရှိပါလေမူ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံယူတော်မူခြင်း မဖြစ်တန်လေသေး" ဟူ၍ ဆိုမြည်ကြကုန်၏။

"အရှင်ဘုရားအနုရုဒ္ဓါ....ဤအရှင်ကောင်းသည်အဘယ်အရပ်မှ ကြွလာလတ္တံ့နည်း" ဟု မေးလျှောက်ကြလေသော် အနုရုဒ္ဓါ အရှင်မြတ်ကလည်း "ပါဝါမြို့မှကြွလာလတ္တံ့" ဟူသောစကားကို မိန့်ကြားလေသော် အချို့သောသူတို့သည်ဆွမ်းဟင်းလျာတို့နှင့်တကွ လှူဒါန်းရန်ပန်းနံ့သာအစုံတို့ကိုလက်စွဲကုန်လျက် ကြိုဆိုကြကုန်၏၊အချို့သောသူတို့သည်လည်း ခရီးလမ်းတို့ကို ဆန်းကြယ်စွာ တန်ဆာဆင်ယင် ပြုပြင်ကြလျက်နေကြကုန်၏။

### အရှင်မဟာကဿပ ဆိုက်ရောက်လာခြင်း

ထိုအခါ အရှင်မဟာကဿပ မထေရ်သည် တပည့်ရဟန်းသံဃာတို့နှင့်တကွ ပါဝါပြည်ခရီးမှကြွလာလတ်၍ အကြင်အရပ်၌ ကုသိနာရုံပြည်ဝယ် မကုဋဗန္ဓနစေတီသည်ရှိ၏၊ မြတ်စွာဘုရားသခင်၏အလောင်းတော် ဟင်ရာထင်းပုံသည်လည်းရှိ၏၊ ထိုသို့ရှိရာအရပ်သို့ ကပ်လာပြီးလျှင် ပခုံးတဘက်၌ ကိုယ်ဝတ်စမွှယ်တင်သည်ကိုပြု၍ မြတ်စွာဘုရား

သခင်၏အလောင်းတော် တင်ရာနံ့သာထင်းပုံ၌ တပည့်သံဃာနှင့်တကွ လက်ျာရစ်သုံးပတ်လှည့်ပြီးလျှင် "ဤအရပ်၌ဦးခေါင်းတော်,ဤအရပ်၌ ခြေတော်"ဟု ရည်မှတ်ပြီးသော် ခြေတော်ရင်း၌ ခြေအစုံရပ်လျက် အဘိညာဉ်၏အခြေဖြစ်သော ရူပါဝစရကြိယာပဉ္စမဈာန်ကို ဝင်စား လတ်၍ ဈာန်မှထပြီးလျှင်—

"အကန့်တထောင်တို့ဖြင့် တန်ဆာဆင်အပ်သော တရာ့ ရှစ်ကွက်သော စက်လက္ခဏာတော်တို့ဖြင့် တန်ဆာဆင်အပ် သော မြတ်စွာဘုရား၏ ခြေတော်အစုံတို့သည် ဝါဂွမ်းအထပ် အလွှာတို့နှင့်တကွ ပုဆိုးအစုံငါးရာ အထပ်တို့ကိုရှင်း, ရွှေ တလားကိုရှင်း,နံ့သာထင်းတို့ကိုရှင်း နှစ်ဖြာခွဲ၍ ဥတ္တမင်္ဂသီသ ဟု ဆိုအပ်သောအင်္ဂါ ဤငါ၏ဦးခေါင်း၌ တည်တော်မူစေ သတည်း"—

ဟု မိဋ္ဌာန်တော်မူ၏၊ ထိုသို့ မိဋ္ဌာန်တော်မူသည်နှင့်တပြိုင်နက်လျှင် ထင်းပုံရွှေတလား ငါးရာသောပုဆိုးအစုံတို့ကို နှစ်ဖြာခွဲ၍ တိမ်တိုက် ထဲ၏ အကြားမှ ထွက်ပြူထွန်းလင်းသော လပြည့်ဝန်းသဏ္ဍာန်ကဲ့သို့ သော ခြေတော်အစုံတို့သည် ထွက်လာကုန်၏၊ အရှင်မဟာကဿပ မထေရ်သည် ပွင့်သစ်သော ပဒုမာကြာနီနှင့်တူသော လက်တော်တို့ ကိုဆန့်၍ ရွှေအဆင်းနှင့်တူသော မြတ်စွာဘုရားသခင်၏ ခြေတော် ဖမျက်တိုင်အောင် ကျပ်ကျပ်တည်းတည်း ကိုင်တော်မူပြီးလျှင် မိမိ၏ ဥတ္တမင်္ဂသီသဟုဆိုအပ်သော မြတ်သော ဦးခေါင်းထက်၌ တည်စေ၍ ရှိခိုး၏၊ ထိုသို့အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲသော အဖြစ်ကို လူများ အပေါင်းတို့ မြင်ကြသည်နှင့်တပြိုင်နက်တည်း သည်းထန်စွာသောအသံ ဖြင့် ကောင်းချီးဟစ်ကြော် သာဓုခေါ်ကြပြီးလျှင် ပန်းနံ့သာ အမွှေး အထုံ အလုံးစုံသော နံ့သာရေတို့ဖြင့် ပက်ဖျန်းပူဇော်ကြ၍ ရှိခိုးကြကုန် ၏၊ငါးရာသောသံဃာတို့သည်လည်းအသီးသီးတပြိုင်နက်ရှိခိုးကြကုန်၏။

ဤသို့လျှင် အရှင်မဟာကဿပ မထေရ်ကြီးစသော အလုံးစုံသော သူတို့သည် ရှိခိုးအပ်ပြီးသည်ရှိသော် တဖန်မိဋ္ဌာန်ခြင်းမည်သည် ကိစ္စ မရှိပြီ၊ ရှေးမိဋ္ဌာန်သည်၏ အစွမ်းအားဖြင့်ပင် အရှင်မဟာကဿပ

မထေရ်၏ လက်တော်မှ လွှတ်ခါမျှ၌ပင်လျှင် စိုစွတ်သော အဆင်းရှိကုန်သောမြတ်စွာဘုရား၏ ခြေတော်စုံတို့သည် စန္ဒကူးထင်းအစရှိသည်တို့ကို တစုံတခုမျှ မချွတ်မယွင်း ပျက်စီးစေခြင်းမရှိ၊ တည်မြဲတိုင်းသော နေရာအရပ်၌သာလျှင်တည်လေ၏၊ ထိုမြတ်စွာဘုရား၏ ခြေတော်စုံတို့သည် ထွက်ကုန်သော်ငင်း,ဝင်ကုန်သော်ငင်း,ရစ်စည်း ပတ်အပ်သော ဝါဂွမ်းမွေး-ပိုးချည်မျှင် စသည်တို့ သည်ငင်း, ဆီပေါက်သည်ငင်း လူအပေါင်းတို့အံ့ဩ၍မကုန်နိုင်ရန် ချွတ်ယွင်းပျက်စီးခြင်းမရှိ၊ ပကတိ အလုံးစုံတို့သည် တည်မြဲတိုင်း၌သာလျှင်ပင် တည်လေ၏။

[ဤအရာ၌ မြတ်စွာဘုရား၏ ခြေတော်စုံတို့သည် အရှေ့ပြုပ္ပါ ဝိဒေဟာကျွန်းက နေလဝန်းဗိမာန် ထွက်ပေါ်ပြန်သကဲ့သို့ ထွက်ပေါ်ပြန်၍ တဘန်တုံ့ခေါက် အလိုအလျောက် ဝင်ပြန်လေသော် ရှုမြင်ကြသော နတ်လူများ အပေါင်းတို့သည် ပြင်းစွာသော ငိုကြွေးမြည်တမ်းခြင်းတို့ဖြင့် ငိုကြွေးမြည်တမ်းလွမ်းဆွတ်ကြသည်မှာ ပရိနိဗ္ဗာန်စံလွန်တော်မူသော အခါထက်ပင် ဆထက်ထောင်ရာ အလွန်သာ၍ လွန်မင်းစွာ ငိုကြွေးကြလျက် သနားခြင်းကရုဏာ လွန်စွာဖြစ်ကြကုန်၏။]

### နတ်တို့၏အာနုဘော်ဖြင့် အလိုလိုမီးတောက်လောင်ခြင်း

ထိုအခါ မြတ်စွာဘုရားသခင်၏ အလောင်းတော်တင်ရာထင်းပုံကို တစုံတယောက်သောသူသည် မီးမွှေးတိုက်ညှိပျိုးခြင်းမရှိစေရ၊နတ်တို့၏ အာနုဘော်ကြောင့် အလိုလိုသာလျှင် ထက်ဝန်းကျင် အရပ်မျက်နှာမှ တပြိုင်နက်တည်း မီးငြိတောက်လောင်၏၊ အလောင်းတော်နှင့် တကွနှံ့သာထင်းပုံကို မီးလောင်ရာ၌ ဝန်းရံ၍တည်ရှိကုန်သော အင်ကြင်းပင် အပေါင်းတို့၏အခွကြား, အခက်ကြား,အရွက်ကြား တို့မှလည်း မီးလျှံတို့သည် မပြတ်မစဲ တောက်လောင်ဘနန်း ထွက်ကုန်၏၊ ထိုမီးလျှံတို့ ထွက်သော်လည်း အခက်အရွက်တို့ကို မီးစွဲလောင်ခြင်းမရှိ၊ ဤမှတပါး ခြ,ပိုးရွ,ပင့်ကူ,ပလူ,ပရွက်စသော သတ္တဝါတို့သည်လည်း မီးလျှံတို့ဖြင့် မီးလျှံတို့၏ အကြားအကြား၌ မပြတ်သွားလာကြကုန်၏၊ ဘိုးတော် အဋ္ဌနမင်းသည် နဝစန္ဒကိန်းဖြင့် သက္ကရာဇ်ဖြိုပြီးနောက် အကြွင်းနှစ်ခုထားအပ်သော သက္ကရာဇ် ၁၄၈-ခု ကဆုန်လပြည့်ကျော် ၁၂-ရက် တနင်္ဂနွေနေ့ ညချမ်းအခါ အလောင်းတော်တင်သော ထင်းပုံကို

မည်သူတယောက်မျှပင် မတင်မရှိ အလိုအလျောက် မီးတောက်လောင်စွဲတော်မူ၏။

ရှင်မဟာကဿပ ကုသိနာရုံသို့ကြွခန်း ပြီး၏။

---

## ၁၅။ ဓါတ်တော်တို့၏အဆင်းသဏ္ဌာန် ပမာဏကိုပြခန်း

ထိုသို့ အလောင်းတော်ကို မီးလောင်တောက်စွဲတော်မူပြီးမှ ကိုယ်တော်မြတ်၏ ကာယတော်၌ အကြင်အပေါ်ရေတော်,အသားတော်, အကြောတော်, အစေးတော်တို့သည်ရှိကုန်၏၊ ထိုအရေတော်, အသားတော်, အကြောတော်, အစေးတော်တို့၏ ပြာတို့သည် မထင်ကုန်၊ ဓာတ်တော်တို့သည်သာလျှင် ကြွင်းကျန်တော့သည် ဖြစ်ကုန်၏၊ ဥပမာကား– ထောပတ်ဆီကိုမီးလောင်သည်ရှိသော် ပြာတို့သည်၎င်း, မင်တို့သည်၎င်း မထင်မမြင်ကုန်သကဲ့သို့ ထို့အတူအရေတော်,အသားတော်,အကြောတော်, အစေးတော်တို့၏ ပြာမင်တို့သည် မထင်မမြင်ကုန်၊ ဓာတ်တော်တို့သည်သာလျှင် ကြွင်းကျန်ကုန်၏။

ကြွင်းကျန်ဟန်သဏ္ဌာန်ကား–

မြတ်လေးပန်းငုံအဆင်းနှင့်တူသော ဓာတ်တော်, ပွတ်သစ်စသော ပုလဲအဆင်းနှင့်တူသော ဓာတ်တော်, ရွှေအဆင်းနှင့်တူသော ဓာတ်တော်တို့သည်သာလျှင် ကြွင်းကုန်၏၊ ထိုပုဆိုးအစုံ ငါးရာအားဖြင့် အထပ်ငါးရာတို့တွင် အလုံးစုံ၏ အတွင်းဖြစ်သောအထပ်, အလုံးစုံ၏ ပြင်ပဖြစ်သော အထပ်၊ ဤနှစ်ထပ်တို့ကို မီးမတောက်လောင်ကုန်၊ပဋ္ဌမဝါဂွမ်းထပ်၌ ဓာတ်တော်တို့သည်တည်ကုန်၏၊ မြတ်စွာဘုရား၏ ဓာတ်တော်တို့သည်ကား အစိပ်စိပ်ကွဲပြား၍တည်သော သမ္ဗိန္နဓာတ်, မကွဲမပြားမူ၍တည်သော အသမ္ဗိန္နဓာတ်ဟူ၍နှစ်ပါးရှိကုန်၏။

၁။ သက်တမ်းတော်ရှည်သောဘုရားရှင်တို့၏ ဓာတ်တော်တို့ကား မကွဲမပြားရွှေတုံးကဲ့သို့ တခဲနက်တလုံးတည်းသာ တည်ကုန်၏။

၂။ ငါတို့မြတ်စွာဘုရားသည်ကား ငါသည်ရှည်မြင့်စွာ မတည်မူ၍ အသက်တမ်းတွင် ငါးဘို့ဘို့ပြီး၍ လေးသို့သာမြတ်စွာဘုရားတို့ ဓမ္မတာအတိုင်းနေမြဲဖြစ်သောကြောင့် မကြာမီလျှင်ပရိနိဗ္ဗာန် စံလွန်ရလတ္တံ့၊ ငါ၏ အဆုံးအမဖြစ်သော သာသနာတော် သည်လည်း ထိုထိုသို့သော တိုင်းနိုင်ငံ, မြို့ရွာ, နိဂုံး, ဇနပုဒ် အပေါင်းတို့၌ များစွာမပျံ့နှံ့သေးသည်ဖြစ်၍ ပရိနိဗ္ဗာန် ပြုပြီး သော ငါတို့၏ မုန်ညင်းစေ့ ခန့်မျှလောက်သော ဓာတ်တော် တို့ကိုယူ၍ မိမိ မိမိတို့နေရာ၌စေတီပြု၍ ပူဇော် ကိုးကွယ်ကြ သော ခပ်သိမ်းသောသူအပေါင်းတို့သည် နတ်ရွာသို့ လားကြ ရမည့်အကျိုးကျေးဇူးများစွာဖြစ်စေခြင်းငှါ ဓာတ်တော်တို့ကို ဖရိဖရဲ ကွဲပြားသဖြင့် တည်ဟော်မူခြင်းကို မိဋ္ဌာန်တော်မူသ တည်း။

စွယ်တော်လေးဆူ, ညှပ်ရိုးတော်နှစ်ဆူ, နဖူးသင်းကျစ်တော် တဆူ၊ ဤခုနစ်ဆူသော ဓာတ်တော်တို့သည် မကွဲမပြားတည် သောကြောင့် အသမ္ဘိန္နဓာတ်တော်မည်ကုန်၏၊ ထိုကွဲပြိုပျက် ပြားသော ဓာတ်တော်တို့တွင် အလုံးစုံတို့အောက်ငယ်သော ဓာတ်တော်တို့သည် မုန်ညင်းစေ့ပမာဏခန့်မျှ ရှိကုန်၏၊ ရွှေ အဆင်းနှင့်တူကုန်၏၊ အလတ်ဖြစ်သော ဓာတ်တော်တို့သည် ဆန်ကျိုးခန့်ပမာဏရှိကုန်၏၊ ပုလဲအဆင်းနှင့်တူကုန်၏၊ ကြီး သော ဓာတ်တော်တို့သည် အလယ်ကွဲသောပဲနောက်စေ့ခြမ်း ပမာဏရှိ၍ မြတ်လေးငုံအဆင်းရှိကုန်၏၊ ဤဓာတ်တော်တို့မျှ သည်သာလျှင် ကြွင်းကုန်၏။

မြတ်စွာဘုရား၏ ကိုယ်တော်ကို မီးစွဲလောင်ကျွမ်းပြီးသော် လက် ဆောင်းရှည်းမျှ, မြင်းခေါင်းမျှ ထွန်တုံးမျှ, ထန်းလုံးမျှပမာဏ ရှိသောရေအယဉ်တို့သည် မြတ်စွာဘုရား၏တန်ခိုးတော်မြတ်ကြောင့် အလိုအလျောက်ကောင်းကင်မှ သွယ်ကျစီးဆင်းလာ၍ မြတ်စွာဘုရား ၏ အလောင်းတော်တင်သော နံ့သာထင်းမီးပုံကို ငြိမ်းစေကုန်၏၊ နံ့သာထင်းပုံကိုရံ၍ တည်ကုန်သော အင်ကြင်းပင်တို့၏ အခွကြား, အခက်ကြား, အရွက်ကြား အဖျားတို့မှလည်း ရေအယဉ်တို့သည်

စီးဆင်းသွယ်ဖြာ ကျလာသဖြင့် မီးကိုငြိမ်းစေကုန်၏၊ မြတ်စွာဘုရား၏ အလောင်းတော်ကို သပြိုဟ်ရာကြီးစွာသော နံ့သာထင်းပုံပတ်လည်၌လည်း အရပ်ထက်ဝန်းကျင်မှမြေကိုခွဲ၍ ထွန်တုံးမျှလောက် ရေအယဉ် အလုံးအဝန်းတို့သည် ဖလ်ဖြင့်ပြီးသော ဦးဆောက်ပန်းကဲ့သို့ နံ့သာထင်းပုံကို ရှေးရှုကိုင်းရှိုင်းညွတ်ပျပ်လျက် သက်ဆင်းလာသဖြင့် ထင်းမီးပုံကိုငြိမ်းစေကုန်၏။

မလ္လာမင်းတို့လည်း ရွှေအိုး,ငွေအိုးတို့ဖြင့် ဆောင်ယူခဲ့သော အထူးထူးသော နံ့သာရေတို့ဖြင့် ဖျန်းပက်အေးငြိမ်းစေကုန်၏၊ ရွှေငွေတို့ဖြင့်ပြီးကုန်သော ရှစ်ချောင်းသော တံစူးဝါးတို့ဖြင့် မွှေနှောက်ကြဲဖြန့်၍လည်း ငြိမ်းစေကုန်၏၊ ထိုသို့ မီးကိုငြိမ်းစေပြီးသောအခါ၌—

မလ္လာမင်းတို့သည် မီးမလောင်သဖြင့် ကြွင်းသောမြတ်စွာဘုရား၏ကိုယ်တော်ကို ထုပ်ပိုးစည်းနှောင် ရစ်ပတ်အပ်သော လေးရာ့ကိုးဆယ့်ရှစ်စုံသောပုဆိုးအထပ်တို့ကို ဖြေသင်၍ ပဥ္စမဝါဂွမ်းလွှာအထပ်၌ တည်သော ဓာတ်တော်တို့ကို ရွေးချယ်ကောက်ယူပြီးလျှင် ရွှေဖြင့်ပြီးသော အင်ခွက်၌ ထည့်သွင်းပြီးသည်ကို ရွှေဖြင့်ပြီးသော အင်ခွက် တခုဖြင့် ဖုံးအုပ်ပြီးလျှင် မြို့တွင်းမင်းကွန်းစရပ်တော်ကြီး၌ လေးပါးသော အမျိုးရှိသော နံ့သာတို့ဖြင့်အပြေအပြစ်မွှေးထုံဖျန်းပက်ခြင်းကိုပြု၍ပန်းနံ့သာအမျိုးမျိုးဖြူးဖြန့်ကြဲလျက် အထက်၌ ဗိတာန်မျက်နှာကြက်ဖြင့် မွှမ်းကြက်မိုးကာ၍ ရွှေကြယ်, ငွေကြယ်, ပတ္တမြားကြယ်အစရှိသည်တို့ဖြင့် စီစဉ်ခြယ်လယ်လျက် နံ့သာဆိုင်း,ပန်းဆိုင်း,ရတနာဆိုင်း, သန္တာဆိုင်းတို့ကို ဆွဲ၍—

မင်းကွန်းစရပ်မှသည် မကုဋ်ဗန္ဓစည်းရာဟု ဆိုအပ်သော ဦးခေါင်းတန်ဆာ ဆင်ယင်ရာ ဆန်းကြယ်စွာ ပြုအပ်သော တန်ဆောင်းပြာသာဒ် စရပ်တော်ကြီး တိုင်အောင် ခရီးနံပါး နှစ်ဘက်တို့၌ ဆန်းကြယ်စွာ အကာအရံတို့ဖြင့် စီမံခင်းကျင်းစေပြီး၍ အထက်အမိုးတွင် အဘိုးအနဂ္ဃ ထိုက်တန်သော ဗိတာန်မျက်နှာကြက်တို့ကို မိုးကြက်စေလျက် နံ့သာဆိုင်း, ပန်း

ဆိုင်း,သန္တာဆိုင်း, ရတနာဆိုင်းတို့ကို အထက်၌ဆွဲထားစေပြီးလျှင် ပတ္တမြားရိုးနှင့် တူကုန်သော ဝါးရိုးတို့၌ ငါးပါးသော အဆင်းရှိသော တံခွန်တို့ကို အစဉ်အားဖြင့် စိုက်ထူဆွဲထား၍ ရတနာဖြင့်ပြီးသော ကုက္ကားတို့ကိုရံစေ၍ ကောင်းစွာညီညွတ်သော အပြင်ရှိသောခရီးတို့၌ ငှက်ပျောပင်စည်တို့ကို စိုက်စေလျက် ရေပြည့်သောကြာသွတ်အိုးတို့ကို စိုက်အပ်သောတိုင်၌ တင်ထားစေ၍ အရိုးတပ်သော ဆီမီးတိုင်တို့ကို ညှိထွန်းစေပြီးလျှင်—

ရတနာခုနစ်ပါးတို့ဖြင့် တင့်တယ်စွာ ဆင်ယင်အပ်သော ဆင်၏ကျောက်ကုန်းထက်၌ ဓာတ်တော်နှင့် တကွသော ရွှေဖျဉ်းကိုတင်၍ပန်းနံ့သာတို့ဖြင့် ပူဇော်ကြပြီးလျှင် တူရိယာမျိုး ငါးပါးအစုံတို့ဖြင့် မိမိတို့၏အင်အား တတ်စွမ်းသမျှတီးမှုတ် ကခုန်ပူဇော်သည့်ပြင် ခရာဒုံမင်း, ခရုသင်းအမျိုးမျိုးတို့ဖြင့်လည်း ပျော်ရွှင်မြူးထူး တီးမှုတ်ကခုန်ကြလျက် ကုသိနာရုံမြို့ တွင်းသို့ ကဆုန်လပြည့်ကျော် ၁၂—ရက်နေ့ညဦးအခါ၌ သွင်း၍ မင်းကွန်းစရပ်တန်ဆောင်း မဏ္ဍပ်တွင် ရတနာပလ္လင်ထက်၌ ထားပြီးမှ အထက်၌ရတနာတို့ဖြင့်ပြီးသော ကြငှန်းထီး, ဥရှုထီး, တမွတ်ထီး, ကနက္ကဒဏ်ထီး, သမုတိထီးဟူသော ထီးငါးပါးအစုံတို့ဖြင့် ထီးဖြူအပေါင်းတို့ကို ဆောင်းမိုးထားကြကုန်သတည်း။

ထီး၅—မျိုး။ [ထိုငါးမျိုးသောထီးတို့တွင် (၁) ကြငှန်းထီးကား-အမြဲစိုက်ဆောက်ထားအပ်သော ထီးတည်း၊ (၂) ဥရှုထီးကား-ထွက်တော်မူသောအခါ ဆောင်းသောထီးတည်း၊ (၃) တမွတ်ထီးကား-နေ့စဉ်ဆောင်းသောထီးတည်း၊ (၄) ကနက္ကဒဏ်ထီးကား တပါးသောတိုင်းနိုင်ငံတို့မှ သံကြီးတမန်ကြီးတို့ရောက်လာသောအခါ ဆောင်းသောထီးတည်း၊ ဤထီးသည် ကြွင်းထီးများထက် အဘိုးအတိုင်းမသိ ထိုက်သော တန်ဆာဆင်ယင် ပြုပြင်စီရင်ရသော ထီးအထူးဘည်း၊ (၅) သမုတိထီးကား—ဥယျာဉ်တို့ဖြင့် သွားလာရာ ဆောင်းသောထီးတည်း။ ။စကားအလျင်းသင့်၍ထည့်သွင်းလိုက်သည်။]

## ၁၆။ ခုနစ်ပြည်ထောင်မင်းများစစ်ချီလာခဏ်း

### အဇာတသတ်မင်း

မြတ်စွာဘုရားသခင်သည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် စံယူတော်မူကြောင်းကို မဂဓရာဇ်တိုင်း ရာဇဂြိုဟ်ပြည်ကို အစိုးရတော်မူသော အဇာတသတ်မင်းတရား ကြားသိတော်မူ၍ ထိုအဇာတသတ်ဘုရင်မင်းမြတ်သည်လည်း အတိုင်းတိုင်းအပြည်ပြည်ကို အစိုးရသော ပြည့်ရှင်မင်းများတို့ထက် အထူးအားဖြင့် ဘုရားသခင်၌ သဒ္ဓါပသန္န ဒုလ္လဘကြီးရသော ဥပါသကာ ဒါယကာ မင်းကောင်းမင်းမြတ် တဦးဖြစ်ခဲ့ရကား ကြားသိတော်မူခြင်းပင် အဆောတလျင် ကုသိနာရုံပြည် မလ္လာမင်းတို့ထံ သံသဝဏ်စာရေးသားပြီးလျှင် စေခိုင်းတော်မူရန် ကြံစည်တော်မူမိ၏၊ ယင်းသို့ ကြံစည်တော်မူမိသည့်အတိုင်း ဘုရားသခင်ဓာတ်တော်များကို စေတီတည်ထားကိုးကွယ်ရန် စေလွှတ်လိုက်သော မှူးမတ်ပညာရှိတို့တွင် အလျင်အမြန် ဆက်သလိုက်ရမည့် အကြောင်းနှင့် သဝဏ်စာ ရေးသားပြီးလျှင် စေလွှတ်လိုက်၏။

ထိုစေလွှတ်ပြီးခဏ၌ ကြံစည်တော်မူသည်ကား—

> "မလ္လာမင်းတို့သည် ငါ၏သဝဏ်စာအရ အလွယ်နှင့်ဆက်သသော်ကောင်း၏၊ မဆက်သဘဲ ခဲယဉ်းစွာနေခဲ့မူ ငါကြည်ဖြူသော စေတနာသဒ္ဓါအလျောက် ဓာတ်တော်များကို မကိုးကွယ်ရဘဲ ဖြစ်ရလိမ့်မည်"—

ဟု တဖန်အောက်မေ့မိပြန်သဖြင့် သူရဲကောင်းတို့အား ဆင်,မြင်း, ရထား, ခြေလျင်ဟူသော စစ်အင်္ဂါလေးပါးတို့ကို ယခုအလျင်အမြန်စီမံခင်းကျင်း၍ စစ်ချီတပ်တော်နှင့် ကိုယ်တော်တိုင် ထွက်ချီတော်မူရန်အကြောင်း အမိန့်တော် ထုတ်ပြန်တော်မူလေ၏၊ ယင်းသို့ သူရဲကောင်းများကို စစ်အင်္ဂါကျင်းပပြီးလျှင် "တိုင်းပြည်တွင် နေ့ရက်ရှည်ကြာ နေခြင်းငှါ မလျောက်ပတ်၊ ငါမှတပါး အခြားသောတိုင်းပြည်ရှင် ဘုရင်မင်းများတို့သည်လည်း ငါကဲ့သို့ပင် ဓာတ်တော်ကို လိုချင်၍ အသီးသီးကြံစည်ကြလေရာ၏၊ သို့ဖြစ်၍ ဗိုလ်ပါသူရဲကောင်း

အပေါင်း ခြံရံလျက် ချီထွက်တော်မူရန် အခါသင့်လျှော်ပြီ”ဟုကြံစည် အောက်မေ့မိသဖြင့် သတိကို အမြဲထားတော်မူပြီးလျှင် စစ်ချီ ထွက် တော်မူလေ၏။

ကုသိနာရုံပြည်ကြီးသို့ ခရီးလမ်းစဉ်တလျှောက် ရောက်သမျှအရပ်၌ ကြံစည်တော်မူမိသည်ကား-“ငါ၏သံတမန်များတွင် ဘုရားဓာတ်တော် တို့ကို ဆက်သပေးအပ်လိုက်မှု ကောင်းလေစွ၊ အကယ်၍မဆက်သခဲ့ မူ ကုသိနာရုံပြည်ကို ငါ၏တပ်တော် ဗိုလ်ပါသူရဲအများနှင့် ဝန်းဝိုင်း ၍ စစ်မက်တိုက်ခိုက် ဖျက်ဆီးလုယူပြီးလျှင် ငါဘုရင်စံနေတော်မူသော မဂဓရာဇ်တိုင်း ရာဇဂြိုဟ်ပြည်သို့ ပင့်ဆောင်ယူလာအံ့” ဟု ကြံ ကြံခိုင်မာသော မင်းတို့မျက်မာန်ဖြင့် ရန်ပြုလိုသော စိတ်ထားလျက် စစ်ချီသွားတော်မူလေ၏။

## လိစ္ဆဝီမင်းများ

ဝေသာလီပြည်၌ လိစ္ဆဝီမင်းသား ငါးရာတို့သည်လည်း ဘုရားပရိ နိဗ္ဗာန်စံလွန်တော်မူကြောင်းများကို ကြားသိတော်မူလေက အဇာ တသတ်မင်းနည်းတူစွာ သဝဏ်စာရေးသားလိမ်မာသော မှူးမတ်များ ကို ဘုရားဓာတ်တော်တောင်းစေလွှတ်ပြီးလျှင် တဖန်ကြံစည်တော်မူ ပြန်၍ စစ်အင်္ဂါကျင်းပခြံရံစေလျက် ကုသိနာရုံပြည်သို့ပင် စစ်ဆင် တိုက်ဖျက်လုယူရန် အကြံအစည်နှင့် စစ်ချီ၍ အမြန်ထွက်တော်မူပြန် ၏၊ ဤသို့လိစ္ဆဝီမင်းသားငါးရာတို့သည် ဗိုလ်ထုတပ်ထု အစုအဝန်း ခြံသမ်းစည်းကြပ်လျက် တပ်သား တဆယ့်ရှစ်ခေါဘဏီတို့နှင့် စစ်ချီ သော လမ်းခရီးများ၌ မလ္လာမင်းသားတို့ကို ဝန်းဝိုင်းတိုက်ဖျက်လုယူ ရန် စီမံတိုင်ပင်ကြံစည်၍ တပ်ချီလျက် သွားကြလေ၏။

## သာကီဝင်မင်းများ

ကပိလဝတ်ပြည်၌ သကျသာကီဝင်မင်းတရား ဘုရားသခင်၏ ဆွေ တော်မျိုးတော် အပေါင်းတို့သည်လည်း ကုသိနာရုံပြည်တွင် ဘုရား သခင်ကိုယ်တော်မြတ် အနုပါဒိသေသ ဓာတ်ဖြင့် ပရိနိဗ္ဗာန်စံလွန်တော် မူကြောင်းကို ဆွေတော်ပေါင်းများတို့ ကြားသိတော်မူခဲ့သော် “ငါတို့

ဆွေတော်မျိုးတော်အစစ်ဖြစ်တော်မူသောမြတ်စွာဘုရားသခင်ပရိနိဗ္ဗာန် စံလွန်တော်မူရာဝယ် သရီရဓာတ်တော်အများတို့ ထင်ရှားစွာကျန်ရစ် လေရာ၏၊ ထိုဓာတ်တော်တို့ကိုရနိုင်ရန်အခွင့် နိုင်းချင့်၍သဝဏ်စာရေး သား လိမ်မာလှစွာသောမှူးမတ်သံတမန်များကိုစေလွှတ်ရန်သင့်လျော် ၏''ဟု နှလုံးသွင်း ကြံစည်မိသည့်အတိုင်း သံတမန်များအား သဝဏ် စာရေးသား ပေးအပ်စေလွှတ်ပြီးနောက် ကြံရွယ်သည့် အလျောက် ဘုရားဓာတ်တော်များကို ငါတို့ကိုးကွယ်စေရန် စီမံ၍ ပေးလိုက်ပါမူ အလွန်ကောင်းလေစွ၊ မပေးခဲ့သော် နှစ်ဘော်သော တိုင်းကြီး ပြည်ကြီးချင်း စစ်အခင်းအရေးဖြစ်မှ ဘုရားဓာတ်တော်များကို ငါတို့ အားရနိုင်ရန်ရှိတော့သည်ဟုကြံစည်နှလုံးသွင်းမိခြင်းလျှင်စစ်ခင်းကျင်း စီမံစေ၍ ကုသိနာရုံပြည် မလ္လာမင်းတို့နှင့် စစ်အရေး ခင်းကျင်းဆိုင်ပြိုင်ခဲ့ မူ နိုင်လောက်သော ဗိုလ်ပါရဲမက် စစ်သည်အပေါင်းတို့ကို မချိဥဿုံ ပြည့်စုံကုံ ဘာကိုမျှမကျန် စီမံတပ်ခင်း၍ ပြည့်ရှင်မင်း ကိုယ်တော်တိုင် စစ်ထွက်ချီသွားလေ၏။

### အလ္လကပ္ပ,ကောသိယ,ဝေဋ္ဌဒီပက,မလ္လာမင်းများ

ဤကဲ့သို့လျှင် အဇာတသတ်မင်း,လိစ္ဆဝီမင်း, ကပိလဝတ်မင်းများ တို့နည်းတူအလ္လကပ္ပတိုင်းဗလအမည်ရှိသောမင်းတို့သည်၎င်း,ရာမရွာ၌ နေကုန်သော ကောလိယ မင်းမျိုးတို့သည်၎င်း, ဝေဋ္ဌဒီပကတိုင်း၌ နေကုန်သော ပုဏ္ဏားတို့သည်၎င်း, ပါဝါပြည်၌နေသော မလ္လာမင်းတို့ သည်၎င်း ကုသိနာရုံပြည်၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံလွန်တော် မူလေပြီဟု ကြားသိ၍ အဇာတသတ်စသောမင်းတို့သည် ရွှေပေလွှာ သဝဏ်စာများနှင့် သံမှူးမတ်တို့ကို စေလွှတ်ကုန်သကဲ့သို့ စေလွှတ်ကုန် ၏၊ ပြည့်ရှင်မင်းတို့လည်း အဇာတသတ်မင်းများတို့ကဲ့သို့ပင် စစ်အင်္ဂါ လေးပါးတို့ကို ခင်းကျင်းစီရင်၍ တပ်တော်စစ်ချီသဖြင့် အဆော တလျင်ထွက်လာကြကုန်လျှင် မလ္လာမင်းတို့ စိုးစံတော်မူသော ကုသိ နာရုံပြည်ကို ခုနစ်ပြည်ထောင် မင်းအပေါင်းတို့တပ်တော် ဝန်းဝိုင်း သဖြင့် အထပ်ထပ်ပတ်လည် တပ်အများချထားစီမံခင်းကျင်း၍ နေကြ ကုန်၏။

ဤသို့အသီးသီးသော မင်းအပေါင်းတို့သည် ကုသိနာရုံပြည်ကို စစ်မက်ပတ်လည် ဝန်းဝိုင်းချထားစီမံသော ခုနစ်ပြည်ထောင် မင်းတို့တွင် ပါဝါပြည် မလ္လာမင်းတို့သည် အခြားသော တိုင်းပြည်များနှင့် အတူ အလွန်နီးသောခရီးရှိ၏၊ကုသိနာရုံပြည်နှင့် ပါဝါပြည်နှစ်ပြည်တို့သည်သုံးဂါဝုတ်မျှသာခြားကွာကြ၏၊မြတ်စွာဘုရား ကြွတော်မူလာသောအခါ၌လည်း ပါဝါပြည်တွင် တည်၍ကျိန်းဝပ်တော်မူပြီးမှပင်ကြွလာတော်မူ၏၊ ထိုသို့လျက် ရှေးဦးစွာ မရောက်မူ၍ အဘယ်ကြောင့် နောက်မှရောက်လာလေသနည်းဟူတုံအံ့၊ ထိုပါဝါမြို့၌ နေသော မလ္လာမင်းတို့သည် စစ်မက်အင်္ဂါ ကြီးကျယ်စွာသော အခြံအရံရှိကုန်သည်ဖြစ်၍ ထိုအခြံအရံ စစ်သည်တော်များကို ပြည့်စုံ ညီညွတ်အောင် စီမံခင်းကျင်းရသဖြင့် တပါးသော နိုင်ငံမင်းတို့နောက်မှ ရောက်လာသတည်း။

[ဤခေတ်ကာလ၌ အခြားသောတိုင်းပြည်တို့သည် ပါဝါပြည်ကဲ့သို့ စစ်သည်ဗိုလ်ထုမကြီးကျယ်၊ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ပြိုင်ယှဉ်ရန် တိုင်းပြည်တို့မရှိသတည်း။]

ခုနစ်ပြည်ထောင်မင်းများစစ်ချီလာခဏ်းပြီး၏။

---

## ၁၇။ ဒေါဏာပုဏ္ဏားခေတ်တော်ဝေခဏ်း

ထိုခုနစ်ပြည်ထောင်သော မင်းတို့သည် ကုသိနာရုံပြည်ကို စစ်သည်ပတ်လည် ခြံရံကုန်လျက် မင်းတို့မာန်ဖြင့် အမျက်ထွက်သော စကားများကို အသီးသီး ပြောကြား စေလွှတ်တော်မူကြ၏၊ "မလ္လာမင်းအပေါင်းတို့.... မြတ်စွာဘုရားသခင်၏ ဓာတ်တော်ကိုတည်း ပေးမည်လော၊ စစ်ကိုမူလည်းဘက်မည်လော"ဟု မင်းရေးမင်းရာ အဖြာဖြာတို့၌ လိမ်မာကျွမ်းကျင်သော မှူးမတ်များကိုရွေးချယ်ပြီးလျှင် ကုသိနာရုံပြည် မလ္လာမင်းတို့ထံ စေလွှတ်တော်မူကြကုန်၏၊ ကုသိနာရုံပြည် မလ္လာမင်းတို့သည် ခုနစ်ပြည်ထောင်မင်းများစကားကို ကြားလျှင် ဤသို့သော စကားတုံ့ကို ပြန်ကြားလိုက်ကုန်၏။

"မင်းအပေါင်းတို့....ငါတို့သည် ပရိနိဗ္ဗာန် စံလွန်တော်မူပါဘုရားဟူ၍ သတင်းစကားလျှောက်ထား ပင့်ဘိတ်ချေ ဟု

မစေမလွှတ်ပါကုန်၊ ငါတို့ကိုယ်တိုင်လည်း မကျန်းမမာသော မြတ်စွာဘုရားကို မဆောင်ကြဉ်းပါကုန်၊ မြတ်စွာဘုရား ကိုယ်တော်တိုင်သည်ပင်လျှင် ဤကုသိနာရုံပြည်သို့ အလိုအလျောက်ကြွတော်မူလာပြီးလျှင်အရှင်ညီတော်အာနန္ဒာကိုစေလွှတ်ခေါ်တော်မူမှသာလျှင် မြတ်စွာဘုရားရောက်ကြောင်းများကို ထင်ရှားသိရပါသည်၊ စင်စစ်သဖြင့်ကား သင်တို့၏ မြို့ရွာခေတ်၌ အကြင်ဘုရားဓာတ်တော် ရတနာသည် ဤကဲ့သို့ဖြစ်ခဲ့အံ့၊ ထိုကဲ့သို့ သင်တို့ပြည်၌ဖြစ်သော ဘုရားဓာတ်တော်ရတနာကို ငါတို့အား သင်တို့သည် မဝေခြမ်းကုန်ရာ၊ ဤမှတပါး နတ်နှင့်တကွသော လောက၌ ဘုရားရတနာနှင့် တူသော မြတ်သောရတနာမည်သည်လည်းမရှိ၊ ဤသို့သဘောရှိသော မြတ်သောရတနာထူး ရတနာမြတ်ကို ငါတို့အားထိုက်တန်၍သာ ရကုန်၏၊ထိုသို့ငါတို့အား ထိုက်တန်သဖြင့် ရသော ဤရတနာထူး ရတနာမြတ်ကို သင်တို့အား မပေးနိုင်ချေကုန်''။

[ဤအရာ၌ ကုသိနာရုံပြည် မလ္လာမင်းအပေါင်းတို့သည် တညီတညွတ်တည်း စည်းဝေးတိုင်ပင်ကြပြီးလျှင် သဘောတူ တခွန်းတည်းစကား ပြောကြားကြသည်ကား–''ခုနစ်ပြည်ထောင်သားမင်းအများတို့···သင်တို့အားမပေးနိုင်ချေကုန်၊ စင်စစ်သော်ကား–သင်တို့သည်သာလျှင် အမိသား မြတ်မှ ထွက်သော နို့ရည်ကို သောက်စို့ကြီးပွါးလာသော ယောကျ်ားကောင်းမဟုတ်၊ ငါတို့လည်းသောက်စို့ ကြီးပွါးလာသော ယောကျ်ားကောင်းတို့ပင်ဖြစ်ခဲ့ကုန်၏၊ အမိနို့ရည်ကို သောက်စို့ကြီးပွါးလာကြသော ယောကျ်ားချင်းကို စစ်ဘက်လိုလျှင် စစ်ဘက်တော့''ဟု အချင်းချင်းမင်းဟူသော မာန်တက်ကြွကြသဖြင့် စစ်ဘက်မည်ဟူသောသတင်းစကားကို အလှည့်တုံ့ပေး၍ မင်းမာန်ဖြင့်ခက်ထန်ကြိမ်းဝါးကြကုန်၏။

အကယ်၍ ခုနစ်ပြည်ထောင်မင်းတို့နှင့် မလ္လာမင်းတို့စစ်ခင်းကျင်းထိုးကြမူကား ကုသိနာရုံပြည် မလ္လာမင်းတို့ကစစ်အောင်မြင်းဖြစ်ရာ၏၊အဘယ့်ကြောင့် နည်းဟူတုံအံ့–မြတ်စွာဘုရားသခင်၏ သရီရဓာတ်တော်ကိုစောင့်ရှောက်အံ့ဟုလာကုန်သောနတ်အပေါင်းတို့သည်ကုသိနာရုံပြည် မလ္လာမင်းတို့၏အပင်းအသင်းဖြစ်ကုန်ကြ၍ ၎င်းစစ်ပြိုင်ဆိုင်ထိုးကြမူ နတ်စစ်သည်တို့ပင်အလျှင်ရှေးဦးစစ်ထွက်၍ ထိုခုနစ်ပြည်ထောင် စစ်သည်တို့ကို တိုက်ဖျက်လေအံ့သတည်း၊ ထို့ကြောင့် ကုသိနာရုံပြည် မလ္လာမင်းတို့ကသာ စစ်

အောင်ခြင်းဖြစ်ရာသည်ဟု ဆိုအပ်သတည်း၊ လူတို့ကမ္ဘာဇိန္ဒြိနှင့် နတ်တို့၏ ကမ္ဘဇိန္ဒြ တို့သည်လည်း အလွန်တန်ခိုးချင်း ဝေးကွာလေသောကြောင့်တည်း။]

ဒေါဏာပုဏ္ဏားစစ်ပြေငြိမ်းအောင်ဆောင်ရွက်ခြင်း၊

ထိုအခါ ခုနစ်ပြည်ထောင်မင်းတို့သည်လည်း“ဘုရားဓာတ်တော်ကို မပေး စစ်ရေးဘက်လိုကြလျှင် စစ်ဘက်ခင်းကျင်းထိုးကြလေ”ဟူသော မလ္လာမင်းတို့ စကားတုံ့ပြန်သည်ကို ကြားသိလေက ခုနစ်ပြည်ထောင်မင်းတို့ အချင်းချင်း စည်းဝေးတိုင်ပင် ညီညွတ်၍ မလ္လာမင်းတို့အား ဝန်းဝိုင်းစစ်ဘက် တိုက်ဖျက်လုယူရန် ကြံစည်ကြလေ၏၊ထိုသို့ ကြံစည်မိကြသည့်အတိုင်း စစ်ထိုးကြရန် ရဲမက်သားတို့အား လက်နက်ကရိယာတို့ကို ပြင်ဆင်စေ၍ စစ်ထိုးကြမည် ရှိသောအခါ ကပိလဝတ်ပြည်ရှင် သာကီဝင်မင်း စစ်သည်တော်တပ်သားတို့နှင့် အတူပါလာသော ကပိလဝတ်ပြည်၏အနောက် မဝေးလွန်းသော ဒုဏ္ဏဝတ္ထု ပုဏ္ဏားရွာ၌ ဒိသာပါမောက္ခ အမည်ရသော ဒေါဏာပုဏ္ဏားဆရာကြီးသည် ရှစ်ပြည်ထောင် မင်းများတို့ ဆရာဖြစ်ခဲ့ရကား ထိုမင်းများတို့သည် ဓာတ်တော် အရေး ပေးမပေးငြင်းပွါး စစ်မက်များ ဖြစ်ကြရန် ရှိသည်ကိုကြားသိ၍ ရန်ပြေရန်အကြောင်းကို အောက်မေ့ကြံစည်မိလေ၏။

“ဤရှစ်ပြည်ထောင် မင်းများတို့သည် ဓာတ်တော်ကိုကြည်ညို၍ လိုချင်သောဆန္ဒနှင့် ဥဿာဟစိုက်ထုတ်၍ စစ်ပြုလုပ်ကြမည့်အရာသည် လွန်စွာမသင့်လျော်၊ ဤလောက၌ အဂ္ဂပုဂ္ဂလ တုဘက်မရသော ဘုရားဓာတ်တော်တို့ကို အကြောင်းပြု၍ ယခု ပရိနိဗ္ဗာန်ပွဲကြီးဝယ် ရှစ်ပြည်ထောင်မင်းများတို့ဆရာ ငါလည်း ထင်ရှား မျက်မှောက်များတွင် ဖြစ်ပွါးသောစစ်မက်ကို သဘောတူ နှစ်သက်သကဲ့သို့ အပျော်သုက္က ကြောင့်ကြမဲ့နေမူ ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် နိုင်ငံရှင်တကာ ပညာရှိသုခမိန် ဥာဏ်ကဝိန်တို့နား၌ ကြားသိခဲ့လျှင် မလျောက်ပတ်ကုန်။

ဤပရိနိဗ္ဗာန် စံလွန်တော်မူရာ၌ ရှစ်ပြည်ထောင်မင်းတို့ စစ်ဖြစ်ခြင်းအကြောင်းသည် မကောင်းသော အနိဋ္ဌာရုံကြီး တည်း၊ ၎င်းပွဲတော်တွင် ငါကဲ့သို့ ရှစ်ပြည်ထောင်မင်းများ

ဆရာရှိပါလျက် ဘုရားဓာတ်တော်အတွက် စစ်မက်အရေး မတွေးမမြော် ဖြစ်ခဲ့ချေသော် ငါပါမတော်၊မလျော်သောအမှုကို ငါဂရုစိုက်ထား၍ ရှစ်ပြည်ထောင် မင်းများတို့အား တခုသောဆုံးမစကားကို ပြောကြားမှသာ စစ်မက် ငြိမ်းလေရာ၏"–

ဟုဆရာဒေါဏပုဏ္ဏား နှလုံးသွင်းကြံစည်မိသဖြင့် တခုသောကုန်းမြင့်ရာအရပ်သို့တက်ပြီးလျှင် ခြေနှစ်ဘက်စုံရပ်လျက် မတ်တတ်ရပ်နေ၍ နှစ်ဘာဏဝါရအတိုင်းအရှည်ရှိသော ဒေါဏဂဇ္ဇိတ အမည်ရှိသော ဂါထာငါးရာ အပေါင်းတို့ကို သံကုန်လွှတ်လျက် ဟစ်အော်ကြွေးကြော်မြည်ဆိုလေ၏။

ဤသို့ ဒေါဏပုဏ္ဏား ရှစ်ပြည်ထောင်သား ရန်အများငြိမ်းစေရန်စိမ့်ဟစ်အော် ကြွေးကြော်သော်လည်း ဒုတိယဘာဏဝါရ အဆုံးစွန်ပဒ ကျရောက်ဟစ်အော် ကြွေးကြော်သောအသံကိုသာ များလှဥသုံ ရှစ်ပြည်ထောင် ဗိုလ်ပုံတို့ အကုန်ကြားကြလေ၏၊"အို–အချင်းတို့…. ယခုကြွေးကြော်သောအသံသည် အခြားသူ၏အသံမဟုတ်၊ငါတို့ရှစ်ပြည်ထောင်သား, လူအများတို့ဆရာ ဒိသာပါမောက္ခ ဒေါဏပုဏ္ဏား၏ အသံပေတည်း" ဟု တဦးသောသူက တဆင့်ပြောကြားလေ၏။

[ဤနှစ်ဘာဏဝါရဟူသည် ဂါထာပေါင်း နှစ်ရာ့ငါးဆယ်တည်း၊ နှစ်ဘာဏဝါရဖြစ်၍ ဂါထာငါးရာဟု ဆိုသတည်း။]

ပရိသတ် အပေါင်းတို့သည်လည်း ဒိသာပါမောက္ခ ဒေါဏဆရာ ပုဏ္ဏားအသံဟု ကေန်သိကြလေလျှင် တခုသောတောအုပ်၌ ပြင်းစွာလှုပ်ရှားအားကြီးလှသော ဝါယောဓာတ်အဟုန်ကြောင့် တခုသော ချုံမကျန်လောင်သောမီးကို ရှောက်ရွှာမိုယ်းကြီး သည်းထန်စွာ ရွာသွန်းသောပမာဏ တဦးတယောက်မျှမကျန် တပြိုင်နက် အုတ်အုတ်ကျက်ကျက် ထွက်ပေါ်မပြု ဗိုလ်လူတို့အသံ တပွဲလုံး ဆိတ်ညံလေ၏။

[ထိုအခါတွင် ဇမ္ဗူဒိပ်ကျွန်း အပြင်ဝယ် များဖြင်သောင်းသောင်း လူအပေါင်းတို့ကား များသောအားဖြင့် ဒေါဏပုဏ္ဏား၏ တပည့်ချည်းသာ ဖြစ်ကြလေကုန်၏၊ ထို့ကြောင့် ဒေါဏပုဏ္ဏားဆရာအသံဟု ကေန်အတပ်ကျ သိကြလေလျှင် ဂါရဝတရား ဆရာ၏စကားဟု မှတ်သားနာယူရန် အသံဆိတ်ဆိတ် တိတ်တိတ်သာ နေကြလေ၏။]

ပရိသတ်လူအများတို့ စကားမပြောမူ၍ ဆိတ်ဆိတ်နေကြသည်ကို ဒေါဏာပုဏ္ဏား ထင်ရှားသိလေလျှင် တဖန်နှစ်ဂါထာကို ရွတ်ပြန်၏။

၁။ သုဏန္တု ဘောန္တော မမ ဧကဝါစံ၊
အမှာကံ ဗုဒ္ဓေါ အဟု ခန္တိဝါဒေါ။
န ဟိ သာဓု ဥတ္တမပုဂ္ဂလဿ၊
သရီရဘာဂေ သိယာ သမ္ပဟာရော။ ။

၂။ သဗ္ဗေဝ ဘောန္တော သဟိတာ သမဂ္ဂါ၊
သမ္မောဒမာနာ ကရောမဋ္ဌဘာဂေ။
ဝိတ္ထာရိတာ ဟောန္တု ဒိသာသု ထူပါ၊
ဗဟူဇနာ စက္ခုမတော ပသန္နာ။ ။

အနက်

၁။ ဘောန္တော၊ အိုမင်းတို့။ မမ၊ ငါ၏။ ဧကဝါစံ၊ တခွန်းသောစကားကို။ သုဏန္တု၊ နာကုန်လော့။ အမှာကံ၊ ငါတို့၏။ ဗုဒ္ဓေါ၊ ဘုရားသည်။ ခန္တိဝါဒေါ၊ သည်းခံခြင်းကို ချီးမွမ်းလေ့ရှိသည်။ အဟု၊ ဖြစ်၏။ ဥတ္တမပုဂ္ဂလဿ၊ မြတ်သောပုဂ္ဂိုလ်ဖြစ်သော မြတ်စွာဘုရား၏။ သရီရဘာဂေ၊ ဓာတ်တော်ဝေဖန်ခြင်းကြောင့်။ ယော သမ္ပဟာရော၊ အကြင်စစ်ထိုးခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ အယံ သမ္ပဟာရော၊ ဤစစ်ထိုးခြင်းသည်။ နဟိသာဓု၊ မကောင်း။

၂။ ဘောန္တော၊ အိုမင်းတို့။ သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ တုမှေ၊ သင်တို့သည်။ သဟိတာ၊ တကွဖြစ်ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ သမဂ္ဂါ၊ ညီညွတ်ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ သမ္မောဒမာနာ၊ ဝမ်းမြောက်ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ အဟံ၊ ငါသည်။ သရီရာနံ၊ ဓာတ်တော်တို့ကို။ အဋ္ဌဘာဂေ၊ ရှစ်ဘို့တို့ကို။ ကရောမိ၊ ပြုအံ့။ စက္ခုမတော၊ ငါးပါးသောစက္ခုနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ထူပါ၊ စေတီတို့သည်။ ဒိသာသု၊ အရပ်မျက်တို့၌။ ဝိတ္ထာရိတာ၊ ပြန့်နှံ့ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်လော့။ ဗဟူဇနာ၊ များစွာသောသူတို့သည်။ စက္ခုမတော၊ ငါးပါးသော စက္ခုနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ထူပေသု၊ စေတီတို့၌။ ပသန္နာ၊ ကြည်ညိုကုန်၏။

အမိပ္ပါယ်။ "ရှစ်ပြည်ထောင် မင်းများ အပေါင်းတို့…ကျွန်ုပ်ယခု ဆိုလတ္တံ့သောစကားကို မှတ်သားကြည်ယုံ နားထောင်တော်မူကြပါကုန်လော့၊ ငါ၏စကားကို အသင်တို့ နားထောင်တော်မူကြပါကုန်၊ အသင်တို့၏ဆရာ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့မရောက်မီကပင် ပါရမီဆယ်ပါး, အပြားသုံးဆယ်, စွန့်ခြင်းကြီးငါးပါး, စရိယသုံးပါး မြတ်တရားတို့ကို ကြိုးစားအားထုတ် ဖြည့်ဆည်းပူးတော်မူစဉ် အခါကပင်လျှင် ခန္တိဝါဒရသေ့, ဓမ္မပါလမင်းသား, ဆဒ္ဒန်ဆင်မင်း, ဘူရိဒတ်နဂါးမင်း, စမ္ပေယျနဂါးမင်း, သင်္ခပါလနဂါးမင်း, ဝါနရိန္ဒမျောက်မင်း ဖြစ်တော်မူသောဘဝအခါတို့၌ရှင်း, ထိုမှတပါး များစွာသော ဇာတ်တော်တို့၌ရှင်း သူတပါးတို့၌ အမျက်ထွက်ခြင်းကိုမပြုမူ၍ အလွန်လျှင် သည်းခံတော်မူခြင်းကြောင့် "ဗဟုက္ခမ" အမည်တော်ကို ရအောင် သည်းခံတော်မူခဲ့လေပြီ၊ သည်းခံခြင်းတရားထက်လွန်မြတ်သော တရား မရှိဟု သည်းခံခြင်းတရားကို အထူးအားဖြင့် ချီးမွမ်းတော် မူလေ့ရှိ၏၊ ကောင်းသောအာရုံ, မကောင်းသောအာရုံတို့၌ သည်းခံခြင်းသို့ရောက်တော်မူပြီးသော မြတ်စွာဘုရားသခင်သည် ခပ်သိမ်းသော အရာတို့၌လည်း သည်းခံခြင်း, သည်းခံရခြင်း အကျိုးများကို ပိုင်းခြားမြွက်ဟောတော်မူခဲ့၏၊ ဤသို့သဘောရှိသောမြတ်သော ပုဂ္ဂိုလ်တို့၏ ဓာတ်တော်တို့ကို ခွဲဝေလိုခြင်းဟူသော အကြောင်းကြောင့် ဓားလက်နက်တို့ဖြင့် ထိုးခုတ် ပစ်ခတ် ပျက်စီးရခြင်းသည် အလျဉ်းပင်မကောင်းသော တရား အပါယ်လေးပါး လားအံ့သောအကြောင်းတည်း။

အလုံးစုံရှစ်ပြည်ထောင်သောမင်းခေါင်မင်းဖျားမင်းတရားတို့သည် ဘုရားတပည့်ချည်းပင်ဖြစ်ကြ၍ တဦးနှင့်တဦး အထူးသည်းခံကြပါကုန်၊ ကိုယ်စိတ်နှစ်ပါး ကွဲပြားခြင်း မရှိကြပါကုန်လင့်၊ ကိုယ်စိတ်နှစ်ပါး အခြားမရှိညီညွတ်သဖြင့် တပေါင်းတည်း စည်းဝေးတိုင်ပင်မှ သင့်လျော်ပါမည်၊ ရှစ်ပြည်ထောင်မင်းများတို့ တညီတညွတ်တည်း အမ်းမြောက်ဝမ်းသာ ရှိကြရန်စကားကို ကျွန်ုပ်ဆိုပါမည်၊ နားစိုက်တော်မူကြပါကုန်"ဟု ဒေါဏပုဏ္ဏားဆိုလေက ရှစ်ပြည်ထောင် မင်းအများကလည်း "ဒေါဏဆရာ…သင်ဆရာ၏စကား ကျွန်ုပ်တို့ရှစ်ပြည်ထောင်မင်းများ နားထောင်ပါမည်"ဟု စုံညီသဘောတူ ဝန်ခံကြလေကုန်၏၊

"ငါးပါးသော စက္ခုအမြင်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဓာတ်တော်တို့ကိုအညီအမျှ ရှစ်စုရှစ်ပုံခွဲဝေ၍ သင်တို့အား ကျွန်ုပ်ပေးပါအံ့၊စင်စစ်ကား မြတ်စွာဘုရား၏ဓာတ်တော်မြတ်တို့ကို သင်မင်းများတို့သာ ကြည်ညိုကုန်သည်မဟုတ်၊ အလုံးစုံသော သူအပေါင်းတို့သည်ပင်လျှင် ကြည်ညိုကြ၏၊ ထိုအလုံးစုံသော သူတို့တွင် တယောက်သောသူမျှမရသင့်သောသူမည်သည်မရှိ"ဟု များစွာသော အကြောင်းကိုဆို၍ ထိုလူများအပေါင်းကိုမှတ်သိစေ၏။

ထိုအခါ ဒေါဏပုဏ္ဏားအား ရှစ်ပြည်ထောင်သော ထီးဆောင်းမင်းတို့က "ဒိသာပါမောက္ခဆရာကြီး....ဓာတ်တော်တို့ကို ရှစ်စု ရှစ်ပုံခွဲဝေပါတော့"ဟု ထုတ်ဘော်မြွက်ကြား စကားတုံ့ပေးကြ လေကုန်၏။

### ဒေါဏပုဏ္ဏား ဓာတ်တော်ကျင်းကိုဘွင့်ပြခြင်း၊

ထိုအခါ ဒိသာပါမောက္ခဆရာဒေါဏပုဏ္ဏားကြီးသည်ဓာတ်တော်ထည့်သောရွှေကျင်းကို ဘွင့်လှစ်ပြသလေလျှင် ရှစ်ပြည်ထောင်မင်းတို့သည် စုံညီလာလတ်ကြ၍ ရွှေကျင်းကိုခြံရံ ရှုကြည့်ကြလေသော် ရွှေအဆင်းနှင့်တူသောဓာတ်တော်အပေါင်းကို ရှစ်ပြည်ထောင်သောမင်းတို့မြင်ကြရကား ဘုရားမြတ်စွာကို ကရုဏာသဒ္ဒါပသန္န လွန်စွာ အားကြီးလှသော စိတ်ရှိကြ၍ ဤသို့သောစကားကို ဆိုကြကုန်၏။

> "ထိုသို့ဘုန်းတော်ခြောက်တန်,ဉာဏ်တော်ဆယ်ပါး,အားတော်ဆယ်မျိုး, တန်ခိုးတော် အပေါင်းနှင့်တကွ ပြည့်စုံတော်မူသော မြတ်စွာဘုရား....အကျွန်ုပ်တို့သည်ရှေးအခါ၌ ရှင်ဝင်ဘုရား၏ သုံးဆယ့် နှစ်ပါးသော ယောကျ်ား မြတ်တို့၏ လက္ခဏာတော်တို့ဖြင့် တန်ဆာဆင်အပ်သော ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့ဖြင့် ဝိုးဝိုးဝင်းဝင်း ထွန်းလင်းတောက်ပသဖြင့် ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့်တောက်ပတင့်တယ် သပ္ပါယ်သော ကိုယ်တော်မြတ်ကို ဖူး

မြင်ကြရပါကုန်၏၊ ယခုမူကား ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဓာတ်တော်တို့သည်သာလျှင် ကြွင်းခဲ့လေပြီတကား၊ ရှင်ပင်ဘုရား….ဤကဲ့သို့ ဖြစ်ခြင်းသည် မသင့်ပါတကား"–

ဟု မြည်တမ်းတဆို ငိုယိုကြကုန်၏၊ ထိုအခါ ဒေါဏပုဏ္ဏားသည် ရှစ်ပြည်ထောင်မင်းတို့၏ မေ့လျော့ကြသောအဖြစ်ကိုသိသဖြင့် လက်ျာစွယ်တော်ကိုယူ၍ မိမိဦးပေါင်းဦးရစ်ကြား၌ သိုဝှက်ထားပြီးမှ ရှစ်ပြည်ထောင်သော ထီးဆောင်းမင်းတို့အား ရှစ်စုရှစ်ပုံခွဲဝေ၍ ပေးလေ၏၊ ထိုအလုံးစုံသော ဓာတ်တော်တို့သည် ပကတိသောပြည်ဖြင့် တဆယ့်ခြောက်ပြည်တို့သည် ဖြစ်ကုန်၏၊ တပြည်တပြည်၌ နေသောမင်းတို့သည် နှစ်ပြည်နှစ်ပြည်စီသောဓာတ်တော်တို့ကိုရကြကုန်သတည်း။

ဒေါဏပုဏ္ဏားဓာတ်တော်ဝေခန်းပြီး၏။

---

## ၁၈။ လက်ျာစွယ်တော်ကို သိကြားယူ၍ စေတီတည်ခန်း

ထိုအခါ အမြင်တထောင် ဆောင်သော သိကြားမင်းသည် နတ်မျက်စိဖြင့်ရှုကြည့်သိမြင်လေရကား သတ္တလောက၏ ယုံမှားသက်ာကို ဖျောက်ခြင်းငှါ သစ္စာလေးပါး မြတ်တရားကို မိန့်မြွက် ဟောကြားတော်မူပေသော အစိန္တေယျ သမ္ဗုဒ္ဓမြတ်စွာဘုရား၏ လက်ျာစွယ်တော်ဓါတ် အထွတ်အဖျားကို ဒေါဏပုဏ္ဏားလည်း ထိုက်တန်လျော်ကန်အောင် ပူဇော်တည်ထားနိုင်မည်မဟုတ်ဖြစ်၍ ဒေါဏပုဏ္ဏားဦးခေါင်းဦးရစ်ကြားမှ နတ်တို့တန်ခိုးအားဖြင့်ယူပြီးလျှင် ပန်းတောင်း၌ ထည့်၍ တံခါးပေါင်းတထောင်ဖြင့် စီမံထားအပ်သော သုဒဿန အယုဇ္ဈပူရိန်တာဝတိံသာနတ်ပြည်သို့ ဆောင်ယူပြီးလျှင် စူဠာမဏိ စေတီတော်အတွင်းရှိ ဌာပနာတိုက်၌သွင်းနှံကော်ရော်ပူဇော်လှူဒါန်းခြင်းကိုပြု၏၊

ထို့ကြောင့် ဒီဃနိကာယ် သုတ်မဟာဝါ အဋ္ဌကထာ၌–

ဗြာဟ္မဏဿ ဓာတုယော ဝိဘဇန္တဿေဝ သက္ကော ဒေဝါနမိန္ဒော "ကေနနုခေါ သဒေဝကဿ လောကဿ ကင်္ခစ္ဆေဒနတ္ထာယ စတုသစ္စကထာယ ပစ္စယဘူတာ ဘဂဝတော

ဒက္ခိဏာဒါဌာ ဂဟိတာ''တိ ဩလောကေန္တော ဗြာဟ္မဏောန ဂဟိတာတိဒိသွာ ဗြာဟ္မဏောပိ ဒါဌာယ အနုစ္ဆဝိကံ သက္ကာရံ ကာတုံပိ နသက္ခိဿတိ၊ဂဏှာမိ နန္တိ ဝေဌန္တရတော ဂဟေတွာ သုဝဏ္ဏစင်္ကောဋကေ ဌပေတွာ ဒေဝလောကံ နေတွာ စူဠာ-မဏိစေတိယေ ပတိဋ္ဌပေသိ။

ဟူ၍ မိန့်ဆိုတော်မူအပ်ပြီ။

**အနက်။** ။ဗြာဟ္မဏာဿ၊ ပုဏ္ဏားခ၏။ဝါ၊သည်။ ဓာတုယော၊ ဓာတ်တော်တို့ကို။ ဝိဘဇန္တဿေဝ၊ဝေဘန်စဉ်ပင်လျှင်။ ဒေဝါနံ၊နတ်တကာ အပေါင်းတို့ကို။ ဣန္ဒော၊ အစိုးရသော။ သက္ကော၊ သိကြားမင်းသည်။ သဒေဝကဿ လောကဿ၊ နတ်နှင့်တကွသော သတ္တလောက၏။ ကင်္ခစ္ဆေဒနတ္ထာယ၊ ယုံမှားခြင်းကို ပယ်ဖျောက်ခြင်း အကျိုးငှါ။ စတုဿစ္စကထာယ၊ သစ္စာလေးပါး မြတ်တရားကို ဟောကြားတော်မူခြင်း၏။ပစ္စယဘူတာ၊အကြောင်းဖြစ်၍ဖြစ်သော။ ဘဂဝတော၊မြတ်စွာဘုရားသခင်၏။ ဒက္ခိဏာဒါဌာ၊ လက်ျာစွယ်တော်ဓာတ်ကို။ ကေနနုခေါ၊ အဘယ်သူသည်။ ဂဟိတာ၊ ယူလေသနည်း။ ဣတိ၊ဤသို့။ ဩလောကေန္တော၊အမြင်တထောင် ဆောင်သော နတ်၏စက္ခုဖြင့်ရှုလတ်သည်ရှိသော်။ဗြာဟ္မဏောန၊ဒေါဏပုဏ္ဏားသည်။ဂဟိတာ၊ယူ၏။ဣတိ၊ဟူ၍။ဒိသွာ၊ အတတ်ထင်ထင် သိမြင်သည်ဖြစ်ရကား။ဗြာဟ္မဏောပိ၊ ပုဏ္ဏားသည် လည်း။ဒါဌာယ၊စွယ်တော်ဓာတ်မြတ်နှင့်။အနုစ္ဆဝိကံ၊ ထိုက်တန်လျော်ကန်သော။သက္ကာရံ၊ပူဇော်သက္ကာရကို။ ကာတုံ၊ပြုခြင်းငှါ။နသက္ခိဿတိ၊မတတ်နိုင်လတ္တံ့။နံ၊ထိုစွယ်တော်ကို။ဂဏှာမိ၊ငါယူတော့အံ့ဟုဆုံးဖြတ်၍။ဝေဌန္တရတော၊ ဦးပေါင်းဦးရစ်ကြားမှ။ ဂဟေတွာ၊နတ်တန်ခိုးအားဖြင့်ယူပြီး၍။ သုဝဏ္ဏစင်္ကောဋကေ၊ရွှေပန်းတောင်း၌။ ဌပေတွာ၊ ထား၍။ဒေဝလောကံ၊နတ်ပြည်သို့။ နေတွာ၊ပင့်ယူဆောင်၍။ စူဠာမဏိစေတိယေ၊ ရွှေဆံတော်မြတ်တည်ရာ စူဠာမဏိစေတီတော် ဌာပနာတိုက်၌။ပတိဋ္ဌပေသိ၊သွင်းနှံကော်ရော် ပူဇော်လျှဒါန်းတည်ထားလေ၏။

လက်ျာစွယ်တော်ကို သိကြားယူ၍<br>စေတီတည်ခန်းပြီး၏။

## ၁၉။ လက်ျာအောက်စွယ်တော်ကို နဂါးမင်း ခိုးယူခဏ်း

ထိုနောက် တဆူသော လက်ျာအောက်ဓာတ် စွယ်တော်မြတ်ကို လည်း ဒေါဏပုဏ္ဏားသည် ခြေဖျားစွန်းဖြင့် နင်းဘိ၍ မသိအောင် သို၀ှက်ပြန်လေ၏၊ ထိုအခါ ဇေယျသေန တောဇထင်ရှား မရေနတ်နဂါး မင်းသည် မြတ်စွာဘုရား နိဗ္ဗာန်လားကြောင်းကို ကြားသိရ၍"ယနေ့ မူကား အဆုံးစွန်သောပူဇော်ခြင်းဖြင့်ပူဇော်ရတော့အံ့"ဟု ကြံကြံ၍ စိတ် ပါ များစွာသောနဂါးအပေါင်းတို့ဖြင့်ခြံရံလျက် မလ္လာပြည် ကုသိနာ ရုံ အင်ကြင်းစုံသို့ ခိုလှုံလာရောက်၍ ရွှေမှောက်ဘုရား စွန့်သွား ရုပ် ဟောင်း မြတ်အလောင်းကို ထောင်းထောင်းကြွေလျှော တောဇော ဓာတ်လောင်ရာ အောင်ချာရပ်ထံ သုသာန်သင်းချိုင်းတော်သို့ချဉ်းကပ် ၍ အထပ်ထပ်အကြိမ်ကြိမ် ဦးနှိမ်ကော်ရော် ပူဇော်ခြင်းဖြင့် လွန်မင်း စွာပူဇော်လျက် ဒေါဏပုဏ္ဏားသို၀ှက်ထားသော မြတ်စွာဘုရားဓာတ် စွယ်တော်မြတ်ကို နဂါးတို့အာနုဘော်ဖြင့်မြင်လတ်သော် အားရ ဝမ်း မြောက်စွာ ဒေါဏပုဏ္ဏားမသိအောင် တိတ်တဆိတ် ပင့်ယူဆောင်ပြီး လျှင် ပြည်ထောင်နဂရ နာဂသေဌနင်း မင်းတို့စံရာ ဗဟိုချာ၌ ရတနာ ခုနစ်ပါးတို့ဖြင့် ကောင်းစွာမွမ်းမံ စီခြယ်အင်္ဂါသော စေတီတော်၏ အတွင်းသို့ သွတ်သွင်းချီးမြှင့်ကိုးကွယ်ခြင်းကို ပြုလေသတည်း။

ထို့ကြောင့် ဓာတုဝင်ကျမ်း၌—

ကော် ဒက္ခိဏာဒါဌာဓာတုံ ပါဒဂ္ဂန္တရေန အက္ကမိတွာ ဂဏှိ၊ တဒါ ဇေယျသေနော နာဂရာဇာ ဘဂဝတော ပရိနိဗ္ဗာနဘာဝံ သုတွာ အဇ္ဇ ပစ္ဆိမဒဿနံ ပဿိဿာမာတိ နာဂရာဇသမ္ပတ္တိံ ဂဟေတွာ ကုသိနာရာယံ ဂန္တွာ မဟာပူဇံ ကတွာ ဧကမန္တံ ဌတွာ ပါဒဂ္ဂန္တရေန ဋ္ဌိတံ ဓာတုံ ဒိသွာ နာဂဣဒ္ဓိဗလေန ဂဟေတွာ နာဂဘဝနံ နေတွာ နာဂပုရဿ မဇ္ဈေ ရတနာ- ခစိတေ စေတိယေ ဌပေသိ။

**အနက်။** ။ကော၊ တဆူသော၊ ဒက္ခိဏဒါဌာဓာတုံ၊ လက်ျာစွယ် တော်ဓာတ်မြတ်ကို။ ပါဒဂ္ဂန္တရေန၊ ခြေဖျားစွန်းဖြင့်။ အက္ကမိတွာ၊ နင်းဘိ၍။ ဂဏှိ၊ တိတ်တဆိတ်၀ှက်ထားလေ၏။ တဒါ၊ ထိုသို့၀ှက်ထား

သောအခါ၌၊ ဇေယျသေနော၊ ဇေယျသေနအမည်ရှိသော၊နာဂရာဇာ၊ နဂါးမင်းသည်၊ ဘဂဝတော၊ မြတ်စွာဘုရား၏၊ ပရိနိဗ္ဗာနဘာဝံ၊ ပရိနိဗ္ဗာန် စံလွန်တော်မူသည်၏အဖြစ်ကို။ သုတွာ၊ နားမှာဆတ်ဆတ်ကြားလာလတ်၍၊ အဋ္ဌာယနေ့၊ ပစ္ဆိမဒသယနံ၊ မြတ်စွာဘုရားအား၊ အဆုံးစွန်သော ပူဇော်ဖူးမျှော်ခြင်းကို၊ပယသိဿာမ၊ ငါဖူးမြင်ကုန်အံ့။ ဣတိမနသိကတွာ၊ဤသို့နှလုံးသွင်းပြီး၍။ နာဂရာဇာသမုတ္တိ၊ ကြီးကျယ်ကောင်းမြတ်သောနဂါးမင်း၏စည်းစိမ်ကို။ ဂဟေတွာ၊ ယူ၍၊ကုသိနာရာယံ၊ အင်ကြင်းပင်ပျိုအစုံ ရဂုံသာမော ဤသည့်တောဝယ် သောသောခြိမ့်ညံ ကောင်းတင်းသံဖြင့် ခြံရံအပ်သော ကုသိနာရုံပြည်သို့။ ဂန္တွာ၊ သွားရောက်၍။ မဟာပူဇံ၊ များမြတ်သော ပူဇော်ခြင်းကို။ ကတွာ၊ ပြု၍၊ကေမန္တံ၊ သင့်တင့်လျောက်ပတ်သော အရပ်၌။ ဌတွာ၊ ရပ်နေလျက်။ ပါဒဂ္ဂန္တရေန၊ ခြေဖျားစွန်းဖြင့်။ ဌိတံ၊ ဒေါဏပုဏ္ဏားဖက်ထားသော၊ဓာတုံ၊ လက်ျာစွယ်တော်ဓာတ်မြတ်ကို။ ဒိသွာ၊ ရှုမြင်လတ်၍။နာဂဣဒ္ဓိဗလေန၊ ဇေယျသေနနဂါးမင်း၏ တန်ခိုးအာနုဘော်အစွမ်းအားဖြင့်။ဂဟေတွာ၊ ယူ၍။နာဂဘဝနံ၊ နဂါးပြည်သို့။ နေတွာ၊ ပင့်ဆောင်ယူ၍။နာဂပုရဿ၊ နဂါးပြည်၏။ မဇ္ဈေ၊ ဗဟိုလယ်ချက်၌။ ရတနာခစိတေ၊ ပတ္တမြားနီ ပတ္တမြားပြောက်စသော ရတနာတို့ဖြင့် ခြယ်စီအပ်သော၊စေတိယေ၊စေတီတော်၌။ဌပေသိ၊ထည့်သွင်းဌာပနာ၍ ကောင်းမွန်စွာတည်ထားကိုးကွယ်လေ၏။

လက်ျာအောက်စွယ်တော်ကို နဂါးမင်းခိုးယူခန်း ပြီး၏။

---

## ၂၀။ လက်ဝဲစွယ်တော်ကိုရဟန္တာပင့်ယူခန်း

ထိုအခါ တဆုသော လက်ဝဲအထက်စွယ်တော်မြတ်ကို မှုကားဒေါဏပုဏ္ဏားသည် မိမိအပေါ်ရုံပုဆိုးအဝတ်ကြား၌ဖက်ထားပြန်လေ၏၊ ထိုသို့ဖက်ပြန်သော စွယ်တော်မြတ်ကိုလည်း ဂန္ဓာရတိုင်းသွားရဟန္တာတပါးသည် ဣဒ္ဓိပါဒ်ဈာန်တန်ခိုးဖြင့် မြေလျှိုးမိုယ်းပျံ ကြွယူပင့်ဆောင်၍ ပြည်ထောင်သာစွ ဂန္ဓာရတိုင်းသို့ သမိုင်းကွန့်လည်တော်မူ၍ ဦးတည်မင်းစံရာ ရွှေပြည်သာတွင် မင်္ဂလာဌာန စေတီယတောအုပ်၌တည်ထား၍ အများကိုးကွယ်ခြင်းကို ပြုကြရလေသတည်း။

ထို့ကြောင့် ဓာတုဝင်ကျမ်း၌—

ကော် ဝါမဒါဌာဓာတုံ ဒေါဏောနာမ အာစရိယော နိဝါသဝတ္ထန္တရေ ဌပေတွာ ဂဏှိ။ ပ။ အတ္တနော ရဋ္ဌံ ဂန္ဒွာ စေတိယဝနေ ဌပေသိ။

**အနက်**။ "ကော်၊တဆူသော။ ဝါမဒါဌာဓာတုံ၊ လက်ဝဲစွယ်တော်မြတ်ကို။ ဒေါဏောနာမ၊ ဒေါဏအမည်ရှိသော။ အာစရိယော၊ ရပ်ရှစ်ဒိသ ပါမောက္ခဟု မည်ရထင်ရှား ဆရာဖြစ်သော ပုဏ္ဏားသည်။ နိဝါသဝတ္ထန္တရေ၊ အပေါ်ရုံပုဆိုးအဝတ်ကြား၌။ ဌပေတွာ၊ သိမ်းဝှက်ထားသောကြောင့်။ ဂဏှိ၊ ဂန္ဓာလရာဇ်တိုင်းသွား ရဟန္တာတပါး ပင့်ယူဆောင်လေ၏။ ပ။ အတ္တနော၊ မိမိ၏။ ရဋ္ဌံ၊ ဂန္ဓာလရာဇ် တိုင်းပြည်သို့။ ဂန္ဒွာ၊ ပင့်ဆောင်ယူသွား၍ စေတိယဝနေ၊ စေတီယတောအုပ်၌။ ဌပေသိ၊ ဌာပနာသွင်းထား၍ အများကိုးကွယ်ရန် တည်ထားလေ၏။ ဟူ၍မိန့်အပ်ပြီ။

[ဤ၌ လက်ျာစွယ်တော်ဓာတ်,လက်ဝဲစွယ်တော်ဓာတ် နှစ်ရပ်ပါဠိကုန် အနက်သမ္ဘန်မပါပြန်၍ နောက်သား နောင်လာတို့ သိလွယ်ရန်စိမ်ပြန်ဆိုလိုက်သည်။]

ဒေါဏပုဏ္ဏားသည်လည်းမိမိဝှက်ထားသော စွယ်တော်မြတ်သုံးဆူတို့ကိုမမြင်မတွေ့ရသည့်အတွက် မသက်မသာဖြစ်လာဘိ၍ အတိဒုက္ခ လွန်မင်းစွာဖြစ်လတ်သောကြောင့် တမ်းတမြည်ဆို တုန်လှုပ်ဖို၍ ငိုယိုဘွေ့ရှာ ချာချာမူးလည် မတည်တတ်စွာ ယိမ်းယိုင်ခါဖြင့် မြေမှာပက်လက်ကြီးလည်းလေ၏၊ ထို့ကြောင့်—

ဒေါဏော ပထဝိယံ ဥတ္တာနကောဃေဝ ဇာတော။

[ဓာတုဝင်ကျမ်းပါဠိ။]

**အနက်**။ "ဒေါဏော၊ ဒေါဏပုဏ္ဏားသည်။ ပထဝိယံ၊ မြေ၌။ ဥတ္တာနကောဃေဝ၊ ပက်လက်ကြီး လည်းသည်ဖြစ်၍သာလျှင်။ ဇာတော၊ ဖြစ်၏။

[ဤသည်ကိုကား—စွယ်တော်မြတ်သုံးဆူကို၏ ရှိကြောင်း ထင်ရှား၍ ပုဏ္ဏားလက်သို့ရောက်ပြီးမှ အသီးအသီး သိကြား, နဂါး, တပါးရဟန်း

ဆောင်ယူခင်းနှင့် နတ်နန်းပြည်၌ရှာ ၀တိံသာတွင် စူဠာမဏိ သွင်းအိ
တုံငြား နဂါးတို့ပြည် ကိန်းတည်စံပ ဂန္ဓာရတိုင်း ကွန့်လှိုင်းပတ်ချုပ်
စေတီယတောအုပ်၌ သရုပ်ထင်ရှား တည်ရှိကြောင်းများကို ထင်ရှားစွာ
ပြသောအကြောင်း အတ္ထုပ္ပတ္တိအမြွက်တို့တည်း။]

---

## ၂၁။ လက်ဝဲအောက်စွယ်တော်ကို ကာလိင်္ဂမင်းအားကိုးကွယ်စေခင်း

ထိုသို့စွယ်တော်လေးဆူအနက်ဒေါဏပုဏ္ဏားလက်သို့မရောက်သော အောက်လက်ဝဲ စွယ်တော်ဓာတ်၏ အတ္ထုပ္ပတ္တိစကားအစဉ်ကို အများပင် အလွယ်တကူနှင့် နာယူကျက်မှတ်နိုင်စေခြင်းငှါ ပါဠိအဋ္ဌကထာဋီကာတို့နှင့်တကွ မပျက်မလို မပိုစေရ မှန်ကန်သေချာစွာ ပြဆိုပေအံ့ သတည်း။

တတ္ထ အဓော ဝါမဒါဌာဓာတုံ သာရိပုတ္တ ထေရဿ သိဿော ခေမောနာမ--

အစရှိသည်ဖြင့် ဓာတုဝင်ကျမ်း၌ ပြတင်မိန့်ဆို အပ်ရကား ဤဆိုသော အောက်လက်ဝဲစွယ်တော်ဓာတ်ကို တေဒဂ်ရဓမ္မသေနာပတိ ဘုရားစစ်သူကြီး အရှင်သာရိပုတ္တရာ မထေရ်မြတ်၏တပည့် ခေမမည်သော ရဟန္တာတပါးသည် လောကသုံးပါး၌ မြတ်ဓမ္မအမြိုက်ရေတို့ဖြင့် တိုက်ကျွေးတော်မူပေသော အစိန္တေယျ သမ္ဗုဒ္ဓအစစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူမြတ်စွာဘုရားသခင် အလောင်းတော်မြတ်ကို တေဇောဓာတ် လောင်ဆဲအခါတွင် ပန်းနံ့သာစန္ဒကူးမီးရှူးတော်ပျံတက်သည့် ထင်းပုံ၏အထက်မှ အချက်ကျပင့်ယူလာ၍ ဇမ္ဗူဒီပ ကာလိင်္ဂတိုင်းကြီးရှင် ဘုရင်ဗြဟ္မဒတ်မင်းအား ဆောက်နှင်းပေးအပ်ခဲ့ရာ ကာလိင်္ဂရာဇာမင်းထည်းယော်းသာတော်မူလှ၍ ပူဇနကိစ္စအကြောင်းကြောင့် မိုလ်ပေါင်းမှုန်နှံ့ရုံစေလျက် အဘိုးတန်ရတနာတို့နှင့်တကွ ဌာပနာပြီးလျှင် ဓာတုစေတီ တည်ထားကိုးကွယ်တော်မူသတည်း။

ထိုလက်ဝဲအောက်ဓာတ် စွယ်တော်မြတ်ကို ဗြဟ္မရာဇာ မဟာဓမ္မရာဇ် တရားမင်းမြတ်အား ပင့်ဆောင်ကျင်းကာ ပေးအပ်၍ ကာလိင်္ဂ

တိုင်းရပ်သို့ အတပ်ပင် ရောက်ရှိကြောင်းများကို ထပ်လောင်းကာ ဥပကာသာမကအခိုင်အမာဖြင့် သုတ်မဟာဝါပါဠိတော်၌–

ကော ဟိ ဒါဌာ တိဒိဝေဟိ ပူဇိတာ၊ ကော ပန ဂန္ဓာရ
ပုရေ မဟီယတိ၊ ကာလိင်္ဂရညော ဝိဇိတေ ပုနေကာ၊ ကော ပန
နာဂရာဇာ မဟေတိ။

ဟူ၍မိန့်တော်မူလေ၏။

**အနက်။** ။ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ကောဒါဌာ၊ လကျာ အထက်စွယ်တော်ဓာတ်တဆူကို။ တိဒိဝေဟိ၊ သိကြားနတ် တကာတို့ သည်။ ပူဇိတာ၊ တာဝတိံသာ နတ်တို့ရွာ၌ များစွာ သောင်းသောင်း ပွဲတင်ညောင်းမျှ အပေါင်းများစွာ နတ်တကာတို့ ညီညာဖြဖြ တကွ စင်စစ် မလစ်မယွင်း စူဠာမဏိစေတီတော် ဌာပနာတိုက် အတွင်းသို့ သွတ်သွင်းကော်ရော် ပူဇော်လှူဒါန်းအပ်ပြီ။ ကောပန၊ တဆူသော အထက်လက်ဝဲစွယ်တော်ဓာတ်မြတ်ကိုမူကား။ ဂန္ဓာရပုရေ၊ ဂန္ဓာရတိုင်း သမိုင်းပွါးစည် တရုပ်ပြည်၌။ မဟီယတိ၊ စေတိယတော စုံမြိုင်ကြော၌ သာမောတည်ထား အရှည်လျှားအောင် အများကိုးကွယ် အပ်၏။ ပုန၊ တဖန်။ ကော၊ လက်ဝဲအောက်မြတ် စွယ်တော်ဓာတ် တဆူကို။ ကာလိင်္ဂရညော၊ ကာလိင်္ဂရာဇ် နေမြစ်နွယ်ရင်း ဗြဟ္မဒတ်မင်း၏။ ဝိဇိတေ၊ နိုင်ငံတော်ကြီး၌။ မဟေတိ၊ အများကိုးကွယ် ပူဇော်စေ၏။ ကောပန၊ လကျာအောက်ဓာတ် စွယ်တော်မြတ်တဆူကိုမူကား။ နာဂ ရာဇာ၊ ဇေယျသေန မည်ရထင်ရှား ဂုဏ်ရောင်များသော နဂါးမင်း ကြီးသည်။ မဟေတိ၊ ပူဇော်ကိုးကွယ်စေ၏။

[ထိုအကြောင်းကို သုတ်မဟာဝါ ပါဠိတော်၌ ဓမ္မသင်္ဂဟကထေရ် အရှင်မြတ် ပြတင်တော်မူအပ်သော ဂါထာအရ လက်ဝဲအောက်ဓာတ် စွယ်တော်မြတ် တဆူကို ကာလိင်္ဂတိုင်းကြီးရှင် ဘုရင်ဗြဟ္မဒတ် မင်းမြတ် အား ခေမမည်သောရဟန္တာအရှင်မြတ်သည် တေဇောဓာတ်လောင်ရာမှ ပင့်ဆောင်ယူလာတော်မူပြီးလျှင် ဆောင်နှင်းပေးအပ် ကိုးကွယ်စေသည် အမှန်ဖြစ်ပါလျက် ယခုအခါ လက်ဝဲကျွန်းညို သီဟိုဠ်ဌာန သခ်နွှသေလမြို့၌ အဘယ်သို့သောအကြောင်းကြောင့် ရောက်နေပါသနည်းဟု များဖြင့် ပြည်သူ ရှင်လူထိုထို မိုလ်သူအပေါင်း သူတော်ကောင်း အများတို့

က မေးဘွယ်ရှိရကား သီဟိုဠ်ကျွန်း သခ်ုန္ဓသေလမြို့သို့ မချို့ဆိုက်ရောက်နောက်မှ တည်ရှိခတော်မူကြောင်းကို ထင်ရှားစွာ ပြလိုသည်ဖြစ်၍ “အပရဘာဂေ” အစရှိသော ဒါဌာဓာတုဝင်အဋ္ဌကထာပါဠိကို ထပ်ဆိုရပြန်သတည်း။]

လက်ဝဲအောက်စွယ်တော်ကိုကာလိင်္ဂမင်းအား ကိုးကွယ်စေခန်းပြီး၏။

---

## ၂၂။ ဒန္တမင်းသား ဟေမမာလာမင်းသမီးတို့ စွယ်တော်ယူဆောင်ပြေးခန်း

**သာဓကကာ။** ။အပရဘာဂေ ဟေမမာလာ ရာဇကညာ ဒန္တကုမာရေန သဒ္ဓိံ တေ ဇာယမ္ပတိကာ ဥဘော ဟေဋ္ဌာ ဝုတ္တနယေနေဝ ဗြာဟ္မဏဝေသံ ကတွာ ဒါဌာဓာတုံ အာဒါယ ပလာပေတွာ ဝါဏိဇ္ဇေ အာရောစာပေတွာ နာဝါဝေဂေန ဂန္တွာ ဒေဝနာဂသုပဏ္ဏာ မဟန္တံ ပူဇံ ကရိတွာ အနုက္ကမေန ဂန္တွာ ဇမ္ဗုကောလပဋ္ဋနံ ပတွာ ရာဇဝရဿ အာစိက္ခိတမဂ္ဂေန အနုရာဓပုရံ ပတွာ ကိတ္တိသိရိမေဃဿ ပဝတ္တိံ ပုစ္ဆိတွာ နဝဝဿအာယုသမာနေ၁ တိဿရညောသု ပသန္နဘာဝံ သုတွာ သယ်ရိမဟာထေရဿ သန္တိကံ ဂန္တွာ ကေမန္တံ နိသီဒိတွာ ဒါဌာဓာတုံ ဇမ္ဗုဒီပတော ဂဟေတွာ အာဂတဘာဝံ အာရောစေတွာ ဒဿေသိ။

[ဓာတုဝံသပါဠိ။]

**အနက်။** ။အပရဘာဂေ၊ ဇမ္ဗုဒီပ ကာလိင်္ဂတိုင်းသို့ရောက်သည်မှ နောက်ဖြစ်သောအခါ၌။ ဟေမမာလာ၊ ဟေမမာလာ ဘွဲ့တော်သာ သော။ ရာဇကညာ၊ ဂုဟသီဝမင်း၏ သမီးတော်ရင်း မင်းသမီးသည်။ ဒန္တကုမာရေန၊ တူတော်ဖြစ်သော ဒန္တမင်းသားနှင့်။ သဒ္ဓိံ၊ တကွ။ ဥဘော၊ နှစ်ပါးကုန်သော။ တေ ဇာယမ္ပတိကာ၊ ထိုမောင်တော် နှမတော် ကြင်ဘော်မြောက်သား မင်းနှစ်ပါးတို့သည်။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သာလျှင်။ ဗြာဟ္မဏဝေသံကတွာ၊ ဘေးဆီးရန်ရှောင် ပုဏ္ဏားယောင်ဖြင့် တုအောင်ဆောင်စေပြီး၍။ ဒါဌာဓာတုံ၊ လက်ဝဲအောက်ဓာတ် စွယ်တော်မြတ်တဆူကို။ အာဒါယ၊ ပင့်ယူပြီးလျှင်။ ပလာပေတွာ၊ တိတ်တဆိတ်ထွက်ပြေးစေ၍။ ဝါဏိဇ္ဇေ၊ သင်္ဘောကုန်သည်တို့ကို။ အာရောစာပေတွာ၊ အကြောင်းထင်ရှား ပြောကြား

စေ၍။ နာဝါဝေဂေနာ သဘော်ာလေအဟုန်ဖြင့်။ ဂန္တွာ၊ ကူးခတ်လွှင့်သွား၍။ ဒေဝနာဂသုပဏ္ဏာ၊ နတ်နဂါးဂဠုန်တို့သည်။ မဟန္တံ၊ ကြီးစွာသော။ ပူဇံ၊ ဖူးမျှော်ပူဇော်ခြင်းကို။ ကရိတွာ၊ ပြု၍။ အနုက္ကမေန၊ အစဉ်သဖြင့်။ ဂန္တွာ၊ လွှင့်သွား၍။ ဇမ္ဗုကောလပဋ္ဋနံ၊ သီဟိုဠ်ကျွန်းငှ ဇမ္ဗုကောလပဋ္ဋန သဘော်ာဆိပ်ကမ်းသို့။ ပတွာ၊ ဆိုက်ရောက်ကြ၍။ ရာဇဝရဿ၊ ခမည်းတော်နတ် ဂုဟာသီဝမင်းမြတ်၏။အာဝါကွဲတမဂ္ဂေန၊ ညွှန်ကြားတော်မူအပ်သောခရီးလမ်းဖြင့်။ အနုရာဓပုရံ၊ သီဟိုဠ်မင်းတို့ စံခင်းပျော်ရာ အောင်ချာဌာန အနုရာဓပြည်သို့။ပတွာ၊ရောက်ကြကုန်၍။ ကိတ္တိသိရိမေဃဿ၊ ကိတ္တိသိရိမေဃမင်း၏။ ပဝတ္တိံ၊ သတင်းခြေမြစ် အဖြစ်အပျက်နှင့်တကွ အကြောင်းအရာကို။ ပုစ္ဆိတွာ၊မေးမြန်းကြကုန်၍။ နဝဝဿအာယုသမာနော၊ သက်တော်သက္ကရာဇ် ကိုးနှစ်အရွယ်ကပင်လျှင်။ တိသုသရဏော၊ သရဏဂုံသုံးပါးတို့၌။ ပသန္နဘာဝံ၊ သဒ္ဓါတရား လွန်စွာပွါးလျက် အားရဝမ်းမြောက် နှစ်ယောက်မရှိ ကြည်ညိုဘိ၍ ရေထိသောကြာ ပဒုမာသို့ အခါမလင့် ပွင့်မည်အသစ် မလစ်မလပ် အားထုတ်တော်မူအပ်သည်၏အဖြစ်ကို။ သုတွာ၊ ကြားသိတော်မူလတ်၍။ သဃ်ရိမဟာထေရဿ၊ သဃ်ရိမည် မဟာထေရ်၏။ သန္တိကံ၊ အထံတော်သို့။ ဂန္တွာ၊ ဆည်းကပ်ခစားကြကုန်၍။ ကေမန္တံ၊ ခြောက်ပါးပြစ်လွှင့် သင့်တင့်လျောက်ပတ် ဤအရပ်ဌာနၶ။ နိသီဒိတွာ၊ ကောင်းမွန်လေးမြတ် ရှိသေစွာနေထိုင်လတ်ကုန်၍။ ဒါဌာဓာတုံ၊ အစိန္တေယျ လောကသေဋ္ဌနင်း တရားမင်း ဖြစ်တော်မူသောမြတ်စွာဘုရားသခင် အရှင်ကိုယ်တော်မြတ်၏ ဓာတ်စွယ်တော်တဆူကို။ ဇမ္ဗုဒီပတော၊ ဇမ္ဗုဒီပ ကာလိင်္ဂတိုင်းကြီးရှင် ဘုရင်ဗြဟ္မဒတ်မင်းမြတ်ထံမှ တိတ်တဆိတ်ပင့်ယူ ဆောင်တော်မူခဲ့၍။ အာဂတဘာဝံ၊ ပင်လယ်သမုဒ္ဒြာ ရေညိုရံခ သီဟဠသို့ လာကြသောအဖြစ်ကို။ အာရောစေတွာ၊ သဃ်ရိမည် မဟာထေရ်အား လျှောက်ကြား၍။ ဒသေသိ၊ စွယ်တော်ကြွတ်ကို ထုတ်၍ပြလေပြီ။

ဒါဌာဓာတုဝင်ကျမ်း၌လည်း—

တံ ဒါဌာဓာတုံ ဂဟေတွာ ဒွိဇဝေသော သီဟဠံ ယာဟိ ဒီပံ။ ဟူ၍လာ၏။

**အနက်။** ။ဒွိဇဝေသော၊ ပုဏ္ဏားသဏ္ဍာန် တူစွာဘန်သည်ဖြစ်၍။ ဒါဌာဓာတုံ၊ ထိုလူနတ်ဖြိုဟ္မာ သတ္တဝါအပေါင်းတို့၏ညွတ်ပျောင်းကာ်ရော် ပူဇော်တော်မူအပ်သော လက်ဝဲတော်ဓာတ်အောက်စွယ်ဘာ်မြတ်တဆူကို။ ဂဟေတွာ၊ ယူ၍။ သီဟဠုံဒီပံ၊ သီဟိုဠ်ကျွန်းသို့။ ယာဟိ၊ သွားလေလော့။

ယာဟိ ဒီပန္တိ ဧွေ့ ဗြာဟ္မဏဝေသော ဟုတွာ ဒေဝ-မနုဿေဟိ မဟိတံ ဒါဌာဓာတုံ ဂဟေတွာ သီဟဠ ဒီပံ ယာ-ဟိတိ ယောဇနာ။

**အနက်။** ။ယာဟိဒီပန္တိဧွေ့၊ ဒီပံဟူသောပုဒ်၌။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဧဝံ၊ ဤသို့ဆိုလတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဗြာဟ္မဏဝေသော၊ ပုဏ္ဏားအသွင်ကို။ ဟုတွာ၊ ဘန်ဆင်းသည်ဖြစ်၍။ ဒေဝမနုဿေဟိ၊နတ်လူတို့သည်။ မဟိတံ၊ပူဇော်အပ်သော။ ဒါဌာဓာတုံ၊စွယ်တော်ဓာတ်မြတ်တဆူကို။ ဂဟေတွာ၊ ပင့်ဆောင်ယူ၍။ သီဟဠဒီပံ၊ လင်္ကာဒီပ သီဟဠကျွန်းသို့။ ယာဟိ၊ သွားလေလော့။ ဣတိ အယံ၊ ဤသို့အပ်ခဲ့ပြီးသည်ကား။ ယောဇနာ၊ ဤသို့မြန်မာပြန်၍ယောဇနာခြင်းတည်း။ [ဝ်ငင်းဒါဌာဓာတုဝင်ကျမ်းအဘွင့်ဋီကာ။]

ဤသို့ကျမ်းဂန်၌ အသေအချာအဆိုရှိသည်များကို ထောက်ထားယုံကြည် အတည်တကျအခိုင်အမာပြု၍ စွယ်တော်ရောက်ရင်း ကာလိင်္ဂပြည်မှ ဒန္တမင်းသား ညာထားဝံသ ဟေမမာလာ မင်းနှစ်ဖြာတို့သည် ထွက်ခွါတိမ်းရှောင် တိတ်တဆိတ် ပင့်ဆောင်ယူတော်မူခဲ့ကြသော လက်ဝဲအောက်ဓာတ် စွယ်တော်မြတ်တဆူကို ဤကျွန်းငှာဒီပ သီဟဠ၌ ယခုကာလတိုင်တိုင် မယိုင်မယိမ်း မတိမ်းမစောင်း ကောင်းမွန်စွာတည်ထား၍ အများဗိုလ်လူ ကြည်ဖြူသဒ္ဓါ ပူဇော်ကာဖြင့် ဗုဒ္ဓသာသနကိစ္စကိုပြီးစေလျက် လနေမခြား သွားရောက်ဖူးမျှော် ပူဇော်တော်မူကြရကြောင်းများကို ညိတ်ငြောင်းမခွ သဒ္ဓါပသန္န ပညာဗလဝ ပဏ္ဍိတတို့ မုချသိအပ်သည်သာဖြစ်သတည်း။

[ကာလိင်္ဂတိုင်းပြည်တော်မှ လင်္ကာဒီပသီဟဠကျွန်းမော်သို့ စွယ်တော်ဓာတ်မြတ် ရောက်တော်မူသော အကြောင်းအတ္ထုပ္ပတ္တိအမြွက်တည်း။]

ဒန္တမင်းသား ဟေမမာလာမင်းသမီးတို့စွယ်တော်ယူဆောင်ပြေးချက်းပြီး၏။

## ၂၃။ ကိတ္တိသိရိမေဃမင်းနန်းစံကိုးနှစ်တွင် သီဟိုဠ်ကျွန်းသို့စွယ်တော်ရောက်ခဏ်း

ထိုအခါ အကျဉ်းအမြွက်မျှပြဆိုအပ်သောကျွန်းကြီးဌာန သီဟဠသို့ သုံးလောကမျက်ရှု သဗ္ဗညုရှင်တော်ဘုရား၏ စွယ်တော်ဓာတ်ရောက် ကြောင်းများကို ထင်ရှားစုံလင်စွာ ဝိတ္ထာရ အနက်သွယ်ပြီးလျှင် အကျယ်ပါပုံပြခင်း၍ ထင်လင်းကွဲပြားစွာ ရေးသားစီစဉ်ရန်အတိတ် စကား၌ မပါသေးသောကြောင့် ဒါဌာဓာတုဝင် ကျမ်းတို့တွင် တွေ့ မြင်သမျှ ဂုဟသီဝမင်းနှင့် ကာလိင်္ဂဓမ္မရာဇ် စစ်ပွဲကြီးဖြစ်သည်ကစ၍ ဒန္တကုမာရမင်းနှင့် ဟေမမာလာ မင်းနှစ်ဖြာတို့ ဤဒါဌာတော်ဓာတ် မြတ်စွယ်တော်တဆူကိုပင့်ယူဆောင်လာသော အကြောင်းအတ္ထုပ္ပတ္တိ ကား ဓာတုဝင်ကျမ်း၌ လင်္ကာဒီပ သီဟဠသို့ ရောက်ကြသည်တိုင် အောင် ထုတ်ဆောင်ပိုင်းခြား၍ ထင်လျှားအောင်ပြဆိုပေအံ့။

အဓောဝါမဒါဌာဓာတုံ သာရိပုတ္တမဟာထေရဿ သိသော ခေမောနာမ ဒိဏ္ဏာသဝေါ—

အစရှိသောပါဠိနှင့်အညီ၊ အလောင်းတော်မြတ် ရုပ်ကလာပ်ကို တေဇောဓာတ် လောင်တော်မူသောအခါ စန္ဒကူးနံ့သာထင်းပုံထက် သို့ ပုံတတ်တော်မူသော လက်ဝဲအောက်ဓာတ် စွယ်တော်မြတ်တဆူကို ဘက်ပြိုင်သူမပေါ်မထွက် တေဒဂ်ပညာခံ လကျာ်ရံအရှင်သာရိပုတ္တရာ ၏ တပည့်ရင်းချာ ခေမအမည်ရှိသော ရဟန္တာ အရှင်မြတ်သည် ဇူဠိပါဒ်တန်ခိုးဖြင့် မြေလျှိုးမိုယ်းပျံ ကြံဆောင် ယူငင်တော် မူလတ်၍ သာသနာတော်အမွန်ရှည်စွာ အစဉ်ထာဝရ ကာလိင်္ဂတိုင်းကြီးရှင် ဘုရင်ဗြဟ္မဒတ်မင်းအား ပေးအပ်ဆောက်နှင်းတော်မူသည် ကစ၍ အစဉ်မပျက်ဆက်ခံ ပရမ္ပရာ စဉ်လာဆင့်တိုး ကိုးကွယ် ပူဇော် အကြောင်းသော်ကား—

၁။ ဂုဟသီဝ ရာဇမှန်ကင်း မင်းတရား၏ လက်ထက်စစ်မက်ရေး ရာ ခင်းမသာ၍ လင်္ကာဒီပ သီဟဠသို့ပို့ရလတ္တံ့ သင်းပျံ့ရွှေနှုတ် မိန့်ခွန်းတော်ထုတ် သျှက် ဗျာဒိတ်ထွက်ကို မိန့်မြွက်ဟောကြား ထားတော်မူခဲ့လေ၏၊ထိုမှတပါး မင်းနှင့်တပြွသော ပရိသတ်

တို့အား အထူးထူးသောဓမ္မကထာ ဒေသနာကိုလည်း များစွာ ဟောကြားပြသတော်မူ၍ သုံးလူ့အထွတ်မြတ်စွာဘုရားသခင်၏ သာသနာတော်မြတ်ကိုလည်း သဒ္ဓါတရား လွန်ကိုးပွါးလျက် အားရဝမ်းမြောက်စွာ ယုံကြည်မြတ်နိုး ကိုးကွယ်စေတော်မူ၏။

၂။ ကာလိင်္ဂတိုင်း ခွန်လှိုင်းချွေလှစ် နေမြစ်နွယ်မြတ် ဗြဟ္မဒတ်မင်းကြီးသည်လည်း ဘုရားသခင်၏ စွယ်တော်ဓာတ်ကို လေးမြတ်ခုံမင် အလွန်လျှင်သက်ဝင်ယုံကြည်သည်ဖြစ်ရကား စုလစ်မွန်ချွန် မိုယ်းစွန်တိမ်လျှပ် ထောင်ရာထပ်လျက် သုဒဿနအယုဏ္ဏပုရိန် သိကြားမင်းဘုံဝတိ ကို ဖျက်ချိုးနှိမ်တော်မူမည့်နှယ် ကိုးသွယ်သော နဝရတ်တို့ကို အထပ်ထပ်ခြယ်စီ ပုလဲသွယ်ရစ်လည်၍ အတည်တည်သောရတနာမြတ် အမျိုးမျိုးတို့သည် ပြိုးပြိုးပြက်တခဲနက်သော အရောင်တို့ဖြင့် ပြောင်ပြောင်လှည့်ဝင်း ထွန်းလင်းတောက်ပခြင်း ရှိသည်ဖြစ်၍ ထွက်သစ်သောနေလုလင်ကဲ့သို့ မြင်သူခပဲ ရှုမရဲအောင် အလွန်အကဲအဆန်းတကြယ်တို့ဖြင့် စီခြယ်ဆောက်လုပ်အပ်သောလောကီမင်္ဂလာ ရတနာ ရွှေကျောင်းတော်ကြီးကို ဆောက်လုပ်ဖန်ဆင်းတော်မူလျက် ကြီးကျယ်သော အခမ်းအနား ဘို့နှင့်တကွ အဆန်းအပြားပြုလုပ်စေပြီးလျှင် ၎င်းကျောင်းတော်ကြီး၏အတွင်း၌ ဝင်းဝင်းတောက်ထိန်သော ကျောက်စိန်ခြယ်စီ၍ သိင်္ဂီရွှေချိန်အများနှင့်တကွ အဘိုးအနမတ္တ ထိုက်တန်လှသော ကြုတ်တော်ကြီးကို ညီးညီးရောင်ထွေ ပြုလုပ်တော်မူစေ၍ ပရမေဗုဒ္ဓ၏ သရီရဓာတ် မွေတော်မြတ်ကို ကြုတ်နဝရဟ်တော်အတွင်းသို့ ထည့်သွင်းပြီးလျှင် အကြီးအကျယ် အံ့ဘွယ်ဘနန်းထူးဆန်းလှစွာသော ရတနာခုနစ်ပါးတို့ဖြင့် ပြီးသောသလွန်ညောင်စောင်း၏ အထက်သို့တင်ထားတော်မူပြီးလျှင် တိုင်းသူပြည်သား လူအများတို့နှင့်ပါ မင်းဖျားနရိန်နှင့်တကွ ဂုဏ်သိမ်ပို့ကျော် ဆွေတော် မျိုးတော်အများ ထင်ရှားဉဿုံ အလုံးစုံသောရှင်လူအပေါင်းတို့သည် ကောင်းချီးဖူးမျှော် ပူဇော်ကိုးကွယ်ခြင်းကို ပြုကြကုန်သတည်း။

ထို့ကြောင့် ဒါဌာဓာတုဝင်ကျမ်း၌—

သုဝဏ္ဏခစိတာလမ္ဗ၊ မုတ္တဇာလေဟိ သောဘိတံ၊
ကုင်္ဂါဂါရတာကိဏ္ဏ၊ တရုဏာ ဒိဗ္ဗသန္နိဘံ။ ။

နာနာရတန သောဘန၊ ဒုဒ္ဒိက္ခံ စက္ခုမုသနံ၊
ယာနံသဂ္ဂါ ပဝဂ္ဂဿ၊ ပဿာဒါတိဿယာဝဟံ။ ။

ဓာရယိတွာန သောရာဇာ၊ ဒါဌာဓာတုနိဝေသနံ၊
ဓာတုပီဌေစ တထေဝ၊ ကာရေပွာ ရတနုဇ္ဇလံ။ ။

အစရှိသော ဂါထာတို့ကို မိန့်ဆိုအပ်ပြီ၊ စွယ်တော်ဓာတ်ကို လေးမြတ်ပူဇော်ရင်းဖြစ်သော ဗြဟ္မဒတ်မင်းသည် နန်းခင်း ရွှေအိမ် စည်းစိမ်တော်ကြီးကို ငြိုးငွေ့တော်မူသည်ဖြစ်၍ စွန့်ပစ်ရှောင်လွှဲ နတ်ပွဲသဘင် တပုံဆင်၍ စံဝင်တော်မူရာကာလ ကာလိင်္ဂရာဇာ မည်သော ထင်ရှား မင်းတရားသည် သုံးပါးဘိသိက်နှင့် ပလ္လင်ထိပ်ကနက္ကဒဏ် ရေဖျန်းတော်ခံပြီးလျှင် ငါးတန်သောမင်းမြောက် တန်ဆာတို့နှင့်တကွ ပြည့်ရွာပါသိမ်းချုပ်၍ မင်းလုပ်တော်မူလေသတည်း၊ ထိုမင်း၏ လက်ထက်တော်၌လည်း ပူဇော်မြဲပူဇော်၍ ကွယ်လွန်တော်မူပြန်သော် သားတော်မြတ် နန္ဒာသည် ခမည်းတော်ရိတ်ရာကို အုပ်ချုပ်စိုးစံတော်မူရှာ၍ ပရမေဘဂဝါ အရှင်မြတ်၏ စွယ်တော်ဓာတ် အထူးကို ရှိခိုး ပန်ထွာ ဝန္ဒနာဖြင့် အခါမလပ် အထပ်ထပ်ပူဇော်ဆဲမင်္ဂလာတွင် မရဏာလွှမ်းခြုံ၍ နတ်ဘုံသို့ မြန်းကြွပြန်သတည်း။

ထိုသို့သော နည်းတဇာတ်ဖြင့် ကာလိင်္ဂတိုင်းရပ်တွင် သမိုင်းမြတ် ရာဇဝင်တို့နှင့် စာတင်၍မပျက်ဘဲ အဆက်ဆက်သော မင်းအပေါင်း တို့သည် ဦးခေါင်းညွတ်ကျိုး ရှိခိုးပူဇော်ကြကုန်သည်ဖြစ်၍ အာယု သင်္ခါရ အပိုင်းအခြားအားဖြင့်နတ်ပြည်သို့လားကြကုန်ပြီးသည့်နောက် ကာလ၌ ဂုဟာသီဝအမည်ရှိသောမင်းသည် ဘုန်းပြင်းတေဇာ စက် အာဏာလက္ခဏာတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်ရကား ကာလိင်္ဂ တိုင်းပြည်ကြီးကို ထီးနန်းမပျက် ဆက်လက်စိုးစံတော်မူသတည်း။

ထိုဂုဟာသီဝမင်းသည် ရတနာသုံးပါးဂုဏ်ကို ကြည်ညိုသဒ္ဓါ အား ကြီးစွာရှိတော်မူလှ၍ သာသနာတော်မြတ်ကို လွန်ကဲစွာ မြတ်နိုးစုံမက်

နှစ်သက်တော်မူသဖြင့် အယူဝါဒ၌ ယွင်းခွသော နိဂဏ္ဌတက္ကတွန်းတို့ကို ဖန်ရည်ပြီစွန်း ဝတ်သင်္ကန်းတို့ဖြင့် ရဟန်းပြုစေကုန်၏၊ မပေးမလှူ မကြည်ဖြူဘဲ လျစ်လျူရှု၍သာ နေတော်မူသတည်း။

ယင်းသို့မကြည်ညို မလှူဒါန်းသောကြောင့် အယူ၌တိမ်းစောင်း မကောင်းသော တိတ္ထိတက္ကတွန်း အပေါင်းတို့သည် အမြိန်အရသာများကို မစားမသောက်ရ၊ ခါးစည်းအဝတ်တို့မှ လဲစရာမရှိ၊ အစုတ်စုတ်အပြတ်ပြတ် ညစ်နွမ်းဟောင်းရိစွာ ဝတ်ဆင်ကြရသဖြင့် ပါဋလိပုတ်ပြည်သို့ ပြောင်းသွား ထွက်ပြေးကြရလေကုန်၏။

---

## ၂၄။ တက္ကတွန်းတို့ ပါဋလိပုတ်ပြည်ရောက်ခဏ်း

ထိုအခါ ပါဋလိပုတ်ပြည်၌ အမည်တော်သာလှသော ပဏ္ဍုရာဇာမင်းသည် ကြီးမြတ်သောဘုန်းလက်ရုံးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်ရကား ဇမ္ဗူဒိပ်တကျွန်းလုံး၌ မင်းဆိုးဧကရာဇ် ဖြစ်တော်မူလေ၏၊ များစွာသော ရထားမြင်းဆင် ဝေါယဉ်မကျန် ဓားလှံသေနတ် ပစ်ခတ်ကျွမ်းကျင် စစ်ဆင် စစ်တက်မှစ၍ အချက်ကျနားလည်သော သူရဲသူခက်တို့သည်လည်း အလုံးအရင်းနှင့်တကွ ပြည့်စုံ၏၊ ပါဋလိပုတ်ပြည်သို့ ပြေးဝင်၍လာကြသော တိတ္ထိတက္ကတွန်း အပေါင်းတို့သည် ဂုဟသီဝကာလိင်္ဂမင်း၌ ရန်ငြိုးဖွဲ့၍ အာဃာတတရား အမြဲထားရင်း နှလုံးသွင်းရှိကြသည်ဖြစ်ရကား ပဏ္ဍုရာဇာ မဟာကေရာဇ်မင်းမြတ်ရှေ့တော်သို့ အလျှင်အမြန် ရောက်ကြပြီးလျှင် ကုန်းချောစကားဖြင့် လျှောက်ကြားပြောဆိုကြလေ၏။

"အရှင်မင်းကြီး…. အသီးသီးသော တရာ့တပါး မင်းအများတို့သည် အရှင်မင်းကြီး၏ ဘုန်းတော်ရှိန်ကြောင့် ဂုဏ်သိမ်မပြု အန္တမြဘက် စိုးလျက်မဝံ့ ကြောက်ရွံ့တုန်ပြင်းအခွန်ပဏ္ဏာဆက်သွင်းခြင်းအမှုကို ပြုကြကုန်၏၊ ဂုဟသီဝမင်းမှာမူကား အခြားသော မင်းတို့နှင့်မတူ ရန်မူလိုခြင်း ခက်ထန်မာန်တင်းသော သဘောထားနှင့် တရာ့တပါးသော အမင်း

မင်းတို့၏ ဝပ်စင်းကော်ရော် ပွဇော်ထိုက်သော အရှင်မင်းကြီးကိုစင်လျက် ဂရုမထား လေးစားမပြု အန်တုလိုသော မနော ပဒေါသတရား စိတ်ထားသည့်လက္ခဏာ မင်္ဂလာမရှိ ပကတိအများတို့ထုံးမဟုတ်ပေ၊ သူသေ၏အရိုးများကို ဘုရားဟူသော [redacted]

ချတ္တိဒိဝံ၊ နေ့ညဉ့်မပြတ်။ ပူဇိတံ၊ ပူဇော်အပ်သော။ တံဆဝဏ္ဏဓာတ်ဥ၊ ထိုသူသေ၏ သွားရိုးကိုငင်း။ ဣဓ၊ ဤပါဋလိပုတ်ပြည်အရပ်သို့။ အာနယ၊ ဆောင်ယူခဲ့ကြလော့။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်ထုတ်ခွေ စေတော်မူလိုက်၏။

[ဤသို့ ဒါဌာဓာတုဝင် ကျမ်းကို မှီငြမ်းပြုသဖြင့် ရေးသားလိုက်သတည်း။]

တက္ကတွန်းတို့ပါဋလိပုတ်ပြည်ရောက်ခဏ်းပြီး၏။

---

## ၂၅။ ပဏ္ဍုရာဇာမင်းစစ်ချီတက်ခဏ်း

ထိုသို့ပဏ္ဍုရာဇာမင်းသည် ခင်းကျင်းစီမံစေလွှတ်တော်မူအပ်သော ဆင်တပ်,မြင်းတပ်, ရထားတပ်, သူရဲတပ် အလုံးအရင်းတို့နှင့်တကွ ကာလိင်္ဂတိုင်းပြည်ကို ဝန်းဝိုင်းတော်မူ၏၊ ကာလိင်္ဂပြည့်ရှင် ဘုရင် ဂုဟာသီဝမင်းသည် ဗိုလ်ထုစစ်သည် ပြည်ကိုဝန်းဝိုင်းသော်လည်း ပဏ္ဍုရာဇာမင်းအား နိဂဏ္ဌတက္ကတွန်းတို့ ကုန်းချောစကားနှင့်မညီ ကြံလို ညိုးပိန်ခြင်းဖြင့် တင်းတင်းမခံ ညံ့သောမာန်ဖြင့် တောင်းပန်လိုသည် ဖြစ်ရကား ရန်မှလွတ်ခြင်းအကြောင်းတရား ငါးပါးတို့တွင် တံစိုး လက်ဆောင် ပေးခြင်းဟူသော အနုပဒါနအရာ များစွာသော လက်ဆောင်တံစိုး ပေးထိုးဆက်သစေတော်မူသဖြင့် ကြမ်းတန်းခက် ထန်သော ပဏ္ဍုရာဇာ မဟာကေရာဇ်မင်းမြတ်၏ နှလုံးကို ယူကျုံး နှစ်သိမ့်စေတော်မူ၏။

ပဏ္ဍုရာဇာ မဟာကေရာဇ် မင်းမြတ်သည်လည်း ရန်တင်းမလို မျက်ငြိုမထား အကျိုးစီးပွါး၌သာ လိုလားသော ဂုဟာသီဝမင်းတရား၏ ဖြူစင်သောနှလုံးထားသော အကြောင်းကို ကောင်းမွန်စွာ သိတော်မူ၍ ကာလိင်္ဂမြို့တွင်းသို့ ဖြည်းညှင်းသာယာစွာ ဝင်လာတော်မူပြီးလျှင် ဆန်းကြယ်လှစွာသောမြို့ရိုး, ပြအိုး, ပစ္စင်, ရင်တား, တံခါး, ကျုံး မြောင်းတို့ဖြင့် ကောင်းမွန်စွာ စီမံပြုလုပ်ထားသည်ကိုငင်း၊ သောသော ညံညံ လူသံမစဲ စွန့်ကြဲပေးကမ်း လှူဒါန်းရန် တင်းကုပ်တော်တို့နှင့် ပြည့်စုံသည်၏အဖြစ်ကိုငင်း စင်စစ်မုချ မြင်တော်မူရလျှင် နှစ်သက်

ကောင်းမွန်စွာ သာယာသောစကားဖြင့် ပြောကြားတိုင်ပင်တော်မူကြ ပြီးသော်ဂုဟာသီဝမင်းမြတ်သည် စံနေတော်မူရင်း ခင်းကျင်းစီမံထား အပ်သောစံနန်းတော်ကြီး၌ အံ့ချီး၍မကုန်နိုင်သောအကြောင်းတို့ကိုသိ စေခြင်းငှါအထက်စံနန်းတော်ပေါ်သို့ တက်ကြွတော်မူကြ၍ လှပတင့် တယ်ရှုချင်ဘွယ်သော မင်းခမ်း မင်းနားဟူသမျှတို့ကို အလုံးစုံအကုန် ပြလေ၏။

ဂုဟာသီဝမင်းသည် မြတ်စွာဘုရားသခင် အရှင်ကိုယ်တော်မြတ်သည် ကား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက များစွာသောလူ,နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့အား တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးတော်မူပြီးလျှင် သယမ္ဘူဓမ္မိဿရ နိဗ္ဗာန်သို့လှမ်းကြွတော် မူပြီးသည့်နောက် တလျှောက်ဝန်းလျှား နတ်လူအများတို့ ကိုယ်စား ပူဇော် ဖူးမျှော်စေကြရန် ကိုယ်စားတော်စား ထားတော်မူခဲ့သော စွယ်တော် ကိန်းပျော်တော်မူသော ကျောင်းတော်သို့ ခေါ်သွားသော ကာလ—

၁။ ဝိစိတြအခန်းခန်း ဆေးဒန်းမြင်းသီလာတို့ဖြင့် သားနား တင့် တယ်စွာ ခြယ်လယ်စီမံအပ်သော တံခါးကြီး,အံ့ဘွယ်ဘနန်း ခြူးပန်းခြူးနွယ် အသွယ်သွယ်သော ပန်းမျိုးစုံတို့ဖြင့် ဆွဲတင် အပ်သော ပုလဲသွယ်တလီ, ဣန္ဒနီလာ ညိုပြာလျှံတောက် ကျောက်အဘိုးတန်တို့ဖြင့် စီမံ၍ထားသော တံခါးရွက်, ရွှေ အချက်မာလာ, ထုဗိကာပတ္တမြား, မကန်းသွားအမိုး,ခြင်ရိုး ကျောက်မျက်ရွဲ, အံ့အဲချီးမွမ်း၍ မကုန်နိုင်သော စွယ်တော် ကျောင်းမြတ် ဘုံပြာသာဒ်ကို အထပ်ထပ်ဖူးမြင်ရသည် ဖြစ် ၍ဂုဏ်း,

၂။ ထိုကျောင်းပြာသာဒ်ကြီး၏ အတွင်း၌ ဆန်းကြယ်ခြင်း အဖြာ ဖြာ လှပစွာသော ရတနာအခင်း, လင်းလင်းပြိုးပြောင် တောက်လော်င်ဘနန်း အဆန်းအကြယ် အထူးအံ့ဩဘွယ် ထီးဖြူတော်၏ အောက်အလယ်၌တင့်တယ်လှစွာသော ရတနာ စွယ်တော်ကြုတ်ကို ရုတ်ခနဲမြင်ရသည်ဖြစ်၍ဂုဏ်း—

ပဉ္စာလရာဇာ ရန်ပြင့်ပါဟု ချီလာတော်မူသော ပါဋလိပုတ်မင်းသည် မွေးညှင်းကြက်သီး ကြီးစွာထလျက် ပီတိသောမနဿ ဟာဒယရွှင်လန်း သဒ္ဓါပန်းအဆိုင်ဆိုင် လှိုင်လှိုင်ကြီး ပွင့်တော်မူသတည်း။

ပဉ္စာလရာဇာမင်း စစ်ချီတက်ခဏ်းပြီး၏။

---

## ၂၆။ မင်းနှစ်ပါးတို့ စွယ်တော်ကြုတ်ကို ဖွင့်တော်မူရာ တန်ခိုးပြခဏ်း

ထို့နောက်ဂုဟသီဝမင်းသည် ရတနာစီခြယ်သော စွယ်တော်ကြုတ်ကိုဖွင့်လှစ်၍ စင်စစ်ကြည်ယုံ လက်မှုံအဥ္ဇလီ တင်မြှောက်ချီသည်ကိုပြု၍ သဗ္ဗညုမြတ်စွာဘုရား၏ ဆယ်ပါးပမာဏ ဒသဗလဉာဏ် အစရှိသော ကျေးဇူးတော်ဂုဏ်ကို အာရုံမရွှေ့ အောက်မေ့ ဆင်ခြင်တော်မူလျက် ဆုယူပတ္ထနာ ပန်ထွာညွှတ်ပျောင်း တောင်းလိုသည် ဖြစ်သော ကြောင့်—

ကဏ္ဍမ္ဗရုက္ခမူလမှိ၊ ကတတိတ္ထိယမဒ္ဒနေ။
ယမကံ ဒဿယန္တေန၊ ပါဋိဟာရိယ မဗ္ဘုတံ။ ။

ပါဋိဟာရိယမဇ္ဈာပိ၊ သဂ္ဂမောက္ခသုခါဝဟံ။
ပဿန္တာနံ မနုဿာနံ၊ ဒဿနီယံ တထာ ဣတိ။ ။

ဟူသော ဂါထာတို့ဖြင့် လျှောက်ထားတောင်းပန်၏။

**အနက်။** ။ဘဂဝတာ၊ ဘုန်းတော်ခြောက်တန် ဉာဏ်တော်ဆယ်ပါး အားတော်ဆယ်မျိုး တန်ခိုးတော်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည်။ ကတတိတ္ထိယမဒ္ဒနေ၊ ပြုအပ်ပြီးသော တိတ္ထိတို့မာန်ကိုပယ်လှန်နှိပ်နင်းရာဖြစ်သော။ကဏ္ဍမ္ဗရုက္ခမူလမှိ၊ ကဏ္ဍမ္ဗအမည်ရှိသော ဥယျာဉ်မှူးသည် စိုက်ပျိုးအပ်သော သရက်ပြုပင်ရင်း၌။ အဗ္ဘုတံ၊ မဖြစ်စဘူး အထူးအံ့ဩဘွယ်ဖြစ်သော။ ယမကံ၊ ရေမီးအစုံဖြစ်သော။ ပါဋိဟာရိယံ၊ တန်ခိုးပြာဋိဟာကို။ဒဿယန္တေန၊ ပြတော်မူသဖြင့်။ သဗ္ဗေဇနာ၊ ခပ်သိမ်းပြောထူ မိုလ်လူသတ္တဝါ ဝေနေ

ယျာအပေါင်းတို့ကို၊ ပါသာဒိကာ၊ သဒ္ဓါလွှမ်းယိုကြည်ညိုစေအပ်ကုန်ပြီ။ တထာ၊ ထိုကဲ့သို့မွှသရက်ဖြူပင်ရင်း၌ ခင်းပြတော်မူအပ်သော တန်ခိုးတော်နှင့်အတူ၊ အဋ္ဌာပိ၊ ယနေ့၌လည်း၊ ဒဿနီယံ၊ ရှုချင်ဘွယ်ရှိသော။ ပါဋိဟာရိယံ၊ တန်ခိုးပြာဋိဟာကို၊ ပဿန္တာနံ၊မျက်မှောက်ကိုယ်ထင် ဖူးမြင်ရကုန်သော။ မနုဿာနံ၊ လူအပေါင်းတို့၏။ သဂ္ဂမောက္ခသုခံ၊ နတ်ရွာနိဗ္ဗာန်ချမ်းသာကို။ အာဝဟံ-အာဝဟန္တော၊ ရွက်ဆောင်တော်မူသည်။ ဟောတု၊ ဖြစ်တော်မူစေသတည်း။

ဤသို့ ဂုဟသီဝမင်းသည် ဝပ်စင်းကော်ရော် ပူဇော်ဆုတောင်းခဲ့သော် မြတ်စွာဘုရားသခင်၏ စွယ်တော်ဓာတ်တို့သည် ထူးမြတ်ဆန်းကြယ်လှစွာသော ရတနာရွှေကြုတ်တော်၏အတွင်းမှထွက်၍ သဗ္ဗညာဏာက အသက်ရှိသော အသွင်ကဲ့သို့ အထက်မိုဃ်းယံ တိုင်အောင်ဖြိုးလျှံတောက်ဝင်း ပျံတက်တော်မူခြင်းကို ပြုပြီးလျှင် အသီးသီးအဖြာဖြာ များစွာသော ရေပန်း, မီးပန်း, လျှပ်စစ်ပန်းထွက်သည်ပုံအစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို လွန်စွာအံ့ဘွယ် ဆန်းကြယ်တင့်ရှန်း ရှုမခန်းအောင် နန်းတော်သူ နန်းတော်သားတို့နှင့်တကွအများပြည်သူ ဗိုလ်လူအပေါင်းတို့သည် ကောင်းမွန်စွာ ဖူးတွေ့ကြရသတည်း။

ထို့ကြောင့်—

အဋ္ဌုဂ္ဂန္ဒာ ဂဂနင်္ဂဏံ စန္ဒလေခါဘိရာမာ ဝိသဇ္ဇန္တိ ရဇ-
တဇလရံသိယော ဒန္တဓာတုယာ ဇဟန္တိ သပရိဗဟုဓာ ပဇ္ဇ-
လန္တိ မုဟမုဟုတ္တံ နိစ္ဆရန္တိ နယနသုဘင်္ဂ ပါဋိဟာရိယံ အ-
ကာသိ။

ဟူ၍ ဒါဌာဓာတုဝင်၌ မိန့်ဆိုအပ်ပြီ။

[ဤကား ရှေးဦးစွာ တန်ခိုးပြာဋိဟာကိုပြသောအကြောင်း အဋ္ဌုပ္ပတ္တိ အမြွက်တည်း။]

မင်းနှစ်ပါးတို့ ဓာတ်တော်ကြုတ်ကိုဖွင့်တော်မူရာ တန်ခိုးတော်ပြခန်းပြီး၏။

## ၂၇။ စွယ်တော်မြတ်၏ ပဌမတန်ခိုးကို ဖူးမြင်ရ၍ ခေတ်တော်ရွှေကြုတ်ကိုပင့်ခဏ်း

ပဉ္စာလရာဇာ မဟာဘူပတိ အမည်တော်ရှိသောပါဋလိပုတ်ပြည့်ရှင်ဘုရင်ကေရာဇ်မင်းမြတ်သည် အလွန်အကြူး ထူးဆန်းအံ့ဩ ပြောပ၍မကုန်နိုင်အောင်ဆန်းကြယ်လှစွာသောတန်ခိုးပြာဋိဟာကိုကောင်းစွာကြည်လင် ဖူးမြင်ကော်ရော်ပူဇော်ကန်တော့ရ၍ နှစ်သက်ဝမ်းမြောက်စွာရှိရကား ကြာမြင့်အရှည် စွဲကပ်တည်သော မိစ္ဆာဒိဋ္ဌိ ပါပိဝါဒဗာလတရား အထူးများကို မင်းတရားပယ်ဖြတ်တော်မူပြီးလျှင် ငါးဝသောပဉ္စသီ ရှစ်လီသောဥပုသ်ကို မယုတ်အောင်ဆောက်တည်၍ပါဋလိပြည်နန်းသို့ ကွန့်လှမ်းပြန်လည်တော်မူလေ၏။

အစိန္တေယျ သမ္ဘာရအစစ် ဓမ္မရာဇ်မှန်ကု သယမ္ဘူဖြစ်တော်မူသောမြတ်စွာဘုရားသခင် အရှင်ကိုယ်တော်မြတ်၏ စွယ်တော် ဓာတ်မြတ်ကိုလည်း မပြတ်စေ့စေ့ အောက်မေ့တော်မူလှ၍ ကြည်ဖြူစွာဖြစ်သောသဘော မနော၌အထပ်ထပ် စွဲလက်သည်ဖြစ်ရကား ဆပွါးသဒ္ဓါရှည်ကြာကာလ အောက်မေ့လှသည့်အမူကြောင့် ပဉ္စာလရာဇာ မဟာဘူပတိ ပါဋလိသေဌ်နန်း ပြည့်ရှင်မင်းသည် နှလုံးသွင်း တမ်းတရင်းရှိသောစွယ်တော်မြတ်ကို ရည်မှတ်ပိုင်းခြား အရင်းထား၍ မင်းဖျားနရိန္ဒ ကာလိင်္ဂမှန်ကင်း ဂုဟာသီဝမင်းကိုချစ်ကြည်တော်မူရင်း ဖြစ်သည်နှင့်အညီ မတွေ့မမြင်ရသည်မှာလည်း ကာလတောင်တာ မြင့်ရှည်ကြာသည်ဖြစ်သောကြောင့် မျက်နှာချင်းဆုံ၍ ကြုံတွေ့တော်မူလိုသည်ဖြစ်ရကား အလျှင်အမြန် ကြွလာစေချင်ကြောင်းနှင့် သဝဏ်စာရေးလျက် ပေးပို့လေရာတွင်—

ဂုဟာသီဝမင်းသည် ပဉ္စာလရာဇာ မဟာကေရာဇ်မင်းမြတ် မျှော်တင်းတောင့်တ တွေ့မြင်တော်မူလိုလှသော ဆန္ဒအကြောင်းစကားကို ကြားသိတော်မူရလျှင် တိုင်းသူပြည်သား လူအများတို့အား အထူးထူးသောထီး,တံခွန်, ကုက္ကား,မုလေးပွါး,ဆိမီး,ပန်းမာလ်,လှူဒါန်းရန်အမျိုးမျိုးတို့ကိုလက်စွဲစေလျက် ပါဋလိရွှေပြည်သို့ သာကြည်ရွှင်မော မြေတကြောခရီး လမ်းကြီးဝဲယာ သဲဖြူပါခင်းလတ် ရာဇမတ်ကာ မြူတာအိုးပန်း

စိုက် အထက်၌ ဗိတာန်ကြက် ဝဲယာနှစ်ဘက်နယားရှစ် ပတ္တမြားဝေါ် မုတ် ဥဿဖယားပြု သုဓမ္မာရွှေစရပ်နှယ် တင့်တယ်သမှ သုဒဿနဘုံတွင်း သိကြားမင်းရှုလာ၍ ဝိသုကံထုသကဲ့သို့ ပန်းပုဆရာတို့ အတုယူလောက်အောင် ရက်မျှားမြောင်မတိုင်မီပင် အောင်မြင်ပြီးစီးကြသဖြင့် ယိုးဒယားမြန်မာတီးမှုတ်, မှုတ်မျိုး, ဂန္ဓာလ, သီဟိုဠ်, စည်တိုတံမြှာ, တူရိယာဝါးပါးတို့ကို တီးမှုတ်ပူဇော်စေ၍ မွှေးမျိုးထုံမျိုး, ကတိုး, ပန်းပေါင်း, ထပ်လောင်းဖျန်းပက် ပူဇော်ပြီးလျှင် မင်္ဂလာရှိသော မဟာဆဒ္ဒန္တဥပေါသထ အမျိုးအနွယ်ဖြစ်သောရတနာဆင်တော်၏ကျောက်ကုန်းထက်၌ ဖြန့်ကြက်မိုးကာ တင့်တယ်စွာစိုက်ဆောက်ထားအပ်သော ထီးဖြူတော်အလယ်၌ ဘုန်းခြောက်ပါးရှင် ဘက်မမြင်၏ ကိုယ်အင်္ဂါအစိပ်အဆစ် စွယ်တော်ဓာတ်အစစ်ကို ဇမ္ဗူရာဇ် ရွှေကြုတ်နှင့်တကွ ပင့်ဆောင်တော်မူပြီးလျှင် ပါဋလိရွှေပြည်နန်းသို့ ကွန့်လှမ်းရေးရှုထွက်မြန်းတော်မူ၏၊ လမ်းခရီးအကြား၌ များစွာသော လူနတ်ဗြဟ္မာတို့သည်လည်း ပန်းနံ့သာအစရှိသောအခိုးအထုံတို့ဖြင့် ဝန်းအုံပူဇော်ကြလေကုန်၏။

စွယ်တော်မြတ်၏ ပဌမတန်ခိုးကိုဖူးမြင်ရ၍
ဓာတ်တော်ရွှေကြုတ်ကိုပင့်ခန်းပြီး၏။

---

## ၂၀။ စွယ်တော်မြတ်ကိုမီးတွင်းသို့ပစ်ချရာ ဒုတိယအကြိမ်တန်ခိုးပြခန်း

ထိုအခါ နိဂဏ္ဌတက္ကတွန်းတို့သည် ပါဋလိပုတ်ပြည်သို့ မြတ်စွာဘုရား၏ သရီရဓာတ် စွယ်တော်မြတ်တို့ကို လျှောက်ပတ် တင့်တယ်စွာ ကြွလာပင့်ဆောင်၍ ရောက်လာတော် မူကြောင်းများကို ကြားသိလေက မိမိတို့ဝမ်းတွင်း၌ မသက်သာခြင်း အရင်းရှိသည်ဖြစ်၍ သည်းခံခြင်းငှါမတတ်နိုင်၊ ညှိုးမှိုင်စိတ်ပူ ငြူစူစောင်းမြောင်းခြင်း ပြင်းစွာနှိပ်စက်ရကား ပဏ္ဍုရာဇာမင်းမြတ်၏ ရွှေတော်ထံပါးသို့ အသျှင်အမြန်သွားရောက်ကြပြီးလျှင် လျှောက်တင်ကြသည်ကား—

"အရှင်မင်းကြီး····ဂုဟသီဝ ကာလိင်္ဂမင်းသည် ဝပ်စင်း ညွတ်ကျိုး ရှိခိုးပူဇော် ထိုက်သော အရှင်မင်းကြီး ကိုကား

လျှောက်ထားဦးတင် ဒိုဝင်ခစားခြင်းကို အလျင်းမပြုလေ၊သူသေ၏အရိုးကိုသာ ကိုးကွယ်မြတ်နိုး ရှိခိုးပူဇော်ပြီးလျှင် များစွာ နေလေ့ရှိပါသည်''—

ဟု မိမိတို့အပြစ်ကိုဖုံး၍ ကုန်းတိုက်ချောပစ်သောစကားဖြင့် နားရှက်အောင်လျှောက်ကြားကြကုန်သော် ပဏ္ဍုရာဇာ မဟာကောရဗ်မင်းမြတ်သည်လည်း ပညာပါရမီ မရင့်သန်သဖြင့် နိယံဆိုးကောင်းကျိုးကြောင်းယုတ္တိ ရှိမရှိကို နှိုင်းညှိထောက်ချိန် သုခမိန် ပဏ္ဍိတာရေးရာသိတတ် ပူးမတ်ပညာရှိ ပရိဝါရအခြံအရံ ကင်းပပြန်သည့်အချက်ကြောင့် ပြည်သွက်သွက် ပါတတ်သော အကြောင်းတရပ်၊ ၎င်းမင်းမြတ်ကိုယ်၌လည်း ပကတိဇာတိဉာဏ်မရှိသည့် မင်းဖြစ်သောကြောင့်၎င်း တိတ္ထိမှောင်စွန်း တက္ကတွန်းတို့ နှုတ်ခွန်းခြေလှစ် ခြေမြစ်မဲ့ဂြား ကုန်းစကားကို ယုံမှားအယူ ရှိတော်မူ၍ ပူလောင်ပြင်းပြအမျက်ဒေါသ ဟုန်းဟုန်းယသည် ဖြစ်ရကား ''ဤသူသေ၏ အရိုးကို အခိုးငြမ်းပြီး မီးကျိုးစု အဘွင်းသို့ ချက်ခြင်းပစ်ချစေ''ဟု တချက်လွှတ်အမိန့်တော် လုတ်ဘော်ပြန်လေ၏။

တချက်လွှတ်ပြန် မိန့်တော်သံကို နားကြားရသော နိဂဏ္ဌတက္ကတွန်းတို့သည် ငြိစွန်းသောဒေါသအရင်းရှိလေခြင်းကြောင့် လွန်မင်းအကြူးအထူးအားရ ဝမ်းမြောက်ကြသည်ဖြစ်၍ မင်းရင်ပြင်ဝယ် ကြီးကျယ်ပြန့်ပြောလျက် နက်လှစွာသောတွင်းကြီးကို တူးစေပြီးသော် ထိုတွင်း၏အထဲ၌ ရဲရဲတောက်လောင်သော မီးကျိုးထင်းအမျိုးမျိုးတို့ကို ထည့်သွင်းပြီးကာလ အစိန္တေယျ သုံးလောကထွတ်ထား မြတ်စွာဘုရားစွယ်တော်ဓာတ်ကိုပစ်ချလတ်ကုန်၏၊ ဤကဲ့သို့မီးကျိုးတွင်းသို့ စွယ်တော်ဓာတ်မြတ်ကို ပစ်ချသော်လည်း ဂုဟာသီဝမင်းမှာမူကား သူတပါးတို့တိုင်းပြည်ဖြစ်၍ တားမြစ်တော်မူခြင်းငှါ တစုံတရာမျှမတတ်နိုင်၊ ကြံမှိုင်လက်ချ မျက်နှာညှိုးငယ် ကိုးကွယ်ရာမရ စိတ်ဒုက္ခဘေးကြီး ပွါးစီးတော်မူပြီးလျှင် မရွှင်သော မျက်နှာနှင့် တိမ်းရှောင်ကာ နေရရှာသတည်း။

မြတ်စွာဘုရားသခင်၏စွယ်တော်ဓာတ်မှာမူကား သူတပါးပယောဂလက်နက်တို့နှင့် ပျက်ဆုံးတော်မမူ၊သယမ္ဘူထိပ်နင်းတရားမင်း၏ ကိုယ်

တွင်းတော်ခေတ် စွယ်တော်မြတ်၏ ဇုဋ္ဌိပါဒ်တန်ခိုးတော်အစွမ်းကြောင့် မသုတော်နိဂဏ္ဍုံတို့ပစ်ချလိုက်သည်နှင့်တပြိုင်နက်လျှင် ဝတ်ယက် ဝတ်မှုံတို့နှင့်တကွ အလုံးစုံရေယှက်၍ လှည်းဘီးစက် ပမာဏရှိသော ပဒုမာကြာပွင့်ကြီးတို့သည် ညီးညီးတောက်ရဲ မီးကျီးခဲကို ဘောက်ခွဲပေါ်ထွက်လျက် ဝတ်ယက်ဝတ်ဆံတို့ဖြင့် ခံလင့်သည်ကိုပြု၍ မြတ်စွာဘုရားသခင်၏စွယ်တော်မြတ်မှာမူကား ကုဏ္ဍလာအိုင်၌ ညချမ်းဆည်းဆာ စန္ဒာလမင်းထွန်းလင်းသောအခါမှ ပွင့်သောပဒုမာကြာနှင့်တူစွာ ထိုပဒုမာကြာချပ်ဝတ်ဆံထက်၌ ငြိမ်သက်စမ္ပယ် တင့်တယ်စွာတည်တော်မူလျက် ထက်ဝန်းကျင်အရပ်ရှစ်မျက်နှာ,ဆယ်မျက်နှာတို့ကို နှံ့စပ် ပြောင်ရှန်းထွန်းလင်းတောက်ပ၍ အစိန္တေယျ လောကမျက်ရှု သဗ္ဗညုရှင်တော်ဘုရား ထင်ရှားရှိတော်မူစဉ်အခါကဲ့သို့ တန်ခိုးပြာဋိဟာကို ပြတော်မူသတည်း။

ဤသို့ဆိုခြင်းသည်ကား—

တသ္မိံ ခဏေ ပဉ္စဇကဏ္ဍိကာယ ပတိဋ္ဌဟိတွာ ဖိနဒန္တ ဓာတု ကုဏ္ဍာဝ ဩဒါတာဟိ ပဘာဟိ သဗ္ဗာဒိသာ ပဘာသေတိ ပဘာသရာဟိ။

ဟူ၍မိန့်အပ်သောဒါဌာဓာတုဝင်ကျမ်းလာသည်နှင့်အညီတည်း။

[ဤသည်ကား— နှစ်ကြိမ်မြောက် တန်ခိုးပြာဋိဟာကို ပြခြင်း၏ အကြောင်းအရာပုဒ်ကို အမြွက်တည်း။]

စွယ်တော်မြတ်ကိုမီးတွင်းသို့ပစ်ချရာ ဒုတိယအကြိမ်တန်ခိုးပြခန်းပြီး၏။

## ၂၉။ သုံးကြိမ်မြောက်တန်ခိုးပြသော်လည်း ပါဋလိဘုရင် မှားသောဝါဒကိုမစွန့်နိုင်ခန်း

ဤသို့လျှင် အလွန်အကဲ မဖြစ်ဘူးမြဲသော တန်ခိုးပြာဋိဟာကို မျက်နှာကြည်လင် မြင်ကြကုန်သော ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဦးခေါင်းညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပူဇော်ကြကုန်၏။ အချို့သောတိတ္ထိတက္ကတွန်းတို့သည်လည်း မှောင်စွန်းကပ်ငြိသောတိတ္ထိ အယူကို စွန့်လွှတ်ကြကုန်၏၊ ပဏ္ဍုရာဇာ ပါဋလိမင်းမှာမူကား နှစ်လ

ရှည်ကြာ စဉ်လာမပျက် ဆက်နွယ်ဖွဲ့နှောင်သော မိစ္ဆာမှောင်ကွန်ရက်ကို ဖျက်ဆီးစွန့်လွှတ်ခြင်းငှါ လွယ်ကာမတတ်နိုင်ရကား ဘုရားရှေ့ဘုန်း ရိုက်ချိုးပတ်လည် ရောင်ခြည်တော်ကွန့်မြူးလျက် ဘုန်းတန်ခိုးထင်ပေါ်သောမြတ်စွာဘုရားစွယ်တော်ကို မမျှော်မထောက် မကြောက်မရွံ့ဘဲ မိုက်မဲသော တိတ္ထိတို့စကားနှင့် မျှားစွာပြစ်မှားခြင်းငှါ အားထုတ်ပြန်၏။

ယင်းသို့ အားထုတ်၍ သူယုတ်တို့လက္ခဏာဖြင့် မိုက်မဲလှစွာသော ပဏ္ဍုရာဇာ မဟာဇေကရာဇ် မင်းမြတ်သည် မသူတော်သဘာဝဖြင့် အရဟံဇိန သမ္ဗုဒ္ဓစွယ်တော်ကို သံကျောက်ပေါ်မှာတင်ထား၍ အများရှုံးစု မိုက်ပွဲကြီးပြုပြီးလျှင် ဗိုလ်ထု၏အလယ်တွင် မဘွယ်မရာ မညာမရှုရန်သူပြုလျက် ထုစေခွဲစေ အမိန့်တော်ချွေသတည်း၊ ထိုအခါ မိစ္ဆာအယူနှင့် ဉာဏ်မိုက်သော တက္ကတွန်းတို့သည် မိန့်ညွှန်းစေချက် နှုတ်တော်ထွက်ကို နှစ်သက်အားရ ဝမ်းမြောက်ကြလျက် ငါတို့ရန်သူ ဇမ္ဗူပြောပ အရှင်ကြီးဂေါတမ၏ အဋ္ဌိကအမျိုး သွားအရိုးကို ကျိုးကြေမွန့်ညက် ဖျက်ကြရအံ့ဟုဆို၍ စွယ်တော်မြတ်ဓာတ်ရတနာကို ပေပေါ်မှာတင်ထား၍ အများရှုံးစု ရိုက်ထုဖျက်ဆီးကြကုန်၏။

ဤသို့ရက်စက် ရန်ဘက်ကြီးပြု ပေပေါ်မှာတင်စုပြီးလျှင် ထုချင်တိုင်းထုသော်လည်း သဗ္ဗညုထိပ်ပန်သည် မိဋ္ဌာန်၍ ထားတော်မူခဲ့သော ခုနစ်ပါးမြတ် အသမ္ဘိန္နဓာတ်ဖြစ်ရကား မပြိုမကွဲ အလိုလိုဘောက်ခွဲ၍ ပေထဲမှာထက်ဝက်မြှုပ်လေ၏၊ ထွက်မေါ်သမျှ ဥပမာဘာဂ ထက်ဝက်သောပမာဏကို မြင်ရတုံလတ် စွယ်တော်ဓာတ်က ဝန်းပတ်တင့်တယ် ခြောက်သွယ်ရောင်ခြည် ပြောင်ထွန်းလည်လျက် ပြိုးပြိုးလျှံပြက် ရှိုးရှိုးလက်လက် ဝဲပျံတက်၍ ဆယ်မျက်နှာရပ် နှံ့စပ်ကြည်ရှုန်း ထွန်းလင်းတောက်ပ တန်ခိုးပြာဋိဟာပြတော်မူ၏။

[ဤသည်ကား သုံးကြိမ်မြောက် တန်ခိုးပြာဋိဟာပြခြင်း၏ အကြောင်းအစ္ဆုပ္ပတ္တိအမြွက်တည်း။]

သုံးကြိမ်မြောက်သောတန်ခိုးဖြင့်ထက်မိုယ်းပျံလှစ်မဖြစ်စဘူး အထူးလွန်ကဲ အံ့ဘွယ်သရဲရှိလောက်အောင် စွယ်တော်မြတ်ထုပွဲတွင် ရှုဆဲတော်မူရာကမြင်လေလျှင် ပဏ္ဍုရာဇာ မင်းမိစ္ဆာသည် လွန်စွာအံ့အဲ

လျက် ပေထဲ၌နှစ်မြှပ်ဝင်သော စွယ်တော်ရှင်ကို ထုတ်ဘော်ခြင်းငှါ အားထုတ်ပြန်၏၊ ပေ၌မြှပ်ဝင်သောစွယ်တော်ရှင်ကို ဘောက်ယူခြင်းငှါ မတတ်နိုင်သည်ဖြစ်ရကား နိဂဏ္ဌတက္ကတွန်းတို့သည် နှုတ်ခွန်းထွေလည ဤသို့လျှောက်ဆိုကြပြန်၏၊

"အရှင်မင်းမြတ်····သွားဓာတ် ရိုးရိုး တန်ခိုးလွန်မင်း ကြီးလှခြင်းသည်ကား အခင်းမလှရှင်ဂေါတမအရိုးမဟုတ်၊ယုတ္တာယုတ္တိ မရှိကေန် အမှန်စဉ်းစားရန်မှာ ငါတို့ကိုးကွယ်ရာ မဟာဗိဿနိုးနတ်၏ အရိုးဓာတ်ဖြစ်ဟန်ရှိသည်၊ မိမိရရ ကြံဆ၍သိစေရာ အကြောင်းကို ရှာလိုက်သော် မဟာဗိဿနိုးနတ်သည် လူဇာတ်ကိုရပြီးမှ စုတေ့ပြီးတဖန် နတ်ဖြစ်ပြန်သော် ကိုးကွယ်ရန် ထားခဲ့သောအရိုးကား စင်စစ်ကေန်ပင် ဖြစ်သောကြောင့် တန်ခိုးကြီးသည်၊ ဘုံမနုဿ လူ့နဂရ၌ ဖြစ်ရသောရှင်ကြီးဂေါတမ၏ အဋ္ဌိကအရိုးကား ဟန်ခိုးအဘယ်မှာရှိအံ့နည်း"—

ဟု ပူးတည်းယှက်နွှော၍ မင်းကြီးအားပြောလျှောက်ကြသောအခါ ပညာဝမ်းတွင်း အလျင်းမရှိ ယိုးတွင်း၌မသိသော ပါဋလိပုတ်ပြည့်ရှင် ဘုရင်ပဏ္ဍုရာဇာမင်းသည် ယိုးယောင်ထင်မှား ပညာညာဏ်နည်းပါး၍ တက္ကတွန်းတို့ပြောသောစကားကို ယုံမှားစိတ်ဝင် အကယ်ထင်၍ "ဤအရိုးသည် ဗိဿနိုးနတ်၏ အရိုးဓာတ်စင်စစ်ဖြစ်ချေလျှင် ရိုသေဝပ်လျှိုး ရှိရှင်ခိုး၍ ဗိဿနိုးနတ်မှူး၏ကျေးဇူးတော်ဂုဏ်ကို ဆိုတုံမြွက်ကြား မှန်စကားဖြင့် ထင်ရှားသောထွေ ပေ၌မြှပ်နစ် စွယ်တော်စစ်ကို ထုတ်လှစ်၍ ပြလော့"ဟုသဘောအတိုင်း မင်းကြီးစေခိုင်းတော်မူလေသော် လဗ္ဗိပေသလနှင့် အခြေမရ၍ ကဏ္ဍကကြီးဖြစ်သော တက္ကတွန်းဆရာ လူမိစ္ဆာတို့သည် မိမိတို့ကိုးကွယ်ရာဖြစ်သော ဗိဿနိုးနတ်၏ ဂုဏ်ဒြဗ်ကျေးဇူးကို ချီးကျူးတိုင်ဆိုလျက် မှန်သည်ကို သစ္စာပြုပြီးလျှင် အတုလစွယ်တော်ကို ထုတ်ဘော်ဆွဲယူကြကုန်၏၊

မြတ်စွာဘုရားသခင်၏ သရီရဓာတ် စွယ်တော် မြတ်သည်ကား မလှုပ်မရှား ပကတိအတိုင်းအားဖြင့်သာ တည်တော်မူ၏၊ ထိုအခါ ပါဋလိပုတ်ပြည်ရှင် ဘုရင်ပဏ္ဍုရာဇာ မင်းမြတ်သည် ဆရာရင်းတက္ကတွန်းတို့ ညွှန်းဆိုပြောပြသောစကားကို ယုံစားတော်မမူရွေ့နှလုံး

တော်ပူသည်ဖြစ်ရကား ယွင်းမှားတိမ်းစောင်း အကြောင်းမဲ့စွာ မနာမလို လှစ်ဆိုပြည့်နှန်းသော တက္ကတွန်းတိတ္ထိယုတ်တို့ကို စက်ဆုပ်ရွံရှာခြင်း ဤအခင်းကြောင့် မြို့တွင်း၌စည်လည်ကြွေးကြော်စေရန် အမိန့်တော်ထုတ်ပြန်လေ၏။

သုံးကြိမ်မြောက် တန်ခိုးပြသော်လည်း ပါဋလိဘုရင်မှားသောဝါဒကို မစွန့်နိုင်ခက်း ပြီး၏။

---

## ၃၀။ စွယ်တော်ကို သုဘဒ္ဒါယူငင်ခက်းနှင့် ငါးကြိမ်မြောက်တန်ခိုးပြခက်း

ထိုအခါ "ပေ၌ နှစ်မြှပ်လျက်ရှိသဖြင့် တဝက်သော စွယ်တော်မြတ်စင်ကို ဖေါ်လှစ်ခြင်းငှါ စွမ်းနိုင်ပါသောသူအား များစွာရိပ်ငြိမ် စည်းစိမ်ချမ်းသာတို့ကို ပေးတော်မူမည်"ဟု စည်လည်စေသော်ပါဋလိပုတ်မြို့သား ဘုရားမြတ်၏ ဥပါသကာ ရတနာသုံးပါး၌ တက်ပွါးသဒ္ဒါလွန်စွာကြည်ညိုခြင်းရှိသော သုဘဒ္ဒါ သူဌေးကြီး၏သား သုဘဒ္ဒါယောက်ျားသည် ထင်ရှားကြားသိရ၍ ပဏ္ဍုရာဇာ မဟာကေရာဇ်မင်းမြတ်ထံသို့လာပြီးလျှင် ကြောက်ရွံ့ခြင်းကင်းလျက် ထင်လင်းစွာ သံတော်ဦးတင်သည်မှာ—

> "အရှင်မင်းကြီး....ကျွန်တော်မျိုးသည် ဘုန်းတန်ခိုးထင်ရှားသော မြတ်စွာဘုရား၏စွယ်တော်ကို ထုတ်ဖေါ်ဆက်သနိုင်ပါကြောင်း"ကိုဦးခေါင်းညွှတ်လျှို ရှိခိုးသံတော်ဦးတင်လေ၏။

သုဘဒ္ဒါယောက်ျား လျှောက်တင်သည့်စကားကို ကြားတော်မူလေက ရာဇသေဋ္ဌနင်း မင်းကြီးသည်လည်း နှစ်သက်အားရ ဝမ်းမြောက်တော်မူလှသော စိတ်ရှိသဖြင့် မင်းမိန့်တဖန် ထုတ်ပြန်တော်မူ၏၊ "အချင်း သုဘဒ္ဒါလုလင်....သင်အကယ်မှန်စွာ ထုတ်ယူစွမ်းနိုင်ပါက မျှင်မကြာခဏ ထုတ်ယူပြပါလော့"ဟုဆောလျင်စွာမိန့်ခြွေတော်မူ၏၊ သုဘဒ္ဒါဥပါသကာသည်ကောင်းမွန်သောနေရာ၌ရှိသေစွာထိုင်ပြီးလျှင် ဆယ်ခိုင်သောလက်တို့ဖြင့် ထိပ်ထက်တင်မိုး စွယ်တော်မြတ်ကို ရှိခိုး၍ အရိုးအစဉ်အလာ ဘုရားမြတ်တကာတို့ ကောင်းစွာဖြည့်ကျင့်တော်မူ

အပ်သော ဒသပါရမီကို ဝစီတွတ်တွတ် နှုတ်မြွက်၍ရွတ်ပြီးလျှင်“မချွတ် သောစကားကြောင့် ဘုရားမြတ် စွယ်တော်ရှင်သည် ကောင်းကင်၌ တည်ပါစေသတည်း” ဟု မှန်ကန်သောသစ္စာကိုပြုလေ၏။

ဤသို့ မှန်ကန်စွာသစ္စာပြုသည်နှင့် တပြိုင်နက်လျှင် ပေတွင်းမှထွက် ၍ ကောင်းကင်သို့ပျံတက်ပြီးမှ ဆယ်မျက်နှာအရပ်ကို နှံ့စပ်ပြည့်လင်း လမင်းသောက်ရူး တိမ်ဦးမိုယ်းလယ် ရွှန်းရွှန်းကယ်သို့ အံ့ဘွယ် ဘနန်း လွန်ဆန်းထူးသည် ရောင်ခြည်ဝန်းပတ် ထွန်းလင်းလတ်၍ သုဘဒ္ဒါ ဥပါသကာ၏ ဦးခေါင်းထက်သို့သာ ဆင်းသက်တည်နေ ကိန်းစံတော်မူလေ၏။

[ဤကား လေးကြိမ်မြောက် တန်ခိုးတော် ပြခဏ်း၏ အကြောင်း အဋ္ဌုပ္ပတ္တိ အမွှက်တည်း။]

ထိုသို့ စွယ်တော်မြတ်၏တန်ခိုး ထက်မိုယ်းကြွပျံ ခြောက်ရောင်ခြည် ခသဖြင့် ပြတော်မူသော အဖြစ်ကိုမြင်လေသော် ပြည့်ရှင်ပဏ္ဍုရာဇာ မင်းကြီးသည် အလွန်ဝမ်းမြောက်ခြင်း ပီတိဖြစ်လတ်လျှင် မိုက်ညစ် မှောင်စွန်း တက္ကတွန်းအပေါင်းတို့သည် မကောင်းသောပရိယာယ ဖြင့် လည်ဆယ်၍တဖန် လျှောက်ဆိုကြပြန်၏၊ “ပဏ္ဍုရာဇာ သညာ မည်မှတ် သင်မင်းမြတ်....ကောင်းကင်မိုယ်းယံ တက်ပျံသည်မှာ ကေန်အရိုး တန်ခိုးကြောင့်မဟုတ်၊ ထုတ်ဖေါ်၍ပြ အမှန်ကိုဆိုရလျှင် သုဘဒ္ဒါသူဌေးသား၏ မန္တရားမန္တန်ကြောင့် ကောင်းကင်သို့ ပျံဟန် လက္ခဏာရှိပါသည်၊ ကေန် ဂေါတမဘုရား၏အရိုး တန်ခိုးကြောင့် မဟုတ်”ဟု ထုတ်ဖေါ်တဖန် ပြောကြားပြန်သော်လည်း ပါဋလိပုတ် တည် ပြည်နိုင်ငံရှင် ဘုရင်ပဏ္ဍုရာဇာမင်းမြတ်သည် ပြောကြားဆို ညွှန်းသော တက္ကတွန်းတို့၏ စကားကို လေးစားထော်မမူ၊ ရွှေနှုတ်ရှိ တော်ပူသည့်အခင်းကြောင့်—

“အချင်း သုဘဒ္ဒါ လုလင်....အထက် ကောင်းကင်သို့ ပေတွင်းမှ တက်ကြွမြန်းသော စွယ်တော်မြတ်ကို တန်ခိုးကြောင့် ပါဒ်မထင်မှတ်၊ သင်၏မန္တရားအတတ်ပါဟု တက္ကတွန်းဆရာ

တို့ဆိုကြပြန်သောကြောင့် ဇာတ္တိပါဒ်တန်ခိုး ဤတမျိုးကို ကြိုး
စား၍ သင်ပြပါဦးလော့"—

ဟု မင်းကြီးကတဖန် တောင်းပန်မိန့်မြွက်ပြန်လေ၏၊ လုလင် သုဘဒ္ဒါ ဥပါသကာသည် ရှေးအခါ၌ဖြစ်ဘူးသော အံ့ဘွယ်သရဲကို တလဲလဲအောက်မေ့လျက် ထိုထက်လွန်ကဲသော တန်နိုးပြာဋိဟာကို ပြခြင်းငှါ ကြိုးစွာသောရွှေခွက်၌ မွှေးမျိုးထုံမျိုးအစုံတို့ဖြင့်အေးကြည်လှစွာသောရေတို့ကိုပြည့်စေလျက် တည်ထားပြီးလျှင် စွယ်တော်ဓာတ်ကို လေးမြတ်ရိုသေစွာ ရှိခိုးပူဇော်၍ မြတ်စွာဘုရားသခင်၏ ဂုဏ်တော်ကို အောက်မေ့ကာ သစ္စာဓိဋ္ဌာန် ပြုလေပြန်သော် အတုလမြတ်ဘုန်းမော်၏ စွယ်တော်မြတ်သည် ဇဝနဟာသ်ာမင်း၏ လျှင်မြန်ခြင်းအဟုန်ကဲ့သို့ အလုံးစုံ ဆယ်မျက်နှာအရပ်ရပ်တို့ကို အထပ်ထပ်ကြွမြန်းတော် မူပြီးမှ ရွှေခွက်၏ အတွင်းသို့ သက်ဆင်းတော်မူလတ်၍ ပတ်ပတ် ချာချာ လကျ်ာရစ်လှည့်သွား ထင်ရှားစွာလျှံးငှပ် နစ်မြုပ်တော်မူပြီးလျှင် တသီးထိုမှ ခဏထွက်ပေါ် ဝိညာဉ်တော်ရှိသော ရှင်တော်ဘုရားကဲ့သို့ ကြွသွားတော်မူသည်ကို ရှုစားကာဖူးမြင်ကြသော မင်း, ဆင်းရဲသား,ပုဏ္ဏား,သူဌေး,သူကြွယ် အသွယ်သွယ်တို့သည် ကြည်ဖြူမြတ်နိုး ရှိခိုးပူဇော်စေပြီးမှ ရွှေကြုတ်တော်၏အတွင်းသို့ ဆင်းကြွတည်တော်မူပြန်၏။

[ဤကား—ငါးကြိမ်မြောက် တန်နိုးပြာဋိဟာကို ပြတော်မူခြင်း၏ အကြောင်းအထွေ့ပြတ္တိအမြွက်တည်း။]

စွယ်တော်ကို သုဘဒ္ဒါယူငင်ခန်းနှင့် ငါးကြိမ်မြောက်တန်နိုးပြခန်းပြီး၏။

---

## ၃၁။ စွယ်တော်မြတ်ခြောက်ကြိမ် ခုနစ်ကြိမ်မြောက် တန်နိုးပြတော်မူခန်း

ထိုအခါ၌မိုက်မှောင်ငြိစွန်းသော တက္ကတွန်းအပေါင်းတို့သည် မင်းကြီးကိုနှုးဝင်အောင်လှည့်ဖြား၍ ယုံစားသည့်အတွက်ကြောင့် ဖျက်လိုဖျက်ဆီး အကြံကြီးနှင့် ခရီးလမ်းဆုံအလယ်ချက်၌ နက်စွာသော ဘွင်းကိုတူးစေ၍ ပရမြတ်ကျော် ဘုန်းဘုရားစွယ်တော်ကို မလျော်

မဆ တွင်းထဲ၌ချပြီးလျှင် အထက်က မြေပြည့်အောင် ဖို့သွင်းလျက် ဆင်တော်နှင့်နင်းစေပြန်၏၊ ထိုနင်းသောခဏ၌ သုံးလူ့ဘုံမြတ် စွယ်တော်ဓာတ်သည် ဣဒ္ဓိပါဒ် တန်ခိုးတော်ကြောင့် မြေပေါ်ကို ပုံတက်၍ လှည်းဘီးစက်ပမာဏရှိသော ကြာပွင့်ကြီးနှင့်တကွ ထွက်ပေါ်ကာလာ၏၊ ထိုကြာပွင့်ကြီး၏အရွက်သော်ကား ရွှေသားအဆင်း ဝင်းဝင်းစက်စက်ရှိ၏၊ ဝတ်ယက်ဝတ်မှုန်တို့သည်ကား ငွေသားပြကတေ့ ကြွေ့ကြွေ့ဝန်းယှက် ဖြူရောင်ထွက်၏၊ အချက်မှာကား ပတ္တမြားဖြင့်ပြီး၏၊ထိုကြာပွင့်ကြီး၏အထက်၌ ငြိမ်သက်စွာတည်တော်မူလျက် ရပ်ဆယ်မျက်နှာ ဒိသာနှံ့စပ် လျှပ်လျှပ်ထွန်းပေါ် ရောင်ခြည်တော်တို့ဖြင့် ကွန့်မြူးတော်မူ၏။

> ဘေတွာ မဟိံ ဥဋ္ဌဟိ စက္ကမတ္တံ ဝိရောစမာနံ မဏိ-ကဏ္ဏိကာယ ပဘာသရံ ရူပိယကေသရေဟိ သရောရုဟံ ကဉ္စန-ပတ္တပါဠိံ။
>
> [ဒါဌာဓာတုဝင်ကျမ်းပါဠိ။]

အနက်။ ။မဏိကဏ္ဏိကာယ၊ ပတ္တမြားကြာချပ်ဖြင့်။ ဝိရောစမာနံ၊ တင့်တယ်သော။ ရူပိယကေသရေဟိ၊ ငွေဝတ်မှုန်တို့ဖြင့်။ပဘာသရံ၊ပြိုးပြိုးပြက် တခဲနက်အရောင်ရှိသော။ ကဉ္စနပတ္တပါဠိံ၊ရွှေဖြင့်ပြီးသော ရွက်ချပ်အစဉ်ရှိသော။ စက္ကမတ္တံ၊ ရထားလှည်းဘီးစက် ပမာဏရှိသော။ သရောရုဟံ၊ ပဒုမာကြာပွင့်သည်။ မဟိံ၊ မြေကို။ ဘေတွာ၊ဖောက်ခွဲ၍။ ဥဋ္ဌဟိ၊ ပေါ်ထွက်၍ရွက်ခံ၏။

> ပတိဋ္ဌဟိတွာန တဟိံ သရောဇေ ဩဘာသယန္တိ စ ဒိသာ ပဘာဟိ။

အနက်။ ။တဟိံ သရောဇေ၊ ထိုကြာပွင့်၌။ ပတိဋ္ဌဟိတွာန၊တည်၍။ ဒိသာ၊အရပ်မျက်နှာတို့ကို။ပဘာဟိ၊ အရောင်တို့ဖြင့်။ ဩဘာသယန္တိ၊ ထွန်းလင်းတောက်ပတော်မူ၏။

> [ဤကား–ဘုရားသခင်၏ စွယ်တော်ဓာတ်သည် ခြောက်ကြိမ်မြောက် တန်ခိုးပြာဋိဟာကိုပြခြင်း၏အကြောင်း အတ္ထုပ္ပတ္တိ အမြွက်တည်း။]

ထိုအကြောင်းကို အစွဲပြု၍လည်း ယခုထက်တိုင် ကြံ့ခိုင်မတိမ်း မယိမ်းမယို သီဟိုဠ်ကျွန်း၌တည်ရှိသော လက်ဝဲအောက်ခံတ် စွယ်တော်မြတ်ကို သတပတ်လွှာ ပုံပမာသို့ ရွှေကြာပွင့်ချပ် အထပ်ထပ် ပြုလုပ်၍ ဝတ်ဆံဝတ်မှုန်နှင့်တကွ အလယ်ချက်၌တင်ထား၍ အများ ပူဇော်လေ့ရှိကုန်၏၊ ယင်းသို့ဆဋ္ဌမြောက်ကြိမ်မြောက် တန်ခိုးတော်ပြ သောခဏ၌ ထိုမင်း၏ ပူးတော်မတ်တော် အပေါင်းတို့သည်၎င်း, အုတ်အုတ်ကြွက်ဆူ မြို့သူမြို့သား လူအများတို့သည်၎င်း မဖြစ်ဘူးမြဲ ထူးကဲလှစွာ လူ့ပြည်ရွာတွင် တခါတရံမျှ မမြင်ရကြဘူးသည်ကို မြင်ရကြကုန်သည်ဖြစ်ရကား ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက် ကြ၍ တပြိုင်နက်ကောင်းချီးပေးကြကုန်လျက် ပုဆိုးဦးရစ် ပစ်မြှောက် ခြင်း,ပန်းပေါက်ပေါက်တို့ကို ကြဲမြှောက်ခြင်း,ပန်းမိုယ်းတို့ကို ရွာစေ ခြင်း, အုတ်အုတ်ကျက်ကျက် တခဲနက်ကြွေးကြော် ဟစ်အော်ချီးမွမ်း ကြသောအသံတို့သည် ဆူညံမဆုံး မြို့လုံးမဆိတ် ဖြစ်လေသတည်း။

ဤကဲ့သို့ တန်ခိုးတော်အလျောက် ချီးမြှောက်ပူဇော်ကြသောအခါ တိတ္တိအပေါင်းတို့သည် ကြိမ်သမျှ အထမမြောက် စွယ်တော်မြတ်၏ တန်ခိုးတော်အလျောက် မဘောက်မပြား ပတ္တမြားညွှန်နှစ် ပမာစစ် သို့ မညစ်မငြိုး ဂုဏ်ရောင်မြူးလည်း စိတ်ကူးမိတိုင်း မနိုင်းမထောက် ခေါက်ခေါက်ရက်ရက် ရန်ဘက်ကြီးအလား အမှတ်ထား၍မင်းကြီး အား ဖြားယောင်းလှည့်ပတ် ဆုံးဖြတ်လိုရာ ပါအောင်ဆွဲလျက် ညှိမဲ ပုပ်ဟောင်ခွေးကောင်စက်ဆုပ် ဘင်ပုပ်မစင် အစရှိသည်တို့ဖြင့် မြွမ်း သော ကျုံးရေ၌ ဘုန်းဝေမြတ်ကျော် ရှင်တော်ဘုရား၏ ကိုယ်စား တော်မြတ် စွယ်တော်ခံတ်ကို အကျိုးမနပ် ကျပျောက်စေလိုဆန္ဒဖြင့် ပစ်ချမြှုပ်ကွယ်အောင် ပြုကြပြန်ကုန်သတည်း၊

ဤသို့မှားအိ တိတ္တိယုတ်ကန်းတက္ကတွန်းတို့ ငြိစွန်းတိမ်မြုပ်အောင် ပြုသော်လည်း အတုလမြတ်ဘုရား၏ ခံတ်သွားတော်တန်ခိုးကြောင့် ညှိုးနိုင်မကွယ်နိုင် စက်ဆုပ်ဘွယ်ကျုံးရေဒိုင်သည် အဆိုင်ဆိုင်ပွင့်ဖြိုး လျက် ကြာမျိုးငါးပါးနှင့်ပြည့်စုံသော မင်္ဂလာရေကန် ဖြစ်ရပြန်၏၊ နန္ဒဝန်ဟန် ထိုရေကန်၌ ပြန်လှန်ဝဲလယ် ပန်းဝတ်သယ်လျက်ပျော်ဘွယ်

အုန်းအင်း ချစ်တင်းဆိုမြည် ရွှေလည်ယှက်တွဲ ဝမ်းဘဲ,ဟင်္သာ ကြိုးကြာ, ဗိန်ညင်း သောင်တင်းခေါ်ဆို မယ်ညိုဇီဝစိုး ဖိုးခေါင်ညိုးညံ့ ဝဲပျံအုန်းအုန်း ဖျားပိတုန်းတို့ ရှုန်းရှုန်းရစ်လည်– အေးကြည်မြန္ဒယ် ကြာရန့်ကြွယ်သောကြောင့် နှစ်သက်ဘွယ်ကြီးတခုဖြစ်ပြန်သတည်း။

ထို့ကြောင့် ဒါဌာခေတုဝင်ကျမ်း၌–

တသ္မိံ ခဏေ ပဉ္စဝိဓမ္ဗုဇေဟိ သဉ္ဆရိတာ ဟံသဂဏော ပယုတ္တာ၊မဓုပပ္ပတာဠိ ဘိရူတဘိရာမာ နန္ဒေဝ သာ ပေါက္ခရဏီ အဟောသိ။

ဟူ၍မိန့်အပ်ပြီ။

[ဤကား ခုနစ်ကြိမ်မြောက် တန်ခိုးပြာဋိဟာပြခြင်း၏ အကြောင်း အဋ္ဌုပ္ပတ္တိအမြွက်တည်း။]

စွယ်တော်မြတ် ခြောက်ကြိမ်မြောက်, ခုနစ်ကြိမ်မြောက် တန်ခိုးပြာဋိဟာ ပြတော်မူခဏ်းပြီး၏။

---

## ၃၂။ ပဏ္ဍုရာဇာ မိဿာအယူကို ပယ်စွန့်ခဏ်း

ထိုသို့လျှင်မဖြစ်စဘူး အလွန်အကြူး အထူးထူးသော တန်ခိုးပြာဋိဟာကို များစွာပုံယင် မြင်တော်မူသောကာလ ရှေးနည်းအတူ ပူဇော်သက္ကာရ ပြုကုန်ကြ၍ အသီးသီးသော မူးမတ်ပရိသတ်အပေါင်းတို့သည် မင်းကြီး၏အထံသို့ ချဉ်းကပ်၍ လူနတ်တို့၏ အထွတ်အဖျား သုံးလောကမြတ်ဘုရား၏ များစွာသောဂုဏ်ကျေးဇူးတို့ကို ချီးကျူးကုန်စင် တင်လျှောက်ကြပြီးလျှင် တရားဓမ္မ ဟောညွှန်ပြလျက် သမ္ဗုဒ္ဓသာသနာကို လွန်စွာကြည်ညိုတော်မူစေ၏၊ ထိုအခါ ပဏ္ဍုရာဇာ မင်းမြတ်သည်လည်း မှားယွင်းသောအရာများကို သတိတရားရတော်မူပြန်၍–

"ငါသည်လူမလိမ်မာ ပညာမှောင်စွန်း တက္ကတွန်းတို့၏ စကားကိုယုံစားတော်မူသောကြောင့် မှားခြင်းကြီးမကမှား၍ မှောင်ခြင်းကြီးမက မှောင်ချေပြီ၊ ပမာဆောင်သော် မီးရှောင်

ကိုပယ်ခွါ၍ ပိုးစုန်းကြုံးကိုရှာသောယောက်ျားကဲ့သို့၎င်း,အေး ကြည်လှစွာ ရေကိုခွါ၍ ပူဆာနောက်ကျုသောရေကို ရှာဘွေ သောယောက်ျားမိုက်ကဲ့သို့၎င်း,အမြိုက်ရေကို လွှဲသွေကာလန့် ကြောက်၍ အဆိပ်အတောက် ရှိသောရေကို သောက်သော ယောက်ျားမိုက်ကဲ့သို့၎င်း, အဆင်းအနံ့ တပျံ့ပျံ့အေးကြိုင် လှိုင် မွှေးသော ကုံကော်ရွှေဘီ နှင်းဆီပန်းများကို ပယ်ရှားစွန့်ပစ် ၍ စင်စစ်အနံ့မှကင်းသော ခေါင်ရမ်းပန်းကို ဆင်မြန်းမိမှား သော တောတွင်းသား ယောက်ျားမိုက်ကဲ့သို့၎င်း ထင်ရှားစွာ ဖြစ်ချေပြီ”—

ဟု ထွေထွေရာရာ ပြောဆိုကာဖြင့် သေနာပတိ မည်ရှိထင်ပေါ် စစ်သူကြီးကိုခေါ်၍ အမိန့်တော်ရှိသည်မှာ “စစ်သူကြီး····ကျုံး၏အနီး အပါး ကိုယ်တိုင်သွား၍ လျှင်လျှားမနေ ပင့်ဆောင်ချေလော့၊ ကြက် သရေထွန်းပေါ်သော မြတ်စွာဘုရား ခ‌ောတ်စွယ်တော်ကို ပူဇော်ဖူးမြင် ငါစီရင်အံ့၊ ထို့ပြင်တဝ သုခဝဟံ ကုသိုလ်တော်ဖြစ်ရန်ကို စီမံကြည့်ရှု ငါပြုတော့အံ့”ဟု တံ့တံ့စားစား ပိုင်းခြားစေခိုင်းတော် မူလိုသည် ဖြစ်၍—

ဂန္တွာန ခိပ္ပံ ပရိက္ခာသမီပံ၊
အာရာမယိတွာ ဇိနဒန္တဓာတုံ။
အာနေဟိ ပူဇာဒိဝိမိနာ ကရိဿံ၊
ပုညာနိ သဗ္ဗတ္ထ သုခါဝဟာနိ။ ။

ဟူသောဂါထာကိုရွတ်၏။

**အနက်။** ။သေနာပတိ၊ စစ်သူကြီး။ ပရိက္ခာသမီပံ၊ ကျုံး၏အနီး အပါးသို့။ ခိပ္ပံ၊ လျင်စွာ။ ဂန္တွာန၊ သွား၍။ ဇိနဒန္တဓာတုံ၊ ဘုရား သခင်၏စွယ်တော်မြတ်ကို။ အာရာမယိတွာ၊ နှစ်သိမ့်စေ၍။ အာနေဟိ၊ ပင့်ပါချေလော့။ သဗ္ဗတ္ထ၊ အခါခပ်သိမ်း။ သုခါဝဟာနိ၊ လူနတ်နိဗ္ဗာန် ချမ်းသာမှုကို ကဲလွန်ရအောင် ဆောင်တတ်ကုန်သော။ ပုညာနိ၊ ကောင်းမှုကုသိုလ်တို့ကို။ ပူဇာဒိဝိမိနာ၊ ပူဇော်ခြင်းစသော အစီအရင် ဖြင့်။ ကရိဿံ၊ ငါပြုတော့အံ့။

ဤသို့မင်းကြီး ဆိုတုံပြီးသော် စစ်သူကြီးအမတ်သည် ကျုံး၏အနီး အပါးသို့ လျင်စွာသွား၍ ပစ်ထားအပ်သောနေရာကို ရှိသေစွာရှိခိုး လျက် မြတ်နိုးပူဇော် စွယ်တော်ပင့်လျှောက်ခြင်းငှါ—

စိရာဂတံ ဒိဋ္ဌမလံ ပဟာယ၊
အလဒ္ဓသဒ္ဓံ သုဂတော နရိန္ဒော၊
ပါသာဒ မာဂမ္မ ပသာဒ မဿ၊
ဝဍ္ဎေသိ ရညော ရတနတ္တယမှိ။ ။

ဟူသောဂါထာဖြင့်လျှောက်၏။

အနက်။ ။ဘဂဝါ၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား။ သုဂတော၊ ရှင်တော်ဘုရား၌။ အလဒ္ဓသဒ္ဓံ၊ မရနိုင်သောသဒ္ဓါတရား ရှိသော။ စိရာဂတံ၊ ကြာမြင့်ရှည်စွာ ထုံအပ်သော။ ဒိဋ္ဌမလံ၊ တက္ကတွန်းတို့ ညွှန်းပြတုံကြွား အယူမှားကို။ ပဟာယ၊ စွန့်ပစ်စေ၍။ ပါသာဒံ၊ ပြာသာဒ်ထက်သို့။ အာဂမ္မ၊ ကြွတော်မူလတ်၍။ ရတနတ္တယမှိ၊ ရတနာ သုံးပါး၌။ အဿရညော၊ ထိုမင်းကြီး၏။ ဝါ၊ ထိုမင်းကြီးအား။ ပသာဒံ ကြည်ညိုခြင်းကို။ နရိန္ဒော၊ လူတို့သခင် အရှင်ဘုရားသည်။ ဝဍ္ဎေသိ၊ ပွားစေတော်မူပါလော့။

ဤသို့တောင်းပန် လျှောက်ထားသောကာလတွင် ခဏချက်ခြင်း ရေကန်တွင်း၌ ရှိရင်းဖြစ်သောကြာတို့သည် မှုံအာစွင့်စွင့် ပွင့်ကြကုန် သည်ဖြစ်၍ ရေကန်အလုံး လွှမ်းဖုံးသောနှယ် တင့်တယ်စွာ ဖြစ်၏၊ နတ်တို့လှူအပ်သော ထင်ရှားပန်းတို့သည် ကောင်းကင်ပြည့်မျှ တည် ထွန်းပလျက် လောကဘွယ်ရာ တန်ဆာဆင်ယင်သကဲ့သို့ ဖြစ်ကုန်၏၊ ထို့နောင် သရိရဓာတ် စွယ်တော်မြတ်သည် ပရိသတ်အပေါင်းတို့ ထောင်သောင်းမက ကြည့်ရှုကြသည့်အတွင်းတွင် ခြင်းခြင်းနီမြွန်း ကြာပန်းပဒုံ ဝတ်မှုန်အထက်သို့ကြွတက်တော်မူ၏။

[ဤကား ရှစ်ကြိမ်မြောက် တန်ခိုးပြာဋိဟာပြခြင်း၏ အကြောင်းအရာ အဌဏ္ဍပ္ပတ္တိအမြွက်တည်း။]

ပဏ္ဍုရာဇာ မိစ္ဆာအယူကို ပယ်စွန့်ခဲ့ပြီး၏၊

## ၃၃။ ဂုဟသီဝမင်းသည် စွယ်တော်ကို အပ်နှံ၍ ကာလိင်္ဂပြည်သို့ ပြန်ခဲ့လေး

ဤသို့ ရှစ်ကြိမ်မြောက် တန်ခိုးပြာဋိဟာ ပြတော်မူမှ အားရ ရွှင်လန်း ဝမ်းမြောက်နှစ်သက် အတိုင်းထက်အလွန် ကြည်ညိုတော်မူ သော ပဏ္ဍုရာဇာမင်းကြီးသည် စွယ်တော်မြတ်ကို ရိုသေစွာရှိခိုး၍ မြတ်နိုးတော်မူသည်ဖြစ်ရကား အထူးထူး အပြားပြား များစွာသော ဂုဏ်ကျေးဇူးတို့ဖြင့် ချီးကျူးမြွက်ဆိုလျက် မြတ်စွာသခင်၏ စွယ်တော်ကို ဦးထိပ်ထက်၌ ရွက်၍ လက်ျာရစ်မြို့အဝမ်းကို သုံးကြိမ် ပတ်သျှက် ပြာသာဒ်နန်းထက်သို့ ဆောင်ရွက်ပင့်တင်တော်မူ၍ အလွန်လျှင်အဘိုး ထိုက်သော ရတနာတို့ဖြင့် ပူဇော်ပါသော်လည်း အာသာတော်မပြေ အမြဲမငြိမ် တင်းတိမ်ရောင့်ရဲခြင်း မရှိနိုင်ရကား—

၁။ မင်းခမ်းမင်းနား များစွာသော ဥစ္စာရတနာ ပည်းစိမ်ချမ်းသာ တို့နှင့်တကွ ဇမ္ဗူဒိပါ အာဏာပိုင်ကြီး တကျွန်းလုံးကို မင်းဆုံး အဖြစ်ဖြင့် လှူဒါန်းပူဇော်တော်မူပြန်၏။

၂။ မိမိပြုခဲ့ဘူးသမျှ အပြစ်ဒေါသတို့ကို ပျောက်ပစေခြင်းအကျိုးငှါ လည်း ဒါဌာတော်မြတ် စွယ်တော်ခတ်ကို ဦးတင်မာန်လျှော့ ကန်တော့တော်မူ၏။

၃။ ဂုဟသီဝမင်းကို ခေါ်တော်မူ၍လည်း မိမိနှင့်အတူ ကြည်ဖြူ စိတ်လို ကုသိုလ်ကောင်းမှုတို့ကို များစွာပြုစေ၏။

၄။ သုဘဒ္ဒါသူဌေးသားကိုလည်း များမြတ်သော စည်းစိမ်ဥစ္စာ ချမ်းသာတို့ကို ပေးတော်မူ၏။

ပဏ္ဍုရာဇာမင်းကြီးသည်ဂုဟသီဝမင်းအား၌သို့ဆိုပြန်၏၊ "အကြည် တော်မင်းမြတ်သည် စွယ်တော်ခတ် မြတ်အရှင်ကို ကြည်လင် သေဒစေတနာနှင့် များစွာပူဇော်ရပါပြီ၊ ကျွန်ုပ်မှာမူကား-တိတ္ထိတို့ စကားကြောင့် ပြစ်မှာကျူးလွန်မိသော အပြစ်ဝန်ကို ပယ်သွန်ကင်းပ စေခြင်းအကျိုးငှါ ပူဇော်လိုပါသေးသည်၊ ထို့ကြောင့် မဟာအတုလ သမ္ဗုဒ္ဓစွယ်တော်မြတ်ဘုရားကို ထားတော်မူခဲ့ပါမည့် အကြောင်းနှင့်

တောင်းပန်သောကာလ ဂုဟာသီဝမင်းသည်လည်း ပဏ္ဍုရာဇာမင်ကြီးအထံ၌ပင် စွယ်တော်ရှင်အပ်နှင်းခဲ့၍ မိမိစံနေရာ ကာလိင်္ဂမြို့သို့ ပြန်သွားလေ၏။

ပဏ္ဍုရာဇာမင်းကြီးသည် မလိမ်မာသော တိတ္ထိဆရာတို့စကားကို ယုံကြည်မိမှား၍ အကုသိုလ်တရား များစွာတိုးပွါးလေသည်၊ထို့နောင်မှ ပညာရှိတို့စကားကို လိုက်နာ၍ ကုသိုလ်တရား ဖြစ်ပွါးလေသည် ထိုပဏ္ဍုရာဇာမင်းကို အကြောင်းပြု၍ ယခုအခါ အမျိုးကောင်းသား အမျိုးကောင်းသမီးဖြစ်ကုန်သောသူတို့မှာလည်းလောကီ,လောကုတ္တရာ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောအကျိုးကို တက်တိုးစေတတ်သော ပညာရှိကိုသာလျှင် ပေါင်းဖေါ်ယှဉ်တွဲ မှီဝဲဆည်းကပ် ကြကုန်ရာသည်၊ လောကီ, လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ချိုးဖဲ့ဖျက်ဆီးတတ်သောသူတို့ကို ဝေးစွာရှောင်ကြဉ်အပ်ကုန်၏။

ဤကာလမှစ၍ ပဏ္ဍုရာဇာမင်းသည်လည်း ပညာရှိ သူတော်ကောင်းတို့အား မှီဝဲဆည်းကပ်၍ ပညာရှိတို့ဟောပြောသော တရားကို မှတ်သားနာယူမိသည်နှင့် ရတနာသုံးပါးတို့အား များစွာသော ကြည်ညိုခြင်းသည်ဖြစ်၍ ပန်းနံ့သာအစရှိသော အသုံးအဆောင် အမျိုးမျိုးတို့ဖြင့် စွယ်တော်ဓာတ်မြတ်အား နေ့စဉ်မပြတ် ရှိခိုးပူဇော်ခြင်းကိုပြုသတည်း။

ဂုဟာသီဝမင်းသည် စွယ်တော်ကိုအပ်နှံ၍ ကာလိင်္ဂပြည်သို့ ပြန်ခန်းပြီး၏။

---

## ၃၄။ ပဏ္ဍုရာဇာမင်း ရဟန်းပြုခန်း

ထိုရောအခါ ပစ္စန္တရစ်မြို့ကြီးဝယ် ပြည်ထီးနန်းကို သိမ်းမြန်းပိုင်သ အစိုးရသော ခီရဓာရမင်းကြီးသည် တရားနှင့်အညီ မင်းပြုလေ၏၊ ထိုမင်း၌လည်း လေးပစ်လှံထိုး စက်ကြိုးယန္တရား အတတ်များနှင့်ပြည့်စုံသော သူရဲကောင်းတို့သည်လည်း ထောင်သောင်းမက ရှိကုန်ကြ၏။ ဟတ္ထိ,အဿ, ရထ, ပတ္တိကာ စစ်အင်္ဂါလေးပါးနှင့်လည်း ပြည့်စုံ၏၊ ထိုအခါ ခီရဓာရမင်းကြီးသည် ပါဋလိပြည့်ရှင် ဘုရင်ပဏ္ဍုရာဇာမင်း တရား၌ မြတ်စွာဘုရားသခင်၏သရီရဓာတ် စွယ်တော်မြတ်ရှိကြောင်း

များကိုကြားသိရ၍ ထိုစွယ်တော်မြတ်ကို ပူဇော်ရန် ရလိုကြောင်းနှင့် တောင်းဆိုသော်လည်းပဏ္ဍုရာဇာမင်းကြီးသည် စွယ်တော်ဓာတ်မြတ်၌ အားကြီးစွာကြည်ညိုခြင်းရှိသည်နှင့် မပေးနိုင်ခြင်းကြောင့် ခိရဓာရမင်းကြီးလည်း စစ်အင်္ဂါလေးပါးနှင့်တကွ များစွာသော ဗိုလ်ပါရဲမက်သူရဲသူခက်အလုံးအရင်း ဆင်,မြင်း,ဝေါယာဉ် စီစဉ်ခင်းကျင်းတော်မူပြီးလျှင် ပါဋလိပုတ်မြို့သို့ ပိတ်ဆို့ဝန်းရံ စီမံခန့်ခွဲ တပ်အခြေစွဲပြီးမှ ပြည်ထဲသေဒ်နှင်း ပဏ္ဍုရာဇာမင်းအား—

"မယွင်းမှန်စွာ စွယ်တော်မြတ်ရတနာကို မကြာချက်ခြင်း ငါ့အားနှင်းလော့၊ ဆန့်ငြင်းခုခံ မန့်လွှဲသွေ နေခဲ့ချေလျှင် နှောက်မွှေယခု စစ်ကြီးပြုအံ့"—

ဟူ၍ မင်းစေတမန် သံစေလွှတ်၏၊ ထိုအခါ ပဏ္ဍုရာဇာမင်းသည် ခိရဓာရမင်း၏ သဝဏ်စာကို ကြားနာရသဖြင့် ပြင်းစွာ အမျက်ထွက်သည်ဖြစ်၍ စစ်တက်စစ်ဆင်း၌ ကျွမ်းကျင်လိမ်မာကုန်သော ဗိုလ်ပါသူရဲကောင်းတို့ကို ရုံးစုစေ၍ စစ်မြေပြင်သို့ထွက်ပြီးလျှင် ခိရဓာရမင်းကြီးနှင့်စစ်ထိုးကြလေ၏၊ တဘက်သောစစ်သည်တို့ပစ်ခတ်သောမြားတို့သည် မိုယ်းရွာသကဲ့သို့ဖြစ်လေကုန်၏၊ ထိုအခါ ပဏ္ဍုရာဇာမင်းသည် ဘုန်းတန်ခိုးကြီးသည်ဖြစ်ရကား ခိရဓာရမင်း၏ စစ်သည်တော်တို့သည် ပြိုလဲ၍ ကစင့်ကရဲ ပြေးကြလေသောကြောင့် ခိရဓာရမင်းကြီးသည်လည်း စစ်ပွဲတွင်ကျဆုံး၍ ခန္ဓာတော်တိုးလေ၏။

[ခိရဓာရမင်းကြီးစံတော်မူသောမြို့အမည်ကို ဌာဒါဌာဓာတုဝင်ကျမ်း၌ သေချာစွာ မလာသောကြောင့် ပစ္စန္တရစ်မြို့ဟူ၍ပင် အထင်နှင့်ဆိုသော်လည်း တပ်ရာသေချာသင်္ဂါယနာသုံးတန်တင်ရာပါ ကျမ်းကြီးကျမ်းခိုင်တို့၌ မပါမရှိ၍မှချအမှန်မယူနိုင်ချေ။]

ထိုအခါ ပဏ္ဍုရာဇာမင်းသည် တရားသံဝေဂရ၍ နန်းတော်သို့ ရောက်သောကာလ သားတော်အိမ်ရှေ့အား တိုင်းပြည်ကို အပ်နှင်းပြီးလျှင် ရဟန်းပြုလေ၏၊ ဂုဟသီဝမင်းကို ခေါ်တော်မူ၍လည်း စွယ်တော်မြတ်ကို ပြန်ပေးအပ်နှင်းတော်မူ၏၊ ဂုဟသီဝမင်းကြီးသည် စွယ်တော်မြတ်ကို မိမိမြို့သို့တဘန်ပင့်ဆောင်၍ ရောက်ပြန်သောကာလ ပန်းနံ့သာအစရှိသည်ဖြင့် များစွာပူဇော်၍ မင်းကျင့်တရား ဆယ်ပါးနှင့်

ညီညွတ်စွာမင်းပြုလျက် တိုင်းသူပြည်သားတို့ကိုလည်း ရင်ဝယ်သားကဲ့သို့ ချစ်ခင်မြတ်နိုးခြင်းရှိ၍ နတ်ရွာနိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမှုကုသိုလ်ကိုလည်း တိုက်တွန်းနှိုးဆော်တော်မူသတည်း။

ထိုရောကာလ ဥဇ္ဇေနီတိုင်းပြည်ရှင် ဘုရင်မင်းမြတ်၏ မိဖုရားခေါင် ဂုဟာသီဝမင်းကြီး၏နှမတော်တွင် ဘွားမြင်တော်မူသော ဒန္တကုမာရမင်းသားသည် ငယ်ရွယ်စဉ်အခါကပင် အလွန်လျှင် သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ ဘုရားစသောရတနာမြတ်သုံးပါး၌ များစွာကြည်ညိုမြတ်နိုးခြင်းရှိ၏၊ အရွယ်သို့ရောက်သောကာလ ကာလိင်္ဂမြို့၌ မြတ်စွာဘုရား၏ စွယ်တော်ဓာတ်မြတ်သည် အလွန် ဣဒ္ဓိပါဒ်နှင့် ပြည့်စုံကြောင်းကို လူအပေါင်းတို့ ပြောဆိုကြသောစကားဖြင့် ကြားသိရ၍ အလွန်တရာ ဖူးမြင်လိုသောဆန္ဒရှိရကား ခမည်းတော်အပါးသို့ ချဉ်းကပ်၍—

"ရွှေဘုန်းတော် ကြီးလှသော ခမည်းတော်နတ်လူ့တ် မင်းမြတ်....ဦးရီးတော်မင်း ပျော်ခင်းရာ ကာလိင်္ဂမည် မင်းနေပြည်၌ ရောင်ခြည်ရှိးရဲ လွတ်ကြဲဖွါးဖွါး ရှိထင်ရှားသော ဘုရားရုပ်ဓာတ် စွယ်တော်မြတ်ကို နတ်သမ္မုဘွား ဘုရားသားတော် ဖူးမျှော်လိုကြောင်း"—

ခွင့်တောင်းပန်ထွာ လျှောက်ထားရာတွင် ချီသာပြုံမ့်လေး ခမည်းတော်အခွင့်ပေး၍ အရေးရသောကာလ ဒန္တကုမာရ မင်းသားသည် စွယ်တော်မြတ်ကို ပူဇော်ရန် ရွှေပန်းခိုင်,ငွေပန်းခိုင်, ပတ္တမြားတံခွန်, မုလဲတံခွန်,ရွှေပေါက်ပေါက်,ငွေပေါက်ပေါက်အစရှိသော အထူးထူးအပြားပြား များလှစွာသော ပူဇော်ဘွယ်အမျိုးမျိုးတို့ကို စီရင်ယူဆောင်၍သွားပြီးလျှင် ဦးရီးတော်မင်းကြီးအထံသို့ဝင်၍ ဥဇ္ဇေနီပြည်မှ လာရောက်သောသူ တူတော်ဖြစ်ကြောင်း,စွယ်တော်ကို ရှိခိုးပူဇော်လိုကြောင်း အလုံးစုံအကြောင်းမျိုးကို စေ့စုံအောင်သံတော်ဦးတင်ကြား၏၊ ဂုဟာသီဝမင်းကြီးသည် တူတော်ဖြစ်ကြောင်းသိ၍ "အလိုရှိတိုင်း ရှိခိုးပူဇော်စေလော့"ဟု အမိန့်တော်မှတ်သားချက်ကိုရသောကြောင့် ဤဒန္တကုမာရမင်းသားသည် စွယ်တော်ကျောင်းသို့တက်၍ အလိုရှိတိုင်း သက်ဝင်ကြည်ညိုစွာ ပူဇော်ရလေ၏၊

ဂုဟာသီဝမင်းကြီး၌လည်း ဟေမမာလာ အမည်ရှိသော သမီးတော် တပါး ထွန်းကားဖြစ်ပေါ်လာသတည်း၊ ထိုဟေမမာလာ မင်းသမီး သည်—

၁။ မကြီးမဆူ မဖြူမညို မတိုမမြင့် အသင့်ညီညာ ကလျာငါးအင် ပြစ်မျိုးစင်ရကား ချောသွယ်ပြေ့ပျောင်း ရွှေဖယောင်းသို့ ခြေချောင်းလက်ချောင်း အစဉ်လည်းရှိ၏။

၂။ ချိပ်ရည်တပြေး ခေါင်ရမ်းသွေးကဲ့သို့ တွေးတွေးနီမြန်းသော လက်သည်း, ခြေသည်းလည်း ရှိ၏။

၃။ နီလဝဏ္ဏ စိမ်းမြဝါရွှေ မဟာလှေခါး ပန်းအလားသို့ ရေသား ဝါဝင်းသောအဆင်းလည်းရှိ၏။

၄။ ကာမစက္ခု လူအထုတို့ ရှုလေရှုလေ မပြေနိုင်ဘွယ် သေးသွယ် လျပါးသော ခါးလည်းရှိ၏။

၅။ မထောင့်မချွန်း လဝန်းပုဏ္ဏမီ အညီနှိုင်းဘက် ဝိုင်းစက်ကြည် ရွှန်း ဝန်းသောမျက်နှာအပြင်လည်းရှိ၏။

၆။ ဖွားစနုနယ် နွားငယ်မျက်စိ မိဂကွိသဘွယ် ပမာဆွယ်လျက် တင့်တယ်ရှည်လျားသောမျက်စိလည်းရှိ၏။

၇။ ဖဲညွန့်ကတ္တီပါ လဲဝါပြကတေ့ ပုံအတွေ့သို့ သိမ်မွေ့နူးညံ့သော မုဒုကရစရဏ လက္ခဏာလည်းရှိ၏။

၈။ ဆင်နှာမောင်းအနေ ရွှေငှက်ပျောနှယ် ချောသွယ်သော ဦရုလက္ခဏာလည်းရှိ၏။

၉။ သုံးဆယ့်နှစ်ချောင်း အပေါင်းညီညွတ် လွှဖြင့်ဖြတ်သို့ ဆွတ် ဆွတ်ဖြူနု ခရုနှိုင်းအပ် ပန်းဇလပ်ကဲ့သို့ လျှပ်လျှပ်ပြေး၍ ဖွေးဖွေးဖြူသောသွားလည်းရှိ၏။

၁၀။ ရစ်ခွေလက်ျာ နက်စွာလုံးဝန်း မစွန်းတိတိ နာဘိလက္ခဏာ အင်္ဂါအထူးလည်းရှိ၏။

၁၁။ ပြေပြေပြစ်ပြစ် ကြောဆစ်မဖု တန္ကုအနှုန်း စပါးဖုံးကဲ့သို့ သော သလုံးမြင်းခေါင်းလည်းရှိ၏။

၁၂။ မင်ပိတုန်းရောင် ဘိတ်ဘိတ် ပြောင်မျှ သုံးတောင် ထွာခန့် ရှင်းသန့်မွေးကြို မထူမပါး အဖျားကော့ရရော့ တက်သော ဆံပင်လည်းရှိ၏။

၁၃။ မွေးတွင်းတခု မစုရှုံးပေါင်း တချောင်းရှိပြား မများလွန်း မပါးလွန်းသော မွေးညင်းလည်းရှိ၏။

၁၄။ ဟေမန်ကြိုက ကာယုဏ္ဍဖြင့် ကမ္ဗဇဥတု စိမ်ပြုံ၏။

၁၅။ နွေဟုခေါ်တွေ့ ဂိမှေတနဲ့ ရေခဲပြကတေ့ ချမ်းအေးမြွေ့ရှိ ချစ်ဖွယ်ဘွယ်သော ဥတုအတွေလည်းရှိ၏။

၁၆။ ဆင်မင်း မြင်းမင်း နွားမင်းဥသဘ ဟံသဂတိ တပြေးငြိသို့ ပိပိချနင်း ကြော့ရှင်းစမ့ယ် တင့်တယ်ညက်ညောသော သွား ခြင်းလည်းရှိ၏။

၁၇။ ပြိုးခြင်းရွှေဖျား သူ့နားချမ်းမြေ့ နှစ်လေ့ဘွယ်ရာ ချိုသာပြေ ပြစ် ကျစ်လစ်နူးညံ့သော စကားလည်းရှိ၏။

၁၈။ ကြာညိုဝတ်မှုန် ရနံ့ပုံသို့ မွေးထုံကြိုင်သင်းသော ခံတွင်းလည်း ရှိ၏။

၁၉။ ဝင်းဝင်းလျှံတောက် လက်ကောက်လက်ကြပ် လက်စွပ်ပုတီး ငြီးငြီးပြိုးပြက် ဘယက်ဒွါဒရာစသော တန်ဆာတို့ဖြင့် လွန်စွာ တင့်တယ်၏။

ဂုဟသီဝမင်းကြီးသည် တူတော်ဒန္တကုမာရမင်းသား၏ ဘုရားရှင် စွယ်တော်မြတ်၌ အလွန်သက်ဝင်ကြည်ညိုသော အခြင်းအရာကိုမြင်၍ အလွန် နှစ်သက်ဝမ်းသာရှိရကား သမီးတော်ဟေမမာလာနှင့် တူတော် ဒန္တကုမာရ မင်းသားကို စုံဘက်လက်ထပ်မင်္ဂလာပြုပြီးလျှင် အိမ်ရှေ့ မင်းအရာကို အပ်နှင်းတော်မူ၍ စွယ်တော်မြတ်ကိုလည်း မပြတ် ကြည့်ရှုစောင့်ရှောက်စေတော်မူ၏။

ပဏ္ဍုရာဇာမင်းရဟန်းပြုခန်းပြီး၏။

---

## ၃၅။ ဒန္တကုမာရမင်းသားနှင့်ဟေမမာလာမင်းသမီး စွယ်တော်ကိုယူ၍ထွက်ပြေးခြင်း

ဤသို့မင်းသားမင်းသမီးတို့အား ကြီးကျယ်စွာသော မင်းစည်းစိမ်ကို နှစ်သက်စေ၍ စွယ်တော်ဓာတ်မြတ်ကို အစောင့်အရှောက်၌ ထားစဉ်အခါ ဒိရဓာရမင်းကြီး၏ တူတော်ဖြစ်ကုန်သော မင်းသား, မင်းသမီးတို့သည် ပါဋလိပုတ်မြို့၌ မိမိတို့ဦးရီးတော်ကျဆုံးပြီးနောက် ကာလိင်္ဂမြို့သို့ စွယ်တော်ရောက်ကြောင်းကိုကြားသိကြပြန်၍ များစွာကုန်သော စစ်သည်ဗိုလ်ပါတို့ကို ရုံးစုပြီးလျှင် ထိုဂုဟာသီဝမင်း၏ နိုင်ငံတော်သို့ စစ်ချီလာကြ၍ ထိုမြို့၏အနီး မလယတောင်ကြီးသို့ ချဉ်းကပ်ကြပြီးလျှင် "ကျွန်ုပ်တို့အား စွယ်တော်မြတ်ကိုပူဇော်ရန် အခွင့်ပေးပါလော့၊ အကယ်၍ စွယ်တော်ကိုပူဇော်ရန် အခွင့်မပေးပါလျှင် ကြီးစွာသော စစ်ကြီးဖြစ်ပါလိမ့်မည်" ဟု ဂုဟာသီဝမင်းကြီးထံ သံတမန်စေလွှတ်ကြကုန်၏။

ဤကဲ့သို့ နှလုံးလက်ရုံး အသုံးနှစ်ပါး ကြီးဝါးမာန်စောင် မင်းညီနောင်တို့၏ ရဲရောင်မာန်တင်းသောစကားကို ဂုဟာသီဝမင်းကြီးကြားသိလတ်သောအခါ အလွန် ချစ်ခင်လှစွာသော တူတော်ဒန္တကုမာရမင်းသား, သမီးတော်ဟေမမာလာမင်းသမီးတို့ကိုခေါ်ပြီးလျှင် ညွှန်းဘော်ရွေနှုတ် အမိန့်တော်ထုတ်လေ၏။

"သားတော် ဒန္တကုမာရ,သမီးတော်ဟေမမာလာ နှစ်ပါးတို့....နတ်လူတို့၏ဆရာ စောမြတ်စွာ၏ ဒါဌာမွန်မြတ် စွယ်တော်ဓာတ်ကို ရလိုတုံရှောင်း ထိုအကြောင်းကြောင့် မာန်စောင်းတက်ကြွ ဒိရဓာရ နရိန္ဒ၏ ရန်စထွက်ပေါ် တူတော်ညီနောင် မင်းရဲခေါင်တို့ တောင်မလယ ပဗ္ဗတ၌ တပ်ချမြဲနိုင် စစ်ပြိုင်ဘက်မည် ရဲရည်ကျွတ်ကျွတ် သံစေလွှတ်၏၊ လူ့ထွတ်ရှင်ကျော် မြတ်ဘုန်းမော်၏ စွယ်တော်ဓာတ်ကို မအပ်လွှဲသွေ နေခဲ့ချေမူ အုပ်ထွေရဲမက် လက်နက်ချင်းပြိုင် စစ်ကြီးဆိုင်က နိုင်မည်ရှုံးမည် အတည်မသိ ဖြစ်ဘိရကား ဘုရားစွယ်ဓာတ် ရုပ်ကလာပ်ကို ဝေးရပ်သို့ဆောင် တောတောင် ပုန်းအောင်း

သတင်းဆိုးကောင်း အကြောင်းကြောင်းကို ချောင်းမြောင်း နားထောင်ငါမင်းခေါင်သည် မအောင်တိမ်းပါး နိမ့်ကြောင်း ကြားလျှင် လျှင်လျှားဆောစွာ ဒါဌာတော်မြတ် စွယ်တော် ဓာတ်ကို ဆောင်လတ်တုံပြီး လမ်းခရီး၌ မင်းသွီး မင်းသား မထင်ရှားရအောင် ပုဏ္ဏားရ်အသွင် ဖန်စီရင်လျက် စင်ကြယ် သီလ ဗြာဟ္မဏရုပ်ပြောင်း၍ မင်းကောင်းမင်းမြတ်တို့စံနေရာ သမုဒ္ဒရာ ဖြာဖြာရစ်ဝန်း သီဟိုဠ်ကျွန်းသို့ ဖြန့်ယွန်းစကြာ ထွက်ခွါမနေး ရှောင်ပြေးကွယ်ပုန်း လွတ်အောင်သာ ရုံးကြ လော့”–

ဟု မိန့်တော်မူလေသော် ဒန္တကုမာရမင်းသားသည် ဦးရီးတော် မင်းကြီးအား–

တဝစ မမစ ကောဝါ သီဟဠေ ဗန္ဓုဘူတော–

အစရှိသောပါဠ်တို့ဖြင့် လျှောက်၏၊ ထိုပါဠ်၏အဓိပ္ပါယ်ကား–

“ဦးရီးတော်မင်းမြတ် လောကနတ်····အကယ်စစ်ပြိုင်ဘဘုန်းလှိုင် သည် ယိမ်းယိုင်ကံတော် နိမ့်ခဲ့သော်မူ စွယ်တော်ကိုယူ၍ ဇမ္ဗူဒီပါ မင်္ဂလာရွှန်းစို ကျွန်းနဂိုရ်မှရေညိုပတ်ဝန်း သီဟိုဠ်ကျွန်းသို့ ယွန်းရမည် မှာ ကျွန်းငယ်ကျွန်းသေး ဝေးကဝေးသနှင့် ဘေးကပေါများတယောက် သားမျှ ကိုးကားစရာ မျိုးညာမရှိ သို့ဖြစ်ဘိ၍ ဇိနဘုန်းမော် မြတ်ဘုရား စွယ်တော်ကို ဆောင်သော်မသင့် အခွင့်မလျော် တော်မည်မထင် ကြောင်း”ကို လျှောက်သောကာလ–ခမည်းတော်မင်းမြတ် လောက နတ်က နောက်ထပ်၍မိန့်တော်မူသည်မှာ–

မမ ပိယသဟာယော သော မဟာသေနရာဇာ။

စသည်ဖြင့် မိန့်ဆိုတော်မူ၏၊ အဓိပ္ပါယ်ကား–

“တုလှတသီး ရှုမငြီးသည့် သွီးရတနာ ဘေးသည်းချာတို့···· ရေညိုပတ်ဝိုင်း သီဟိုဠ်တိုင်းသို့ မဆိုင်းမတွ သွားကုန်ကြလော့၊ မဟာ သေန မည်နာမနှင့် အဒိဋ္ဌသဟာယေ ငါ့မိတ်ဆွေသည် မင်းနေပြည်မှ နရာဓ၌ ရာဇဘုန်းစည် ဖြစ်လေသည်၊ ရာဇာနေနတ် ထိုမင်းမြတ်က မပြတ်တောင့်တ ဆန္ဒအာသာ ရှိသည်တာကြောင့် နာနာရတနာ မုတ္တာ

ပုလဲ လက်ကိုင်စွဲလျက် အမြဲမသွေ အစဉ်နွေယျ သမ္ဗုဒ္ဓ၏ ဥတ္တမ ကဲမော် ထိုစွယ်တော်ကို ပူဇော်လိုကြောင်း အကြိမ်ကြိမ် တောင်းဘူး လေပြီ၊ သားကောင်းပုတ္တ သ္မီးလှတို့····မွေးဘခင် ခမည်းတော်စကား ကို ဦးထိပ်၌တင်ထား၍ ဘုရားဘုန်းလွှန် စွယ်တော်မွန်ကို လျှောက်ပန် ဦးတင် သီဟိုဠ်ကျွန်းဘုရင်သို့ ဆက်တင်ပို့သ ကျိုးနှစ်ဝကို မြော်ဆ ထောက်ထား ခမည်းတော်၏စကားကို နားစိုက်၍ချိလေ့”—ဟု မိန့် ဆိုတော်မူ၏။

ဂုဟာသီဝမင်းကြီးသည် သားတော်သ္မီးတော် နှစ်ပါးတို့ကို ချစ်အား တော်အလွန်ကြီး၍ စိုးရိမ်မီး ထပ်ထပ်လောင်သော်လည်း မရှောင်လွှဲ သာ ဓာတ်စွယ်တော်မြတ်မဟာကို လွန်စွာကြည်ညိုခြင်း ရှိရကား ကြီးကောင်းကြီးရာ လွတ်ကြောင်းရှာ၍ သည်းစွာငိုယိုလျက် ညိုသော မျက်နှာနှင့် သားတော်သ္မီးတော် ရွှေလှော်သိင်္ဂါ မင်းနှစ်ဖြာကို အလွန် ဝေးကွာသောကျွန်းတပါးသို့စေခိုင်းတော် မူရရှာသတည်း၊ သားတော် သ္မီးတော် နှစ်ပါးတို့သည်လည်း ဘခင်နှင့်ကွာဝေး၍ ကျွန်းတပါးသို့ သွားရမည့်အရေးကြောင့် ပူဆွေးဒုက္ခ ငိုမျက်ရည် သွယ်ဖြာကျလျက် မွေးဘခင်မင်းဂုဟာ၏ ပါဒတော်စက်ပဒုံကို ခိုလှုံခညွတ် ပွတ်ခါပွတ်ခါ ငိုယိုရှာလျက် ရှိသေစွာဦးနှိမ်ချပြီးလျှင် ဘုန်းဘုရားစွယ်တော်ကို နှစ် ဘော်မကွာ ဆောင်ယူကာဖြင့် ဟေမာမြိုင်ချောင် တောတောင် ဝင်ပုန်း၍ ဘုန်းဝေသေဌ်နင်း မွေးဘမင်း၏ သတင်းကို နားထောင်၍ ဘေးလွတ်အောင် တိမ်းရှာကြလေသတည်း။

ဂုဟာသီဝမင်းသည် သားတော် သ္မီးတော်တို့ကို စေလွှတ်ပြီးနောက် စစ်သည်ဗိုလ်ပါကိုရုံးစုလျက်စစ်မြေပြင်သို့ထွက်၍ခိရဓာရမင်းသားတို့ နှင့် စစ်ဘက်သောကာလ မိမိ၌ စစ်သည်ဗိုလ်ပါ အားနည်းရကား စစ်ကျင်းရာ ခန္ဓာစဲ၍ နတ်ပွဲပျော်ရှာလေသတည်း၊ သားတော်သ္မီးတော် မင်းနှစ်ဘော်တို့သည် ခမည်းတော်မှာချက်ကို ဦးထိပ်ထက်ဆင်ရွက်ပြီး တောင်ကြီးအသွင် တင်ဘိသည့်ပမာ သေချာစွာမှတ်သားလျက် ခမည်း တော်သတင်းစကားကို အားစိုက်၍ နားထောင်သောကာလ ခမည်း တော်ဘုရား နတ်ရွာလားကြောင်းကို လုံးပေါင်းစွေ့ရေ ကြားရလေ

သော် ဗျာဝေသောက လောလောထ၌ ပရိဒေဝ ဒုက္ခပွါးစီး သက်ကြီး ရှိုက်ဖို ငိုယိုမြည်တမ်း လွမ်းရက်နှင့်ပင် ဖြူစင်ဆွတ်ဆွတ် ကိုယ်ဝတ် ဆင်လျှဲ ကြည်ကွဲစရာ မျက်နှာမလှ ပြာဟွာဏအလား ပုဏ္ဏားညီနောင် သဏ္ဌာန်ဆောင်၍ ထွက်ရှောင်ကာပြေးကြလေသော်—

ခမည်းတော်မြတ် လောကနတ်၏ မိတ်ဓာတ်သဟာယ မဟာသေန ရာဇနေတည် သီဟိုဠ်ပြည်လည်း ပတ်လည်ရစ်ဝိုင်း ဒီလှိုင်းသဲသဲ ဝဲဂရက် ကြီး သမုဒ်ရေဆီးသည်ဖြစ်ရကား ကူးရန်အခွင့် ခန့်မသင့်၍ ဆိုင်းလင့် ရပ်နားလျက် ပင်လယ်ကမ်းပါး၌ ဘော်သားအတူ ငွေကြူအဆင်း ဖြူဖြူလင်းသော သဲပုံစေတီကိုတည်၍ ထိုသဲပုံစေတီအတွင်း၌ တရားမင်း ဖြစ်တော်မူသော ဘုရားမြတ်၏စွယ်တော်ဓာတ်ကိုးကွယ်ရာကို ရှေ့ကြွတ် ပါသွင်းမြှုပ်၍ တောအုပ်မြိုင်စောင်း နိဝင်အောင်းကြလေသတည်း။

သုဂတဒါဌာဓာတုံ ဝါလုကထူပကုစ္ဆိမှိ ဌပိတ မုပစရန္တော အစ္ဆိဂုမ္ဗန္တရသ္မိံ။

[ဒါဌာဓာတုဝင်ကျမ်းပါဌ်။]

အနက်။ ။ဝါလုကထူပကုစ္ဆိမှိ၊ သဲစုဖြင့်ပြုအပ်သောစေတီအလယ်၌၊ ဌပိတံ၊ သွင်းမြှုပ်တည်ထားအပ်သော။သုဂတ ဒါဌာဓာတုံ၊ဘုရား မြတ်၏စွယ်တော်ဓာတ်ကို၊ ဥပစရန္တော၊လုပ်ကျွေးစောင့်ရှောက်ခြင်း ကိုပြုလျက်။ ဂုမ္ဗန္တရသ္မိံ၊ အမှတ်မရှိတခုခုသော တောချုံ၌၊ အစ္ဆိ၊ ပုန်းလျှိုးဝင်ရှောင်း မောင်မယ်အောင်း၏၊ တနည်းကား— သုဂတ ဒါဌာဓာတုံ၊ မြတ်စွာဘုရား၏စွယ်တော်ဓာတ်ကို၊ ဝါလုကထူပကုစ္ဆိမှိ၊ သဲဖြူဖြင့်ပြုအပ်သော စေတီတော်ဝမ်း၌၊ဌပိတံ၊ တည်ထားအပ်သည် ကို။ ကတွာ၊ ပြု၍၊ ဥပစရန္တော၊ လုပ်ကျွေးကြည်ညွတ် ဝတ်နိဗဒ်ကို နေ့ညဉ့်မပြတ်ပြုလျက်။ ဂုမ္ဗန္တရသ္မိံ၊ အမှတ်မရှိတခုသော တောချုံ၌၊ နိလယန္တော၊ ပုန်းအောင်းခိုဝင်လျက်၊ အစ္ဆိ-နိသီဒိ၊နေလေ၏။

[နောက်နည်းကား ဋီကာပါဌ်အတိုင်း ယောဇနာလိုက်သည်၊]

ဝါလုကထူပကုစ္ဆိမှိတိ ဝါလုကရာသိထူပကုစ္ဆိယံ၊ ဥပစရန္တော တိဓာတုပါရိစရိယံ ကရောန္တောတိ အတ္ထော၊ ဂုမ္ဗန္တရသ္မိံတိ အညတရသ္မိံ ဝနဂုမ္ဗေ နိလယန္တော အစ္ဆိနိသီဒိ။

[ဂ္ဂင်းဒါဌာဓာတုဝင်ဋီကာကျမ်းပါဌ်။]

ယင်းသို့ပုန်းအောင်း ပိတ်ပေါင်းတောဝင် နေကြစဉ်အခါ ခေမာသ ၀သီပတ္တ ဆဋ္ဌဘိညာ ရှာန်ရအရှင် ကောင်းကင်ဝဲပျံ အရဟံမည်သာ ရဟန္တာတပါး တော်ပြောဋ်အခါ ကြွတော်မူလာ၍ ဒါဌာတော်မြတ် စွယ်ဓာတ်ကိန်းလှို သဲပုံစေတီတော်၏ အနီးသို့ရောက်လျှင် ခြောက်ပါးရောင်ခြည် ပြောင်ပြောင်လည်လျက် ထွက်သည်ယိုရဲ ကြီး၍ မြှောက်သို့ တောက်ထိန်ဝင်းဝင်း မိုယ်းလုံးလင်းမျှ ခပင်းယှက်ရှိ သဲပုံ ဝန်းကျင် မျက်နှာမြင်၍ ရဟန္တာအရှင် ဆင်ခြင်တော်မူသည်ကား လူသုံးပါးတို့၏ ပတ္တမြားမျက်ရစ် ဖြစ်တော်မူသော ဘုရားမြတ်၏ စွယ်ဓာတ်တော် ကိန်းတည်၍ ရောင်ခြည်တော် လွှတ်ကြောင်းကို ရှင်ကောင်းရဟန္တာ ခေမာသ မုချဆတ်ဆတ် သိတုံလတ်က ဓာတ်ဓာတုကျော် ဤစွယ်တော်ကို အဟော်ဝတ ဒေဝမနုဿာ ဗြဟ္မာမကျန် ကုမ္ဘဏ်တလွှား နဂါးဂဠုန် ဆောင်ယူတုံ၍ သဲပုံကြီးစွာ ဤနေရာသို့ ရောက်လာသလော၊ တွေးတောသက်ဝင် အဘိညာဉ်ဖြင့် ဆင်ခြင်တော်မူပြန်သော်—

တောအုံပိတ်ပေါင်း ချုံအောင်းပုန်းလျှိုး တိတ်ခိုးကွယ်ရာ နေကြရှာသော မင်းသားမင်းသွီးနှစ်ပါးတို့ကို မျက်ဝါးထင်ထင် သိမြင်တော်မူ၍ စွယ်တော်ရုပ်ဓာတ် ဤအရပ်သို့ မအပ်မလျော် ရောက်တော်မူကြောင်းကို လုံးပေါင်းဆေးလေး မေးလတ်သောအခါ ထီးပွါးနန်းလျာ မင်းနှစ်ဖြာတို့ ရာဇာဘမင်း ခမည်းရင်း၏ ကြောင်းခြင်းမူလ စ၍လုံးစုံ အရေးပုံနှင့် ဘုန်းဂုဏ်အကျော် စွယ်တော်ဓာတ်စစ် ဖြစ်ဖြစ်သမျှ လျှောက်ထားကြသော် ဓမ္မရေအေး တိုက်ကျွေးတော်မူလျက် ဆောင်ယူ၍သာ ကျွန်းလင်္ကာသို့ မကြာခဏ ကူးကုန်ကြဟု မြွက်ဟမိန့်ညွှန်း တိုက်တွန်းတော်မူသတည်း။

''ဒသဗလတနဓာတုံ၊ ဒသဗလ နာမထွန်းလစ် ရှင်တော်ချစ်၏ နူးညံ့ပြေပြစ်သော စွယ်တော်စစ်ကို။ သီဟဠံ၊ဝိဇယမင်းတည်ရင်းအစ ထွန်းပသာသနာ လင်္ကာဒိပ် နိုင်ငံရွှန်းစိုကျွန်းသီဟိုဠ်သို့။ တုမှေ၊ ဂုဟသီဝ နရသေဌ်နှင်း မင်း၏ ရင်သွေး ပြစ်ဝေးရှုပ ဟေမမာလာ ဘွဲ့ခရာနှင့် မိတာမျက်

ဖျော် တူတော်ဒန္တ မောင်နှမတို့သည်။ နေထ၊ လျှင်စွာခဏ ဆောင်ကုန်ကြလော့”။

ဤသို့ မိန့်မှာ ရဟန္တာ၏ အာဏာတော်မြတ် နေနတ်အရှင် ဘခင် နန်းပျော်ခမည်းတော်၏ မြွက်ဘော်အာဏာ ရှိသည့်တာကို သေချာ စွဲမှတ် အမြဲနှလုံး ပိုက်ယူကျုံးလျက် ညွတ်ရိုးကြီစည် ကုးမည်ခန့်တိုင်း သဘော်ကိုင်ဆိုင်း၍ နေကြလေသတည်း။

ဒန္တကုမာရမင်းသားနှင့်ဟေမမာလာမင်းသမီးတို့
စွယ်တော်ကိုယူငင်ထွက်ပြေးခဏ်းပြီး၏။

---

## ၃၆။ စွယ်တော်မြတ်ကိုသဲပုံစေတီအတွင်းမှ နိုးယူပင့်သွားခဏ်း

ထိုအခါ ရေနတ်အမျိုးအနွယ်ဖြစ်သော တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံ ရကား ပဏ္ဍုဟာရ နာမထင်ရှား နတ်နဂါးသည် ကိုးပါးသောဂုဏ် တော်အပေါင်းတို့ဖြင့် ရိုက်ချောင်းဘဝဂ် ဖွန်းတက်ကြော်ကြား မြတ် ဘုရား၏ ကိုယ်စားတော်မြတ် စွယ်တော်ဓာတ်သည် သောင်ပေါ် ကျွန်းငှ ဘော်ဖြူတပဲ ငွေသဲဖြူအတွင်း ရောင်ခြည်လင်းလျက် လက် ငင်းမသွေ သီတင်းသုံးနေတော်မူသောအဖြစ်ကို စင်စစ်မသွေ မြင်တုံ လေက ခြောက်ထွေရောင်ချယ် ဤအံ့ဘွယ်ကား အကယ်တိတိ မရှိပါ တုံ မကြုံစဘူး အထူးတလည် ဘယ်ရောင်ခြည်ဟု ဆင်ခြင်ပြုသော် ဝါ လုငွေမှုန် သဲပုံစေတီ၏အလယ်၌ စမ္ပယ်ကိန်းဝပ်တော်မူသောစွယ်တော် ဓာတ်မြတ်က ထွက်လတ်သောအရောင်ဟု သိရကား မထင်မရှား သောအသွင်ဖြင့် လုလင်ရောင်ဖန်ဆင်း၍ ရှိခိုးခြင်းကိုပြုလေ၏။

ထိုအခါ သဒ္ဓါပွါးငြိမ့် ပီတိစိမ့်၍ နှစ်သိမ့်အင်ရွှဲ ရောင့်ရဲအားရ ခြင်းမရှိသည်ဖြစ်ရကား ကြီးစွာသော နဂါးသဏ္ဍာန် ဖန်ဆင်း၍ သဲ သောင်ပြင်စေတီတွင်း၌ ထည့်သွင်း၍ထားသော ဓာတ်စွယ်တော်ကို ရွှေကြုတ်ပါဖေါ်ယူပြီးလျှင် လည်ချောင်း၌သွင်း၍ ခိုးယူခြင်းကိုပြုပြီး လျှင် မြန်စွာပြေးလျက် မြင့်မိုရ်တောင်ကို ရစ်ပတ်လျက် တည်နေ၏။

သပရိသဗဟုမာနော သော အသန္တိဿမာနော၊
ရတန မယကရဏ္ဍံ ခါတုယုတ္တံ ဂိလိတွာ။
ဝိတထ ပုထုလဒေဟော ဘောဂမာလာဘိတုဂ်၊
ကနကသိခရိရာဇံ ဝေဌယိတွာ သယိတ္ထ။ ။

[ဒါဌာဓာတုဝင်ကျမ်းပါဌ်။]

ထိုနောက် မင်းသားမင်းသမီးတို့သည် ရဟန္တာမြတ်၏ အမိန့်မှာ ခမည်းတော်မြတ်၏အာဏာအတိုင်း သီဟိုဠ်ကျွန်းသို့ ကူးလိုသည်ဖြစ်၍ စွယ်တော်ကြွတ်ကို ဖေါ်ထုတ်သောကာလ ရွှေကြုတ်နှင့်တကွ စွယ်တော်မြတ်ပျောက်ဆုံးသောအခြင်းအရာကိုသိ၍ မင်းသား မင်းသမီးတို့သည် ရွှေအိမ် ရွှေနန်း စံမြန်းရိပ်ငြိမ် စည်းစိမ်နှင့် ကင်းကွာခြင်း ဘောဂဝိပ္ပယောဂဒုက္ခ, ကြီးလှဂုဏ်အင် မွေးဘခင်နှင့် မမြင်ဧသွလွဲ ကွဲခဲ့ရသော ပိယဝိပ္ပယောဂဒုက္ခအပေါ်တွင် စွယ်ဓာတ်တော် ပျောက်ဆုံးခြင်းကြောင့် အတိဒုက္ခ သောကမီးလျှံ ထပ်မံ၍ ဖြစ်ကြပြန်သော် အတန်တန်ငိုမြည်တမ်းလျက် ရိန္တမ်းဆင်းရဲ အသဲကြွေပြုတ် သေမတတ်နှင့် ပတ်ပတ်မွေနှောက် မြိုင်အောက်တကြော တောခြုံရှိရာ လိုက်၍ ရှာလည်း ဒါဌာစွယ်လှ မမြင်ရ၍ သောကလှိုက်ဖို ငိုမြည်ယောင်ယမ်း ဆိုမြည်တမ်းလျက် ရဟန္တာအရှင်မြတ်ထံ ကျိုးနွံဝပ်ဖျပ် ဆည်းကပ်ခို ဝင် ယှက်တင်အဉ္ဇလီ ဦးချီရှိခိုး လက်စုံမိုးလျက် မြတ်နိုး ကော်ရော် ကာ—

"တပည့်တော်တို့ ပူဇော်ရာတမူ နတ်လူတို့ထိပ်နင်း စွယ်တော်ရင်းသည် ပျောက်ခြင်းမလှ ပျောက်ရတုံငြား တိုင်း တပါးသို့ ကြွသွားလေသည် အတည်မသိ ဖြစ်ဘိကြောင်းအင် သို့လျှင်မဟုတ် ယူထုတ်လျှင်လျှား နဂါးတို့ဘောင် ဆောင်လေ သလော၊ သဘောတမျိုး တိတ်ခိုးကြီစည် ဂဠုန်ပြည်သို့ ယူ သည်တဝ မသိရခဲ့၊ထိုမှတဖန် နတ်ဂန္ဓဗ္ဗ ယက္ခတသင်း ဆောင် ယူလျှင်း၍ နတ်မင်းဒေဝိန် ဝတိံ စိုးမိုး ဘိုးတော် မြတ်ဖျား သိကြားထံမှောက် ရောက်အောင်မချီ ပို့လေသလော၊တွေး

တောစာနာ ၏အရာကို သေချာမသိ ဖြစ်ဘိရကား ဤကြောင်းလျှားကို ထင်ရှားလင်းဖော် ပြတော်မူပါ" –

ဟု ဒိဏ္ဏာသဝ ဒိဗ္ဗစက္ခု ဉာဏ်ဖြင့် ရှုနိုင်သော ရဟန္တာအရှင်မြတ်အား လျှောက်ထား တောင်းပန်ကြလေ၏။

စွယ်တော်မြတ်ကို သဲပုံစေတီအတွင်းမှ ခိုးယူပင့်သွားခဏ်းပြီး၏။

---

## ၃၇။ နဂါးမင်းယူသောစွယ်တော်ကို ရဟန္တာမြတ် ပြန်ယူခဏ်း

ထိုအခါ ရဟန္တာအရှင်မြတ်သည်လည်း ဒန္တကုမာရမင်းသား,ဟေမမာလာမင်းသမီးတို့ လျှောက်ထားသောစကားဖြင့် ဓာတ်စွယ်တော်ဖြစ်ဟန်ကို ပြန်လှန်စေ့ငု ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုတော်မူရာတွင် အခြားမဟုတ် သမုဒ်ပင်လယ် ပြောကျယ်အဏ္ဏဝါ သီတာရစ်ခွေ ရေပြင်အထု ပျော်နေပြုသော ပဏ္ဍုပာလ နာမထင်ရှား ရေနဂါးသည် ဘုရားစွယ်တော် ပူဇော်လိုငြား ယူဆောင်သွား၍ သိမ်းထားဂုဏ်သိလည်၌မျို၍ မယိုမယွင်း ရှိသည်ခင်းကို ထင်လင်းပုံသေ သိလေရကား ခွန်အားကြီးစွာ ယူဇနာခွဲပမာဏရှိသော ဂဠုန်မင်းသဏ္ဍာန် ရုပ်ပုံဖန်၍ ရဲမာန်တင်းတင်း ထန်ပြင်းသောလေအဟုန်ဖြင့် အားကုန်ပျံဝဲ တောင်ပံဖြင့် ရေကိုခွဲပြီးလျှင် သဲသဲရုတ်ရုတ် စက်မောင်းခုတ်သို့ သမုဒ်ပျော်ပါး ရေနဂါး၏ လည်ဖျားကုပ်ကို ကိုင်ဆုပ်မြဲမြံ သုတ်တော့မည်အဟန်နှင့် မိဋ္ဌာန်တန်ခိုး အမျိုးမျိုးဖြင့် ကြောက်စိုးဘွယ်ချည်း သေနီးမတတ် သက်ပြတ်လုအောင် ရစ်နှောင်ပတ်ယှက်၍ထားသော မြင့်မိုရ်တောင်အလုံးကို ပတ်ကုံးမြိမ့်ညံ ပဲ့တင်သံဖြင့် မခံနိုင်လောက်အောင် မြိမ်းချောက်လျက် မိုယ်းအောက်တခွင် ကောင်းကင်အဇဋာ ရောင်ဝါမရှိ မှောင်အတိ ပိတ်ချထားလျက် နဂါးမင်း၏ လည်ကုပ်ကို ကိုင်ဆုပ်၍ အတောင်ဖြင့် ဖုံးအုပ်လေ၏။

ဝိရူဠှသရီရံ မာပယိတွာ မဟုတ္တော ဝိတထပုထုလပက္ခေနန္တလိက္ခေ ထတွန္တိ။

[ဒါဌာဓာတုဝင်ကျမ်းပါဠိ။]

ဝိရူဠှသရိရံ မာပယိတ္တ မုဟုတ္တေတိ တသ္မိံ ခဏေ သော
ထေရော ဒိယ္ဗုယောဇနပ္ပမာဏံ ဂရုဠရာဇသရိရံ မာပ-
ယိတွာတိ အတ္ထော၊ဝိတထပုထုလပက္ခေ နန္တလိက္ခေ ထက္ကန္တိတိ
ဒီဃမဟန္တပက္ခေန အာကာသံ ပိဒဟန္တိတိအတ္ထော၊

[ဝင်းကျမ်းပါဠိအဖွင့်ဋီကာ။]

ဤသို့ ရဟန္တာအရှင်မြတ် ဆုံးမတော်မူလေက နဂါးမင်းသည် သေဘေးမှ ထိတ်လန့်ကြောက်ရွံ့ခြင်းရှိရကား “ပြုမိသမျှ အပြစ်ဒဏ်ကို သည်းခံတော်မူပါ” ဟု အကြိမ်ကြိမ်တောင်းပန်၍ မျိုထားသော စွယ်တော်ကြုတ်ကို အန်ထုတ်၍ပေးလေသော် မထေရ်ကျော်ပုဂ္ဂိုလ်မြတ်က ခါတ်တော်ကိုတဖန်ဆောင်၍ မောင်နှမ မင်းနှစ်ပါးတို့အား သီဟိုဠ်ကျွန်းသို့ ကူးသွားရမည့်အကြောင်းကို ထပ်လောင်း၍မိန့်တော်မူပြန်၏။

နဂါးမင်းယူသောစွယ်တော်ကို ရဟန္တာမြတ် ပြန်ယူခဏ်းပြီး၏။

---

## ၃၈။ ဒန္တကုမာရ, ဟေမမာလာ မင်းနှစ်ပြာတို့ စွယ်တော်ကိုပင့်ယူ၍ သီဟိုဠ်သွားခဏ်း

ဤသို့ရဟန္တာမြတ်မိန့်လတ်သောခဏတွင်ဇမ္ဗူဒိပ်ကျွန်းမှဖြစ်ထွန်းသောကုန်များကို ရောင်းချရန်သွားသော လှေသင်္ဘောသည် အနီးသို့ ဆိုက်ရောက်လာသောကာလ လင်္ကာဒီပကျွန်း အနုရာဓမြို့သို့ လိုက်လိုပါကြောင်းကို ခွင့်တောင်းသည်ရှိသော် သင်္ဘောသူကြီးကလည်း သားသွီးရင်းချာကဲ့သို့ ချစ်ခင်ကြင်နာခြင်းရှိရကား မင်းသား မင်းသမီးတို့ကို အဘိုးအခမရှိ မိမိသင်္ဘောဖြင့်တင်ဆောင်၍ သွားခြင်းငှါ ခွင့်ပေးလေ၏၊ ထိုအခါဝယ် နွယ်လာသမ္ဘိန် ကေရိန်ဘွား မင်းနှစ်ပါးလည်း မြတ်ဘုရားစွယ်တော်ကို ပူဇော်ဆောင်ယူပြီးကာ သမုဒ္ဒရာ အဏ္ဏဝါ ရံဆီး ကျွန်းသီးရေညှို သီဟိုဠ်သို့ကူးကြလေသတည်း၊ ထိုအခါ နဂါးဂဠုန် အလုံးစုံသောသတ္တဝါအပေါင်းတို့သည် ဝိုင်းအုံချီးမြှင့် ပူဇော်ခွင့်ကိုရကြသည့်အခိုက် ဦးခေါင်းဖြင့်ဦးတိုက်၍ အလိုက်ဘာသာ များစွာ ပူဇော်ကြလေ၏။

နာဂဝေဂေန ဂန္ဓာ ဒေဝနာဂသုဗဏ္ဏာ မဟန္တံ ပူဇံ ကရိတွာ။
[ဓာဌာဓာတုဝင်ကျမ်းပါဠိ။]

ထိုသို့ နဂါး, ဂဠုန်, ဂုမ္ဘဏ်, ယက္ခ, ဂန္ဓဗ္ဗတို့၏ပူဇော်သက္ကာရကို ပြုကြစဉ်အခါ မြတ်စွာဘုရား၏စွယ်တော်ကို ပူဇော်ခြင်းငှါ ဟေမမာလာမင်းသမီးသည် ရွှေကြုတ်မှထုတ်သောခဏ စွယ်တော်ဓာတ်မြတ်သည် မင်းသမီး၏လက်မှ ကောင်းကင်သို့ ပျံတက်၍ ရောင်ခြည်တော်ကွန်ယက်ကိုထက်ဝန်းကျင်လွှတ်တော်မူပြီးလျှင်ဟေမမာလာမင်းသမီး၏ ဆံထုံးထက်သို့ ပျံတက်၍တည်တော်မူ၏။

ပဝိသိ သုဂတဒါဌာဓာတု သာမောလိမ္ဟိ ပုန ဂဂန-
တလမှာ ဩတရိတွာန တဿာ။
[ဒါဌာဓာတုဝင်ကျမ်း။]

ထိုအခါ နဂါးတို့သည် အထူးထူးအပြားပြား များစွာပင် ပူဇော်ကြငြားသော်လည်း အားရရောင့်ရဲခြင်းမရှိနိုင်ရကား တန်ခိုးကြီးကုန်သောနဂါးတို့သည် ခုနစ်ရက်ပတ်လုံး သမုဒ္ဒရာအလယ်၌ လှေသင်္ဘောကိုမလှုပ်မရှား မသွားစေဘဲတည်စေ၍ များစွာပူဇော်ကြလေ၏၊မင်းသားမင်းသမီးတို့သည် သင်္ဘောမလှုပ်မရှားမသွားသောအဖြစ်ကို သိကြလေသော် အလွန်ကြောက်ရွံ့ခြင်း စိတ်နှလုံးရှိကုန်ရကား ယခင်စောင်မသောရဟန္တာအရှင်ကို အောက်မေ့တသလျက် ပြင်းစွာငိုကြွေးကြကုန်၏၊ ထိုအခါ ဝသီပတ္တ ဆဠဘိညအရှင် ဖြစ်တော်မူသော ရဟန္တာကိုယ်တော်မြတ်က မင်းသားမင်းသမီးတို့ ငိုကြွေးတသသော အသံကို ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် သိမြင်တော်မူသောကြောင့် လျင်မြန်စွာ ဈာန်တန်ခိုးဖြင့် ကြွလာတော်မူ၍ ယခင်ကဲ့သို့ ဂဠုန်အသွင်ဖန်ဆင်း၍ နဂါးတို့ကို ခြိမ်းချောက်တော်မူမှ လှေသင်္ဘောသွားသတည်း။

ဝိရူဠှသရိရံ မာပယိတွာ မဟန္တံ ဘယဝကုင္ဂံ ဘုဇဂေ
ပလာပေသိ ဒိပ္ပံ။
[ဒါဌာဓာတုဝင်ကျမ်း။]

ထို့နောင် မကြာမီ လင်္ကာဒီပ ကျွန်းဌာနသို့ ရောက်ကြရန်အခွင့်အသင့်သည်ပိုး ရဟန္တာမြတ်တန်ခိုး စွယ်တော်မြတ်တန်ခိုး ကြောင့်

ဇမ္ဗူကောလပဋ္ဋန သင်္ဘောဆိပ်သို့ ရောက်ကြသတည်း၊ ထိုအခါ အနုရာဓမြို့သို့သွားရန် လမ်းစခန်းစဉ်ကို ကုန်သည်များအထံ မေးမြန်းပြီးလျှင် သင်္ဘောမှဆင်းသက်၍ အစဉ်တစိုက် ခမည်းတော်မှာလိုက်တိုင်းသွားကြလေသော် ခမည်းတော်ဂုဟသီဝမင်း၏ အဆွေတော်ရင်း မဟာသေနမင်းစံနေတော်မူရာ အနုရာဓမြို့သို့ ရောက်ကြလေ၏။

ဒန္တကုမာရ, ဟေမမာလာမင်းနှစ်ဖြာတို့ စွယ်တော်ကိုပင့်ယူ၍
သီဟိုဠ်သွားခဏ်း ပြီး၏။

---

## ၃၉။ အနုရာဓမြို့သို့ရောက်၍ သဃ်ရိ မထေရ်အား လျှောက်ထားခဏ်း

ထိုအခါ ဟေမမာလာမင်းသမီးနှင့် နွယ်သီးမပြား ဒန္တကုမာရမင်းသား နှစ်ပါးမောင်မယ် မြတ်မျိုးနွယ်တို့သည် ဘုန်းကြွယ်ပိတာ ခမည်းတော်မိန့်မှာချက်အရ ဒိပပိုင်နင်း မဟာသေနမင်း၏ ကြောင်းချင်းဖြစ်ထွေ မေးမြန်းလေသော်—

"မဟာသေန သီဟဠမင်း နန်းခင်းမမွေ့, နတ်ပြည်မျှော်ပြီ ဘုန်းဟော့ထီးဘွားနန်းညွန့်ထားသော သားတော်ကိတ္တိ သိရိမေဃ အဘရိုက်ရာ ဆက်ကာယူခံ နန်းစံအုပ်စိုး ကိုးနှစ် တိုင်တိုင်ရှိပါပြီ"—

ဟု အညီအညာ များတကာတို့ မှန်ရာသဘော တင်လျှောက်ပြောက မင်းစောဘွား နတ်ရွာလား၍ လွမ်းအားမပြေ မျက်ရည်မစဲ ဂမ်းထဲပူမီး ဘိစီးတောက်ထိန် အရှိန်မသတ် ရှိလတ်တုံရှောင်း နောက်ထပ်လောင်း၍ မင်းကောင်းမင်းမြတ် ဘနတ်ဘုန်းဝေ မိတ်ဆွေရင်းချာ မဟာသေန ရာဇသေဌ်နင်း သီဟိုဠ်မင်းသည် မကင်းဓမ္မတာ နတ်ရွာပြောင်းစံ တင်လျှောက်သံကို ထပ်မံ၍ကြားပြန်က ဒုက္ခတွေကြုံ မီးတပုံတွင်ပေါင်းအုံရေယှက် မီးတပုံဆက်သောကြောင့် အသက်ပြောင်းပြန် အုသဲလန်မျှ ခန္ဓာပြတ်ကြွေ သေလုခမန်း ပင်ပန်းရှိရှား တအားနွံနွံ ငိုမဲ့မဲ့နှင့် ယိုတဲ့မျက်ရည် မဆည်တတ်နိုင် တောင်ယိုင်မြောက်ယိမ်း ဖြေသိမ်းမရ သောကပရိဒေဝ ဒုက္ခဘိစီး တောင်ကြီးစတေ ဖုံးအုပ်လေသို့

ပြင်းစွာတွေဝေ ပရိဒေဝ ဒုက္ခဘိစီး သောကမီးကြောင့် မင်းသမီး မင်းသားတို့အား ဆယ်ပါးဒိသာ စကြဝဠာပတ်ကုံး မိုယ်းလုံးမဲမဲ တခဲ နက်မှောင်ကြီး ဖိတ်ဆီးဝန်းကျင် ရှိသကဲ့သို့ဖြစ်၍ ထင်ကုန်၏။

ထို့ကြောင့် ဒါဌာဓာတုဝင်ကျမ်း၌—

သောကေန တေ သိခရိနေဝ သမုဂ္ဂတေန၊
အဇ္ဈောတ္ထဋာ ဗဟုတရံ ဝိလပိံသု မူဠှာ။
ခါယိံသု တေသ မထ မုဠ္ဌိတမာနသာနံ၊
သဗ္ဗာဒိသာစ ဝိဒိသာစ ဃနန္ဓကာရာ။ ။

ဟူ၍လာ၏။

**အနက်။** ။တေ၊ထိုမင်းသားမင်းသမီးတို့ကို။ သမုဂ္ဂတေန၊ကောင်း စွာ တက်သော။ သိခရိနာ၊ ကျောက်စွန်ကျောက်ဆောင် များမြောင် အထွတ်ရှိသော တောင်ကြီးသည်။ အဇ္ဈောတ္ထဋာဣဝ၊ ဦးထိပ်အလုံး လွှမ်းဖုံးအုပ်မိုးအပ်ကုန်သကဲ့သို့။သောကေန၊ခမည်းတော်ဘုရား ကျွန်း ခြားသီဟိုဠ် နဂိုရ်ရာဇာ နတ်ရွာစံပျော် မင်းနှစ်ဖော်တို့ကို တသခေါ်ဆို ငိုယိုပူဆွေးခြင်းသောကသည်။ အဇ္ဈောတ္ထဋာ၊ လွှမ်းမိုး ဘိစီးအပ်ကုန် သည်ဖြစ်၍။ မူဠှာ၊တွေဝေကုန်သော။ တေ၊ ထိုမင်းသား မင်းသမီးတို့ သည်။ ဗဟုတရံ၊ အလွန်များစွာ။ဝိလပိံသု၊ငိုယိုယောင်ယမ်း ဆိုမြည် တမ်းကြကုန်၏။ အထ၊ထိုအခါ၌။ မုဠ္ဌိတမာနသာနံ၊ သောကဗျာပွေ တွေဝေသောစိတ်ရှိကုန်သော။ တေသံ၊ထိုမင်းသား မင်းသမီးတို့အား။ သဗ္ဗာဒိသာစ၊ ခပ်သိမ်းသော တူရူအရပ်တို့သည်၎င်း။ ဝိဒိသာစ၊ အထောင့်အရပ်တို့သည်၎င်း။ ဃနန္ဓကာရာ၊တခဲနက် မိုက်မှောင်အတိ ရှိကုန်သကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ ခါယိံသု၊ထင်ကုန်ပြီ။

ဃနန္ဓကာရာတိ ဗလန္ဓကာရာဝိယ ဟုတွာ-ခါယိံသုတိ ဝုတ္တံ။
[၎င်းဋီကာ။]

ထို့နောက်မှ ဂုဟသီဝ ရာဇကေရာင် ရင်နှစ်သည်းချာ ဟေမမလာ မင်းသမီးနှင့်နွယ်သီးမခြား ဒန္တကုမာရမင်းသား မောင်မယ် နှစ်ပါး တို့သည် ငိုအားမစဲ ကျမျက်ရည်ထွေထွေရွဲလျက် ဝမ်းထဲမသက်သာ

ညှိုးမျက်နှာရှိသဖြင့် ကိတ္တိသိရိမေဃ ရာဇထံမှောက်သို့ ဝင်ရောက်ခစား ခြင်းငှါမဝံ့၊ ကြောက်ရွံ့သည်ဖြစ်ရကား ဤသို့တဘန် အကြံဖြစ်ပြန်၏၊

"ရဟန်းတော်တို့မည်သည်ကား သနားတတ်သောကရုဏာ သည် မကွာနိစ္စ ရှိတတ်ကြ၏၊ သပြေတည်ထွန်း ဇမ္ဗူကျွန်းမှ ဖြန့်ယွန်းကူးလာ ကြောင်းရာကုန်စင် လျှောက်တင်ပြီးခါ လင်္ကာ ဒေါ်ညွန်း သီဟိုဠ်ကျွန်း၌ ခင်ပွန်းမိတ်ဆွေ အခြေပြုရာ မရှိပါ၍ မျက်နှာညှိုးငယ် ကိုးကွယ်မရရှိပါကြောင်းကို လျှောက်ထားရ လျှင် ကြည့်ရှုစောင်မရန်အကြောင်းရှိရာ၏"—

ဟု ကြံ၍ မဟာဝိဟာရ ကျောင်းတိုက်သို့ ဝင်ပြီးလျှင် သဃ်ရိ မထေရ်မြတ်ထံ ချဉ်းကပ်၍ ငါးရပ်သော ထိခြင်းဖြင့် ရှိခိုးဦးနှိမ် သုံးကြိမ်သုံးဘန်ညွတ်တွားလျက် ဝပ်ပျားရှိသေ နေထိုင်ကြရာ မဟာ သဃ်ရိမထေရ်က သာကြည်ပြုံမှ်လေး မေးတော်မူသည်ကား—

"အနေအထိုင် ခံ့ခိုင်ကျော့ရှင်း အဆင်းရုပ်ဝါ လှပစွာနှင့် အင်္ဂါ လက်ခြေ ပြေပြစ်ချောသွယ် ရှုဘွယ်မပြောင်း ကောင်းသောလက္ခဏာ ပုံပန်းမှာမူ တေဇာမောက်ဖြိုး မျိုးရိုးဇာတိ သာကိန္ဒယ်ဝင် မှတ်ထင် စရာ ယခုမှာမူ မျက်နှာမကောင်း နွမ်းဟောင်းဝတ်လဲ ညစ်မွဲမပြောင် အရောင်မရှွန်း အစွန်းစွန်းနှင့် ဘယ်ကျွန်းဒီပါ ဘယ်ရွာဘယ်မြို့ ဘယ်တိုင်းတို့က ဘယ်သို့တစိ ကိစ္စရှိ၍ လာဘိသနည်း"—

ရှိုးစည်းကုန်စင် သဃ်ရိမည် မထေရ်အရှင် မေးရာတွင်မှ အရေး ကုန်စင် လျှောက်ပန်ဆင်သည်မှာ—

၁။ "ဘုရားပွင့်ရာ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းက ဖြန့်ယွန်းလာ ပါကြောင်း,

၂။ လင်္ကာဒီပ နာမဒေါ်ဆို သီဟိုဠ်မည်ညွန်း ဤသည့်ကျွန်း၌ ခင်ပွန်းမိတ်ဆွေ တည်းနေထိုင်ရာ မရှိပါ၍ ချမ်းသာမရ ဒုက္ခ တွေ့ကြုံ လှုပ်ပုံမပေါ်က် ထံတော်မှောက်သို့ လာရောက်ရပါ ကြောင်း,

၄။ တပည့် ဒကာတော်မှာ ပြည်ကျော်ပူရီ ဥဇ္ဇေနီက မဟီမိပတိ ဘူမိပါလ နရမှန်ကင်း ဘုရင်မင်း၏ သားရင်းအစစ် ဒန္တကုမာရမင်းသားဖြစ်ပါကြောင်း,

၅။ ကာလိင်္ဂပြည် ဘုန်းစည်ထွန်းပ ဂုဟသိဝ နာမမည်သီး ဦးရီးတော်မြတ် လောကနတ်က ရင်ခွတ်သည်းချာ ဟေမမာလာ လှကလျာနှင့် ရွှေမှာမြတင် လက်ထပ်ပွဲယင်ပြီးလျှင် တိုင်းခွင်ပြည်ရေး ရှုပ်ထွေးစစ်မက် မငြိမ်သက်၍ ကိုယ်ဘက်ရှုံးမည် အတည်မကျ ကြားသိရလျှင် "ဗုဒ္ဓမြတ်စွာ မဟာအတုလ သုံးလူ့ဘ၏ ကာယအစိပ်အဆစ် စွယ်တော်မြတ်အစစ်ကို ယူလစ်တိမ်းရှောင် တောတောင်ပုန်းကွယ် ဇင်ကြယ်သီလ ပြာဟ္မဏအလား ပုဏ္ဏားအယောင် တူစွာဆောင်၍ လွတ်အောင်အရေး သီဟိုဠ်သို့ပြေးကြ၍ ငါ၏သဟာယ အဒိဋ္ဌမိတ်ဆွေ မဟာသေန ရာဇသေဋ္ဌနင်း ပြည်ရှင်မင်းသို့ ဆောင်နင်းပေးဆက်လော့"ဟု မင်းစောရာဇာ မိန့်အာဏာကြောင့် လက်ာဒိပ နာမခေါ်ညွှန်း ဤရပ်ကျွန်းသို့ မစွန်းမငြိ မထိဘေးရန် ကူးရောက်သည်အမှန်ဖြစ်ပါကြောင်း"—

ကို လုံးပေါင်း၍ လျှောက်ပြီးသော် စွယ်တော်ရွှေကြုတ်မှ ထုတ်၍ ပြကြလေသတည်း။

ထို့ကြောင့် ဒါဌာဓာတုဝင်ကျမ်း၌—

သယ်ရိမဟာထေရဿ သန္တိကံ ဂန္ဒ္ဗာ ဝန္ဒိတွာ ကေမန္တံ နိသိဒိတွာ ဒန္တဓာတုံ ဇမ္ဗုဒိပတော ဂဟေတွာ အာဂတဘာဝံ အာရောစေတွာ ဒဿေသိ။

ဟူ၍လာ၏။

ထိုအခါ သယ်ရီမထေရ်မြတ်သည်လည်း စွယ်တော်အစစ်ကို နှစ်သက်မြတ်နိုးခြင်း လွန်မင်းစွာရှိသည်ဖြစ်၍၎င်း, ဘုရားပွင့်ရာ ဇမ္ဗုဒိပါ လက်ျာတည်ထွန်း တောင်ကျွန်းသပြေ ရပ်ဝေးမြေက ရေပင်လယ်ဆီး လှိုင်းကြီးမို့မို့ ငါတို့သီဟိုဠ် ကူးခိုရောက်ငြား မင်းသားမင်းသမီးနှစ်ပါးတို့ကို သနားခြင်းရှိသည်ဖြစ်၍၎င်း အားပေးအားမြှောက် အထောက်အပံ့ကိုပြုပြီးလျှင် ဤသို့ဆင်ခြင်ပြန်၏။

"ထိုမင်းသားမင်းသမီးတို့သည် ခရီးပင်ပန်း ကိုယ်လက်နွမ်း၍ မချမ်းမသာ ငါ့နေရာသို့ မျက်နှာညှိုးငယ် နိကယ်မလှ ရောက်လာကြသည်၊ ငါမှတပါး အားကိုးစရာ ဘယ်မှာတစ်ရှိတော့အံ့နည်း၊ သိမ်းဆည်းကြည့်ရှု ငါမပြုဘဲ သွေ့လွဲရှောင်ခွါ နေခဲ့ပါမူ ရာဇသေဠ်နှင်း မင်း၏ရင်သွေး လူကလေးတို့မှာ နေရေးထိုင်ရေး ဝတ်ရေးစားဘွယ် အလွယ်မရ ဒုက္ခပွါးပို ငြိုငြင်ဆင်းရဲ မလွဲမသွေ ဖြစ်တို့လေအံ့၊ မင်းသမီးမင်းသားတို့ အားထားကိုးကွယ်ရာ မြတ်စွာဘုရား၏ ဓာတ်သွားတော်မြတ် စွယ်တော်ဓာတ် ပါလာကြောင်းနှင့် မင်းကောင်း နရိန္ဒ သာသနဒါယကာ သဒ္ဓါရှန်းငြိ ကိတ္တိသိရိမေဃ တေဇပွင့်လင်း သီဟိုဠ်မင်း၏ရှေ့တော်မှောက်သို့ ရောက်အောင်မချို သွင်းပို့ရသော် သင့်လျော်လျောက်ပတ်ရာ၏"—

ဟု ဆင်ခြင်တော်မူပြီးမှ မဟာဝိဟာရကျောင်းတိုက်အတွင်း ရှင်းလင်းသုတ်သင် တန်ဆာဆင်စေလျက် ကြက်သရေမင်္ဂလာတင့်တယ်စွာ သောနေရာ၌ မဟာအတုလ သမ္မာသမ္ဗုဒ္ဓ လောကထိပ်နှင်း တရားမင်း၏စွယ်ဇတော်ဓာတ်ကို အမြတ်အဖျား တင်ထားပြီးလျှင် ရဟန်းတပါးကိုခေါ်၍ အမိန့်တော်ဤသို့ရှိ၏။

"ငါ့ရှင်ရဟန်း…မင်းခမ်းသဘင် စံရှင်ကျင်းပ ကိတ္တိသိရိမေဃ နရမှန်ကင်း မင်း၏အထံသို့သွား၍ စကားဤသို့ ကြားတုံမြို့လော့၊ လူနတ်တို့ဆရာ သမ္မာသမ္ဗုဒ္ဓ လောကမျက်ရှု သဗ္ဗညုတို့ အောင်ဆုခွေရာ မဇ္ဈိမာဒေသ ဇေယျကြွင်နှန်း ညောင်နန်းဗောဓိ တည်ရှိပေါ်ထွန်း ဇမ္ဗူကျွန်း၌ မော်ကွန်း တန်ဆောင် စိုက်ထောင်ပွင့်လင်း ကာလိင်္ဂမင်း၏ အရင်းအစစ်

ချစ်၍မငြိုး သို့းတော်ဟေမမာလာ အောင်ချာပူရိ ဥဇ္ဇေနီမင်း မျက်ကွင်းပတ္တမြား သားတော်ဒန္တကုမာရ ဆွေမယ်မောင်နှမတို့ ပြာဟ္မဏအသွင် ဘန်စီရင်၍ ဘခင်မြတ်လှ ဂုဟသိဝ နာမ ကျော်ရှိန့် မင်းနရိန်က မုနိန်မြတ်စွာ ဓာတ်ဒါဌာကို ရတနာ ရွှေကြုတ်နှင့်တကွ သီဟဠကျွန်း ဖြန့်ဝန်းအာဏာ မဟာသေန တေဇလျှံဘိတ် ငါ့မိတ်ဆွေရင်း ပျော်ခင်းစံရာ ကျွန်းလက်ာသို့ ယူကာဆောင်သွား အမိန့်တော်ထားသည်နှင့် နှစ်ပါးမောင်မယ် စွယ်တော်ကိုယူဆောင်၍ ကျွန်းဘောင်ရေည့် အီပိုင့်သို့ ဆိုက် မှာတော်မူလိုက်သော ခမည်းတော်မြတ်စကားဖြင့် မင်းဖျားရာဇ မဟာသေနမင်း၏ အကြောင်းကို မေးသော် အရေးမလှ နတ်ရွာကြွကြောင်းကိုကြားလျှင် အားထားစရာ မရှိပါ၍ မဟာဝိဟာရ ကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိသောသဃ်ရိ မထေရ်ထံမှောက်သို့ ရောက်ရာတွင် သုံးလူ့ရှင် စွယ်တော် ဓာတ်သည် မြတ်ရာတင်ထား ထင်လျှားယခု ရှိပါကြောင်း သာသနဒါယကာ သဒ္ဓါလက်ရှိ ကိတ္တိသိရိမေဃ မင်းထံ အကြောင်းကြားရမည်’’ဟု စေခိုင်းတော်မူ၏။

ထို့ကြောင့် ဒါဌာဓာတုဝင်ကျမ်း၌—

ဒဿေတွာပန ပီတိဖုဋ္ဌော ဥဘိန္နံပိ သင်္ဂဟံ ကတွာ မဟာ-ဝိဟာရံ အလင်္ကာရေတွာ ဇိနဒါဌာဓာတုံ ဌပေတွာ ကော ဘိက္ခူ ပေသေတွာ တံပဝတ္တိံ ရညော အာရောစာပေသိ။

ဟု မိန့်အပ်ပြီ၊ ယင်းသို့နှင်နှင် သဃ်ရိမထေရ် စေခိုင်းတော်မူသော စကားအတိုင်း ကိတ္တိသိရိမေဃမင်းထံ ရဟန်းတပါးသွား၍အကြောင်းကြားလေ၏။

**အနုရာဓမြို့သို့ရောက်၍ သဃ်ရိမထေရ်အားလျှောက်ထားခန်းပြီး၏။**

---

## ၄၀။ စွယ်တော်ဓာတ် ရောက်ကြောင်းကြား၍ ကိတ္တိသိရိမေဃမင်း ထွက်ကြွပူဇော်ခန်း

ထိုအခါ ကိတ္တိသိရိမေဃမင်းသည် သတင်းမင်္ဂလာ ကြားသောခါ၌ အလွန်ဆင်းရဲလှစွာသော ယောက်ျားသည် ကံအားလျော်စွာ

စကြာမင်းစည်းစိမ် ရိပ်ငြိမ်ရွှန်းဝေ အသရေရှိသောသူ၏ အဖြစ်သို့ ရောက်သောအခါ လွန်စွာဝမ်းမြောက်ခြင်း ပီတိပါမောဇ္ဇဖြစ်သကဲ့သို့ ထိုနည်းတူစွာ တကြိမ်တခါ ဖူးတွေ့ရမည်ကိုမဆိုထားဘိ၊ ကြားသိရန် အလွန်ခက် အိပ်မက်တွင်မှ မမြင်မက်ဘူးသော အထူးအမြတ် စွယ်တော်ဓာတ်သည် စံတည်တော်မူရာ အနုရာဓ သာစွာ့အုပ်မှိုင်း တိုင်းတော်ပြည်တော်အတွင်း မဟာဝိဟာရ ကျောင်းတိုက်၌ ကိန်းပိုက်တော်မူကြောင်းကို ကြားသိတော်မူသော ခဏ၌ သောမနဿပီတိ ဆိထိသောဂွမ်းကဲ့သို့ ဝမ်းမြောက် နှစ်သက် ကိုယ်လက်စိမ့်စိမ့် တုန်ဖိမ့်ချမ်းမြ ကြက်သီးထလျက် အားရရွှင်လန်းတော်မူ၏။

ထို့ကြောင့် ဒါဌာ ဓာတုဝင်ကျမ်း၌—

တံ သုတွာ ရာဇာ ပီတိပါမောဇ္ဇော စက္ကဝတ္တိသိရိပတ္တော ဒလိဒ္ဒေါဝိယ။

ဟူ၍မိန့်တော်မူ၏၊ ထို့နောင် ကိတ္တိသိရိမေဃမင်းသည် ခင်းကျင်းအပ်သော ရဲမက်ဗိုလ်ပါ ဝန်းရံကာလျက် မဟာဝိဟာရ ကျောင်းထက်သို့ ထွက်၍ တုဘက်မရှိသော မြတ်စွာဘုရား၏ စွယ်တော်မြတ်ကို ပူဇော်ရှိခိုးရလျှင် အလွန်သက်ဝင် ကြည်ညိုခြင်းရှိရကား ဤသို့အကြံဖြစ်ပြန်၏၊ "လူနတ်တို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား၏ စွယ်တော်ဓာတ်ကို သာမညဝတ္ထုဖြင့် ပူဇော် လှူဒါန်းခြင်းငှါ မသင့်ပေရာ၊ သူတကာတို့ လှူနိုင်ခဲသော ရတနာတို့ဖြင့် ခြယ်စီအပ်သော မင်္ဂလာ သကျစ်ရတနာကို ငါလှူဒါန်းအံ့" ဟု ကြံ၏၊ ထို့နောင် ဤသို့အကြံဖြစ်ပြန်၏။

"ဤမျှလောက် ဝတ္ထုဖြင့် သဗ္ဗညုဘုရားရှင်၏ ဖြူစင်ဆွတ်ဆွတ် စွယ်တော်မြတ်နှင့် လျောက်ပတ်မည်မဟုတ်ချေသေး၊ စည်းစိမ်ဥစ္စာရတနာနှင့်တကွ လက်ာဒီပ ကျွန်းအလုံးဖြင့် ပူဇော်ခြင်းငှါ လျောက်ပတ်၏" ဟုအောက်မေ့ပြီးလျှင် မြတ်စွာဘုရား သခင်၏ ဘုန်းတော်ခြောက်တန် ဥဏ်တော်ဆယ်ပါး အားတော်ဆယ်မျိုး တန်ခိုးတော် အပေါင်းနှင့်တကွ ကောင်းမြတ်သော ပြည်နိဗ္ဗူသို့ တင်ယူတော်မူပေသော ကျေးဇူးတော်အစုံ ဂုဏ်တော် အပေါင်းတို့ကို အဘန်တလဲလဲ ဆင်ခြင်သည့်

ရှိသော် "ပြော်ငါသည်ကား ကြီးမားသော စည်းစိမ်ချမ်းသာကို ရပါ လျက် ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံတော်မူပေသော ဘုရားရှင်ကို မဖူးမြင်ရချေ၊ ကိုယ်တော်မြတ်၏ အစိပ်အဆစ်ဖြစ်သော စွယ်တော်ကို သာလျှင် ဖူးမြင်ရပါတော့သည်တကား"ဟု မျက်ရည်စီးယိုငိုကြွေးမြည် တမ်းသည်ရှိသော် သတိမေ့လျော့ခြင်းသို့ ရောက်လေ၏။

အာပဇ္ဇိ သော မိတိယုဇ္ဇော ပိဝိသညိဘာဝံ။
[ဒါဌာ ဝံသတုဝင်ကျမ်း။]

ထို့နောင် သတိရသဖြင့် များစွာရှိခိုးပြီးလျှင် "ဘုရားရှင်ကို မဖူးမြင် ရသော်လည်း ကိုယ်တော်မြတ်၏ စွယ်တော်ဓာတ်ကို ဖူးမြင်ရခြင်း, လှူဒါန်းပူဇော်ရခြင်းသည် နတ်ရွာနိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်း မှုကုသိုလ်ဖြစ်ပေလတ္တံ့"ဟု ကြီအောက်မေ့ပြန်သည်ရှိသော် အလွန် နှစ်သက် ရွှင်လန်း ဝမ်းမြောက်ခြင်းရှိရကား ဘုရားရှင်စွယ်တော်မြတ် ကို စည်းစိမ်ဥစ္စာနှင့်တကွ သီဟိုဠ်တကျွန်းလုံး၌မင်းဆုံးအဖြစ်ဖြင့်ပူဇော် လေ၏။

ပူဇေသိ သဗ္ဗမ္ပိ သီဟဠမေကံ။

**အနက်။** ။သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဧကံသီဟဠံ၊ တကျွန်း လုံးသော သီဟိုဠ်ကျွန်းကို။ ပူဇေသိ၊ ပူဇော်ပြီ။

စွယ်တော်ဓာတ်ရောက်ကြောင်းကြား၍ ကိတ္တိသိရိမေဃမင်း
ထွက်ကြိုပူဇော်ခဏ်းပြီး၏။

---

## ၄၁။ ကိတ္တိသိရိမေဃမင်း ကုဏ္ဍုနွဖြစ်၍ ကောင်းကင်သို့ပျံ၍ တန်ခိုးပြခဏ်း

ထိုကာလ၌ သီဟိုဠ်ကျွန်းဝယ် ပိဋကတ်သုံးပုံကို အာဂုံနှုတ်တက် ဆောင်ရွက်လေ့လာ ပညာကြီးမားသော ရဟန်းတို့သည်လည်း များ စွာရှိကုန်၏၊ ထိုရဟန်းတို့သည် စွယ်တော်ရောက်ကြောင်းကို သိကြ သဖြင့် လူပရိသတ်တို့နှင့်တကွ များစွာလာရောက် စည်းဝေးကြကုန်၏၊ ထိုအခါ ပရိသတ်နှင့်တကွ မင်းကြီးသည်—

> "စွယ်တော်ဓာတ်စစ်မှ ဟုတ်ပါအံ့လော, မဟုတ်လောဟု တွေးတောပြောဆိုကြကုန်၏၊ ငါတို့၏အမိဖြစ်သော ယျ သုံးလောက မျက်ရှု သဗ္ဗညုရှင်တော်ဘုရားသည် ဖြူစင်သောစွယ်သွားတော် ရှိတော်မူ၏၊ အကယ်၍ ဘုရားမြတ်၏ စွယ်ဓာတ်တော်စစ် ဖြစ်ပါမူ ဖြူသောအဆင်းအရောင်သာလျှင် ရှိရာ၏၊ ဤစွယ်တော်မှာမူကား အချို့သောအရပ်၌ချိပ်ရည်အသွေးကဲ့သို့တွေးတွေး နီမြန်း၏၊အချို့သောအရပ်၌ သိင်္ဂနီကျွဲရွှေအရောင်, အချို့သောအရပ်၌ ခရသင်းပွတ်သစ် ငွေကြုနှစ်အတူ ဖြူသောအဆင်းအရောင်ရှိ၏၊ အချို့သောအရပ်၌ မုလေးငုံ အဆင်းကဲ့သို့ စဉ်းငယ်ဖြူနီရောင်ရှိ၏၊ဘုရားကိုယ်တော်မြတ်၏စွယ်ဓာတ်တော် အစစ်မှဟုတ်ပါအံ့လော"—

ဟု ပြောဆိုကြသည်ရှိသော် ထိုအခါ၌ သမ္ဗုဒ္ဓကိုယ်တော်မြတ်၏ စွယ်တော်ဓာတ်သုံးလူ့ရှင်သည် ကောင်းကင်သို့ ပျံတက်၍ နှစ်သက်ဘွယ်အတန်တန် လျှင်မြန်ခြင်းအဟုန်ဖြင့် တောင်ပံကို ဖြန့်ကျင်း၍ ဟင်္သာမင်း၏ပျံခြင်းကဲ့သို့ အဇဋာကောင်းကင်ရပ်၌ အထပ်ထပ်ပျံလည်၍ ရောင်ခြည်တော်ကွန်ယက်ကို ထွက်စေတော်မူလျက် ရွှေကြုတ်ထက်သို့သက်၍ တဘန်တည်တော်မူပြန်၏။

ထိုအခါ မင်းကြီးသည် ရူးစမ်းလိုပြန်သည်ဖြစ်၍ ကောင်းမြတ်သောနေရာ၌ နူးညံ့သိမ်မွေ့လှစွာသော အခင်းတို့ကို အထပ်ထပ်ခင်းကျင်းစေ၍ စွယ်တော်ကိုပင့်ထားပြီးလျှင် ဖြူသန့်စင်ကြယ် စံပယ်ပန်း,မုလေးပန်းတို့ဖြင့် ဖုံးအုပ်ပိတ်ကာသည်ကိုပြု၏၊ ထိုအခါ စွယ်တော်မြတ်သည် အလိုလိုပျံတက်၍ ပန်းစု၏အထက်၌တည်တော်မူလျက် ဘော်စင်ငွေတူ ပုံယူနိုင်းစပ် ပန်းဇလပ်အသွေး မုလေးပွင့်နှယ် စံပယ်ကြက်ရိုး ဂမုန်းလဝန်းပွင့်အတူ ဖွေးဖွေးဖြူသော ဩဒါတရောင်ခြည်တော်ကိုပတ်လည် ဝန်းကျင် ဆယ်ခွင်သောအရပ်ကို နှံ့စပ်စေတော်မူလျက် မြင်သူခပင်းတို့၏ နှစ်သက်ခြင်းပီတိစိတ်ကြောင့် မမှိတ်သော မျက်စိရှိသည်တို့ကို ပြုတော်မူ၏။

ဥဂ္ဂမ္မ ဒိပ္ပမထ ဓာတု မုနိဿရဿ၊
သာ ပုပ္ဖရာသိ သိခရမှိ ပတိဋ္ဌဟိတွာ။
ရံသိဟိ သုဒ္ဓမဝလေဟိ ဝိရောစမာနာ၊
သမ္ပဿတံ အနိမိသေ နယနေ အကာသိ။ ။
[ဒါဌာဓာတုဝင်ကျမ်း။]

**အနက်။** ။အထ၊ ထိုအခါ၌။မုနိဿရဿ၊မုနိငါးပါးတို့ကိုအစိုးရတော်မူသော မြတ်စွာဘုရား၏။ သာဓာတု၊ ထိုစွယ်တော်မြတ်သည်။ ဒိပ္ပံ၊ လျှင်မြန်စွာ။ ဥဂ္ဂမ္မ၊ ပျံတက်တော်မူ၍။ ပုပ္ဖရာသိသိခရမှိ၊ ပန်းစု၏အထက်အစွန်း၌။ ပတိဋ္ဌဟိတွာ၊ တည်တော်မူ၍။ သုဒ္ဓမဝလေဟိ၊ သန့်ရှင်းဖြူစင်ကုန်သော၊ ရံသိဟိ၊ ရောင်ခြည်တို့ဖြင့်။ ဝိရောစမာနာ၊ တင့်တယ်တော်မူလျက်။ သမ္ပဿတံ၊ ရှုကြည့်သူလူအပေါင်းတို့အား။ ဝါ၊လူအပေါင်းတို့၏။ အနိမိသေ၊မမှိတ်ကုန်သော။နယနေ၊မျက်စိတို့ကို။ အကာသိ၊ပြုတော်မူပြီ—

[ရံသိဟိသုဒ္ဓဓဝလေဟိတို့သည် လိင်မတူသော်လည်း ဝုစ်တူသောကြောင့် ဝေသာလိယာပုရေ၌ကဲ့သို့ဝိသေသန,ဝိသေသျအနက်ယောဇနာလိုက်သည်။]

**တနည်းကား။** ။သုဒ္ဓဓဝလေဟိ၊ ဖုံးအုပ်၍ထားသော စင်ကြယ်ဖြူနုလျက် နှစ်သက်ဘွယ် အဆင်းရှိသော မုလေးပန်းတို့မှ။ နိက္ခမ္မ၊ ထွက်၍။ ဥဂ္ဂမ္မ၊ အထက်သို့ပျံတက်၍။ ရံသိဟိ၊ ရောင်ခြည်တို့ဖြင့်။ ဝိရောစမာနာ၊တင့်တယ်လျက်။ သမ္ပဿတံ၊ ရှုမြင်သူလူခပင်းတို့အား။ အနိမိသေနယနေ၊ မမှိတ်သောမျက်စိတို့ဖြင့် တစိမ့်စိမ့်ကြည့်သည်တို့ကို။ အကာသိ၊ပြုတော်မူပြီ။

[ဤအလိုသုဒ္ဓဓဝလေဟိသည် ဝလာဟကာဝိဋ္ဌောတတေ ဝိဋ္ဌ၊ အစရှိသောပါဌ်တို့၌ကဲ့သို့ နိက္ခမ္မဟု ထုတ်အပ်သောကြိယာရှိသော ဥပ္ပတ္တိဝိသယအပါဒါန်တည်း။]

ကိတ္တိသိရိမေဃမင်း ကုဏ္ဍုံစွဖြစ်၍ ကောင်းကင်သို့ပျံ၍
တန်ခိုးပြခဏ်းပြီး၏။

## ၄၂။ ကိတ္တိသိရိမေဃမင်းသည် စွယ်တော်မြတ်ကို သုံးကြိမ်မြောက်ပူဇော်ခြင်း

ထို့နောင် မင်းကြီးသည် ထို့ထက်အလွန်ပူဇော်လိုပြန်သည်ဖြစ်၍ မြတ်သောသူတို့အားသာ ထိုက်သောငှက်ပျောညွှန့်ကဲ့သို့ နူးညံ့သိမ်မွေ့ ပြကတေ့ကျလှသော ဒုဂုလ္လပုဆိုးတစ်ရာဖြင့် အထပ်ထပ်ခေါက်လျက် စွယ်တော်ကိုဖုံးအုပ်၍ ထားပြန်၏၊ ထိုအခါ ဘုရားမြတ်ကိုယ်တော်၏ စွယ်တော်ဓာတ်အရှင်သည် ဖြူစင်သော မိုးတိမ်တိုက် အတွင်းမှ လွတ်ရှင်းကာ ထွက်ပေါ်လာသော ယုန်စန္ဒာလမင်း၏ အဆင်းတရ ထည် ရောင်ခြည်အသရေကဲ့သို့ ဖြူစင်သန့်ရှင်းစွာ တရာသောပုဆိုး ကို စွယ်တော်မြတ်တန်ခိုးဖြင့် ထိုးဖေါက်ခါထွက်ပြီးလျှင် ထိုပုဆိုးတို့ ၏ အထက်၌ ငြိမ်သက်စွာ တည်နေတော်မူလျက် ထွက်သစ်စ နေ လုလင်ပမာ ရောင်ဝါတောက်ထိန် ဝဇီရစိန်တနဲ ပုလဲအဟန် ပိတာန် ငွေရွက် စံပယ်ခက်ခြူးအုံ မှလေးငုံနှင့် ပုံစံနှစ်ယူ ကြာဖြူမသွေ ငွေပန်း အတူ ဖွေးဖွေးဖြူသော ဩဒါတရောင်ခြည်တော်ဖြင့် ဆယ်ဘော်သော ရပ်ခပင်းကို ထွန်းလင်းစေတော်မူသတည်း။

ထို့ကြောင့် ဒါဌာဓာတုဝင်ကျမ်း၌—

> အဗ္ဘုဂ္ဂတာယ ပရိဝတ္တသတာနိ ဘေတွာ၊
> သေတမ္ဗုဒေါဒရ ဝိနိဂ္ဂတစန္ဒိမာဝ။
> ဌတွာန သာ ဥပရိ တေသံ ပဘာသယိတ္ထ၊
> ရံသီဟိ ကုန္ဒဝိသဒေဟိ ဒိသာ သမန္တာ။ ။

ဟူ၍ မိန့်ဆိုအပ်၏။

**အနက်။** ။သာဒါဌာဓာတု၊ ထိုလက်ဝဲအောက်ဓာတ် စွယ်တော် မြတ်သည်၊ သေတမ္ဗုဒေါဒရ ဝိနိဂ္ဂတစန္ဒိမာဝ၊ ဖြူစင်သော မိုးတိမ် တိုက်မှထွက်သောလမင်းကဲ့သို့၊ ပရိဝတ္တသတာနိ၊ လွှမ်းမိုးဖုံးအုပ်ကာ တရာသောအဝတ်တို့ကို၊ ဘေတွာ၊ ဖေါက်ခွဲ၍၊ အဗ္ဘုဂ္ဂတာယ၊ အထက်သို့ပျံတက်၍၊ တေသံ၊ ထိုအဝတ်တို့၏၊ ဥပရိ၊ အထက်၌၊ ဌတွာန၊ တည်တော်မူ၍၊ ကုန္ဒဝိသဒေဟိ၊ မုလေးပန်းအဆင်း သန့် ရှင်းသော အခြင်းအရာရှိကုန်သော၊ ရံသီဟိ၊ ရောင်ခြည်တို့ဖြင့်၊

သမန္တာ၊ ထက်ဝန်းကျင်မှ။ ဒိသာ၊ အရပ်တို့ကို။ ပဘာသယိတွာ၊ မိုက်မှောင်ပယ်ရှင်း ထွန်းလင်းစေတော်မူပြီ။

[ခန္ဓာနည်းအလို-ကုန္ဒဝိသဒေဝဟိသည် ဝိသေသနနောက်နည်းအလို-ဥပ္ပလ္လိဝိသယ အပါဒါန်၊ ရုံသိပဒ်ကား—ရှေ့နည်းအလို ကရိုဏ်း၊ နောက်နည်းအလို ဝုဋ္ဌတ္တေရေန တံယေဝ ဘဏာပေဘ္ဘာန-ဟူသောပါဌ်၊ တန္တဝါယေပဒိဝဝရဲ ဝါယာပေယျ-ဟူသောပါဌ်တို့၌ ကရိုဏ်းပစ္စည်း၏အယှဉ် ဝုဋ္ဌတ္တေနေ-ပုဒ်, တန္တဝါယေပဒ်-ပုဒ်တို့သည် ကံအနက် ဖြစ်သကဲ့သို့ ရုံသိပုဒ်သည်လည်း ပဘာသယိတွာ၌ ကာယပစ္စည်း၏အယှဉ် ကာရိုက်ကံတည်း။ ဒိသာကား-အသဓာတ်၏ ကံတည်း၊ ကုန္ဒသဒ္ဒါသည် အမြို့အရာ၌ သင်းခွေပန်းကိုဟော၏၊ ဤအရာဝယ် မုလေးပန်းကိုဟော၏၊ ထို့ကြောင့် ၎င်းပါဌ်ဋီကာအဖွင့်၌ ကုန္ဒဝိသဒေဝဟိတိ သုမနပုပ္ဖသဒိသ ဝိသဒါကာရပဟိဟု-ဖွင့်၍ မိန့်အပ်၏။]

ထိုအခါ ပရိသတ်ခပဲတို့သည် ဤသို့ အလွန်အကဲ အံ့အဲမဆုံး ပတ်ကုံးထွက်လည် ဩဒါတ ရောင်ခြည်တော်နှင့်တကွ ပါဋိဟာရိယ တန်ခိုးတော်ကို ဖူးမျှော်ထင်ထင် မျက်မှောက်တွင်ဝယ် မြင်ဘိရကား ယုံမှားကင်းပျောက် ဘဝဂ်ရောက်မျှ သာဓုကာရ ခေါ်ဆိုကြလျက် ဗုဒ္ဓသခင် စွယ်တော်ရှင်ကို ကြည်လင်ပသန္န သဒ္ဓဟနလက္ခဏာ သဒ္ဓါလှိုင်းလိမ့် နှစ်သိမ့်အားရမ်း ဝါဂွမ်းဆီနှစ် ပီတိဖြစ်လျက် သက်တော်ထင်ရှား ဘုရားကိုယ်တော်ထင် ဖူးမြင်တွေ့ကြုံ အာရုံဇောစိတ်မနောညိတ်၍ ဦးထိပ်လက်မိုး ရှိခိုးပူဇော်ကြသူတထွေ ဗုဒ္ဓနွေနု တစုဝန်းလျား လူအများတို့မှာ လက်ဝါးရင်တီး အံ့ချီးကြွေးကြော် ဘာစ်အော်ဆုဝေ ဆွေမျိုးဉာတိအပေါင်း သံသြောင်းမြွက်ဘော် ခေါ်ကြအထူး ဗလဝသဒ္ဓါပူး၍ မိန်းမူးမှိုင်တွေ ရှိနေသူမရှား ရွှေ, ငွေ, မြ, ဖလ် လှူဒါန်းရန်အမျိုးမျိုး အဘိုးထိုက်ဝတ္ထု၊ အစုစု အငန်းငန်း အဆန်းဆန်းအဖုံဖုံ အပေါ်ရုံပုဆိုး ဘိုးမြတ်ရတနာ ဂိဝါလည်ဆွဲ ပုလဲပုတီး ငြီးငြီးရောင်လျှပ် အာရှိတပ်သား လက်စွပ်လက်ကောက် စိန်ကျောက်ဘတ္တမြား နားမှာနားပန် ဝတ်ဆင်ရန်တန်ဆာအထူးတို့ကို လွန်ကြူးသော သဒ္ဓါတရားကြောင့် လှူဒါန်းသူများလည်းတဖုံ စိတ်အာရုံပီတိပြောလျက် ထောမနာပြုကြသော ကောင်းချီးသံသည် အနရာစတေပြည်လုံး အုတ်အုတ်ကျက်ကျက်ညံသတည်း။

မင်းကြီးသည်လည်း မဖြစ်စဘူး ထူးကဲသော တန်ခိုးပြာဋိဟာကို ဖူးမြင်ရ၍ အလွန်နှစ်သက် ဝမ်းမြောက်ခြင်းရှိရကား များစွာသော ရတနာတို့ဖြင့် ပူဇော်ခြင်းကိုပြု၏။

ပူဇံ ကရိတ္တ မဟတိ ရတနာဒိကေဟိ။

ဒါဌာဓာတုဝင်ကျမ်း၌ကား ဤသို့စူးစမ်းပြီးမှ ယုံမှားကင်းသည် ဖြစ်၍ ကိုးသိန်းသောအသပြာနှင့်တကွ သီဟိုဠ်ကျွန်းကိုတရက်ခြင်းဖြင့် ပူဇော်ကြောင်းကိုဆို၏။

တဿာ ပါဋိဟာရိယံ ဒိသွာ ဝိမှိတော နိက္ခမေ ဟုတွာ သကလလင်္ကာဒီပေန ပူဇေသိ၊ တေန နယေန ပူဇံ ကတွာ ဒိဝသေနေဝ နဝလက္ခံ ပူဇေသိ။

[ဒါဌာဓာတုဝင်ကျမ်း။]

ထို့နောင်မင်းကြီးသည် စွယ်တော်ကြုတ်ကို မိမိကိုယ်တိုင် ဦးခေါင်း ဖြင့်ရွက်၍ နန်းတော်သို့ပင့်ဆောင်တော်မူပြီးလျှင် မြတ်သောသူတို့အား သာ ထိုက်သော ရတနာပလ္လင်၌တင်၍ ပူဇော်ကိုးကွယ်ခြင်းကို ပြု၏၊ မြတ်စွာဘုရားသခင်၏ သရီရဓာတ် စွယ်တော်မြတ်ကို ပင့်ဆောင်ခဲ့ သော မင်းသားမင်းသမီးတို့အားလည်း ကတညုတ ကတဝေဒိတရား ဖြင့် များစွာကုန်သော ရတနာတို့ကိုရင်း, မြို့စားရွာစား ရာထူးဌာ နန္တရတို့ကိုရင်း ပေးကမ်းချီးမြှောက် ထောက်ပံ့ခြင်းကို ပြုတော်မူ၏။

သီဟဠိန္ဒော ဥဘိန္နံပိ၊ ဗဟူနိ ရတနာနိစ။

ဂါမေစ ဌာဃရေစေဝ၊ ဒတွာန သင်္ဂဟံ အကာ။ ။

[ဒါဌာဓာတုဝင်ကျမ်း။]

**အနက်။** ။သီဟဠိန္ဒော၊ သီဟိုဠ်ဘုရင် တိုင်းကြီးရှင်သည်။ဥဘိန္နံပိ၊ မင်းသားမင်းသမီးတို့အားလည်း။ ဗဟူနိ၊များစွာကုန်သော။ရတနာနိစ၊ ရတနာရွှေငွေတို့ကိုရင်း။ ဂါမေစ၊ ရွာတို့ကိုရင်း။ ဝါ၊ ဂါမေ၊ ရွာ၌။ ဌာဃရေစေဝ၊ အစိုးရခြင်းတို့ကိုရင်း။ ဒတွာန၊ ပေး၍။ သင်္ဂဟံ၊ ချီးမြှောက်ခြင်းကို။ အကာ၊ ပြုလေပြီ။

ကိတ္တိသိရိမေဃမင်းသည် စွယ်တော်မြတ်ကို သုံးကြိမ်မြောက် စူးစမ်းတော်မူခန်းပြီး၏။

---

## ၄၃။ စွယ်တော်မြတ်သည် ရှင်မဟိန္ဒထေရ်၏ ဓမ္မသဘာ၌ ရပ်တန့်စံနေခဏ်း

ထိုအခါမှစ၍ မင်းကြီးသည် စွယ်တော်မြတ်၌ သက်ဝင်ကြည်ညို ခြင်းရှိရကား နန်းတော်၏အတွင်း၌သာထား၍ များစွာရှိခိုးခြင်း, ပူဇော်ခြင်းကို ပြုလေသော် မြို့ရွာနိဂုံးဇနပုဒ်၌ နေကြကုန်သော လူအပေါင်းတို့သည် စွယ်တော်ဓာတ်ကိုဖူးမျှော်ရှိခိုးခြင်းငှါ အခွင့်မရ ကြကုန်သည်ဖြစ်၍ စုရုံးပေါင်းသင်းကြပြီးလျှင် မင်းရင်ပြင်သို့ချဉ်းကပ် ကုန်လျက် ဤသို့ဟစ်အော် ကြွေးကြော်ကြကုန်၏။

"အရှင်မင်းကြီး…. အကျွန်ုပ်တို့အားလည်း စွယ်တော် ဓာတ်ကို ဖူးမျှော်ခြင်းငှါ အခွင့်ပေးပါလော့၊ ဘုရားရှင်သည် လူသုံးပါးတို့၏အကျိုးငှါ ပါရမီကိုဖြည့်ကျင့်တော်မူ၍ ဘုရား အဖြစ်သို့ရောက်ပါသည်၊ အရှင်မင်းကြီးတပါး၏အကျိုးငှါသာ ဘုရားဖြစ်သည်မဟုတ်ပါ၊ ထို့ဖြစ်၍ အကျွန်ုပ်တို့အားလည်း စွယ်တော်ဓာတ်ကို ဖူးမျှော်ခြင်းငှါ အခွင့်ပေးပါလော့"–

ဟု သောသောအုတ်အော် ကြွေးကြော်ခြင်းကို ပြုကြကုန်၏။

ဓမ္မိဿရော သကလလောကဟိတာယ လောကေ၊
ဇာယိတ္ထ သဗ္ဗဇနတာဟိတ မာစရိတ္ထ။
ဝိတ္ထာရိတာ ဗဟုဇနဿ ဟိတာယ ဓာတု၊
ဝုစ္စာမ ဓာတု မဘိပူဇယိတုံ မယန္တိ။ ။
[ဒါဌာဓာတုဝင်ကျမ်း။]

**အနက်။** "မဟာရာဇ၊မင်းကြီး။ ဓမ္မိဿရော၊ တရားကြောင့်လူနတ် တို့ကိုအစိုးရတော်မူသော မြတ်စွာဘုရားသခင်သည်။ သကလလော ကဟိတာယ၊ အလုံးစုံသော သတ္တလောက၏ အကျိုးစီးပွါးအလို့ငှါ။ လောကေ၊ လောက၌။ ဇာယိတ္ထ၊ ဘုရားဖြစ်တော်မူပြီ။ သဗ္ဗဇနတာ ဟိတံ၊ အလုံးစုံသော လူအပေါင်းတို့၏ အကျိုးစီးပွါးကို။ အစရိတ္ထ၊ ကျင့်တော်မူပြီ။ ဗဟုဇနဿ၊ များစွာသော လူအပေါင်း၏။ ဟိတာယ၊ အကျိုးစီးပွါးအလို့ငှါ။ ဓာတု၊ ဓာတ်တော်ကို။ ဝိတ္ထာရိတာ၊ မိဋ္ဌာန်

သောအားဖြင့် တပါးမကများစွာပွါးဖြန့်ချ၍ ထားတော်မူခဲ့အပ်ပြီ၊ မယံ၊ အကျွန်ုပ်တို့သည်။ ခါတို၊ စွယ်တော်ဓါတ်ကို။ အဘိပူဇယ်တို့၊ အလွန်များစွာပူဇော်ခြင်းငှါ၊ ဣဿွာမ၊ အလိုရှိပါကုန်၏။ ဣတိ၊ ဤသို့ ဆို၍။ ဥဃွောသယိံသု၊ ကြွေးကြော်ကြကုန်၏။

ထိုအခါ မင်းကြီးသည် လူတို့ကြွေးကြော် ဟစ်အော်သော အသံကိုကြားသောကာလ အဘယ်အသံနည်းဟု အမတ်တို့ကို မေးသော် လူအပေါင်းတို့စွယ်တော်ကို ဖူးမျှော်လိုကြောင်းကို အမတ်တို့လျှောက်သောကာလ အနုရာဓမြို့ရှိ ရှစ်ဦးသော ဂိုဏ်းသံဃာ မဟာထေရ်တို့ကို ပင့်၍ လူအပေါင်းတို့စွယ်တော်ကိုဖူးမျှော်လိုကြပါသည်၊ ဖွင့်ပြခြင်းငှါ သင့်မည်မသင့်မည် အကြောင်းကို လျှောက်ကြား၏၊ ထိုအခါ သံဃနာယကဖြစ်တော်မူသောမထေရ်မြတ်သည် ဤသို့အမိန့်ရှိ၏။

> "ဒါယကာတော်မင်းမြတ်....ထိုသူတို့ပြောဆိုသည့်အတိုင်း မှန်ပေသည်၊ ခပ်သိမ်းသော သူတို့၏ အကျိုးစီးပွါး အလို့ငှါ ဤစွယ်တော်ကို ဘုရားရှင်ထားတော်မူခဲ့သည်၊ ထိုသူတို့အား လည်း ဖူးမျှော်ခွင့်ကိုပေးသင့်လှပေသည်"—

ဟု အမိန့်ရှိတော်မူ၏၊ ထိုအခါ မင်းကြီးသည် "စွယ်တော်ကို ဖွင့်ပြရမည်ဆိုသော် အဘယ်အရပ်၌သင့်လျော် လျှောက်ပတ်ပါသနည်း" ဟု မေးပြန်သော်ရှစ်ဦးသောဂိုဏ်းသံဃာတို့သည် အသီးအသီးမိမိတို့ကျောင်းအာရာမ်ကို ချီးမွမ်းပြောဆိုကြသောကြောင့် အချင်းချင်း မညီမညွတ်သောစကားရှိရကား မင်းကြီးသည် သံဃာတော်တို့စကားကို မနာယူမူ၍ "အရှင်ဘုရားတို့..ထိုသို့ တပြီးကားဘုရားရှင်စွယ်တော်မြတ်သည် လျှောက်ပတ်သော အရပ်ဌာနသို့ အလိုလို ကြွတော်မူပါလိမ့်မည်"ဟု လျှောက်၏။

ထို့နောင်မင်းကြီးသည် လမ်းခရီးတို့ကို ကောင်းစွာ သုတ်သင်ရှင်းလင်းစေ၍ သဲဖြူခင်းခြင်း,ရာဇမတ်ဖြူကာခြင်း, ငှက်ပျောပင်စိုက်ခြင်း, တံခွန်-ကုက္ကား-မုလေးပွါးတို့ကို စိုက်ဆောက်စေခြင်း,တင့်တယ်ဆန်းကြယ်သော အခင်းတို့ကိုလမ်းခရီး၌ ခင်းစေခြင်း, အထူးထူးသော တူရိယာမျိုးတို့ကို တီးမှုတ်စေခြင်းအစရှိသည်တို့ကို တင့်တယ်စွာပြုပြင်

စေပြီးလျှင် ဖုဿရထားကိုစီရင်စေ၍ ထိုရထားထက်၌ နူးညံ့သိမ်မွေ့ အဘိုးများစွာထိုက်သော အခင်းတို့ကိုခင်းစေ၍ ရွှေကြုတ်နှင့်တကွ စွယ်တော်ကိုတင်ထားပြီးလျှင် တစုံတယောက်သောသူ လက်နှင့်မျှမထိရဘဲ မိမိအလိုလို ကိုယ်တော်တိုင်ကြွသွားတော်မူရန် တောင်းပန်လိုသည် ဖြစ်၍—

သမ္ဗောဓိယာ ဣဝ မုနိဿရ ဗောဓိမဏ္ဍံ၊
ကဏ္ဍမ္ဗရုက္ခမူလမိဝ တိတ္ထိယမဒ္ဒနာယ။
ဓမ္မံ ဝရံ ဝိဘဇိတုံ မိဂဒါယ မဏ္ဍ၊
ပူဇာနုရူပ မုပဂစ္ဆ သယံ ပဒေသံ။ ။

ဟုလျှောက်၏။

အနက်။ ။မုနိဿရ၊ မုနိငါးပါးကို အစိုးရတော်မူသောမြတ်စွာဘုရား။ သမ္ဗောဓိယာ၊ သစ္စာလေးပါးတရားကို သိတော်မူခြင်းငှါ။ ဗောဓိမဏ္ဍံ၊ ဗောဓိမဏ္ဍိုင်သို့။ သယံ၊ သူတပါးတို့ လျှောက်ထားမဆို ကိုယ်တော်အလိုလို။ ဥပဂစ္ဆိဣဝ၊ ကပ်တော်မူသကဲ့ငှင်း။ ဝါ၊ ကြွတော်မူသကဲ့သို့ငှင်း။ တိတ္ထိယမဒ္ဒနာယ၊ တိတ္ထိတို့မာန်ကို နှိပ်နင်းခြင်းငှါ။ ကဏ္ဍမ္ဗရုက္ခမူလံ၊ ကဏ္ဍအမည်ရှိသော သရက်ဖြူပင်အနီးသို့။ သယံ၊ သူတပါးတို့လျှောက်ထားမဆို ကိုယ်တော်အလိုလို။ ဥပဂစ္ဆိဣဝ၊ ကပ်တော်မူသကဲ့သို့ငှင်း။ ဝါ၊ ကြွတော်မူသကဲ့သို့ငှင်း။ ဝရံ၊ မြတ်သော။ ဓမ္မံ၊ဓမ္မစကြာတရားကို။ ဝိဘဇိတုံ၊ ခွဲခြမ်းဝေဘန်၍ ဟောတော်မူခြင်းငှါ။ မိဂဒါယံ၊ မိဂဒါဝုန် သားမျိုးစုံသည့် ရဂုံတောသို့။ သယံ၊ သူတပါးတို့ လျှောက်ထားမဆို အလိုလိုသာလျှင်။ ဥပဂစ္ဆိဣဝ၊ ကပ်တော်မူသကဲ့သို့ငှင်း။ ဝါ၊ ကြွတော်မူသကဲ့သို့ငှင်း။ တထာ၊ ထို့အတူ။ အဇ္ဇ၊ ယနေ့။ ပူဇာနုရူပံ၊ ပူဇော်ခြင်းငှါလျှောက်ပတ်သော။ ပဒေသံ၊ အရပ်သို့။ သယံ၊ ကိုယ်တော်မြတ်အလိုလို။ ဥပဂစ္ဆ၊ ကြွတော်မူပါလော့။

ဤသို့ မင်းကြီးလျှောက်တောင်းပန်သောကာလ စွယ်တော်တင်ထားသော ဖုဿရထားသည် ရထားထိန်းမရှိ၊ မိမိအလိုလို မြို့တွင်း၌ နန်းတော်ကို သုံးပတ်လှည့်လည်တော်မူ၍ မြောက်တံခါးမှ ထွက်

တော်မူ၏၊ထိုအခါ များစွာသော လူအပေါင်းတို့သည် ကောင်းချီးပေး ကြကုန်လျက် အထူးထူးအပြားပြား များစွာပူဇော်ကြကုန်၏။

၁။ အချို့သော ရဟန်းရှင်လူတို့သည်လည်း "ငါတို့ကျောင်းအာ ရာမ်တွင်းသည် ခင်းကျင်းသာယာ ညီညွတ်၏၊ သို့ဖြစ်၍ ဤငါတို့ ကျောင်းအာရာမ်သို့ ကြွတော်မူလတ္တံ့" ဟုဆိုကြကုန်၏။

၂။ အချို့သောသူတို့ကလည်း စွယ်တော်ကိုရှိခိုးလျက် "အရှင် မြတ်ဘုရား....အကျွန်ုပ်တို့၏ ကျောင်းဥပစာ အတွင်းသည် သန့်ရှင်းစွာရှိပါ၏၊ အကျွန်ုပ်တို့ကျောင်းဥပစာသို့ ကြွတော်မူ ပါ ဘုရား" ဟု လျှောက်ထားကြ၏။

ဤသို့သောနည်းဖြင့် အသီးသီးအဖုံဖုံ ဝိုင်းအုံဝန်းကျင် များဖြင မိုလ်ထု တစုံဝန်းလျား လူအများတို့သည် မိမိတို့ဆန္ဒရှိသည်အားလျော် စွာ လျှောက်ထားတောင်းပန်ကြပြီးလျှင် အသီးသီးသောစည်,စောင်း, ငြင်း, ခရုသင်း, ပတ်သာ, တူရိယာတို့ကို တီးမှုတ်ကခုန်ကြကုန်လျက် အစဉ်အတိုင်း စွယ်တော်မြတ်ကို ဝန်းဝိုင်း၍လိုက်ကြကုန်၏၊ ထိုအခါ စွယ်တော်မြတ်တည်ရှိသော ရထားသည် လမ်းစဉ်အတိုင်း ကြွသွား တော်မူ၍ ရှင်မဟာကဿပထေရ် တရားဟောတော်မူသော နေရာဌာနသို့ ရောက်လတ်သောကာလ ထိုအရပ်၌ တည်တန့်တော်မူ၏။

ထိုအခါ မင်းကြီးသည် စွယ်တော်ကြုတ်ကို ရထားမှ ထုတ်ပြီး လျှင် တရားဟောပလ္လင်၌ တင်ထားလျက် ရတနာရွှေကြုတ်ကိုဖွင့်လှစ်၍ များစွာသောလူအပေါင်းတို့အား ကောင်းစွာ ပြတော်မူသတည်း၊ ထိုအခါ များစွာသောလူအပေါင်းတို့သည် စွယ်တော်မြတ်ကို ဖူးမြင် ရသည်နှင့်တပြိုင်နက် ကြက်သီးမွေးညှင်းထပျော် ပီတိသောမနဿဖြစ် လျက် သဒ္ဓါပသန္နရှိရကား များစွာရှိခိုးပူဇော်ကြကုန်လျက် အထူးထူး အပြားပြား များစွာလျှုဒါန်းကြကုန်၏၊ ထိုခဏ၌ ဘုရားမြတ်၏စွယ် တော်မြတ်သည် မုလေးပန်း, စန္ဒကူးဖြူနှင့်တူသော အဆင်းအရောင် တို့ဖြင့် တောင်, သစ်ပင်, ပြာသာဒ်, တံခါးမုခ် အစရှိသည်တို့ကို ပွတ်သပ်လျော်ဆေး ညစ်ကြေးမတင် စင်ကြယ်နုဖြူ ဘော်ကြွသာဒ္ဒါဖြင့် ပြီးသကဲ့သို့ဖြစ်အောင် ပြုတော်မူ၏။

သာ ဒန္တဓာတု သသိခဏ္ဍသမာနဝဏ္ဏာ၊
ရံသီဟိ ကုန္ဒနဝစန္ဒန ပဏ္ဍရေဟိ။
ပါသာဒ ပါဒပ သိလုစ္စယ ဂေါပုရာဒိံ၊
နိဒ္ဒေါတရူပိယ မယိဝ အကာ ခဏေန။ ။
[ဒါဌာဓာတုဝင်ကျမ်းပါဠိ။]

သသိခဏ္ဍသမာန ဝဏ္ဏာတိ အပ္ပစန္ဒ ခဏ္ဍ သမာန ဝဏ္ဏာ၊ ကုန္ဒနဝစန္ဒန ပဏ္ဍရေဟီတိ သုမနပုပ္ဖေဟိ ဝိယ အဘိနဝစန္ဒနေဟိ ဝိယ၊ ဓဝလေဟီတိ အတ္ထော။ ။
[ဋီကာ။]

အနက်။ ။သသိခဏ္ဍသမာနဝဏ္ဏာ၊ လဆန်းပက္ခ ထွန်းသစ်စ၌ လ ထက်ဝက်အတူ မှည့်ရွှန်းဖြူသောအဆင်း အရောင်ရှိတော်မူသော။ ဝါ၊ စဉ်းငယ်ညွတ်ကွေး ငယ်လှသေးသော လခြမ်းရေးအတူ စဉ်းငယ်ညွတ် သောသဏ္ဌာန်ရှိတော်မူသော။ သာဒန္တဓာတု၊ ဘုန်းမိုတုလွတ် စွယ် တော်ဓာတ်သည်။ ကုန္ဒနဝစန္ဒနပဏ္ဍရေဟိ၊ ဆွတ်ဆွတ်ဖြူဖွေး မုလေး ပန်းစံနစ် အလွန်သစ်သော စန္ဒကူးဖြူနှစ်ကဲ့သို့ အဆင်းအရောင်ရှိကုန် သော။ ရံသီဟိ၊ရောင်ခြည်တော်တို့ဖြင့်။ပါသာဒပါဒပသိလုစ္စယဂေါပုရာ ဒိံ၊ ပြာသာဒ်, သစ်ပင်, တောင်, တံခါးမုခ်စသည်ကို။ နိဒ္ဒေါတရူပိယ မယိဝ၊ပွတ်သပ်ချော်ဆေး ညစ်ကြေးမတင် ဘော်စင်ငွေကြ အဖြူအတိ ပြီးသကဲ့သို့ဖြစ်အောင်။ ခဏေန၊ တခဏခြင်း။ အကာ၊ ပြုတော်မူပြီ။

[သသိခဏ္ဍ သမာန ဝဏ္ဏာပါဌ်၌–ဝဏ္ဏသဒ္ဒါ ရှေ့ဝိကပ်အလို "အ ဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာဩဘာသယံဒိသာ" ပါဌ်၌ကဲ့သို့ အဆင်း, အရောင်ဟု ဆိုအပ်သော ရူပါယတန အနက်ဟော၊ နောက်ဝိကပ်အလို "မဟန္တံဟတ္ထိရာဇဝဏ္ဏံ အဘိနိမ္မိတွာ" ပါဌ်၌ကဲ့သို့ သဏ္ဌာနအနက် ဟောတည်း၊ ထို့ကြောင့် သုတ်ပါထေယျ အဋ္ဌကထာ၌–ဝဏ္ဏသဒ္ဒေါ ပန ဘဝိ ထုတိ ကုလဝဂ္ဂကာရဏသဏ္ဌာနပမာဏရူပါယတနာဒီသု ဒိဿ တိ–စသည်ဖြင့် မိန့်အပ်၏၊ အဘိဓာန်၌လည်း ဝဏ္ဏောသဏ္ဌာနရူပေသု– စသည်ဖြင့် မိန့်အပ်၏။]

ထိုသို့သော ပြာဋိဟာကိုမြင်ကြသောကာလ များစွာသော နတ်လူ အပေါင်းတို့သည် သောင်းသောင်းအုတ်အော် ခေါ်ကြသောသာဓု

ကာရကောင်းမျိုးအသံသည်မိုယ်းယံအုတ်ကျက်ဘဝဂ်လုံမျှဖြစ်သတည်း၊ ထို့နောင် စွယ်တော်ခေတ်၌ အလွန်သက်ဝင် ကြည်ညိုခြင်း ရှိရကား ယောကျ်ား မိန်းမ လာသမျှလူ အပေါင်းတို့သည် နားဒေါင်း,လက်ကောက်,အဝတ်တန်ဆာတို့ကို ချွတ်ခါ,ချွတ်ခါ လှူဒါန်းကြကုန်၏၊ အချို့သော သူတို့သည်လည်း ငါတို့သည် မနုဿတ္တ ဒုလ္လဘကို ကြုံရခြင်းသည် အကျိုးရှိစွဟု မိမိအဖြစ်ကို နှစ်သက်အားရမ်း ချီးမွမ်းကြကုန်၏၊ အချို့သောမိန္ဒာ အယူရှိကုန်သော သူတို့သည် မစ္ဆာဒိဋ္ဌိတည်းဟူသော ဝန်တိုခြင်းတို့ကို စွန့်ပစ်ကြကုန်၏၊ အချို့သောသူတို့သည် ဘုရားအဖြစ်ကို တောင့်တလျက် ဆုတောင်းပတ္ထနာ ပြုကြကုန်၏၊ အချို့သော တိတ္ထိတို့သည်လည်း ရတနာ သုံးပါးကို ကိုးကွယ်ခြင်းသို့ ရောက်ကြကုန်၏။

> တံ ပါဋိဟာရိယ မစိန္တယျံ မစ္ဆုဗ္ဘုတံ၊
> ဒိသွာနကေတ ဟိမဟေသု ပဟဋ္ဌလောမာ။
> ကေဝါ ဒယျံ သကသကာဘရဏာနိ ဝေဟံ၊
> ကေဝါ န အတ္တပဋိလာဘ မဝဏ္ဏယိံသု။
> ကေဝါ ဇဟိံသု သကဒိဋ္ဌိ မလာနုဗန္ဓံ၊
> ကေဝါ နုဗုဒ္ဓမဟိမံ အဘိပတ္ထယိံသု။
> ကေဝါ သမစ္ဆရိယ ပါသဝသာ ဇဟိံသု၊
> ဝတ္ထုတ္တယမ္ဘ သရဏံ အဂမိံသု ကေဝါ။ ။

[ဒါဌာ ဓာတုဝင်ကျမ်း။]

ထို့နောင် မင်းကြီးသည် စွယ်တော်မြတ်၌ လွန်စွာ သဒ္ဓါတရားတိုးပွါးခြင်းရှိရကား ကိုးသိန်းသော အသပြာကို ထပ်မံ၍လှူပြီးလျှင် စွယ်တော်ကို နန်းတော်သို့ တဘန်ပင့်ဆောင်၍ မိမိစံနေရာ နန်းတော်၏ အနီး၌ ကြီးစွာသော စွယ်တော်ကျောင်းကို ဆောက်လုပ်စေ၍ အသက်ထက်ဆုံး တည်ထား ကိုးကွယ်တော်မူသတည်း။

ထို့ကြောင့် ဒါဌာဓာတုဝင်ကျမ်း၌—

လင်္ကာဿရေပိ၊ သီဟိုဠ်ဘုရင် ကျွန်းကြီးရှင်သည်လည်း။ နဝလက္ခ ပရိစ္စယေန၊ ကိုးသိန်းသော အသပြာကို ပေးစွန့်လှူဒါန်းသဖြင့်။ အတုလံ၊ တုဘက်မရှိသော။ သဗ္ဗညုဓာတုံ၊သဗ္ဗ

ညှရှင်တော်ဘုရား၏ စွယ်တော်ဓာတ်စစ်ကို။ အဘိပူဇ်တွာ၊ အလွန်ရိုသေစွာ ပူဇော်ပြီး၍။ ပုန၊ တဘန်။ အငန္တပုရမှိ၊နန်းတော်တွင်း၌။ တံဒန္တဓာတုဘဝနံ၊ ထိုစွယ်တော် ဓာတ်နှင့်လျောက်ပတ်သော ကျောင်းကြီးကို။ဝဓ္ဓယိတွာ၊တိုးပွါးဆောက်လုပ်စေ၍။ ပတိဝါပယံ၊ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသောနေ့၌။ အစွယိတ္တ၊ လျှုဒါန်းပူဇော်ပြီ။

နဝလက္ခပရိဗ္ဗယေနာတိ နဝလက္ခပရိဗ္ဗယသင်္ခါတေန ဓနေန၊တန္တိဒန္တဓာတုံ၊ ဘဝနန္တိ ဓာတုဃရံ၊ ပုနစ ဟရိတွာ ပန ကရိတွာ ပတိဋ္ဌာပေတွာ၊ ပတိဝါပယန္တိ ပရိဒေါသ ဝဇ္ဇနေဝ ဒိဝသေတိ ဝုတ္တံ၊ အစွယိတ္တာတိ ပူဇယိတ္တ။

[ဋင်းဋီကာ။]

ဤသို့ ကိတ္တိသိရိမေဃမင်းမှ ဆင်းသက်၍ အဆက်ဆက်သော မင်းတို့သည် မပျက်စဉ်လာ ကိုးကွယ်ပူဇော်ခြင်းကို ပြုကြကုန်၏၊ နောက်မင်းတို့လက်ထက်မှ သေခန္ဓသေလမြို့ကိုတည်ထောင်၍ထိုမြို့သို့စွယ်တော်ကို ပင့်ဆောင်၍ ကျောက်တိုင် ကျောက်နံရံတို့ဖြင့် ပြီးသော ဘုံနှစ်ဆင့်တိုက်ကျောင်းကြီး၌ တည်ထား၍ ယခု ကာလတိုင်အောင် အထူးသဖြင့်ကိုးကွယ်ပူဇော်ခြင်းကို ပြုကြကုန်သတည်း။

**ဒါဌာဓာတုဝင်ဝတ္ထု၊ဤတွင်ရွေ့ပြီးပြီ။**

2009 Graphic Design

“ဝနောတိ ပတ္ထရတီတိ
ဝံသော-သန္တာနော”
ဟူသော ဏွာဒိမောဂ္ဂလာန်ဝိဂြိုဟ်,
“ဝံသော တန္တိ ပဝေဏီ” ဟူသော မဟာဝံသဋီကာနှင့်
အညီ ဖြစ်စဉ် ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော
ကျမ်းများသည် “ဝံသကျမ်း” မည်၏။
ထိုဝံသကျမ်းသည် -
၁။ ဗုဒ္ဓဝင် ၂။ အနာဂတဝင် ၃။ ဒီပဝင်
၄။ မဟာဝင် ၅။ ဗောဓိဝင် ၆။ ဒါဌာဓာတုဝင်
၇။ နလာဋဓာတုဝင် ၈။ ထူပဝင်
၉။ ရွှေပြည်ဝင် နှင့် တကွ
ဆကေသဓာတုဝင်, သာသနာဝင်,
ဂန္ထဝင်, ရာဇဝင် စသည်ဖြင့်
များစွာရှိလေသည်။

GRAPHIC DESIGN: SHWEMYAY NANDA